ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်

တရားမျှတမှုလက်လှမ်းမီရေးနှင့် သမားရိုးကျမဟုတ်သော
တရားမျှတရေးစနစ်များ သုတေသနလေ့လာမှု

# ရခိုင်ပြည်နယ်

Empowered lives.
Resilient nations.



မိအေးနှစ်ခါနှာ

မိတ်ဖက်အလှူရှင်များ

တရားမျှတမှုလက်လှမ်းမီရေးနှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များဆိုင်ရာ သုတေသနလေ့လာမှု စီမံကိန်း အကောင်အထည်ဖော် ဖြစ်မြောက်ရေးအတွက် ဩစတေးလျ၊ ဖင်လန်၊ ဆွီဒင်နှင့် ဗြိတိန် နိုင်ငံအစိုးရများမှ ဘဏ္ဍာရေးအရပံ့ပိုးကူညီသည်။

သတိပေးချက်

ဤပုံနှိပ်ထုတ်ဝေသည့် အစီရင်ခံစာတွင်ဖော်ပြထားသည့်အမြင်များမှာ ရေးသားသူများ၏ သဘောထားအမြင်များသာဖြစ်ပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်အပါအဝင် ကုလသမဂ္ဂ သို့မဟုတ် ၎င်းအဖွဲ့ဝင်နိုင်ငံများ၏ သဘောထားအမြင်များကို ကိုယ်စားပြုထင်ဟပ်သည်ဟု မယူဆနိုင်ပါ။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်သည် ဘေးဒုက္ခများကို ကြံ့ခိုင်ကျော်လွှားနိုင်မည့် နိုင်ငံများအဖြစ် တည်ဆောက်ရန်နှင့် လူတိုင်း၏ဘဝအရည်အသွေးကို ပိုမိုကောင်းမွန်စေမည့် ဖွံ့ဖြိုးတိုးတက်မှု ထွန်းကားစေရေးအတွက် လူ့ဘောင်အဖွဲ့အစည်းအဆင့်အားလုံးရှိ ပြည်သူများနှင့် လက်တွဲကူညီလျက်ရှိသည်။ အရေအတွက် ၁၇၀ ကျော်သော နိုင်ငံများနှင့် ဒေသအသီးသီးရှိလက်တွေ့လုပ်ငန်းခွင်များတွင် ဘဝများတိုးတက်မြင့်မားစေရေးနှင့် ကြံ့ခိုင်သည့်နိုင်ငံများတည်ဆောက်နိုင်ရေးအတွက် ကမ္ဘာ့တစ်ဝှမ်းမှရှုထောင့်အမြင်များနှင့် ဒေသန္တရ အသိပညာများကိုလည်း မျှဝေပေးသည်။

မူပိုင်ခွင့် @ UNDP ၂၀၁၇ ခုနှစ်

ဓာတ်ပုံ- UNDP မြန်မာ၊ ပညာအလင်းပွင့် မြန်မာ သုတေသနဖောင်ဒေးရှင်း (EMReF)

Empowered lives.
Resilient nations.

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်
တရားမျှတမှုလက်လှမ်းမီရေးနှင့် သမားရိုးကျမဟုတ်သော
တရားမျှတရေးစနစ်များ သုတေသနလေ့လာမှု

# ရခိုင်ပြည်နယ်

မိအေးနှစ်ခါနှာ

# အတိုကောက်စာလုံးများနှင့် အတိုမှတ်များ

BGP နယ်ခြားစောင့်ရဲတပ်ဖွဲ့
CSC နိုင်ငံသားစိစစ်ရေးကဒ်
DoF ငါးလုပ်ငန်း ဦးစီးဌာန
DNK မသိပါ
GAD အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန
RTA ဖြေဆိုရန်ငြင်းဆန်
VA ကျေးရွာ အုပ်ချုပ်ရေးမှူး
VTA ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး
W/VTAs ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ

# ပုံပြအညွှန်း


ပုံ ၁.၁ တရားဝင်ဖြစ်မှုနှင့် ယုံကြည်မှု
ပုံ ၂.၁ ပညာရေးအဆင့်အတန်း
ပုံ ၂.၂ လစဉ် အိမ်ထောင်စုဝင်ငွေ အဆင့်အတန်း
ပုံ ၂.၃ လူထုမီဒီယာနှင့် ထိတွေ့မှု
ပုံ ၂.၃ (က) သတင်းအချက်အလက် ရရှိမှု
ပုံ ၃.၁ လူမှုယုံကြည်မှု၊ ယုံကြည်ထိုက်မှုနှင့် မျှတမှု
ပုံ ၃.၂ လူမှုယုံကြည်မှု၊ အခြားသူများအပေါ်ယုံကြည်မှု
ပုံ ၃.၃ ပြုမူဆက်ဆံခြင်းဆိုင်ရာ အကြောင်းအချက်များ
ပုံ ၃.၄ နေ့စဉ်သုံး စကားလုံးများ
ပုံ ၄.၁ အမှုပြဿနာအငြင်းပွားမှု အမျိုးအစား
ပုံ ၄.၂ အမှုဖြစ်ပွားသည့် အကြိမ်အရေအတွက်
ပုံ ၄.၃ တရားမျှတမှုဆိုင်ရာ ဦးစားပေးပြဿနာများ
ပုံ ၄.၄ ရပ်ရွာလူ့အသိုင်းအဝိုင်းအဆင့် တရားမျှတမှုဆိုင်ရာ ဦးစားပေးပြဿနာများ
ပုံ ၅.၁ ဦးစားပေးပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းမှုများ
ပုံ ၆.၁ တရားသူကြီးများအပေါ်သဘောထားအမြင်
ပုံ ၆.၂ ဥပဒေအရာရှိများအပေါ် သဘောထားအမြင်
ပုံ ၆.၃ ရဲများအပေါ် သဘောထားအမြင်
ပုံ ၆.၄ ရပ်ရွာခေါင်းဆောင်များအပေါ် သဘောထားအမြင်
ပုံ ၆.၅ မမျှတသည့် ပြုမူဆက်ဆံမှုများအပေါ် သဘောထားအမြင်
ပုံ ၆.၆ တာဝန်ယူတာဝန်ခံမှုအပေါ် သဘောထားအပြုအမူများ


# နောက်ဆက်တွဲ (ခ)


ပုံ ၂.၁ (က) လူမျိုးအလိုက် ပညာရေးအဆင့်အတန်း
ပုံ ၂.၁ (ခ) ကျား/မအလိုက် မြန်မာစာတတ်မြောက်မှု
ပုံ ၂.၂ (က) လူမျိုးအလိုက် ဝင်ငွေအဆင့်အတန်း
ပုံ ၂.၂. (ခ) အိမ်ထောင်စုဝင်ငွေ အဆင့်အတန်းအရ ပိုင်ဆိုင်မှု
ပုံ ၂.၂. (ဂ) လူမျိုးအလိုက် မိသားစုပိုင်ဆိုင်သော ပစ္စည်းများ
ပုံ ၂.၃ (ခ) ကျား/မအလိုက် သတင်းအချက်အလက်ရရှိမှု
ပုံ ၂.၃ (ဃ) ဘာသာစကားများ
ပုံ ၃.၁ (က) လူမှုယုံကြည်မှု၊ (လူမျိုးအလိုက် ယုံကြည်ထိုက်မှုနှင့် မျှတမှု)
ပုံ ၃.၂ (က) လူမှုယုံကြည်မှု၊ ကျား/မအလိုက် အခြားသူများအပေါ်ယုံကြည်မှု

ပုံ ၃.၂ (ခ) လူမှုယုံကြည်မှု၊ ကိုးကွယ်သည့်ဘာသာကိုလိုက်၍ အခြားသူများအပေါ်ယုံကြည်မှု
ပုံ ၃.၂ (ဂ) လူမှုယုံကြည်မှု၊ ပညာအဆင့်အတန်းအလိုက် (အခြားသူများအပေါ်ယုံကြည်မှု - ရပ်ရွာပြင်ပမှ "ပြင်ပအုပ်စုမှ လူများ"
ပုံ ၃.၂ (ဃ) လူမှုယုံကြည်မှု၊ ပညာအဆင့်အတန်းအလိုက် (အခြားသူများအပေါ်ယုံကြည်မှု - ဘာသာကွဲ ၊ "ပြင်ပအုပ်စုမှ လူများ")
ပုံ ၃.၂ (င) လူမှုယုံကြည်မှု၊ ပညာအဆင့်အတန်းအလိုက် (အခြားသူများအပေါ်ယုံကြည်မှု - လူမျိုးကွဲ၊ "ပြင်ပအုပ်စုမှ လူများ")
ပုံ ၃.၄ (က) ကျား/မအလိုက် နေ့စဉ်သုံးစကားလုံးများ
ပုံ ၃.၄ (ခ) ပြဿနာအငြင်းပွားမှုဖြေရှင်းရာတွင်ပိုမိုနှစ်သက်သည့်နည်းလမ်းများ-တွေးဆဖြစ်ရပ် ၁
ပုံ ၃.၄ (ဂ) ပြဿနာအငြင်းပွားမှုဖြေရှင်းရာတွင်ပိုမိုနှစ်သက်သည့်နည်းလမ်းများ-တွေးဆဖြစ်ရပ် ၂
ပုံ ၃.၄ (ဃ) ပြဿနာအငြင်းပွားမှုဖြေရှင်းရာတွင်ပိုမိုနှစ်သက်သည့်နည်းလမ်းများ-တွေးဆဖြစ်ရပ် ၃
ပုံ ၃.၄ (င) ပြဿနာအငြင်းပွားမှုဖြေရှင်းရာတွင်ပိုမိုနှစ်သက်သည့်နည်းလမ်းများ-တွေးဆဖြစ်ရပ် ၄
ပုံ ၃.၄ (စ) ပြဿနာအငြင်းပွားမှုဖြေရှင်းရာတွင်ပိုမိုနှစ်သက်သည့်နည်းလမ်းများ-တွေးဆဖြစ်ရပ် ၅
ပုံ ၃.၄ (ဆ) ပြဿနာအငြင်းပွားမှုဖြေရှင်းရာတွင်ပိုမိုနှစ်သက်သည့်နည်းလမ်းများ-တွေးဆဖြစ်ရပ် ၆
ပုံ ၆.၆ (က) တာဝန်ယူတာဝန်ခံမှုဆိုင်ရာ အတားအဆီးအဟန့်အတားများ
ပုံ ၆.၆ (ခ) ကျား/မအလိုက် တာဝန်ယူတာဝန်ခံမှုအပေါ် သဘောထားအမြင်အမှု
ပုံ ၆.၆ (ဂ) မြို့ပြ/ကျေးလက်အလိုက် တာဝန်ခံမှု သဘောတရားများ၊
ပုံ ၆.၆ (ဃ) ကိုးကွယ်သည့်ဘာသာအလိုက် တာဝန်ခံမှု သဘောတရားများ၊


## ဇယားအညွှန်း


ဇယား ၂.၁ ဖြေဆိုသူများ၏ လူမျိုး၊ ကျား/မ ပြဇယား
ဇယား ၂.၂ ဖြေဆိုသူများ၏ ကိုးကွယ်သည့်ဘာသာနှင့် လူမျိုးပြဇယား
ဇယား ၂.၃ ဖြေဆိုသူများ၏ ကိုးကွယ်သည့်ဘာသာနှင့် မြို့နယ်အလိုက် အခြေပြဇယား
ဇယား ၃.၁ တရားမျှတမှုအပေါ် သဘောထားအမြင်
ဇယား ၃.၂ ဥပဒေအပေါ် သဘောထားအမြင်
ဇယား ၄.၁ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဒေသအမိန့်များ၏ သက်ရောက်မှုများ (၂၀၁၅ ခုနှစ် နိုဝင်ဘာလမှစ၍)
ဇယား ၆.၁ တရားစီရင်ရေးစနစ်အပေါ် သဘောထားအပြုအမူများ
ဇယား ၆.၂ တရားစီရင်ရေးဆိုင်ရာ ပုဂ္ဂိုလ်များအပေါ်ယုံကြည်မှု


### နောက်ဆက်တွဲ (က)


ဇယား ၁ လေ့လာမှုနမူနာကောက်ကွက် အရွယ်အစားပမာဏ


### နောက်ဆက်တွဲ (ခ)


ဇယား ၂.၄ လူမျိုးအလိုက် မြန်မာစာပေတတ်မြောက်မှု
ဇယား ၂.၅ မြို့နယ်ဝန်ဆောင်မှုများ ရရှိရေးအတွက် ကုန်ကျစရိတ်
ဇယား ၂.၆ ကျား၊မ အလိုက် အထောက်အပံ့ရရှိသည့် အဓိက အရင်းအမြစ်များ
ဇယား ၃.၁ (က) ကျား/မအလိုက် တရားမျှတမှုအပေါ် သဘောထားအမြင်
ဇယား ၃.၁ (ခ) မြို့ပြ၊ ကျေးလက်ဒေသကိုလိုက်၍ တရားမျှတမှုအပေါ် သဘောထားအမြင်
ဇယား ၄.၁ အမှုပြဿနာအငြင်းပွားမှုအမျိုးအစား၊ ဖြစ်ပွားမှု၊ ဦးစားပေးပြဿနာများဆိုင်ရာ နှိုင်းယှဉ်ချက်
ဇယား ၄.၂ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဒေသန္တရအမိန့်များ၏ သက်ရောက်မှုများ (၂၀၁၅ ခုနှစ် နိုဝင်ဘာလမှစ၍)

# မာတိကာ


အဓိပ္ပါယ်အကျဉ်းနှင့်အတိုမှတ်များ ........ ခ
ပုံပြအညွှန်း ........ ဂ
ဇယားအညွှန်း ........ ဃ
ကျေးဇူးတင်လွှာ ........ စ
ဥပယျောဇဉ် ........ ဆ
အကျဉ်းချုပ် ........ ၁

အခန်း ၁ နိဒါန်း ........ ၅
သုတေသနလေ့လာမှု နောက်ခံ ........ ၆
သုတေသနလေ့လာမှု ရည်ရွယ်ချက်နှင့် နည်းနိဿယ........ ၆
အယူအဆဆိုင်ရာ ခြုံငုံသုံးသပ်ချက်........ ၆

အခန်း ၂ သုတေသနလေ့လာသည့် နေရာဒေသများနှင့် ဖြေဆိုသူများ၏ ဝိသေသလက္ခဏာများ........ ၉
လေ့လာသည့် နေရာဒေသဖော်ပြချက်........ ၁၀
လူဦးရေအမျိုးအစားနှင့် ပေါင်းစည်းနေထိုင်မှု ........ ၁၀
လူမှု၊ စီးပွားဘဝ လေ့လာတွေ့ရှိချက်များ ........ ၁၀
ယဉ်ကျေးမှုဆိုင်ရာ လေ့လာတွေ့ရှိချက်များ ........ ၁၀
သုတေသနမေးခွန်း ဖြေဆိုသူများ ........ ၁၂
ယဉ်ကျေးမှု ဝိသေသလက္ခဏာများ ........ ၁၂
ပညာရေးအဆင့်အတန်းနှင့် မြန်မာစာတတ်မြောက်မှု ........ ၁၄
မသန်စွမ်းမှု အခြေအနေ ........ ၁၅
မိသားစု ဝင်ငွေနှင့် ပိုင်ဆိုင်မှု ........ ၁၅
ဝန်ဆောင်မှုများ ရရှိမှု ........ ၁၈
အဓိကပံ့ပိုးကူညီသည့် ဇစ်မြစ်များ ........ ၁၉

အခန်း ၃ တရားမျှတမှုနှင့်ဥပဒေအပေါ် သဘောထားအမြင် ........ ၂၁
လူမှုယုံကြည်မှု ........ ၂၂
တရားမျှတမှုအပေါ် သဘောထားအမြင်........ ၂၄
ဥပဒေအပေါ် သဘောထားအမြင်များ ........ ၂၇
ဥပဒေအသိပညာပေးခြင်း ........ ၂၉

အခန်း ၄ အငြင်းပွားမှုပြဿနာများနှင့် တရားမျှတမှုဆိုင်ရာ ဦးစားပေးပြဿနာများ ........ ၃၁
တစ်ဦးချင်း/အိမ်ထောင်စုအဆင့် ........ ၃၂
အမှုပြဿနာ အငြင်းပွားမှု အမျိုးအစား ပုံစံများ ........ ၃၂
အမှုပြဿနာဖြစ်ပွားသည့် အကြိမ်အရေအတွက်........ ၃၃
တရားမျှတမှုဆိုင်ရာ ဦးစားပေးပြဿနာများ........ ၃၄
ရပ်ရွာလူ့အသိုင်းအဝိုင်းအဆင့် ........ ၃၅
အများပြည်သူ မလုံခြုံမှုနှင့် တရားမ အငြင်းပွားမှုများ ........ ၃၆
နိုင်ငံတော်အာဏာ အလွဲသုံးစားပြုခြင်း ........ ၃၇
၂၀၁၂-၂၀၁၃ အကြမ်းဖက်မှုများ၏ အကျိုးသက်ရောက်မှုများ ........ ၃၈
ဒေသန္တရအမိန့်များ ........ ၄၃
ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ် ........ ၄၅

အခန်း ၅ အမှုပြဿနာ အငြင်းပွားမှု ဖြေရှင်းသည့်လမ်းကြောင်းများ ..... ၄၇
တိုက်ရိုက်ညှိနှိုင်းခြင်းနှင့်တတိယပုဂ္ဂိုလ်၏အကူအညီရယူခြင်း ..... ၄၈
ဒေသန္တရ အုပ်ချုပ်ရေးမှူးများ ..... ၄၉
အခြား ရပ်ရွာခေါင်းဆောင်များ ..... ၅၁
"ရပ်မိ၊ ရပ်ဖနှင့် လေးစားခံရသည့် ပုဂ္ဂိုလ်များ " ..... ၅၁
ဘာသာရေးခေါင်းဆောင်များ ..... ၅၂
လူငယ်ခေါင်းဆောင်များ ..... ၅၄
မြို့နယ်အုပ်ချုပ်ရေးမှူးများ ..... ၅၄
ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ် ..... ၅၅
ရာဇဝတ်မှု လျှော့ချရေး ..... ၅၅

အခန်း ၆ တရားမျှတရေးစနစ်နှင့် တရားရေးတာဝန်ရှိသူများအပေါ် သဘောထားအပြုအမူများ ..... ၅၇
တရားမျှတရေးစနစ်အပေါ် သဘောထားအပြုအမူများ ..... ၅၈
တရားရေးတာဝန်ရှိသူများအပေါ် သဘောထားအမြင်များ ..... ၅၉
တရားသူကြီးများ ..... ၅၉
ဥပဒေအရာရှိများ ..... ၆၀
ရဲများ ..... ၆၁
ရပ်ရွာခေါင်းဆောင်များ ..... ၆၁
တရားရေးတာဝန်ရှိသူများအပေါ် ပြည်သူလူထုယုံကြည်မှု ..... ၆၂
မမျှတသည့် ပြုမူဆက်ဆံမှုများအပေါ် သဘောထားအမြင်များ ..... ၆၃
တာဝန်ယူတာဝန်ခံမှုအပေါ် သဘောထားအမြင်များ ..... ၆၄

အခန်း ၇ သုံးသပ်ချက်နိဂုံးနှင့် အကြံပြုချက်များ ..... ၆၇
အနှစ်သာရပြည့်ဝသည့် တန်းတူညီမျှမှု ..... ၆၈
စီမံအုပ်ချုပ်မှုဆိုင်ရာ တရားမျှတမှုနှင့် ပြည်သူလူထုအပေါ် တာဝန်ယူတာဝန်ခံမှု ..... ၇၀
ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု ..... ၇၁
နိုင်ငံသားဆိုင်ရာ အသိပညာနှင့် လူမှုပေါင်းစည်းမှု ..... ၇၂
နောက်ဆက်တွဲ(က)သုတေသနလေ့လာမှုနည်းနိဿယ ..... ၇၃
နောက်ဆက်တွဲ (ခ) နောက်ဆက်တွဲ ပုံများနှင့် ဇယားများ ..... ၇၆

# ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် အဖွဲ့အစည်းအသီးသီးမှ ပံ့ပိုးကူညီပေးခဲ့သည်။ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် UNDP မှ ကြီးမှူးပြီး တသီးပုဂ္ဂလ အကြံပေးပညာရှင်များဖြစ်သည့် Elaine Chan နှင့် Jessica So တို့က အကောင်ထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

ကွင်းဆင်းလေ့လာမှုများကို ရခိုင်ပြည်နယ်တွင် ပညာအလင်းပွင့် မြန်မာသုတေသနအဖွဲ့ Enlightened Myanmar Research Foundation က လုပ်ဆောင်ခဲ့ပြီး ဘာသာပြန်ဆိုမှုကို ဦးစိုးမြတ်သူက ပံ့ပိုးပေးသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် UNDP အနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ အရေးပါသည့် ကူညီပံ့ပိုးမှုများ အားလည်းကောင်း၊

ဤ သုတေသနလေ့လာမှုတွင် အစွမ်းကုန်ပါဝင်ကူညီပေးကြသည့် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများ၊ ရပ်ကွက်/ကျေးရွာအုပ်စု/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်နှင့် ခရိုင်အဆင့် အထွေထွေအုပ်ချုပ်ရေးအရာရှိများ၊ စာပေနှင့် ရိုးရာယဉ်ကျေးမှု အဖွဲ့အစည်းများမှ ကိုယ်စားလှယ်/တာဝန်ရှိ ပုဂ္ဂိုလ်များ လည်းကောင်း၊

အစီရင်ခံစာပါ အချက်အလက်များကို သုတေသနလေ့လာမှုအဖွဲ့နှင့်အတူ စိတ်ရှည်စွာပါဝင် ဆွေးနွေးခဲ့ကြသည့် ရခိုင်ပြည်နယ် သံတွဲ၊ ကျောက်ဖြူ၊ စစ်တွေ၊ မောင်တော၊ ရသေ့တောင်နှင့် မြောက်ဦးမြို့နယ်များမှ ပြည်သူအသီးသီးအား လည်းကောင်း၊

သုတေသနလေ့လာမှု (၂) နှစ်တာ ကာလအတွင်း သန္နိဋ္ဌာန်အပြည့်ဖြင့် ပါဝင်လက်တွဲခဲ့ကြပြီး UNDP Rule of Law အဖွဲ့ဝင်များဖြစ်ကြသည့် Mascha Mattews (Programme Specialist) ၊ Simone Boneschi (Rule of Law Specialist)၊ ဦးပေါလ်ဒွဲလာ (Programme Analyst)၊ ဒေါ်သက်မွန်စိုး (Programme Associate)၊ Ugo Okoh (Programme Management Specialist)၊ ဦးဇော်မင်းနောင် (National Field Officer)၊ ဒေါ်နှင်းမာလာထွန်း (Programme Associate)၊ ဒေါ်နွေးနွေးလွင် (National Officer)၊ Natalie Matranga (Rule of Law Officer)၊ Leo Twiggs (Rule of Law Officer)၊ ဦးဇော်လော့ဒ် (National Field Officer) တို့အားလည်းကောင်း၊ ရခိုင်ပြည်နယ်ရှိ UNDP ရုံးခွဲအားလည်းကောင်း၊ သုတေသနလေ့လာမှုတွင် အဖိုးတန် အကြံဉာဏ်များပေးခဲ့ကြသည့် Scott Ciment (Chief Technical Advisor)၊ Emma Morley (Team Leader) နှင့် Jessica Price (Programme Analyst) တို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ဤအစီရင်ခံစာကို Jenny Rouse က တည်းဖြတ်ပါသည်။

# ဥပဒေ့ချာဖင့်

မြန်မာနိုင်ငံရှိ တရားမျှတရေးကဏ္ဍသည် နိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကာလတွင် အရေးပါသည့် နေရာမှပါဝင်သည်။ တရားရုံးများ၊ ဥပဒေအရာရှိများ၊ ရဲများနှင့် တရားမျှတမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အခြားအစိုးရဌာနများသည် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နေချိန်တွင်ပင် သမားရိုးကျ အုပ်ချုပ်ရေးစနစ် အပေါ် ပြည်သူများ၏ ယုံကြည်မှုကို ပြန်လည်တည် ဆောက်ရန်နှင့် ခိုင်မာစေရန် လိုအပ်လျက် ရှိကြောင်း သတိ ပြုမိကြသည်။ သာတူညီမျှမှု၊ တရားမျှတမှုနှင့် အခွင့်အ ရေးများကို အခြေခံသည့် ပြုမူဆက်ဆံမှုများအတွက် ပြည် သူများ၏ မျှော်လင့်ချက်များမှာလည်း မြင့်မားလာပြီး၊ မြန်မာ ပြည်သူများ၏ သမားရိုးကျ တရားမျှတရေးစနစ်အပေါ် ယုံကြည်စိတ်ချမှုအား တိုင်းတာခြင်းဖြင့် တိုးတက်မှုကို တစ်စိတ်တစ်ပိုင်း သိရှိနိုင်မည်ဖြစ်သည်။

"တရားမျှတမှု လက်လှမ်းမီရေးနှင့် သမားရိုးကျ မဟုတ်သော တရားမျှတရေးစနစ်များ သုတေသနလေ့လာ မှု၊ ရခိုင်ပြည်နယ်" အစီရင်ခံစာသည် မြန်မာနိုင်ငံရှိ တရားမ နှင့် ရာဇဝတ်မှုများဆိုင်ရာ တရားမျှတရေးဝန်ဆောင်မှု များအပေါ် ပြည်သူများ၏ မျှော်လင့်ချက်များ၊ ပဋိပက္ခများ ပေါ်ပေါက်လာပါက အခြေခံအဆင့်တွင် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော နည်းလမ်းများအား အသုံးပြုပုံ စသည်တို့ကို ဖေါ်ထုတ်တင်ပြထားသည်။ တစ်ဦးချင်း၊ မိသားစုများနှင့် အုပ်စုလိုက်အလွတ်သဘောအခင်းအကျင်း များ၊ ပဋိပက္ခဖြစ်လွယ်သည့် နေရာဒေသများတွင် တွေ့ဆုံ ဆွေးနွေးမေးမြန်းသည့် နည်းနိဿယသည် အနာဂတ် တရားမျှတရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်များ ရေးဆွဲရာတွင်အထောက်အကူဖြစ်နိုင်မည့်ရခဲသည့်အချက် အလက်များအား ရရှိစေပါသည်။ ထို့အပြင် အမှုကိစ္စများကို တရားမျှတရေးစနစ်နှင့် မိမိဆန္ဒအလျောက်ဖြစ်စေ၊ ဆန္ဒအ လျောက်မဟုတ်သည်ဖြစ်စေ ထိတွေ့ဆက်ဆံရာတွင် မျှတ စွာကိုင်တွယ်ဖြေရှင်းလိမ့်မည်ဟု ယုံကြည်မှု နည်းပါးသည့် ပြည်သူများ၏အမြင်ကိုလည်း နားလည်သိမြင်စေသည်။ ထိုသို့ ယုံကြည်မှုနည်းပါးခြင်းကြောင့် ပြည်သူများသည် အငြင်းပွားမှုများဖြေရှင်းရာတွင် မျှတသည့်ရလဒ်များဆောင် ကြဉ်းပေးနိုင်သည့် သမားရိုးကျမဟုတ်သော နည်းလမ်း များကို များစွာမှီခိုသော်လည်း၊ ထိုရလဒ်များသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်း သို့မဟုတ် လူ့အခွင့်အရေးစံများနှင့် အမြဲတစေ ကိုက်ညီမှုမရှိတတ်ပါ။



ယုံကြည်မှု ပြန်လည်တည်ဆောက်ရန် အတွက် တရားမျှတရေးစနစ်အတွင်း ပါဝင်သည့်သူများနှင့် အဖွဲ့ အစည်းအားလုံး၏ အရည်အသွေးနှင့် တရားမျှတစွာ ဆောင်ရွက်မှုများ မြင့်မားလာစေရေးအတွက် တိုင်းတာ၍ရ သည့်တိုးတက်မှုများကိုအစိုးရမှဖော်ဆောင်သွားရန်လိုအပ် သည်။ တရားမျှတရေးစနစ်အပေါ် ပြည်သူများ၏ အမြင် နှင့်မျှော်လင့်ချက်များကို နားလည်သဘောပေါက်ခြင်းသည် ထိခိုက်လွယ်ဆုံးနှင့် လူ့အဖွဲ့အစည်းအတွင်း ဖယ်ကြဉ် ခံရဆုံးသူများအပါအဝင် ပြည်သူများအားလုံး၏ တရားမျှ တမှုဆိုင်ရာ လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ပေး လို ပါက မြန်မာနိုင်ငံအနေဖြင့် မဖြစ်မနေဆောင်ရွက်ရမည့် ကနဦးအဆင့်ဖြစ်သည်။

နောက်ဆုံးအနေဖြင့် ဤအစီရင်ခံစာအတွက် တွေ့ ဆုံမေးမြန်းမှုများကို သဘောတူ လက်ခံဖြေကြားပေးခဲ့ သည့် ရခိုင်ပြည်နယ်မှ ပြည်သူအားလုံးကို ကျေးဇူးတင် ရှိပါကြောင်းနှင့် ဤအစီရင်ခံစာသည် ပေါ်လစီမူဝါဒ ချမှတ်သူများ၊ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဘက်အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အခြားအကျိုးဆိုင် အဖွဲ့အစည်းများအား မြန်မာနိုင်ငံတွင်း အခွင့်အရေးများကို အခြေခံပြီး စွမ်းရည်ပြည့် တရားမျှတရေးစနစ် တည်ဆောက် ရာတွင် တဖက်တလမ်းက အထောက်အကူပြုနိုင်မည် ဟု မျှော်လင့်ပါကြောင်း။

Peter Batchelor
Country Director
UNDP Myanmar



# အစီရင်ခံစာအကျဉ်းချုပ်

ဓာတ်ပုံ - ရသေ့တောင်မြို့နယ်ရှိ မော်တော်ဆိပ်၊ ရခိုင်ပြည်နယ်။

(၂၀၁၃)ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု လက်လှမ်းမီရေးဆိုင်ရာလေ့လာမှုတစ်ရပ်ကိုပထမအကြိမ် ဆောင်ရွက်ခဲ့ပြီးနောက် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် ထပ်မံသုတေသန ပြုလုပ်ခဲ့သည်။ ဤဒုတိယအကြိမ်တွင် ယခင်လုပ်ဆောင်ချက်များအပေါ် ပိုမိုကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်းဆောင်ရွက်ခဲ့ပြီးသမားရိုးကျမဟုတ်သောတရားမျှတရေးစနစ်များကိုပါအလေးပေးထည့်သွင်းခဲ့သည်။

ဤ သုတေသနတွင် အဓိကမေးခွန်း (၃) ခုကို အခြေခံထားသည်။

(၁) တရားမျှတမှုကို ပြည်သူများမည်ကဲ့သို့ ရယူရှာဖွေကြသနည်း။

(၂) သမားရိုးကျတရားမျှတရေးစနစ်အပေါ်ပြည်သူများ၏ သဘောထားထင်မြင်ချက်၊ ယုံကြည်မှုနှင့် အားကိုးသက်ဝင်မှုများမှာ အဘယ်နည်း။

(၃) ဒေသတွင်းတည်ရှိနေသည့်သမားရိုးကျမဟုတ်သောတရားမျှတရေးဖြစ်စဉ်များ၊ ၎င်းတို့ ကျင့်သုံးလည်ပတ်ပုံများမှာအဘယ်နည်း။

သုတေသနလေ့လာမှု နည်းနိသာယများကို နောက်ဆက်တွဲ (က) တွင်ဖော်ပြထားသည်။ ဤအစီရင်ခံစာတွင် ရခိုင်ပြည်နယ်တွင်း လေ့လာတွေ့ရှိချက်များကို အနှစ်ချုပ်ဖော်ပြထားသည်။[၁] မှတ်သားသင့်သည်မှာ ဤတွေ့ရှိချက်များသည် ကိုယ်စားပြုမှုထက်စာလျှင် အညွှန်းသဘော ပိုဆောင်ပြီး ကျယ်ပြန့်သည့် လူဦးရေအတိုင်းအတာ တစ်ခုခုအတွက်ယေဘူယျခြုံ၍ ကောက်ချက်ပေးနိုင်မည်မဟုတ်ပါ။

လေ့လာတွေ့ရှိချက်များကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု လက်လှမ်းမီရေး လုပ်ငန်းစဉ်များချမှတ်သည့်အခါထည့်သွင်းစဉ်းစားသင့်သည့် အချက်များသတ်မှတ်ဖော်ထုတ်ရာတွင် အထောက်အကူပြုရန် ရည်ရွယ်သည်။

“မိအေးနှစ်ခါနာ”မှာ မတရားမှုများကို တစ်ခုပြီးတစ်ခုဆင့်ကာ ကြုံတွေ့ခံစားရသူ၏အဖြစ်ကို သရုပ်ဖော်ထားသော လူသိများသည့် မြန်မာဆိုရိုးစကားဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ ဆင်းရဲတွင်းနက်နေသည့် ပြည်သူများသည် အဂတိလိုက်စားသည့် အရာရှိတစ်ဦး၏ တောင်းဆိုမှုကိုလိုက်လျောကြရပြီး၊ ထို့နောက် အခြားအရာရှိများ၏ တောင်းဆိုမှုများကိုထပ်ဆင့်လိုက်လျောကြရသည်။

အစီရင်ခံစာ အခန်း (၁) နိဒါန်းတွင် သုတေသနတွေ့ရှိချက်များ၊ နောက်ဆက်တွဲ ခွဲခြမ်းစိတ်ဖြာ လေ့လာသုံးသပ်မှု အခင်းအကျင်းများပါဝင်သည့် သုတေသနလေ့လာမှုအယူအဆများကို ဖော်ပြထားသည်။ ယင်းမှာ (၁) လုပ်ပိုင်ခွင့်အာဏာ၏ တရားဝင်ဖြစ်မှု၊ (၂) တရားစီရင်ရေးအခွင့်အာဏာကျင့်သုံးမှုအပေါ် ပြည်သူလူထု၏ယုံကြည်မှု၊ (၃) ရဲ၊ တရားသူကြီးများ၊ ဥပဒေအရာရှိများ၏ တာဝန်ယူတာဝန်ခံမှုအပါအဝင် တရားဥပဒေစိုးမိုးမှု စသည့်ကောင်းမွန်သည့်အုပ်ချုပ်မှု၏ အခြေခံသဘောတရား ၃ ချက်အပေါ် အခြေခံထားသည်။ နိုင်ငံအများအပြားတွင် တရားမျှတမှု၊ တရားစီရင်ရေးစနစ်၏ တရားဝင်ဖြစ်မှုအပေါ် ပြည်သူလူထု ယုံကြည်မှုသည် လူ့အဖွဲ့အစည်းအတွင်း လက်ခံထားသည့် စံတန်ဖိုးများနှင့် ဆက်စပ်မှုရှိသည်။ ထိုလက်ခံထားသည့်စံတန်ဖိုးများသည် အခြေခံအားဖြင့် လူ့အခွင့်အရေးအထူးသဖြင့် အနှစ်သာရပြည့်ဝသည့် သာတူညီမျှမှု၊ ခွဲခြားဆက်ဆံမှုမရှိခြင်း၊ ဥပဒေရှေ့မှောက်တွင် မှန်ကန်သည့် လုပ်ထုံးလုပ်နည်းများအရ တရားမျှတသည့် ပြုမှုဆက်ဆံရခွင့်များအပေါ်အခြေခံသည်။ ထို့အတွက် လက်ခံထားသည့်စံတန်ဖိုးများအတွက် တရားမျှတမှုလက်လှမ်းရေးအတွက် အဓိကကျပြီး တရားစီရင်ရေးလုပ်ငန်းစဉ်များနှင့် ရလဒ်များအပေါ် ပြည်သူတို့၏ မျှော်လင့်တောင်းတချက်များကို သိရှိစေသည်။ ထို့အပြင် ၎င်းတန်ဖိုးများသည် ပြည်သူ့ဝန်ဆောင်မှုတာဝန်ယူထားသူများသည် မိမိလုပ်ဆောင်ချက်များအတွက် ပြည်သူလူထုအား တာဝန်ယူဖြေကြားနိုင် ရမည်ဖြစ်ပြီး ပြည်သူလူထုက ထိုအစိုးရအရာရှိများအား တာဝန်ယူတာဝန်ခံမှုရှိရန် တောင်းဆိုပိုင်ခွင့်ရှိသည်ဆိုသော တူညီသည့် မျှော်လင့်တောင့်တချက်တစ်ခုကိုလည်း ရည်ညွှန်းသည်။

အခန်း (၂) တွင် ရခိုင်ပြည်နယ်တွင်းသုတေသနလေ့လာသည့် နေရာဒေသများ၊ ဖြေဆိုသူများ၏ လူမှုစီးပွား၊ လူဦးရေ၊ ယဉ်ကျေးမှု နောက်ခံအခြေအနေများကို ဖော်ပြထားသည်။[၂] အခန်း (၃) မှ အခန်း (၆) တွင် လေ့လာတွေ့ရှိချက်များကိုခွဲခြမ်းစိတ်ဖြာသုံးသပ် တင်ပြထားသည်။

အခန်း(၃)တွင် လွန်ခဲ့သည့် နှစ်ကာလအတွင်း ၎င်းတို့ကိုယ်တိုင်နှင့် ရပ်ရွာလူ့အဖွဲ့အစည်း ပါဝင်ပတ်သက်သည့် အငြင်းပွားမှု ပြဿနာများတွင် ဖြေဆိုသူများပြောဆို

၁ ရခိုင်ပြည်နယ်တွင်း လေ့လာခဲ့သည့်နေရာဒေသများနှင့် ဖြေဆိုသူများကို ရည်ရွယ်ချက်ရှိစွာရွေးချယ်ထားသည်။ ဖြေဆိုသူများအကြား ကိန်းဂဏန်းစာရင်းဇယားအရဆက်စပ်နိုင်းယှဉ်မှုများ ပြုလုပ်နိုင်မည်မဟုတ်သကဲ့သို့ ဤတွေ့ရှိချက်များသည် ကျယ်ပြန့်သည့် လူဦးရေအတိုင်းအတာတစ်ခုအတွက် ယေဘုယျကောက်ချက်ဆွဲနိုင်မည်မဟုတ်ပါ။

၂ ဤ အစီရင်ခံစာတွင် " ဖြေဆိုသူ " ဆိုသည်မှာ သုတေသနလေ့လာမှုတွင် အုပ်စုလိုက်ပါဝင်ဆွေးနွေးသူနှင့် တစ်ဦးချင်းတစ်ယောက်ချင်း အင်တာဗျူးမေးခွန်းများဖြေကြားသူမည်သူ့ကိုမဆိုရည်ညွှန်းသည်။

တင်ပြသည့်အခြေအနေများကိုဖော်ပြထားသည်။ ဤအပိုင်းတွင် ဖြေဆိုသူများအကြား လူမှုယုံကြည်မှုရေချိန်ဖြင့် စတင်အစီရင်ခံသည်။ မှတ်သားသင့်သည့် အချက်မှာအခြားသူများထက်စာလျှင် မွတ်စလင်ဖြေဆိုသူများသည်[၃] "လူအများစုသည် ယေဘုယျအားဖြင့် ယုံကြည်ထိုက်သည်၊ မျှတကြသည်" ဟုပို၍ ထင်မြင်ကြသည်။ ဤအခန်းတွင် တရားမျှတမှုနှင့် ဥပဒေဆိုင်ရာရှုထောင့်အချို့အပေါ် ဖြေဆိုသူများ၏ သဘောထားအမြင် များကိုလည်း ဆန်းစစ်လေ့လာထားသည်။ ခြုံငုံကြည့်လျှင် ဖြေဆိုသူများသည် အငြင်းပွားမှု ပြသနာများကို ရပ်ရွာဒေသအတွင်း ပို၍ဖြေရှင်းလိုကြသည်မှာထင်ရှားသည်။ ပြည်သူများသည် မတရားမှုများအတွက် ကုစားခွင့်နှင့် မျှတသည့် ရလဒ်အဖြေရရှိရန်အတွက် အကူအညီရပိုင်ခွင့်ရှိသည်။ မိမိလိုလားသည့် ရလဒ်ရရှိခြင်း ထက်တရားမျှတရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများက ပို၍ အရေးပါသည်ဟု ဖြေဆိုသူအများစုက သဘောတူကြသည်။ တခဲနက်သော ဖြေဆိုသူများက မြန်မာ့လူ့အဖွဲ့အစည်းတွင် လူတစ်ဦးအားကောင်းမွန်စွာ ပြုမူဆက်ဆံခံရမှုကို ချမ်းသာကြွယ်ဝမှု၊ ပညာအဆင့်အတန်းနှင့် လူမျိုးတို့ကအဓိက အဆုံးအဖြတ်ပေးသည်ဟုလည်း ထောက်ပြကြသည်။

သုတေသနလေ့လာခဲ့သည့် ရပ်ရွာလူ့အသိုင်းအဝိုင်းများအပေါ် ၂၀၁၂-၂၀၁၃ လူမှုရေး/ဘာသာရေး ပဋိပက္ခအကြမ်းဖက်မှုများ၏ ကြီးမားသည့် ရိုက်ခတ်မှုကို အခန်း ၃ တွင်ဖော်ပြထားသည်။ ဗုဒ္ဓဘာသာ နှင့် မွတ်စလင် လူ့အသိုင်းအဝိုင်းများ အကြား တင်းမာသည့် ဆက်ဆံရေးသည် စားဝတ်နေရေးအသက်မွေးဝမ်းကျောင်းမှုနှင့် စီးပွားရေးလုပ်ငန်းများကိုဆိုးကျိုးများ ဖြစ်ပေါ်စေခဲ့သည်။ အခြားသူများထက်စာလျှင် ရခိုင်ပြည်နယ် မြောက်ပိုင်းမှ မွတ်စလင်ဖြေဆိုသူများသည် အကြမ်းဖက်မှု၏ အကျိုးဆက်ရိုတ်ခတ်မှုများကို ပိုမိုခံစားရပြီး တရားမျှတမှုရရှိရေးအတွက် အတားအဆီးအခက်အခဲများ ပို၍ကြုံတွေ့ရသည့်သဘောရှိသည်။ ဒေသန္တရအမိန့်များက ဤအခြေအနေကိုပို၍ နက်ရှိုင်းစေသည်။

ပြည်သူများသည် သမားရိုးကျ တရားမျှတရေးစနစ်နှင့် ယေဘူယျအားဖြင့် ထိတွေ့မှုမရှိသည်ကို ဤအခန်းတွင် ရှင်းလင်းစွာဖော်ပြထားသည်။ ထို့အပြင် ဖြေဆိုသူများသည် ဥပဒေကိုသိနားလည်မှု မရှိခြင်းသို့မဟုတ် နားလည်မှုလွဲခြင်းများလည်း ဖြစ်လေ့ရှိသည်။ မည်သို့ပင် ဆိုစေကာမူ ဖြေဆိုသူ၃ပုံ၂ပုံကျော်ကမြန်မာနိုင်ငံတွင် ဥပဒေရှေ့မှောက်တန်းတူညီမျှ အခွင့်အရေးရသည်မှာ လူတိုင်းမဟုတ်ဟု ရှုမြင်ကြသည်။ ဤအခန်းတွင် တရားရေးတာဝန်ရှိသူများ၏ အမြင်များကိုလည်းတင်ပြထားပြီး ထိုတာဝန်ရှိသူ အများစုသည် ဥပဒေအသိပညာပေးခြင်းနှင့် တရားရေးစနစ် လည်ပတ်ဆောင်ရွက်ပုံများကိုပို၍ တက်ကြွစွာဆောင်ရွက်လိုကြသည်။

ဖြေဆိုသူများ ပါဝင်ပတ်သက်သည့် အငြင်းပွားမှုပြဿနာ သဘောသဘာဝနှင့် ၎င်းတို့အနေဖြင့် အရေးကြီးသည်ဟု သဘောထားသည့် အမှုပြဿနာအမျိုး အစားများကိုအခန်း ၄ တွင် ဆန်းစစ်လေ့လာထားသည်။ အဖြစ်အများဆုံးနှင့် အရေးကြီးဆုံးအမှုပြဿနာများမှာ မွေးစာရင်းနှင့်မှတ်ပုံတင်ရယူရာတွင် ကြုံရသည့် ပြဿနာများ၊ ကြွေးမြီနှင့်မြေယာအငြင်းပွားမှုများ ဖြစ်သည်။ အဖြစ်အများဆုံး အငြင်းပွားမှု ပြဿနာများကို ပြောဆိုတင်ပြရာတွင် မွတ်စလင်ဖြေဆိုသူအချိုးအစားပို၍များပြားပုံရသည်။ ကြွေးမြီပြဿနာမှလွဲ၍ ကျန်ပြဿနာအငြင်းပွားမှုများသည် ကိုးကွယ်သည့်ဘာသာအလိုက် ဖြစ်ပွားသည့် သဘောရှိသည်။ မြေယာအငြင်းပွားမှုများကို ဗုဒ္ဓဘာသာဝင်ဖြေဆိုသူများ အများဆုံးတွေ့ကြုံရပြီးကျန်ပြဿနာများကိုမွတ်စလင်ဖြေဆိုသူများအများဆုံးတွေ့ကြုံရသည်။ အရာရှိများ၏ လုပ်ပိုင်ခွင့်အာဏာအလွဲသုံးစားမှုများကိုကိုယ်တိုင်အတွေ့အကြုံများအရဖြေဆိုသူများကတင်ပြကြသည်။

ရပ်ရွာအဆင့် အဓိကဦးစားပေးပြဿနာများမှာ အများပြည်သူ အနှောက်အယှက်ဖြစ်မှု၊ မလုံခြုံမှုနှင့် ပုဂ္ဂလိက တရားမမှု အသေးစားများဖြစ်သည်။ အရက်သေစာသောက်စားခြင်းကြောင့် အများပြည်သူနှင့်ဆိုင်သည့် အမှု ပြဿနာများသို့ ဦးတည်သွားတတ်သည်။ တရားရေးကဏ္ဍတာဝန်ရှိသူများက ယေဘုယျအားဖြင့် မှုခင်းပြဿနာ ဖြစ်ပွားရခြင်းမှာစီးပွားရေးအခြေအနေကျပ်တည်းမှုကြောင့်ဟု ထောက်ပြသည်။ အငြင်းပွားမှုများနှင့် အဓိကဦးစားပေးပြဿနာများကို ပြည်သူများ ကြိုးစားဖြေရှင်းကြပုံများကိုအခန်း ၅ တွင် လေ့လာသုံးသပ်ထားသည်။ တရာလိုမှ တဖက်အမှုသည်နှင့် တိုက်ရိုက်ညှိနှိုင်းမှုများနှင့် / သို့မဟုတ် တတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်းအကူအညီရယူပြီးနောက် အဓိကဦးစားပေးပြဿနာ ၇၇% နီးပါးသည် ဖြေရှင်းပြေလည်ခြင်းမရှိသည်မှာ အထူးခြားဆုံးတွေ့ရှိချက်ဖြစ်သည်။ ဤသည်မှာဖြေဆိုသူများနှင့် တရားမျှတမှု လက်လှမ်းမီရရှိမှုမှာအကန့်အသတ်များစွာရှိနေသည်ကို ညွှန်ပြသည်။ အမှုပြဿနာ ကြိုးစားဖြေရှင်းရာတွင် ပါဝင်ပတ်သက်သည့် အထင်ရှားဆုံး တတိယပုဂ္ဂိုလ်များမှာ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ ဖြစ်ပြီး ၎င်းတို့သည် ရပ်ရွာထဲမှ "သက်ကြီး ဝါကြီးလေးစားရသည့် လူများ (ရပ်မိရပ်ဖများ) နှင့် ပူးပေါင်းဆောင်ရွက်လေ့ရှိသည်။ ညှိနှိုင်းမှုများ မအောင်မြင်သည့်အခါ အချို့တိုင်ကြားသူ/ တရားလိုများသည် အခြားတစ်ဦးတစ်ယောက်ထံမှ အကူအညီ တောင်းခံခြင်းသို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းများ မပြုလုပ်ကြပါ။ အကြောင်းမှာ ဖြစ်ပေါ်လာမည့်ကုန်ကျစရိတ် (လူမှုရေးသံယောဇဉ် ပျက်ပြားခြင်း အပါအဝင်)၊ မည်ကဲ့သို့ မည်သူ့ထံအကူအညီတောင်းခံရမည်ကိုမသိခြင်း၊ အကြောက်တရား၊ နောက်ဆုတ်ရမည့်အရေးနှင့် အရှက်တရားများကြောင့် ဖြစ်သည်။"

၃ သုတေသနလေ့လာမှုတွင် ပါဝင်ဖြေဆိုသူများအား ၎င်းတို့၏ လူမျိုးကိုသတ်မှတ်ဖော်ပြပေးရန် အခွင့်အရေးပေးထားသည်။ (ဥပမာ - ဖိအားပေးတိုက်တွန်းလှုံ့ဆော်မှုတစုံတရာမပါသည့် အဖွင့်မေးခွန်း)။ ထိုအမျိုးအစားခွဲခြားသတ်မှတ်ခြင်းသည် မိမိကိုယ်ကို ရိုဟင်ဂျာ/မွတ်စလင်/အစ္စလာမ်/ဘင်္ဂါလီဟု သတ်မှတ်သောသူများ၊ အလားတူရသေ့တောင်၊ မောင်တော နှင့် မြောက်ဦးမြို့နယ်များတွင် လူမျိုးနှင့် ပတ်သက်၍ မေးမြန်းခြင်းမရှိခဲ့သည့် သူများအပေါ် အခြေခံသည်။ လူမျိုးမေးမြန်းခံရခြင်းမရှိသူများအတွက် အဓိကပြောဆိုသည့် ဘာသာစကားအဖြေများမှ ဆက်စပ်ရယူသည်။

တရားရေးစနစ်နှင့် တရားရေး ဝန်ဆောင်မှုများ ပေးရာတွင် အခန်းကဏ္ဍတာဝန်ရှိသည့် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲများနှင့် ရပ်ရွာခေါင်းဆောင်များအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များကို အခန်း ၆ တွင် တင်ပြထားသည်။ အများလက်ခံထားသည့် စံတန်ဖိုးများကို အစိုးရအရာရှိများ၏ အဂတိလိုက်စားမှု၊ ပြည်သူလူထု အပေါ် တာဝန်ယူတာဝန်ခံမှု ရှုထောင့်များနှင့် ယှဉ်တွဲပြီး ထပ်မံဆန်းစစ်ထားသည်။

တရားသူကြီးများ၊ ဥပဒေအရာရှိများ နှင့် ရဲများ၏ စွမ်းဆောင်ရည်ပြည့်ဝမှုအပေါ် ဖြေဆိုသူများက ၎င်းတို့၏ ယုံကြည်မှုကို ဖော်ပြကြသည်။ သို့သော် မျှတမှု၊ လေးစားမှု၊ အဂတိတရားကင်းမှုစသည့် အများလက်ခံထားသည့် စံတန်ဖိုးများနှင့် ထိုတာဝန်ရှိ ပုဂ္ဂိုလ်များထားရှိသည့် စံတန်ဖိုးများ ကိုက်ညီနိုင်မှုအပေါ် ဖြေဆိုသူများ၏ ယုံကြည်မှု နည်းပါးသည်။ ဤအချက်မှာ သမားရိုးကျတရားမျှတရေး စနစ်နှင့် ဖြေဆိုသူများ အနည်းနှင့် အများထိတွေ့မှုမရှိမှုကို ထင်ဟပ်နိုင်သည်။ အခြားတစ်ဖက်တွင်မူ ရပ်ရွာခေါင်းဆောင်များသည်ရပ်ရွာဦးစားပေးများနှင့် ကိုက်ညီမှုရှိသည်။ လေးစားမှုရှိသည်ဟုအများစုကယုံကြည်သည်။ ခြုံငုံကြည့်ပါက တရားရေး တာဝန်ရှိသူများအနက် ရဲများသည် ယုံကြည်ခံရမှု အနည်းဆုံးတွင်ရှိနေပြီး ရပ်ရွာခေါင်းဆောင်များသည် သိသာထင်ရှားစွာယုံကြည်ခံရဆုံးသူများဖြစ်နေသည်။

အစိုးရအရာရှိများသည် ပြည်သူများကိုတန်းတူညီမျှအမြဲတမ်း ပြုမူဆက်ဆံမှု မရှိသည့် ကိုယ်တိုင် အတွေ့ အကြုံနှင့် သဘောထားအမြင်များကို အခန်း ၆ တွင် ဖော်ပြထားသည်။ ပြစ်မှုကျူးလွန်သည်ဟု စွဲဆိုခံရပါက ဆင်းရဲ နွမ်းပါးသူများသည် အခြားသူများထက်စာလျှင် ဥပဒေရှေ့မှောက်တွင်တန်းတူညီမျှ ဆက်ဆံခံရမှု အနည်းဆုံးဖြစ်သည်ဟု ဖြေဆိုသူများက သဘောထားသည်။ အကျင့်ပျက်ခြစား အဂတိလိုက်စားမှုနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ခံစားရမှုများကြောင့် အဂတိလိုက်စားမှုဖြစ်ရပ်ကို တိုင်ကြားလိုသည့် ဖြေဆိုသူများသည် တရားဝင် တာဝန်ယူ တာဝန်ခံမှုအတွက် မျှော်လင့်ချက်များစွာမထားရှိပါ။ အမျိုးအစားများပြားသည့် မတိုင်ကြားလိုသူအများစုက အဂတိလိုက်စားမှု လုပ်ရပ်ပင်လျှင် တာဝန်ယူ တာဝန်ခံစေမှုကို အဟန့်အတားဖြစ်နေသည်ဟု ထောက်ပြပြီး မတိုင်ကြားလိုသည့် အကြောင်းအရာများမှာ အကြောက်တရား သို့မဟုတ် ဥပဒေ၊ အစိုးရ ဗျူရိုကရေစီယန္တရား၊ တရားရေးစနစ်များနှင့် ပတ်သက်ရမည် စိုးသောကြောင့်ဖြစ်သည်။ ဤအချက်သည် တရားမျှတမှု ရရှိရေးအတွက် အဓိပ္ပါယ်များစွာရှိသည်။

သုတေသန လေ့လာမှု တွေ့ရှိချက် သုံးသပ်ချက်နှင့် အကြံပြုချက်များကိုအခန်း ၇ တွင် တင်ပြထားသည်။ ထင်ရှားသည့် တွေ့ရှိချက်တစ်ရပ်မှာ အငြင်းပွားမှုသို့မဟုတ် တရားမျှတမှု ပြဿနာ အချို့အစား အတော်များများတွင် ဖြေဆိုသူများသည် အစိုးရ တာဝန်ရှိသူများနှင့် ဖြစ်ပွားကြပြီး ထို့အတွက် တရားဝင်/အစိုးရတရားရေးစနစ် အတွင်းကူညီကုစားမှုများမရရှိကြပါ။ အစိုးရလုပ်ပိုင်ခွင့် အာဏာအလွဲသုံးစားဖြင်းနှင့် အစိုးရဌာန တာဝန်ရှိသူများ၏ စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ စီရင်ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ တရားဝင် ကုစားအဖြေရှာသည့် နည်းလမ်းများအပါအဝင် စီမံခန့်ခွဲ အုပ်ချုပ်ရေးဆိုင်ရာ တရားမျှတမှုကို ဦးစားပေး တစ်ရပ်အဖြစ် သတ်မှတ်ဖော်ထုတ်ထားပြီး ပြည်သူ့ရေးရာ တာဝန်ထမ်းဆောင်သူများ ပြည်သူလူထုအပေါ် တာဝန်ယူ တာဝန်ခံမှုကို အာမခံနိုင်ရန် ရည်ရွယ်သည်။[၄]

ပြည်သူလူထုအကြား တန်းတူညီမျှမှုကို အကောင်အထည်ဖော်ရရှိရေးသည် လူမှုဆက်ဆံရေး ရှုပ်ထွေး ကြွယ်ဝသည့် ရခိုင်ပြည်နယ်တွင် ဥပဒေပြဋ္ဌာန်းချက် မှုဘောင်ထက်မကပို၍ ကျယ်ပြန့်သည့် ပြည်သူများအကြားတပြေးညီပြုမူဆက်ဆံမှုကို အာမခံမှုပေးရန် လိုအပ်ပြီးတချိန်တည်းမှာပင် လူသားအားလုံးကို တန်းတူညီမျှရှိသူများအဖြစ် အလေးပေး ပြုမူဆက်ဆံရန် လိုအပ်သည်။ ဆိုလိုသည်မှာမညီမျှသည့် ခွဲခြားဆက်ဆံမှုများ၏ အကြောင်းတရားဇစ်မြစ်များကို ကိုင်တွယ်ဖြေရှင်းရန် အခြေခံလိုအပ်သည်။

မြန်မာနိုင်ငံတော်၊ မြန်မာ့လူ့အဖွဲ့အစည်းနှင့် ပတ်သက်သည့် နိုင်ငံသားအခွင့်အလမ်းနှင့် တာဝန်ဆိုင်ရာအသိပညာဗဟုသုတကို မြှင့်တင်ခြင်းဖြင့် ပို၍အသိပေး ထိတွေ့ပါဝင်သည့် နိုင်ငံသားစိတ်ဓာတ် တည်ဆောက်ခြင်း၊ နိုင်ငံ၏ ယဉ်ကျေးမှု၊ လူမျိုးနှင့် ဘာသာရေးမတူကွဲပြား ကြွယ်ဝမှုကိုပွေ့ဖက်သည့် မြန်မာအမျိုးသားစရိုက်လက္ခဏာဖော်ဆောင်ခြင်း၊ တချိန်တည်းမှာပင် မျှတမှု၊ လေးစားမှု နှင့် သည်းခံနားလည်မှုတို့ကို မြှင့်တင်ခြင်းတို့သည် ရခိုင်ပြည်နယ်အတွင်း လူမှုပေါင်းစည်းမှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

---

၄ လက်ရှိအုပ်ချုပ်ရေးဥပဒေအောက်တွင် တရားရေးမဟုတ်သည့် အုပ်ချုပ်ရေးအရာရှိများ၏ အရေးပါသည့် ဆုံးဖြတ်ချက်များအပေါ်ပြည်သူများအနေဖြင့်ကြားနာခွင့် သို့မဟုတ် အယူခံခွင့် (နည်းလမ်းတကျ မှန်ကန်စွာတောင်းဆိုလျှောက်ထားသည့်တိုင်) မရှိပါ။



# အခန်း (၁)
# နိဒါန်း

ဓာတ်ပုံ - သာယာကုန်းရွာတွင်း ပြေးလွှားဆော့ကစားနေသည့် ကလေးများ ၊ စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်။

## သုတေသနလေ့လာမှုနောက်ခံ

တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလက်လှမ်းမီရေးဆိုင်ရာ လေ့လာမှုများကို မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးများတွင် ၂၀၁၃ ခုနှစ်၌ ပထမအကြိမ်ပြုလုပ်ပြီးနောက် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP) သည် တရားမျှတမှုလက်လှမ်းမီရေးနှင့် သမားရိုးကျမဟုတ်သော တရားမျှတရေး စနစ်များကို ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လေ့လာမှုများ ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။

ဤဒုတိယအကြိမ်သုတေသနလုပ်ငန်းသည်ယခင်ပြုလုပ်ခဲ့သည့် ပထမအကြိမ် လေ့လာမှု၏အတိုင်းအတာကို ပိုမိုနက်ရှိုင်းကျယ်ပြန့်စေခဲ့ပြီး သမားရိုးကျမဟုတ်သော တရားမျှတရေး စနစ်များကိုပါ အထူးပြု လေ့လာနိုင်ခဲ့ပါသည်။ ၂၀၁၃ လေ့လာမှု၏ အဓိကတွေ့ရှိချက်ဖြစ်ပြီး ၂၀၁၄ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဆောင်ရွက်ခဲ့သည့်[၅] နောက်ဆက်တွဲ သီးခြားလေ့လာမှုများတွင်လည်း ထပ်ဆောင်းဖော်ပြသည့်အချက်မှာ အချင်းပြဿနာအမျိုးမျိုး၏အများစုမှာ ရပ်ကွက်နှင့်ကျေးလက်အဆင့်တွင် ညှိနှိုင်းဖြေရှင်းပြေလည်သွားကြပြီး သမားရိုးကျ တရားမျှတရေး စနစ်သို့ ရောက်မလာကြပေ။

အထက်ဖော်ပြပါ သုတေသနလုပ်ငန်းများနှင့် အနည်းငယ်မျှသော အခြားအရည်အသွေး အခြေခံလေ့လာမှုများ (Qualitive studies) ပြုလုပ်ခဲ့သည်ဆိုသော်ငြားလည်း မြန်မာနိုင်ငံရှိ တရားမျှတမှု ရရှိရေးဆိုင်ရာ နားလည်သဘောပေါက်နိုင်မှု အသိများစွာ လိုအပ်နေသေးသည်။ ဤသုတေသနလေ့လာမှုသည် မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှုအား ကောင်းလာစေရေးနှင့် တရားမျှတမှု ပိုမိုရရှိလာစေရေးအတွက် (UNDP) ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ ကြိုပမ်းချက်များ ကို အောက်ဖော်ပြပါအတိုင်း ပံ့ပိုးသွားရန် ရည်ရွယ်သည်။ (၁) သမားရိုးကျ တရားမျှတရေးစနစ်မှ တဆင့်တရားမျှတမှုကို ပြည်သူများရှာဖွေရယူသည့်နည်းလမ်းများနှင့် စပ်လျဉ်း၍ အခြေခံအဆင့် နားလည်ခြင်းအား ချဲ့ထွင်ခြင်း။ (၂) သမားရိုးကျ မဟုတ်သော တရားမျှတရေးစနစ်ကို နက်ရှိုင်းစွာနားလည်သိမြင်ခြင်း။ ဤသုတေသနလေ့လာမှုတွေ့ရှိချက်များသည် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်(UNDP)၊ မြန်မာနိုင်ငံအစိုးရနှင့် အခြားဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းများ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု အစီအစဉ်များ ရေးဆွဲချမှတ်နိုင်ရေးအတွက် အခြေခံအချက်များ သတ်မှတ် ဖော်ထုတ်ရာတွင် အထောက်အကူဖြစ်စေရန်လည်း ဖြစ်သည်။

## သုတေသနရည်ရွယ်ချက်နှင့် နည်းနိဿယ

ဤလေ့လာမှု၏ ရည်ရွယ်ချက်မှာ သမားရိုးကျဖြစ်သော၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးဆန်သော၊ သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ၊ ပြည်သူများက အငြင်းပွားမှု ပြဿနာများနှင့် ဆုံးရှုံးနစ်နာမှုများအတွက် အဖြေရှာရန် ထိုစနစ်များကို အသုံးပြုသည့် အကြောင်းအရင်းများနှင့် အသုံးပြုပုံများကို ပိုမိုနားလည်သဘောပေါက်ရန် ဖြစ်သည်။

ဤလေ့လာမှုတွင် အောက်ဖော်ပြပါ အဓိကမေးခွန်း (၃) ခုကို အခြေခံသည်။

( ၁ ) တရားမျှတမှုကို ပြည်သူများမည်ကဲ့သို့ ရယူရှာဖွေကြသနည်း။

( ၂ ) သမားရိုးကျ တရားမျှတရေးစနစ်အပေါ် ပြည်သူများ၏ သဘောထားထင်မြင်ချက်၊ ယုံကြည်မှုနှင့် အားကိုးသက်ဝင်မှုများမှာ အဘယ်နည်း။

( ၃ ) ဒေသတွင်း တည်ရှိနေသည့် သမားရိုးကျမဟုတ်သော တရားမျှတရေးဖြစ်စဉ်များ၊ ၎င်းတို့ ကျင့်သုံးလည် ပတ်ပုံများမှာ အဘယ်နည်း။

လေ့လာမှုနည်းနိဿယကို နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသည်။ မှတ်သားရမည်မှာ လေ့လာမှုနေရာဒေသများနှင့် ဖြေဆိုသူများ[၆] ရွေးချယ်သည့် ပုံစံကြောင့်တွေ့ရှိချက်များသည် လေ့လာမှုနမူနာကိုသာ[၇] ထင်ဟပ်ဖော်ပြသည်။ ဖြေဆိုသူများကြား ကိန်းဂဏန်းစာရင်းအရ ထင်ရှားသည့်နှိုင်းယှဉ်မှုများ ပြုလုပ်နိုင်မည်မဟုတ်သကဲ့သို့ တွေ့ရှိချက်များသည်ကျယ်ပြန့်သည့်လူဦးရေအတိုင်းအတာတစ်စုံတစ်ရာအတွက် ယေဘုယျ ကောက်ချက်ချနိုင်မည်လည်း မဟုတ်ပါ။

## အယူအဆဆိုင်ရာ ခြုံငုံသုံးသပ်ချက်

အဓိက အယူအဆနှစ်ခုဖြစ်သော တရားဝင်ဖြစ်မှုနှင့် ယုံကြည်မှုတို့သည် မည်သည့် လူ့အဖွဲ့အစည်းတွင်မဆို

[၅] မြန်မာဥပဒေ အထောက်အကူ ကွန်ယက်၊ အကြောက် တရားနှင့် မျှော်လင့်ချက်အကြား - မြန်မာနိုင်ငံတွင်း တရားဥပဒေစိုးမိုးမှုနှင့် တရားမျှတမှု ရရှိရေးမြှင့်တင်ရာတွင် ကြုံရသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ (စက်တင် ဘာ ၂၀၁၄)

[၆] ဤအစီရင်ခံစာတွင် ဖြေဆိုသူဆိုသည်မှာ သုတေသနလေ့လာမှုတွင် အုပ်စုလိုက် ပါဝင်ဆွေးနွေးသူနှင့် အင်တာဗျူးမေးခွန်းများ ဖြေကြားသည်။ မည်သူ့ကိုမဆို ရည်ညွှန်းသည်။

[၇] ဤအစီရင်ခံစာတွင် စစ်တွေမြို့နယ်တွင် သုတေသန နည်းနိဿယများကို ကနဦးစမ်းသပ်သည့်အနေဖြင့် ပြုလုပ်ခဲ့သည့် အုပ်စုလိုက်ဆွေးနွေးမှုများ (FGD) နှင့် အဓိက သတင်းအချက်အလက်ပံ့ပိုးသူများနှင့် အင်တာဗျူးမေးမြန်းမှုများ (KII) မှ ရရှိသည့်တွေ့ရှိချက်များ ထည့်သွင်းထားသည်။ သို့သော် အိမ်ထောင်စုအဆင့် တစိတ်တပိုင်းဖွဲ့စည်း တည်ဆောက်ထားသည့် အင်တာဗျူးမေးခွန်းပုံစံ (household semi-structured interview questionnaire) များမှာ ကနဦးစမ်းသပ်လေ့လာမှုပြီးနောက် ပြန်လည်သုံးသပ်ခဲ့ရသဖြင့် ယင်းမှ တွေ့ရှိချက်များကို ထည့်သွင်းခြင်းမရှိပါ။

ကောင်းမွန်သည့် အုပ်ချုပ်မှု၏ အခြေခံများဖြစ်သည်။ သမိုင်းဝင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၏ ရလဒ်များက မြန်မာနိုင်ငံတွင်း နိုင်ငံရေးအာဏာကျင့်သုံးခြင်းတွင် ထိုအယူအဆ (၂) ခု၏ အချက်အချာကျမှုကို သက်သေပြခဲ့သည်။


တရားဝင်ဖြစ်မှုနှင့် ယုံကြည်မှုတို့သည် တရားဥပဒေစိုးမိုးရေးတွင် ပင်ကိုယ်အားဖြင့် ပါဝင်နေပြီးသမားရိုးကျတရားမျှတရေးစနစ်မှတဆင့် ဥပဒေပိုင်းဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာအားကျင့်သုံးရာတွင်လည်းအရေးပါသည်။ တရားဝင်ဖြစ်မှုသည် ဥပဒေလိုက်နာမှုအား မြှင့်တင်ပြီး၊ သမားရိုးကျ တရားမျှတရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အားပေးပြီး ရပ်ရွာ လူ့ အဖွဲ့ အစည်းများ၏ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အားကောင်းစေသော နည်းလမ်းများဖြင့် ရပ်ရွာလူမှုအဖွဲ့ အစည်း[၈] နှင့်ထိတွေ့ ဆောင်ရွက်မှုအား အဆင်ပြေချောမွေ့စေရန် အထောက်အကူပြုသည်။ တရားမျှတရေးစနစ်အပေါ် ပြည်သူယုံကြည်မှုနှင့် ၎င်း၏တရားဝင်မှုတို့မှ အခြားအများပြည်သူဆိုင်ရာ အင်စတီကျူးရှင်းများအပေါ်ယုံကြည်စေမှုကို တိုးမြှင့်စေသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် ထိုကဲ့သို့သော အခြား အင်စတီကျူးရှင်းများ[၉] ကျူးလွန်နိုင်သော အလွဲသုံးစားမှုများမဖြစ်ပွားစေရန် အာမခံ ချက်အချို့ကိုပေးသည်။

ယုံကြည်မှုဆိုသည်မှာ ပြည့်မီသောအရည်အချင်းနှင့် လူအများလက်ခံကျင့်သုံးသော စံတန်ဖိုးများ၏ လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်။ တနည်းအားဖြင့်၊ တရားမျှတရေးစနစ်အပေါ် ပြည်သူယုံကြည်မှုသည် ထိုစနစ်အတွင်း အခန်းကဏ္ဍတစ်ခုအား လုပ်ဆောင်နေသူများသည် အရည်အချင်းပြည့်မီပြီး (အသိပညာ၊ ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များ)၊ ပြည်သူလူထုမှ ၎င်းတို့အပေါ် ယုံကြည်ထားသည့် အတိုင်းလုပ်ဆောင်ရန် မှန်ကန်သော ရည်ရွယ်ချက်များရှိခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဒေသဆိုင်ရာလိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရန်[၁၀] ကိစ္စရပ်များအပေါ်တွင် ပြည်သူလူထုမှ မျှော်မှန်းထားသည်နှင့်အညီ ထိရောက်မှုတစ္စာ တုံ့ပြန်ဆောင်ရွက်ရန်ဖြစ်သည်။ တဆက်တည်းအားဖြင့်အစိုးရအရာရှိများမှ လာဘ်ပေးလာဘ်ယူ (သို့မဟုတ်) ပြင်ပသြဇာအာဏာလွှမ်းမိုးမှု/ ဖိအားပေးမှုများကို မလွန်ဆန်နိုင်သောအခါတွင် (သို့မဟုတ်) ခွဲခြားဆက်ဆံသော နည်းများဖြင့်ဆောင်ရွက်လျှင်၊ ထိုအပြုအမူများသည် တရားမျှတမှု လက်လှမ်းမီ ရရှိရေးအား တားမြစ်သည့် ပြည်သူ့ယုံကြည်မှုအပေါ် အဟန့်အတားဖြစ်စေနိုင်သည်။

တရားဝင်ဖြစ်မှုသည်လည်း အများကလက်ခံထားသော စံတန်ဖိုးများနှင့် ပတ်သက်သည်။ တရားဝင်မှုကို အစိတ်အပိုင်း (၃) ခုပါဝင်သည်ဟု အဓိပ္ပါယ်သတ်မှတ်သည်။ ၎င်းတို့မှာ (၁) ရှင်းလင်းတိကျသော သဘောတူခွင့်ပြုချက်၊ (၂) အာဏာပိုင်များ၏ ဥပဒေနှင့်ညီညွတ်ခြင်းဆိုင်ရာ စံများအားလိုက်နာမှုအပေါ်တွင်အခြေခံသည့် ရှင်းလင်းတိကျသော သဘောတူခွင့်ပြုချက်၊ (၃) အများမှ လက်ခံထားသော စံတန်ဖိုးများ (သို့မဟုတ်) မှန်ကန်သောရည်ရွယ်ချက်များဖြစ်သည်။[၁၁]မြန်မာနိုင်ငံ၏ နောက်ခံအခြေအနေတွင် ဤအဓိပ္ပါယ်ဖွင့်ဆိုချက်၌ (၄)အာဏာပိုင်၏ပင်ကိုယ်ရှိရင်းစွဲဝိသေသများဆိုသည့်အချက်ကိုလည်း ထပ်ဆောင်းထည့်သွင်းထားသည်။

ထို့ကြောင့် အများကလက်ခံထားသော စံတန်ဖိုးများနယ်ပယ်တွင် တရားဝင်ဖြစ်မှုနှင့် ယုံကြည်မှုတို့၏ အယူအဆများသည် တစ်ခုပေါ်တစ်ခု နွယ်ယှက်နေသည် (ပုံ ၁.၁ တွင်ရှု)။ [၁၂]

ပုံ ၁.၁ တရားဝင်မှုသဘောတရားနှင့် ယုံကြည်မှု




၈ Tom Tyler and Jonathan Jackson ပြုစုရေးသားသည့် အများကြိုက် တရားဝင်ဖြစ်မှုနှင့် ဥပဒေအခွင့်အာဏာ ကျင့်သုံးမှု (Popular Legitimacy and the Exercise of Legal Authority) လိုက်နာကျင့်သုံးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ပူးပေါင်းပါဝင်မှုကို လှုံ့ဆော်ခြင်း (Motivating Compliance, Cooperation and Engagement) ၂၀၁၃
၉ Steven Van de Walle ၏ တရားမျှတမှု/ တရားစီရင်မှု စနစ်အပေါ် ယုံကြည်မှု (Trust in the Justice System): ဥရောပတခွင် နှိုင်းယှဉ်သုံးသပ်အမြင် (A Comparative View Across Europe) ၂၀၀၉
၁၀ Jonathan Jackson et al: ဥရောပလူမှုညွှန်းကိန်းများ ပြုစုရေးဆွဲခြင်းဆိုင်ရာမှတ်စုများ/ ဥရောပလူမှုညွှန်းကိန်းများ ဖွံ့ဖြိုးတိုးတက်မှု မှတ်စုများ ၂၀၁၁ (Notes on the Development of European Social Indicators)
၁၁ ဥရောပ လူမှုစစ်တမ်း တရားမျှတမှု ညွှန်းကိန်းများ ဖွံ့ဖြိုးတိုးတက်မှုမှ တူညီရာကောက်ထုတ်ခြင်း/ ကောက်နုတ်ခြင်း (Drawing similarity upon the development of the European Social survey justice indicatiors), David Beethan ၏ အာဏာတရားဝင်ဖြစ်မှု (The Legitimation of Power) လန်ဒန်၊ Macmillan၊ ၁၉၉၁)၊ Mike Hough နှင့် Stefano Maffei ရေးသားပြုစုသည့် `တရားမျှတမှုအပေါ် ယုံကြည်မှု´ (`Trust in Justice´) `တရားဝင်ဖြစ်မှုအပေါ် တွေးဆချက်´ (`Thinking about legitimacy´)၊ ဥရောပ ပစ်မှုဗေဒ Criminology in Europe (၂) ၂၀၁၃ အတွဲ ၅-၁၀ တို့ကိုရှု။
၁၂ Jonathan Jackson နှင့် Jacinta Gau ရေးသားပြုစုသည့် အယူအဆ ထုဆစ်ခြင်း၊ တရားဝင်အခွင့်အာဏာနှင့် ပတ်သက်၍ ယုံကြည်မှုနှင့် တရားဝင်ဖြစ်မှုအပေါ် လူထုသဘောထားအမြင်များကို ခွဲခြမ်းစိတ်ဖြာမှု (`Carving up Concepts? Differentiation between Trust and Legitimacy in Public Attitudes towards Legal Authority´) E.Shockley et al အတွဲများ၊ ယုံကြည်မှုအပေါ် နွယ်ယှက်ရှုထောင့်အမြင်များ (Interdisciplinary Perspectives on Trust) Switgerland၊ Springer International၊ ၂၀၁၆၊ အတွဲ ၄၉-၆၉

ဤလေ့လာမှုတွင် တရားမျှတမှု လက်လှမ်းမီရေး အတွက် အများလက်ခံထားသော စံတန်ဖိုးများမှာ အဓိက ကျကြောင်းဖော်ထုတ်ထားသည်။[၁၃]၎င်းတို့သည်သမားရိုးကျ ဖြစ်သော၊ စီမံအုပ်ချုပ်မှုဆန်သော သို့မဟုတ် သမားရိုးကျ မဟုတ်သော တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် ပြည်သူများ၏ မျှော်လင့်ချက်များကိုလည်း ညွှန်းဆိုသည်။ ထိုအများလက်ခံထားသော စံတန်ဖိုးများတွင် တရားဥပဒေ ရှေ့မှောက်တွင်[၁၄] သာတူညီမျှမှု၊ ခွဲခြားဆက်ဆံမှုမရှိခြင်း၊ အခြားသူများအား လေးစားခြင်း၊ တရားမျှတမှုနှင့် လူ့အဖွဲ့ အစည်းအတွင်း ခြစားမှုကင်းရှင်းခြင်းတို့ ပါဝင်သည်။ ရပ်ရွာ အဆင့်တွင် လူမှုရေးကိစ္စရပ်များ၌ သာတူညီမျှမှု ခွဲခြား ဆက်ဆံမှုမရှိခြင်းတို့နှင့်သက်ဆိုင်ပြီး တရားစီရင်ရေးလုပ်ငန်းစဉ် များတွင်မူ ပွင့်လင်းမြင်သာမှု၊ လွတ်လပ်မှု၊ တရားမျှတမှုရှိ ခြင်းတို့ကို ဆိုလိုသည်။ ထိုစံတန်ဖိုးများသည် လူ့အခွင့်အ ရေးအခြေခံမှုများနှင့်လည်း ဆက်စပ်နေသည်။[၁၅]

ထိုလက်ခံထားသောစံတန်ဖိုးများသည်တူညီသော မျှော်မှန်းချက်တစ်ခုဖြစ်သည့် တာဝန်ခံမှုအားလည်း ညွှန်းဆို သည်။ တာဝန်ခံမှုသည် ဒီမိုကရေစီ (သို့မဟုတ်) ကောင်း မွန်သော အုပ်ချုပ်မှုစနစ်၏ မရှိမဖြစ်ရှိရမည့် လိုအပ်ချက်များမှ တစ်ခုဖြစ်သည်။ ဆိုလိုရင်းမှာ အများပြည်သူဆိုင်ရာ လုပ်ပိုင် ခွင့်အာဏာတစ်ရပ်ကို တာဝန်ယူထားရသည့် ရွေးကောက်ခံ ထားရသော (သို့မဟုတ်) ခန့်အပ်ခြင်းခံထားရသော တာဝန်ရှိ ပုဂ္ဂိုလ်များသည် ၎င်းတို့၏ လုပ်ရပ်များ၊ လုပ်ဆောင်ချက်များ နှင့် ဆုံးဖြတ်ချက်များအတွက် တာဝန်ရှိပြီး တာဝန်ခံမှုရှိရမည်။ အရပ်ဖက်လူ့အဖွဲ့အစည်းသည် အစိုးရရုံးများရှိထိုသူတို့အား တာဝန်ယူမှုရှိစေရန် တောင်းဆိုရာတွင် အရေးပါသောအခန်း ကဏ္ဍမှ ပါဝင်သည်။ တာဝန်ခံမှုဆိုသည်မှာ မည်သည့်လုပ်ရပ် အတွက် မည်သူတာဝန်ရှိသည်၊ မည်သည်က ဥပဒေနှင့် မညီသော လုပ်ရပ်ဖြစ်သည်ကို ဖော်ထုတ်ပေးသည်။[၁၆]

ထုံးစံအားဖြင့် တရားဥပဒေစိုးမိုးရေး နောက်ခံ အ ခြေအနေတစ်ခုအတွင်းရှိတရားမျှတရေးကဏ္ဍဆိုင်ရာပြုပြင် ပြောင်းလဲရေးတွင် အများပြည်သူဆိုင်ရာ လုံခြုံရေးအား သေ ချာစေခြင်း၊ ထိရောက်ပြီးမှန်းဆနိုင်သော အုပ်ချုပ်မှုအားမြှင့် တင်ခြင်း၊ သာတူညီမျှမှုအပေါ်အာမခံချက်များ၊ အခြေခံအ ခွင့်အရေးများအား အကာအကွယ်ပေးခြင်းတို့အပေါ် လေး စားလိုက်နာခြင်းနှင့် လွတ်လပ်ပြီးတာဝန်ခံမှုရှိသော တရား စီရင်ရေးမှတဆင့် အစိုးရသည် ဥပဒေကို လိုက်နာစေခြင်း စသည်များပါဝင်သော မူဝါဒဆိုင်ရာ ရည်မှန်းချက်များ နှင့် ဆက်စပ်နေသည်။[၁၇] ထိုနယ်ပယ်တစ်ခုချင်းစီ၏ တိုးတက်မှု သည် နောက်ခံအခြေအနေတစ်ခုမှ အခြားတစ်ခု အပေါ်မူ တည်၍ကွဲပြားနိုင်ပြီးကွဲပြားသောရည်မှန်းချက်များသည် ဥပ မာအားဖြင့် အများပြည်သူလုံခြုံရေးနှင့်တရားမဝင် ဝင်ရောက် နေထိုင်မှုများကတဖက်၊ အခြားတဖက်တွင်လူ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုစသည့် ကွဲပြားခြားနားသည့် ရည် မှန်းချက်များ တစ်ခုနှင့်တစ်ခုပွတ်တိုက်သည့်သဘော တခါ တရံရှိနိုင်သည်။

ဤလေ့လာမှု၏ဦးတည်ချက်မှာ တရားမျှတမှုလက် လှမ်းမီရရှိရေးဖြစ်သည်။ တရားမျှတမှုလက်လှမ်းမီရေးသည် တရားဥပဒေစိုးမိုးရေးနှင့် ဆက်စပ်သော စိန်ခေါ်မှုများအား စူး စမ်းရှာဖွေရာတွင် အရေးပါသောမှတ်ကျောက်တစ်ခုဖြစ်သည်။ အခြေခံအခွင့်အရေးများအား ချိုးဖောက်ခံရသောအခါ(သို့မ ဟုတ်) ခြိမ်းခြောက်ခံရသောအခါတွင်၊ ထိရောက်သောကုစား မှုတစ်ခုအား သေချာစေရေး၌ (၁) အခြေခံအခွင့်အရေးများ အား အသိအမှတ်ပြုခြင်း (ဥပဒေတွင် သို့မဟုတ်ဓလေ့ထုံး တမ်းတွင်)၊ (၂) ထိုအခွင့်အရေးများအားသိရှိခြင်း၊ (၃)အခွင့် အရေးများအား ခုခံကာကွယ်ရသောအခါသို့မဟုတ် ခြိမ်း ခြောက်ခံရသောအခါတွင်တောင်းဆိုမှုများပြုလုပ်ရန်ယုံကြည် မှုနှင့် လုပ်ဆောင်နိုင်စွမ်း၊ (၄)တရားစီရင်ရေး လုပ်ငန်းစဉ် တိုင်း၏ တရားမှုတမှု၊ (၅) နောက်ဆုံး ရလဒ်၏ တရားမျှတမှု၊ (၆) အခွင့်အရေးများနှင့်ပါတ်သက်သည့် ဆုံးဖြတ်ချက်များ အား အာဏာတည်စေခြင်းနှင့် အကောင်အထည်ဖော်ရာ တွင်တရားမျှတမှုနှင့် ထိရောက်မှုရှိခြင်းတို့ပါဝင်သည်။ မည် သည့်လုပ်ငန်းစဉ်နှင့်နောက်ခံအခြေအနေတွင်မဆိုထိရောက် သောကုစားမှုရရှိရန် ထိုအချက်များအားလုံးကို လိုအပ်ပေမည်။

အခွင့်အရေးများအား သိရှိခြင်းသည် တရားမျှတမှု လက်လှမ်းမီရေးသို့ ဦးတည်သောလမ်းကြောင်းတွင် အရေး ပါသော ပထမအဆင့်ဖြစ်သည်။ ထိုအခွင့်အရေးများအားအ သိအမှတ်ပြုခြင်းသည် တရားမျှတမှုသို့ ဦးတည်သော လမ်း ကြောင်းတစ်ခု သေချာစွာရှိစေရန် လိုအပ်သော အခြေခံတစ် ခုဖြစ်သည်။ တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှု အ ခြေခံသဘောတရားနှင့် လက်ခံထားသော စံတန်ဖိုးများအား လေးစားလိုက်နာမှုရှိခြင်းတို့သည် မြန်မာနိုင်ငံ၏ တရားမျှ တမှုလက်လှမ်းမီရေးကို တိုးတက်စေရာတွင် အရေးပါသော အချက်များဖြစ်လာမည်။

---

၁၃ အောက်ခြေရှင်းလင်းချက် (၁)နှင့်နောက်ဆက်တွဲ (၁)တွင် ကြည့်ပါ။

၁၄ တရားဥပဒေတွင် ညီမျှမှုရှိခြင်းသည် ကောင်းမွန်သောစစ်ဆေးချက်၏ အခြေခံအုတ်မြစ်ဖြစ်ပြီး အဆိုပါလုပ်ငန်းစဉ် ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း၏ အခန်း(၇)တွင် ထည့်သွင်းထားသည်။ တရားဥပဒေအောက်တွင် အားလုံး တန်းတူညီမျှရှိနေရမည်ဟုသောခေါင်းစဉ်ဖြင့် အားလုံးကို ခွဲခြားဆက်ဆံမှုမရှိပဲ ဥပဒေမှ ကာကွယ်ပေးထားသည်ဟု နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးများဆိုင်ရာနိုင်ငံတကာ/ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ အခန်း(၁၄)တွင် ဖော်ပြထားသည်။

၁၅ လူ့အခွင့်အရေးသည် လူသားအားလုံး၏ မွေးရာပါအခွင့်အရေးဖြစ်သည်။။ လူသားအားလုံးကိုဆိုလိုရာတွင် မည်သည့်နိုင်ငံသား၊ မည်သည့်နေရာ၊ကျားမမရွေး၊တိုင်း ရင်းသားလူမျိုးစုမရွေး၊ မည်သည့် အသားအရောင်၊ ကိုးကွယ်မှု၊ ဘာသာစကား နှင့် မည်သည့်အဆင့်အတန်းကို မဆို ဆိုလိုသည်။ လူတိုင်းသည် ခွဲခြားမှုမရှိပဲ ၎င်းတို့၏ လူ့အခွင့်အရေးကို တန်းတူညီမျှရရှိနိုင်သည်။ နိုင်ငံတကာလူ့အခွင့်အရေးများမှ လူ့အခွင့်အရေးနှင့် တစ်ဦးတစ်ယောက်ချင်း (သို့မဟုတ်) အုပ်စုများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မြှင့်တင်ရန်နှင့် ကာကွယ်ရန်အတွက် အစိုးရများ၏ လိုက်နာရမည့် တာဝန်များကို သီးခြားနည်းလမ်းများဖြင့်ဆောင်ရွက်ရန် (သို့မဟုတ်) သီးခြားလုပ်ဆောင်မှုများမှ ကာကွယ်ရန် ချမှတ်ထားသည်။

၁၆ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ၊ အခြေခံသဘောထားများနှင့် အုပ်ချုပ်မှုဝေါဟာရများ ၏ အဓိပ္ပါယ်နှင့် ပြည်သူ့အုပ်ချုပ်ရေး၊ အထွေ ထွေအတွင်းရေးမှူးရုံးမှတ်စု- ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာကျွမ်းကျင်သူများကော်မတီအဖွဲ့၊ နယူးယောက်တွင် ၅ ကြိမ်မြောက်အစည်းအဝေး၊ ၂၇-၃၁ မတ်လ ၂၀၀၆၊ အခြေခံအုပ်ချုပ်မှုဝေါဟာရနှင့် ပြည်သူ့အုပ်ချုပ်မှု ဆိုင်ရာသုတပေါင်းချုပ်မှ အစီအစဉ်(၅)၊ (UN Doc. E/C . 16/2006/4)

၁၇ ဤလေ့လာမှုတွင် တရားဥပဒေစိုးမိုးရေး၏ အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုနေခြင်းမဟုတ်သော်လည်း ၎င်း၏အရေးပါသောအချက်များကို ထုတ်နှုတ် ပြခဲ့သည်။ ၎င်းတို့မှာ ( ၁ ) ဥပဒေနှင့်အညီ အစိုးရ၏ ကတိကဝတ် ( ၂ ) မျှတမှုနှင့် ပွင့်လင်းမြင်သာမှုရှိသည့် ဥပဒေပြုခြင်း၊ စီရင်ဆုံးဖြတ်ခြင်း နှင့် ဥပဒေ အာဏာသက်ရောက်ခြင်း ( ၃ ) လေးစားမှုနှင့် တူညီသော ဂုဏ်သိက္ခာ ရှိမှု ဖြစ်စေသည့် ဥပဒေပြဋ္ဌာန်းချက်များ ( ၄ ) တရားမျှတမှု ရရှိရေးတို့ဖြစ်သည်။ ကမ္ဘာ့တရားရေးစီမံကိန်းတွင်လည်း ရှာဖွေ့လေ့လာနိုင်သည်။ htpp: worldjusticeproject.org/factor တွင် ကမ္ဘာ့တရားရေး စီမံကိန်း၏ တရား ဥပဒေ

စိုးမိုးရေးညွှန်းကိန်း၊ အထွေထွေအတွင်းရေးမှူးချုပ်အစီရင်ခံစာ - ပဋိပက္ခကာလတွင်းနှင့် ပဋိပက္ခအလွန် လူမှုအသိုင်းအဝိုင်းအတွင်း အသွင် ကူးပြောင်းမှုကာလ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးမှု၊ ၁၃ ဩဂုတ် ၂၀၁၄ ( UN Doc. S / 2004 / 616 )



# အခန်း (၂)
# သုသေတနလေ့လာသည့် နေရာဒေသများနှင့် ဖြေဆိုသူတို့၏ ဝိသေသလက္ခဏာများ

ဓာတ်ပုံ - သင်းဂနက်ရှာ မနက်ဈေးတွင် ပုဇွန်ရောင်းနေသည့် ကလေးတစ်ဦး ၊ စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်။

ဤအခန်းတွင် သုတေသနလေ့လာရာ နေရာဒေသများ ဖြေဆိုသူများ၊ ၎င်းတို့၏ လူဦးရေ လူမှုစီးပွားရေး နှင့် ယဉ်ကျေးမှု ဝိသေသလက္ခဏာများကို ခြုံငုံဖော်ပြထားသည်။ ထို့အပြင် ဖြေဆိုသူများအနေဖြင့် ဒေသခံအရာရှိများ၊ ဒေသတွင်းဝန်ဆောင်မှုများနှင့် လက်လှမ်းမီထိတွေ့သည့် နည်းလမ်းများ၊ လိုအပ်ပါက အခြားအကူအညီရယူသည့် နည်းလမ်းများကို လေ့လာထားသည်။

# လေ့လာသည့် နေရာဒေသဖော်ပြချက်

သုတေသနပြုလုပ်ခဲ့သည့် နေရာများသည် ရခိုင်ပြည်နယ်၏ အပိုင်းသုံးပိုင်းဖြစ်သော အလယ်ပိုင်း၊ တောင်ပိုင်းနှင့် မြောက်ပိုင်းတို့ဖြစ်ပြီး အပိုင်းတစ်ပိုင်းတွင် အနည်းဆုံးမြို့နယ်တစ်ခုစီပါဝင်ပါသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဘူးသီးတောင်နှင့် မောင်တော၊ အလယ်ပိုင်းတွင် မြောက်ဦး၊ စစ်တွေ၊ ကျောက်ဖြူနှင့် တောင်ပိုင်းတွင် သံတွဲတို့ဖြစ်သည်။

ယေဘုယျအဆင့်တွင် ပြည်နယ်အရာရှိများသည် ရခိုင်ပြည်နယ်အားသယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဆိုင်ရာ အခြေခံအဆောက်အဦးများ အားနည်းနေပြီး ရေကြောင်းသွားလာရေးကိုသာ အလွန်အမင်း အားထားရကြောင်း ဖော်ပြကြသည်။ ရခိုင်ပြည်နယ်အလယ်ပိုင်းတွင် နေထိုင်သူများသည် ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေး အခွင့်အလမ်းနှင့် ပညာရေးတို့တွင် ပြည်မနှင့်နိုင်းယှဉ်ပါကနိမ့်ကျကြောင်း ပြောကြားကြသည်။ အချို့အရာရှိများကမူ ပြီးခဲ့သောနှစ်များအတွင်းက ဖွံ့ဖြိုးတိုးတက်မှုအစပြုခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် အမျိုးသားမဟာဓါတ်အားလိုင်းနှင့် ချိတ်ဆက်နိုင်ခဲ့ကာ လမ်းများလည်းဖောက်လုပ်ခဲ့ပြီး ဆက်သွယ်ရေးပိုမိုကောင်းမွန်လာခဲ့ကြောင်း ပြောကြားခဲ့သည်။

## လူဦးရေအချိုးအစားနှင့် ပေါင်းစည်းနေထိုင်မှု

လူဦးရေဆိုင်ရာ ကွဲပြားမှုများအနေဖြင့် သုတေသနပြုလုပ်ခဲ့သည့် တောင်ဖက်စွန်းဒေသများသည် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံဖြင့် စုံလင်ရောထွေးနေသည်။ [၁၈] အလယ်ပိုင်း နှင့် မြောက်ပိုင်းရှိ ကျန်ရှိသောမြို့နယ်များတွင် တူညီသောလူမျိုးများ သီးသန့်စီရှိကြပြီး ကျေးလက်ဒေသများ (ကျေးရွာများ) တွင် ဗုဒ္ဓဘာသာနှင့် မွတ်စလင်အသိုက်အဝန်းများဟူ၍ သီးသန့်စီ ကွဲပြားစွာ ရှိကြသည်။

## လူမှုစီးပွားဘဝ လေ့လာတွေ့ရှိချက်များ

ခြုံငုံပြောရလျှင် သုတေသနပြုလုပ်ခဲ့သည့် ကျေးလက်ဒေသအများစုသည် ဝင်ငွေနည်းပါးသည်ကို တွေ့ရသည်။ မြို့ပြဒေသများသည် ဝင်ငွေအဆင့်အတန်း အလယ်အလတ်ရှိသည်ကိုတွေ့ရသည်။ သို့သော်လည်း ရသေ့တောင်မြို့ပြလူထုသည် ကျေးလက်လူထုကဲ့သို့ပင် ဆင်းရဲကြပြီး ကျေးလက်နှင့် မြို့ပြတွင်နေထိုင်သူများအားလုံးသည် အသက်ရှင်ရပ်တည်မှုအတွက် ကြိုးစားရုန်းကန်နေရသူများတွင် ပါဝင်ပါသည်။ ကောက်ချက်ချရလျှင် အချို့သောမြို့ပြဒေသများသည် နိှုင်းယှဉ်ချက်အရ ဝင်ငွေရရှိမှုအဆင့် မြင့်မားသည်ကို တွေ့ရသည်။

## ယဉ်ကျေးမှုဆိုင်ရာ လေ့လာတွေ့ရှိချက်များ

ရခိုင်ပြည်နယ်ဒေသ အသီးသီးရှိ မွတ်စလင်နှင့် ရခိုင်လူဦးရေများအားလုံးတွင် ကွဲပြားခြားနားသော ယဉ်ကျေးမှု များစွာရှိကြောင်းလေ့လာတွေ့ရှိရသည်။

## မွတ်စလင်အသိုင်းအဝိုင်းများ

မွတ်စလင်များဟု ယေဘုယျဆိုရာတွင် မိမိကိုယ်မိမိ ရိုဟင်ဂျာ၊ ဘင်ဂါလီ၊ မွတ်စလင် သို့မဟုတ် အစ္စလာမ်ဟု ထုတ်ဖော်ဖြေဆိုသူများအားလုံးကို ဆိုလိုသည်။ ရသေ့တောင်၊ မောင်တောနှင့် မြောက်ဦးမြို့နယ်များရှိ လူမျိုးစုအမည် မေးမြန်းမထားသူများလည်း ပါဝင်သည်။ ထိုလူမျိုးစုအမည် မေးမြန်းမထားသူများအား ၎င်းတို့နေအိမ်တွင် သုံးနှုန်းသော အဓိကဘာသာစကားကို အခြေခံ၍ ကောက်ချက်ချသည်။

## ရခိုင်လူမျိုးများ


မောင်တောမြို့နယ်အတွင်းရှိ ရခိုင်လူမျိုးများသည် ဒေသသုံး ဘာသာစကားများကို ပြောဆိုနိုင်ပြီး ၎င်းတို့၏ မွတ်စလင်အိမ်နီးချင်းများနှင့် ပြောဆိုဆက်ဆံနိုင်စွမ်းရှိကြသည်။

ရခိုင်ပြည်နယ်တောင်ပိုင်းတွင် ရခိုင်နှင့် မွတ်စလင်များသည် မြန်မာစကားနှင့်သာ ဆက်သွယ်ပြောဆိုကြသည်။ အဆိုပါအချက်နှင့် အခြားအကြောင်းအရာများကြောင့် တောင်ပိုင်းရှိ ရခိုင်လူမျိုးများအား အလယ်ပိုင်းရှိ ရခိုင်များက ရခိုင်အစစ်မဟုတ်ဟု ထင်မြင်ယူဆကြသည်။

---

၁၈ မှတ်သားသင့်သည်မှာ ကျောက်ဖြူမြို့နယ်အတွင်း လေ့လာမှုပြုလုပ်ခဲ့စဉ်က ၂၀၁၂-၂၀၁၃ ခုနှစ် လူမျိုးရေးအကြမ်းဖက်မှု ဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးစခန်းများနှင့် အခြားဒေသများသို့ စွန့်ခွာရွှေ့ပြောင်းသွားရသည့် မွတ်စလင်များကိုလည်း ယခင်က ထည့်သွင်းထားသည်။

# UNDP တရားမျှတမှုလက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသနလေ့လာရာ နေရာဒေသများ (ရခိုင်ပြည်နယ်)



## လူ့အဖွဲ့အစည်းအတွင်းဆက်ဆံရေး

ရခိုင်ပြည်နယ်အလယ်ပိုင်းထက်စာလျှင် မြောက်ပိုင်းနှင့် တောင်ပိုင်းရှိ ရခိုင်နှင့် မွတ်စလင်များသည် ပိုမို၍ အတူတကွ ယှဉ်တွဲနေထိုင်ကြသည်။

မောင်တောမြို့နယ် (မွတ်စလင်အများစု နေထိုင်ရာဒေသ) နှင့် သံတွဲမြို့နယ် (ဖြေဆိုသူများ၏ ပြောကြားချက်အရ စစ်တွေထက်စာလျှင် ရန်ကုန်အငွေ့အသက် ပိုမိုလွှမ်းမိုးသောဒေသ) တို့တွင် ရခိုင်နှင့် မွတ်စလင်များသည် တစ်ဦးနှင့် တစ်ဦး လွတ်လပ်စွာ ပြောဆိုဆက်ဆံကြသည်။ သံတွဲမြို့နယ်အုပ်ချုပ်ရေးမှူးသည် ၎င်း၏ရပ်ရွာဒေသအတွင်း မတူကွဲပြားမှုများကို အလေးထားပြီး သေးငယ်သော ပြဿနာများကို ကြီးထွားမလာအောင် ဦးစားပေးဆောင်ရွက်ရန် အရေးကြီးကြောင်းဆိုသည်။

ဆန့်ကျင်ဘက်အနေဖြင့် စစ်တွေနှင့် မြောက်ဦးမြို့နယ်များတွင်ရခိုင်နှင့်မွတ်စလင်ရွာများအကြားကူးလူးဆက်သွယ်မှုသိပ်မရှိကြပဲ စီးပွားရေးအကြောင်းကိစ္စအတွက် လိုအပ်မှသာဆက်ဆံကြသည်။ ကျောက်ဖြူမြို့နယ်တွင် သုတေသနပြုလုပ်ရာဒေသရှိ ယခင်မွတ်စလင်များနေထိုင်သည့် ကယ်ဆယ်ရေးစခန်းနှင့် အခြားနေရာများမှ ရခိုင်လူမျိုးဖြေကြားသူများသည် မွတ်စလင်အသိုက်အဝန်းအား ဗုဒ္ဓဘာသာအသိုက်အဝန်းမှ သီးခြား ခွဲထုတ်ပေးစေလိုကြောင်းဖြေကြားခဲ့ပါသည်။ ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ဦးမှ ဝေဖန်ထောက်ပြရာတွင် လူအများကြားတွင် "မုန်းတီးမှုအချို့" ရှိနေပြီး "လူမျိုးစွဲကြီးကြကြောင်း" နှင့် ၎င်း၏အလုပ်အပေါ် "အရိပ်ကဲ့သို့" ရိုက်ခတ်မှုရှိကြောင်း ပြောကြားပါသည်။

## သုတေသနမေးခွန်းဖြေဆိုသူများ

ဤအခန်းတွင် အိမ်ထောင်စုအလိုက်မေးခွန်းများကို ဖြေဆိုခဲ့သူများ၏ လူဦးရေပြအခြေအနေနှင့် လူမှုစီးပွားနောက်ခံတို့ကို ဖော်ပြထားသည်။

ရခိုင်ပြည်နယ်အတွင်း မြို့နယ် (၅) မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာ (၁၀) ခုမှ ဖြေဆိုသူစုစုပေါင်း ၃၃၂ ယောက် (အမျိုးသမီး ၁၆၆ ယောက်၊ အမျိုးသား ၁၆၆ ယောက်) တို့ကို မေးမြန်းခဲ့ပါသည်။ ဖြေဆိုသူများတွင် အလယ်အလတ်အနေဖြင့် အသက် ၄၀ ဝန်းကျင်ဖြစ်ပြီး အငယ်ဆုံးမှာ ၁၈ နှစ်နှင့် အကြီးဆုံးမှာ ၆၇ နှစ်ဖြစ်သည်။ ဖြေဆိုသူအားလုံး၏ လေးပုံ သုံးပုံ (၇၄.၄%) သည် မေးခွန်းများဖြေကြားစဉ်အချိန်က အိမ်ထောင်ရှိသူများ ဖြစ်ကြသည်။

## ယဉ်ကျေးမှုဝိသေသလက္ခဏာများ

ဖြေဆိုသူများသည် ၎င်းတို့၏ လူမျိုးနှင့် ဘာသာကို ခွဲခြားဖော်ပြကြသည်။[၁၉] ၂မျိုးနွယ်စုအနေဖြင့် ဖြေဆိုသူများ၏အဖြေအရ ရခိုင်၊ "မွတ်စလင်" [၂၀] မရမာကြီး၊ ကမာန်၊ ချင်း၊ ဗမာ၊ အိန္ဒိယ/ဟိန္ဒူ၊ ဒိုင်နက်နှင့် သွေးနှော[၂၁] ဟူ၍ (၉) မျိုးခွဲခြားထားသည်။ ဖြေဆိုသူများ၏ လူမျိုးနှင့် ကျား/မ အလိုက်ကို ဇယား ၂.၁ တွင် ဖော်ပြထားသည် (ဇယား ၂.၁ တွင်ရှု)။

၁၉ ဖိအားပေးတိုက်တွန်းလှုံ့ဆော်မှုများမပါဝင်သည့် အဖွင့်မေးခွန်းများကို ဖြေကြားခြင်းမှ
၂၀ ဤအုပ်စုတွင် မိမိကိုယ်ကိုမိမိ ရိုဟင်ဂျာ၊ မွတ်စလင်၊ အစ္စလမ်၊ ဘင်္ဂါလီဟု သတ်မှတ်သည့်သူများအပြင် ရသေ့တောင်၊ မောင်တောနှင့် မြောက်ဦးမြို့နယ်များရှိ လူမျိုးနှင့် ပတ်သက်၍ မေးမြန်းခြင်းမခံရသူများပါ ပါဝင်သည်။ လူမျိုးမေးမြန်းခံရခြင်းမရှိသူများအတွက် အဓိကပြောဆိုသည့် ဘာသာစကားအဖြေများ မှ ဆက်စပ်ရယူသည်။
၂၁ ဤအုပ်စုတွင် ရခိုင်-ကမာန်၊ ဗမာ-ရခိုင်၊ မွန်-ဗမာ-ပထန်၊ မွန်-ကမာန်၊ ရခိုင်-မရမာကြီးနှင့် ရခိုင်-မွန်တို့ ပါဝင်သည်။

ဇယား ၂.၁ ဖြေဆိုသူများ၏ လူမျိုး၊ ကျား/မ ပြဇယား

| လူမျိုး | ကျား/မ | | စုစုပေါင်း |
|---|---|---|---|
| | မ | ကျား | |
| ရခိုင် | ၉၀ | ၉၁ | ၁၈၁ |
| "မွတ်စလင်" | ၃၉ | ၅၁ | ၉၀ |
| မရမာကြီး | ၉ | ၈ | ၁၇ |
| ကမန် | ၁၂ | ၄ | ၁၆ |
| ချင်း | ၃ | ၃ | ၆ |
| ဗမာ | ၁ | ၄ | ၅ |
| အိန္ဒိယ/ဟိန္ဒူ | ၄ | ၁ | ၅ |
| ဒိုင်နက် | ၂ | ၂ | ၄ |
| သွေးနှော | ၆ | ၂ | ၈ |
| စုစုပေါင်း | ၁၆၆ | ၁၆၆ | ၃၃၂ |

ဘာသာကိုးကွယ်မှုတွင် ဖြေဆိုသူများသည် ဗုဒ္ဓဘာသာ၊ အစ္စလာမ်၊ ခရစ်ယာန်နှင့် ဟိန္ဒူဟူ၍ ခွဲခြားဖြေဆိုကြသည်။ ဖြေဆိုသူများ၏ ဘာသာနှင့် လူမျိုးအလိုက်ကို ဇယား ၂.၂ တွင် ဖော်ပြထားပြီး ဘာသာနှင့် မြို့နယ် အလိုက်ကို ဇယား ၂.၃ တွင် ဖော်ပြထားသည်။

ဇယား ၂.၂ ဖြေဆိုသူများ၏ ကိုးကွယ်သည့်ဘာသာနှင့် လူမျိုးပြဇယား

| လူမျိုး | ကိုးကွယ်သည့် ဘာသာ | | | | စုစုပေါင်း |
|---|---|---|---|---|---|
| | ဗုဒ္ဓဘာသာ | အစ္စလာမ် | ခရစ်ယာန် | ဟိန္ဒူ | |
| ရခိုင် | ၁၆၃ | ၁ | ၀ | ၀ | ၁၈၁ |
| မွတ်စလင် | ၀ | ၉ | ၀ | ၀ | ၉၀ |
| မရမာကြီး | ၁၇ | ၀ | ၀ | ၀ | ၁၇ |
| ကမန် | ၀ | ၁၆ | ၀ | ၀ | ၁ |
| ချင်း | ၁ | ၀ | ၅ | ၀ | ၆ |
| ဗမာ | ၄ | ၁ | ၀ | ၀ | ၅ |
| အိန္ဒိယ/ဟိန္ဒူ | ၄ | ၀ | ၀ | ၁ | ၅ |
| ဒိုင်နက် | ၄ | ၀ | ၀ | ၀ | ၄ |
| သွေးနှော | ၄ | ၄ | ၀ | ၀ | ၈ |
| စုစုပေါင်း | ၁၉၇ | ၁၂၉ | ၅ | ၁ | ၃၃၂ |


ဇယား ၂.၃ ဖြေဆိုသူများ၏ ကိုးကွယ်သည့်ဘာသာနှင့် မြို့နယ်အလိုက် အခြေပြဇယား

| မြို့နယ် | ကိုးကွယ်သည့် ဘာသာ | | | | စုစုပေါင်း |
|---|---|---|---|---|---|
| | ဗုဒ္ဓဘာသာ | အစ္စလာမ် | ခရစ်ယာန် | ဟိန္ဒူ | |
| ရသေ့တောင် | ၃၄ | ၂၃ | -- | -- | ၅၇ |
| မောင်တော | ၃၄ | ၂၅ | -- | -- | ၅၉ |
| မြောက်ဦး | ၄၀ | ၃၅ | -- | -- | ၇ |
| ကျောက်ဖြူ | ၆ | - | ၅ | ၁ | ၇ |
| သံတွဲ | ၂၅ | ၄၆ | -- | - | ၇၁ |
| စုစုပေါင်း | ၁၉၇ | ၁၂၉ | ၅ | ၁ | ၃၃၂ |

## ပညာအဆင့်အတန်းနှင့် မြန်မာစာတတ်မြောက်မှု

ခွဲခြမ်းလေ့လာနိုင်ရန် ဖြေဆိုသူများ၏ အဖြေအရ ၄င်းတို့၏ ပညာရေးအခြေအနေကို (၇) မျိုးခွဲခြားထားသည်။ ၄င်းတို့မှာ အတန်းပညာမရှိ၊ မူလတန်းအဆင့် [၂၂]၊ အလယ်တန်းအဆင့် [၂၃]၊ အထက်တန်းအဆင့် [၂၄]၊ တက္ကသိုလ်ဝင်တန်း [၂၅]၊ ကောလိပ်/ဘွဲ့ကြို [၂၆] နှင့် အခြား/အသက်မွေးဝမ်းကျောင်းပညာ[၂၇] တို့ဖြစ်ကြသည်။ ဖြေဆိုသူများ၏ ပညာရေးအခြေအနေကို ပုံ ၂.၁ တွင် ဖော်ပြထားသည်။

ပုံ ၂.၁ ပညာအဆင့်အတန်း




၂၂ တစ်တန်းမှ လေးတန်းကြား အဆင့်တစ်ခုခုအောင်မြင်ပြီးသူ
၂၃ ငါးတန်းမှ ရှစ်တန်းကြား အဆင့်တစ်ခုခု အောင်မြင်ပြီးသူ
၂၄ ကိုးတန်း နှင့် ဆယ်တန်းကြား အဆင့်တစ်ခုခု အောင်မြင်ပြီးသူ
၂၅ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ
၂၆ လက်ရှိ တက္ကသိုလ် ကောလိပ်ဘွဲ့ဝင်တန်း တက်ရောက်နေသူများနှင့် ဘွဲ့ရပြီးသူများ
၂၇ အလွတ်ပညာရေးပါဝင်သည်။

ဖြေဆိုသူများထဲတွင် ၁၄.၅% သည် မည်သည့် ကျောင်းပညာရေး သို့မဟုတ် အလွတ်ပညာရေးကိုမျှ သင်ယူခဲ့ဖူးခြင်းမရှိဘဲ ၁၆.၉% သာ မူလတန်းအဆင့် ပညာတစ်ခုခုကို သင်ယူဖူးကြသည်။ ဖြေဆိုသူများ၏ အများဆုံး အရေအတွက်ဖြစ်သည့် (၂၇.၇%) သည် အလယ်တန်းပညာအဆင့် ပြီးမြောက်ကြသည်။ ငါးပုံ တစ်ပုံအောက် (၁၈.၁%) သည် အထက်တန်းအဆင့် ပညာတစ်ခုခုကို သင်ယူဘူးကြပြီး ၇.၂% သည် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသည်။

မည်သည့်ကျောင်းပညာရေး သို့မဟုတ် အလွတ်ပညာရေးကိုမျှ သင်ယူခဲ့ဘူးခြင်းမရှိသည့် ဖြေဆိုသူများတွင် မွတ်စလင် (၄၀.၀%) ဖြစ်ပြီး ရခိုင် (၃.၃%) ဖြစ်သည်။ ကျန်ပညာရေးအဆင့်များတွင်လည်း အခြား/ အသက်မွေးဝမ်းကျောင်းပညာမှလွဲ၍ မွတ်စလင်အရေအတွက်သည် ရခိုင်တို့ထက်လျော့နည်းသည် (ပုံ ၂.၁(က)၊ နောက်ဆက်တွဲ)။

ဖြေဆိုသူများသည် သတင်းစာဖတ်နိုင်ခြင်းရှိ/မရှိနှင့် မြန်မာစာရေးသားနိုင်ခြင်းရှိ/မရှိတို့ကိုလည်း ဖြေကြားခဲ့သည်။ လေးပုံ သုံးပုံအထက် (၇၆.၂%) သည် ရေးတတ်ဖတ်တတ် နှစ်မျိုးစလုံး ပြုလုပ်နိုင်ကြောင်း သိရသည်။ ငါးပုံတစ်ပုံအထက် (၂၁.၄%)သည် မြန်မာစာရေးနိုင်၊ ဖတ်နိုင်ခြင်းမရှိပေ။

မြန်မာစာတတ်မြောက်သည့် (ဖော်ပြပါ အချိုးအစားအရ) အမျိုးသမီးဦးရေ (၆၉.၃%) ရှိပြီး အမျိုးသားဦးရေ (၈၃.၁%) ရှိသည် (ပုံ ၂.၁ (ခ)၊ နောက်ဆက်တွဲ ၂)။

မြန်မာစာ ရေးနိုင်၊ ဖတ်နိုင်ခြင်းမရှိကြောင်းဖြေကြားသူများထဲတွင် လေးပုံသုံးပုံနီးပါး (၇၃.၂%) သည် မွတ်စလင်များဖြစ်ပြီး ၁၈.၃% သည် ရခိုင်များဖြစ်ကြသည်။ မရမာကြီးနှင့် အိန္ဒိယ/ဟိန္ဒူအချို့သည်လည်း မြန်မာစာ ရေးနိုင်၊ ဖတ်နိုင်ခြင်းမရှိပေ (ဇယား ၂.၄၊ နောက်ဆက်တွဲ ၂)။

## မသန်စွမ်းမှု အခြေအနေ


အနည်းငယ်သော ဖြေဆိုသူများ (၉.၀%) သည် ၎င်းတို့၏ မိသားစုအတွင်း အနည်းဆုံး မသန်စွမ်းသူ တစ်ယောက်ရှိကြောင်းပြောသည်။ မသန်စွမ်းမှုများတွင် ကိုယ်လက်အင်္ဂါ၊ အမြင်အာရုံနှင့် အကြားအာရုံချို့တဲ့ခြင်း၊ ဆွံ့အခြင်းနှင့် စိတ်ဝေဒနာခံစားနေရသူများ ပါဝင်သည်။

## မိသားစု ဝင်ငွေနှင့် ပိုင်ဆိုင်မှု

ဖြေဆိုသူများ၏ အိမ်ထောင်စုလစဉ်ဝင်ငွေသည် ယေဘုယျအားဖြင့် နည်းပါးသည်ကို တွေ့ရသည်။ (ပုံ ၂.၂)။

အိမ်ထောင်စု လစဉ်ဝင်ငွေကို လူမျိုးအလိုက် ခွဲခြမ်းစိတ်ဖြာထားပြီး ရခိုင်အိမ်ထောင်စုများသည် ယေဘုယျအားဖြင့် ပိုမိုကောင်းမွန်ကြောင်း ဝင်ငွေမြင့်မားသည့်အဆင့်တွင်ရှိကြောင်း တွေ့ရသည်။ မွတ်စလင်ဖြေဆိုသူများ၏ သိသာသော အချိုးအစား (၆၂.၂%) သည် အိမ်ထောင်စုဝင်ငွေအနိမ့်ဆုံးဖြစ်ပြီး သုံးပုံ တစ်ပုံအထက် (၃၈.၉%)

ပုံ ၂.၂ လစဉ် အိမ်ထောင်စု ဝင်ငွေအဆင့်အတန်း



သည် ကျပ် ၅၀,၀၀၀ အောက် သာရှိပြီး ၂၃.၃% သည် ကျပ် ၅၀,၀၀၀ နှင့် ၁၀၀,၀၀၀ အကြား လစဉ်ဝင်ငွေရှိကြသည်။ ယှဉ်ကြည့်မည်ဆိုလျှင် ရခိုင်ဖြေဆိုသူတို့၏ ၂၆% သည် အိမ်ထောင်စုဝင်ငွေ အနိမ့်ဆုံးဖြစ်ပြီး ၇.၂% သည် ကျပ် ၅၀,၀၀၀ အောက်ရရှိကာ ၁၈.၈% သည် ကျပ် ၅၀,၀၀၀ နှင့် ၁၀၀,၀၀၀ အကြား လစဉ်ဝင်ငွေရှိကြသည်။ တဖက်တွင်မူ ကျပ် ၁၀၀,၀၀၀ အထက်ဝင်ငွေရှိသူ မွတ်စလင် ၃၁% ရှိပြီး ရခိုင်တို့မှာ ၎င်း၏ နှစ်ဆ ၇၀.၈% ဖြစ်သည် (ပုံ ၂.၂ (က)၊ နောက်ဆက်တွဲ ၂)။


အဓိကအိမ်ထောင်စုဝင်ငွေအဖြစ် ဖြေဆိုသူများ၏ (၂၃.၂%) သည် အသေးစားစီးပွားရေးလုပ်ငန်း (ကုန်ရောင်း ကုန်ဝယ်) ကို လုပ်ကိုင်ကြပြီး (၁၈.၇%) သည် စိုက်ပျိုးရေး လုပ်ငန်းနှင့် (၁၇.၈%) သည် ကြုံရာကျပန်းလုပ်ကိုင်ကြသည်။ ဖြေဆိုသူများ၏ ငါးပုံ သုံးပုံအထက် (၆၃.၆%) သည် အိမ်ထောင်စုဝင်ငွေအတွက် ဒုတိယလမ်းကြောင်း မရှိကြောင်း သိရသည်။ ဖြေဆိုသူအများစုတွင် ထော်လာဂျီ[၂၈]၊ ကား/ထရပ်ကား/ဗင်ကား၊ လှေ၊ စက်လှေ၊ နွားလှည်း၊ ထွန်စက်၊ ကောက်ရိတ်ခြွေစက်နှင့် မီးစက်များ မရှိကြပေ။ ပိုင်ဆိုင်မှုအနေဖြင့် ဖြေဆိုသူများ၏ (၇၀.၈%) သည် မိုဘိုင်းဖုန်း ပိုင်ဆိုင်ကြပြီး ၎င်းတို့၏ တစ်ဝက် (၅၀.၃%) သည် ရုပ်မြင်သံကြားစက်ပိုင်ဆိုင်ကြကာ သုံးပုံတစ်ပုံအထက် (၃၈.၆%) သည် ရေဒီယိုနှင့် (၃၈.၆%) သည် ဆိုင်ကယ်/တုတ်တုတ်တို့ ပိုင်ဆိုင်ကြသည်။ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် မိုဘိုင်းဖုန်း ပိုင်ဆိုင်မှုအခြေအနေကို လစဉ်အိမ်ထောင်စုဝင်ငွေနှင့် လူမျိုးအ လိုက် ပုံ ၂.၂ (ခ)နှင့် ပုံ ၂.၂ (ဂ) တို့တွင် နောက်ဆက်တွဲ ၂ ဖြင့် ဖော်ပြထားသည်။

## လူထုမီဒီယာထိတွေ့မှုနှင့် သတင်းအချက်အလက်ရနိုင်မှု

ဖြေဆိုသူများ၏လူထုမီဒီယာထိတွေ့မှု အခြေအနေ အား တစ်ပတ်အတွင်း ရုပ်မြင်သံကြားကြည့်ရှုမှု၊ ရေဒီယိုနား ထောင်မှုနှင့်သတင်းစာ/ဂျာနယ်များဖတ်ရှုမှုအပေါ်မူတည်၍ ပုံ ၂.၃ တွင် ဖော်ပြထားသည်။ အနည်းငယ်သော ဖြေဆိုသူ တို့သည် ရုပ်မြင်သံကြား လုံးဝမကြည့်ရှုကြဘဲ အများစုမှာ ရေဒီယိုနားထောင်ခြင်း၊ သတင်းစာ/ဂျာနယ် ဖတ်ခြင်းများ မရှိကြပေ။ တစ်ပတ်အတွင်း လေ့လာမှုများအရ ဖြေဆိုသူ များ၏ သုံးပုံတစ်ပုံနီးပါး (၃၂.၅%) သည် နေ့စဉ်နီးပါး ရုပ် မြင်သံကြားကြည့်ကြပြီး ငါးပုံတစ်ပုံအောက် (၁၈.၁%)သည် နေ့စဉ်နီးပါး ရေဒီယိုနားထောင်ကြကာ အနည်းငယ်သော (၇.၅%) သည် သတင်းစာ/ဂျာနယ်များကို နေ့စဉ်နီးပါး ဖတ်ရှုကြသည်။

ဖြေဆိုသူများ၏ တစ်ဝက်ခန့် (၄၈.၂%) သည် ရုပ်မြင်သံကြားလုံးဝမကြည့်ရှုကြဘဲ သုံးပုံနှစ်ပုံနီးပါး(၆၃.၆%) သည် ရေဒီယိုနား ထောင်ခြင်း မရှိပေ။ (ဤတွေ့ရှိချက်သည် အထက်ဖော်ပြပါဖြေဆိုသူများ၏ ရုပ်မြင်သံကြားနှင့် ရေဒီယို ပိုင်ဆိုင်မှုလေ့လာချက်နှင့် ကိုက်ညီဆက်စပ်သည်။) သုံးပုံ နှစ်ပုံအထက် (၆၇.၅%) သည် သတင်းစာ/ဂျာနယ် လုံးဝ မဖတ်ကြောင်းသိရသည်။

ပုံ ၂.၃ လူထုမီဒီယာနှင့် ထိတွေ့မှု





---

[၂၈] ထော်လာဂျီမှာ စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးထွက်ကုန်များ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသည့် ယာဉ်တစ်မျိုးဖြစ်သည်။

ဖြေဆိုသူများ၏ (၈၀.၅%) ဖြင့် သတင်းအချက်အလက်ရရှိမှုဆိုင်ရာ အများဆုံးတူညီသည့် အရင်းအမြစ်မှာ မိသားစုဝင်အချင်းချင်း၊သူငယ်ချင်းအပေါင်းအသင်းနှင့် အိမ်နီးချင်းတို့ထံမှဖြစ်သည်။ (၅၄.၅%) သည် ရုပ်မြင်သံကြားကို အားထားကြပြီး (၄၃.၈%) သည် ရေဒီယိုကို အားထားကြသည်။ အခြားအရေးကြီးသည့် သတင်းရင်း မြစ်များအဖြစ် (၃၅.၀%) သည် ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူးများ၊ (၃၄.၇%) သည် ဂျာနယ်များ၊ (၃၄.၃%) သည် မိုဘိုင်းဖုန်းနှင့်(၃၃.၇%) သည် သတင်းစာများဟု ဖော်ပြကြသည် (ပုံ ၂.၃ (က)။

ပုံ ၂.၃ (က) သတင်းအချက်အလက် ရရှိမှု




အထက်ပါရလဒ်များအရ အချို့သောဖြေဆိုသူများအတွက် ရုပ်မြင်သံကြားနှင့် ရေဒီယိုပိုင်ဆိုင်သူများသည် သတင်းဖြန့်ဝေပေးရေးအတွက် အရေးပါသော ကြားခံများဖြစ်သည်ကို တွေ့ရသည်။ အမျိုးသမီးနှင့် အမျိုးသားတို့သည် သတင်းအချက်အလက်ရယူပုံများ မတူညီသည်ကို တွေ့ရသည် (ပုံ ၂.၃ (ခ)၊ နောက်ဆက်တွဲ ၂)။

ဖြေဆိုသူအမျိုးသမီးများသည် နိုင်ငံအတွင်းအဖြစ်အပျက်များကိုသိရှိနိုင်ရေးအတွက် အများဆုံးတူညီသော နည်းလမ်းမှာ (၈၅.၇%) ဖြင့် မိသားစုဝင်အချင်းချင်း၊ သူငယ်ချင်းအပေါင်းအသင်းနှင့် အိမ်နီးချင်းတို့ထံမှဖြစ်သည်။ နောက်ထပ်တူညီသည့် နည်းလမ်းများမှာ (၅၇.၈%) သည် ရုပ်မြင်သံကြား၊ (၃၈.၈%) သည် ရေဒီယိုနှင့် (၃၁.၃%) သည် ဂျာနယ်များဟု ပြောကြသည်။

ဖြေဆိုသူအမျိုးသားများအတွက်မူ သတင်းအချက်အလက်ရယူမှု နည်းလမ်းများသည် ကွဲပြားခြားနားသည်။ (အမျိုး သမီးများထက် အချိုးအစားနည်းသော ၇၅.၃%) သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သတင်းများအတွက် မိသားစုဝင်အချင်းချင်း၊ သူငယ်ချင်း အပေါင်းအသင်းနှင့် အိမ်နီးချင်းတို့ထံမှသာ ရယူကြသည်။ (၅၁.၃%) သည် ရုပ်မြင်သံကြား၊ (၄၈.၇%) သည် ရေဒီယို၊ (၄၁.၃%) သည် ဒေသန္တရ အုပ်ချုပ်ရေးမှူးများ၊ (၃၉.၃%) သည် မိုဘိုင်းဖုန်း၊ (၃၈.၀%) စီသည် သတင်းစာနှင့် ဂျာနယ်များ၊ (၃၅.၃%) သည် ရပ်ရွာ အကြီးအကဲများနှင့် (၃၄.၇%) သည် အင်တာနက်မှ ရယူကြသည်။ ဖြေဆိုသူမွတ်စလင်နှင့် ရခိုင်များသည် သတင်းအချက်အလက်ရယူမှု ကွဲပြားကြသည်။

မွတ်စလင်တို့သည် သတင်းအချက် အလက်ရယူရေးအတွက် အခြားကြားခံသတင်းဖြန့်ဝေမှုများအပေါ်အားထားကြပြီး ရခိုင်တို့သည် လူထုမီဒီယာနှင့် ပိုမိုထိစပ်မှုရှိကြသည် (ပုံ ၂.၃ (ဂ)၊ နောက်ဆက်တွဲ ၂)။

ဖြေဆိုသူမွတ်စလင်များအတွက် မိသားစုဝင်အချင်းချင်း၊ သူငယ်ချင်းအပေါင်းအသင်းနှင့် အိမ်နီးချင်းများသည် သတင်းအချက်အလက်ရယူမှု၏ (၇၂.၁%) ဖြစ်သည်။ အခြားအရေးကြီးသော အရင်းအမြစ်များမှာ ရေဒီယိုမှ (၄၄.၁%)၊ ဒေသန္တရအုပ်ချုပ်ရေးမှူးများထံမှ (၄၁.၂%)၊ ရပ်ရွာအကြီးအကဲများထံမှ (၃၆.၈%)၊ ဆယ်အိမ်မှူးများထံမှ (၂၆.၅%)၊ ရာအိမ်မှူးများနှင့် ဘာသာရေးခေါင်းဆောင်များထံမှ (၂၅.၀%) စီဖြစ်ကြသည်။ ဖြေဆိုသူရခိုင်များအတွက် မိသားစုဝင်အချင်းချင်း၊ သူငယ်ချင်းအပေါင်းအသင်းနှင့် အိမ်နီးချင်းများသည် သတင်းအချက်အလက်ရယူမှု၏ (၈၂.၇%) ဖြစ်သည်။ အခြားအရေးကြီးသော အရင်းအမြစ်များမှာ ရုပ်မြင်သံကြားမှ (၆၁.၉ %)၊ ရေဒီယိုမှ (၄၈.၂%)၊ သတင်းစာများမှ (၃၈.၇%)၊ မိုဘိုင်းဖုန်းမှ (၃၈.၁%)၊ ဂျာနယ်များမှ (၃၆.၉%)၊ အုပ်ချုပ်ရေးမှူးများထံမှ (၃၆.၃%)၊ အင်တာနက်မှ (၃၅.၁%)၊ ရပ်ရွာအကြီးအကဲများထံမှ (၃၃.၃%) တို့ဖြစ်ကြသည်။

သတင်းအချက်အလက် ရယူရာတွင် အဓိက ဘာသာစကားများပေါ် မူတည်၍ (လူမျိုးနှင့် ဘာသာအလိုက်) အခြားကွဲပြားမှုများလည်း ရှိသည်ကိုတွေ့ရသည်။[၂၉] သုံးပုံ နှစ်ပုံ (ဖြေဆိုသူများ၏ ၆၆.၉%) သည် ဗမာစကားမှဖြစ်သည်ကို တွေ့ရသည်။ ရခိုင်စကားမှ (၁၃.၉%)၊ ရခိုင်မြောက်ပိုင်းရှိ မွတ်စလင်များ ပြောဆိုသော ဒေသသုံးဘာသာစကားဖြင့် (၇.၅%)၊ "မွတ်စလင်/အစ္စလာမ်" ကမန်ဘာသာစကားမှ (၂.၁%)၊ အိန္ဒိယနှင့် ဒိုင်နက်စကားမှ (၀.၃%) စီဖြစ်ကြသည်။ အဆိုပါကွဲပြားမှုများသည် ဖြေဆိုသူများ၏ အိမ်ထောင်စုအလိုက်[၃၀] ပြောဆိုသုံးနှုန်းသော စကားပေါ်မူတည်၍ ကွဲပြားခြင်းဖြစ်သည်။ ဖြေဆိုသူများ၏ တစ်ဝက်နီးပါး (၄၇.၉%) သည် ရခိုင်စကားပြောသူများဖြစ်ပြီး (၂၃.၂%) မှာ ဗမာစကား၊ (၁၉.၃%) မှာ ရခိုင်မြောက်ပိုင်းရှိ မွတ်စလင်များ ပြောဆိုသော ဒေသသုံးဘာသာစကား၊ (၇.၂%) မှာ "မွတ်စလင်/အစ္စလာမ်" ကမန်ဘာသာစကား၊ (၁.၂%) မှာ ဒိုင်နက်စကား၊ (၀.၉%) မှာ အိန္ဒိယစကား၊ (၀.၃%) မှာ ချင်းဘာသာစကားပြောသူများ ဖြစ်ကြသည်။

ဒုတိယဘာသာစကားဖြင့် သတင်းရယူရမှုနှင့်ပတ်သက်၍ ဖြေဆိုသူများ၏ ၄၄.၉% သည် ဒုတိယဘာသာစကားဖြင့် သတင်းရယူမှုမရှိကြောင်းပြောပြီး ၃၀.၁% သည် ရခိုင်ဘာသာစကားဖြင့် ရရှိကြောင်း ဖြေကြားသည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ဖြေဆိုသူများ၏ ၅.၇% သည် အင်္ဂလိပ်စကားကို ဒုတိယဘာသာစကားဖြင့် သတင်းရယူရာတွင် သုံးကြောင်း ဖြေကြားကြသည် (ပုံ ၂.၃(ဃ)၊ နောက်ဆက်တွဲ)။ အဆိုပါအချက်အရ ဖြေဆိုသူများသည် ကိုလိုနီခေတ်၏ ဘာသာစကားအမွေကို ဆက်လက်ရရှိနေခြင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများပါဝင်သော အဆင့်မြင့်ပညာရပ်များကို သင်ယူခွင့်ရရှိထားခြင်းကြောင့်ဟု ထင်မြင်ရပါသည်။

အရေးကြီးသောအချက်မှာ ဖြေဆိုသူများ၏ ၉.၀% သည် နိုင်ငံအတွင်း ဖြစ်ပျက်နေသည့် အကြောင်းအရာများနှင့် ပတ်သက်ပြီး မည်သည့်သတင်းအချက်အလက်မှ ရယူသိရှိခြင်းမရှိကြောင်း ဖြေကြားသည်။ ထိုကဲ့သို့ ဖြေဆိုသူအများစု (၃၀ တွင် ၂၁ ဦး) မှာ မြောက်ဦးရှိ သုတေသနလေ့လာရာဒေသများမှဖြစ်ပြီး ကျန်သူများမှာ မောင်တောနှင့် ရသေ့တောင်တို့မှ ဖြစ်ကြသည်။ အများစု (၃၀ တွင် ၂၁ ဦး) မှာ မွတ်စလင်များဖြစ်ပြီး ကျန်သူများမှာ ရခိုင်များဖြစ်ကြသည်။

## ဝန်ဆောင်မှုများ ရရှိမှု

ဖြေဆိုသူအများစု (၈၁.၀%) က ၎င်းတို့၏ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံနိုင်ရန် ၁၅ မိနစ် သို့မဟုတ် ထိုအချိန်လောက်တောင် မကြာကြောင်း ဖြေကြားကြသည်။ ၁၇.၈% သည် နာရီဝက်ခန့် အချိန်ယူရကြောင်းဆိုသည်။ ငွေကြေးကုန်ကျမှုနှင့်ပတ်သက်၍ ဖြေဆိုသူအများစု (၉၁.၉%) သည် ဒေသန္တရအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံရန် အခကြေးငွေပေးစရာ မလိုကြောင်း ဖြေကြားပြီး ၆.၉% ကမူ ၅၀၀ ကျပ် သို့မဟုတ် ထို့ထက်နည်းသော အခကြေးငွေ ပေးရကြောင်းဖြေကြားသည်။ သုံးပုံ နှစ်ပုံနီးပါး (၆၂.၇%) သည် တစ်နှစ်ကျော်ကာလအတွင်း ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ အကူအညီတောင်း ခံရန်သွားရောက်ခဲ့ခြင်းမရှိကြောင်း ဖြေကြားပြီး သုံးပုံ တစ်ပုံအောက် (၃၀.၄%) သည် ၁ ကြိမ်မှ ၅ ကြိမ်အထိ သွားဖူးကြောင်း ဖြေကြားသည်။ ဖြေဆိုသူ ၄ ဦးသာ နှစ်ပတ်လျှင် တစ်ကြိမ်သွားကြောင်းပြောကြားပြီး ၁ ဦးကမူ တစ်ပတ်တစ်ကြိမ်သွားကြောင်း ဖြေကြားသည်။

ဖြေဆိုသူများ၏ အနီးဆုံးရဲကင်းစခန်းများသို့ ရောက်ရှိနိုင်မှုအခြေအနေကို မေးမြန်းရာတွင်[၃၁] ၃၀.၁% သည် ၁၅ မိနစ် သို့မဟုတ် ထိုအချိန်လောက်တောင် မကြာကြောင်း ဖြေကြားကြပြီး ၄၄.၉% ကမူ နာရီဝက်ခန့် သွားရကြောင်း ဖြေကြားသည်။ ဖြေဆိုသူ ၄ ဦးကမူ ၎င်းတို့နှင့် အနီးစပ်ဆုံးရဲကင်း မည်သည့်နေရာတွင်ရှိသည်ကို မသိကြောင်းဖြေကြားသည်။ သုံးပုံ တစ်ပုံအထက် (၃၈.၃%)

---

၂၉ ဖိအားပေးတိုက်တွန်းလှုံ့ဆော်မှုများမပါဝင်သည့် အဖွင့်မေးခွန်းများ
၃၀ ဖိအားပေးတိုက်တွန်းလှုံ့ဆော်မှုများမပါဝင်သည့် အဖွင့်မေးခွန်းများ
၃၁ ရသေ့တောင်နှင့် မောင်တောမြို့နယ်များမှ သုသေသနကွင်းဆင်းနေရာသုံးခုအတွက် ၎င်းတို့မှာ နယ်ခြားစောင့်ရဲကင်းများဖြစ်နိုင်ဖွယ် ရှိသည်။

သည် ရဲကင်းများသို့ သွားရောက်ရာတွင် ငွေကြေးကုန်ကျမှု မရှိကြောင်းဖြေကြားပြီး ၄၅.၈% သည် ၅၀၀ ကျပ်ပေးရ ကြောင်း ဖြေကြားသည်။ ဖြေဆိုသူအများစု (၈၄.၉%) သည် တစ်နှစ်ကျော် ကာလအတွင်း ရဲကင်းများသို့ အကူအညီ တောင်းခံရန် သွားရောက်ခဲ့ခြင်းမရှိကြောင်း ဖြေကြားပြီး ၁၂.၃% သည် ၁ ကြိမ်မှ ၅ ကြိမ်အထိ သွားဖူးကြောင်း ဖြေကြားသည်။ ဖြေဆိုသူ ၂ ဦး သည် နှစ်ပတ်လျှင် တစ်ကြိမ် သွားကြောင်း ပြောကြားပြီး ၁ ဦးကမူ တစ်နှစ်အတွင်း အကြိမ် ၇၀ သွားဖူးကြောင်း ဖြေကြားသည်။

မြို့နယ်အတွင်း ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ဖြေဆိုသူများ၏ ၅ ပုံ ၁ ပုံနှင့် ၄ ပုံ ၁ ပုံကြား (၂၄.၄%) သည် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးသို့သွားရန်၊ (၂၄.၇%) သည် မြို့နယ်ရဲစခန်းသို့သွားရန်၊ (၂၁.၄%) သည် မြို့နယ်တရားရုံးသို့သွားရန် ၁၅ မိနစ် သို့မဟုတ် ထို အချိန်လောက်တောင် မကြာကြောင်း ဖြေကြားကြသည်။ ဖြေဆိုသူများ၏ (၂၈.၉%) သည် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးသို့သွားရန်၊ (၃၀.၇%) သည် မြို့နယ် ရဲစခန်းသို့သွားရန်၊ (၃၀.၄%) သည် မြို့နယ်တရားရုံးသို့သွားရန် နာရီဝက်ခန့်ကြာကြောင်း ဖြေကြားကြသည်။

ဖြေဆိုသူ များ၏ (၂၈.၉%) သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့၊ (၂၈.၀%)သည် မြို့နယ်ရဲစခန်းသို့၊(၂၈.၃%)သည်မြို့နယ်တရားရုံးသို့တစ်နာရီမက သွားရကြောင်း ဖြေကြားကြသည်။ ဖြေဆိုသူများ၏ (၇.၂%) သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ (၆.၆%) သည် မြို့နယ် ရဲစခန်း၊ (၇.၅%) သည် မြို့နယ်တရားရုံးတို့၏ တည်နေရာကို မသိကြောင်း ဖြေကြားကြသည်။ အဆိုပါ ဝန်ဆောင် မှုများအတွက် ကုန်ကျသည့် ခန့်မှန်းစရိတ်အား ဇယား ၂.၅ (နောက်ဆက်တွဲ ၂) တွင် ဖော်ပြထားသည်။ ဖြေဆိုသူများ၏ (၉၁.၉%) သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ (၉၃.၇%) သည် မြို့နယ်ရဲစခန်း၊ (၉၅.၈%) သည် မြို့နယ်တရားရုံးတို့သို့ တစ်နှစ်ကျော်ကာလအတွင်း အကူ အညီတောင်းခံရန် မသွားဖူးကြောင်း ဖြေကြားကြသည်။

## အဓိကပံ့ပိုးကူညီသည့်ဇစ်မြစ်များ

ဖြေဆိုသူများ၏ တစ်ဝက်နီးပါးခန့် (၄၉.၄%) သည် ၎င်းတို့အကူအညီလိုသည့်အခါ မိသားစုဝင်များထံမှ တောင်းခံကြောင်း ဖြေကြားသည်။ လူနည်းစုဖြစ်သော (၁၄.၂%) သည် သူငယ်ချင်းမိတ်ဆွေများထံမှလည်းေကာင်း၊ (၇.၅%) သည် အိမ်နီးချင်းများထံမှလည်းကောင်း အကူအညီတောင်းခံကြသည်။ သိသာထင်ရှားမှုတစ်ခုမှာ ဖြေဆိုသူ ငါးဦးလျှင် တစ်ဦး (၂၁.၄%) သည် ၎င်းတို့အား ကူညီထောက်ပံ့မည့်သူမရှိကြောင်း ဖြေကြားကြသည်။ ကူညီထောက်ပံ့မှု ရရှိသည်ဟု ဖြေကြားသည့်အများစု (၈၈.၅%) သည် ၎င်းတို့ရရှိသည့် အထောက်အပံ့များမှာ နိုင်ငံရေးပါတီများနှင့် ပတ်သက်မှုမရှိကြောင်း ဖြေကြားပြီး (၅၇.၅%) သည် အကူအညီများကို ငွေကြေးအတန်ငယ် ချမ်းသာသူများထံမှ ရရှိကြောင်းပြောကြားသည်။

ဖြေဆိုသူအမျိုးသားနှင့် အမျိုးသမီးတို့တွင် အကူ အညီအထောက်အပံ့ရသည့် နယ်ပယ်များမှာ ကွဲပြား သည်ကို တွေ့ရသည်။ ဖြေဆိုသူအမျိုးသမီး (၄၇.၆%) ထက် အမျိုးသား (၅၁.၂%) သည် မိသားစုနှင့် ဆွေမျိုးများထံမှ အထောက်အပံ့ရရှိကြောင်း ဖြေကြား သည်။ အခြားအထောက်အပံ့ ရရှိရာများအဖြစ် အမျိုးသား (၆.၆%) နှင့် အမျိုးသမီး (၂.၄%) တို့က ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူးများ၊ အမျိုးသား (၀.၆%) နှင့် အမျိုး သမီး (၀.၀%) တို့က သက်ကြီးရွယ်အိုများနှင့် လေးစား ထိုက်သူများ၊ အမျိုးသား (၀.၆%) နှင့် အမျိုးသမီး (၀.၀%) တို့ကရဲတပ်ဖွဲ့ဟု ဖြေဆိုကြသည်။ ကွဲပြားခြားနား ချက်အနေဖြင့် အမျိုးသား (၄.၈%) ထက် အမျိုး သမီး (၁၀.၂%) သည် အိမ်နီးချင်းများထံမှ အထောက် အပံ့ရသည်ဟု ဖြေကြားပြီး အမျိုးသမီး (၁.၈%) နှင့် အမျိုး သား (၀.၀%) သည် ရပ်ရွာလူမှုရေး အဖွဲ့အစည်း များထံမှဟု ဖြေဆိုကြသည်။ အမျိုးသား (၁၉.၉%) ထက် အမျိုးသမီး (၂၂.၉%) သည် ၎င်းတို့အား ကူညီထောက်ပံ့ မည့်သူမရှိကြောင်း ဖြေကြားကြသည် (ဇယား ၂.၆၊ နောက်ဆက်တွဲ ၂)။

*အားလုံးခြုံငုံ၍ အနှစ်ချုပ်ပြောရလျှင် ဖြေဆိုသူ များ၏ လစဉ်အိမ်ထောင်စုဝင်ငွေသည် ယေဘုယျ အားဖြင့် နည်းပါးပြီး ကျေးလက်ဒေသများသည် မြို့ပြဒေသထက် ပိုမိုနည်းပါးကြောင်း သိရသည်။ အထူးသဖြင့် ရခိုင်ပြည် နယ် အလယ်ပိုင်းတွင် ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးအခွင့် အလမ်းနှင့် ပညာရေးအဆင့်အတန်းတို့သည် အခြားဒေသ များ နှင့်ယှဉ်လျှင် ပိုမိုနိမ့်ပါးသည်ကို တွေ့ရသည်။*

*တောင်ပိုင်းရှိသုသေသနပြုလုပ်ရာနေရာများသည် ယေဘုယျအားဖြင့် ရောနှောနေထိုင်ကြပြီး မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် မွတ်စလင်နှင့် ရခိုင်တို့သည် အလယ်ပိုင်း ထက်စာလျှင် ပိုမိုယှဉ်တွဲနေထိုင်ကြသည်။ မြောက်ပိုင်းရှိ မွတ်စလင်တို့သည် ရခိုင်ပြည်နယ် အခြား ဒေသရှိ မွတ်စလင်များထက် ပို၍ရှေးရိုးဆန်ကြသည်။ အုပ်စုလိုက်အနေဖြင့် မွတ်စလင်တို့သည် ပညာရေး အဆင့်အတန်း ပိုမိုနိမ့်ပါးကြသည်။*

*မွတ်စလင်တို့၏ ၄၀% သည် (ရခိုင် ၃.၃% နှင့် ယှဉ်လျှင်) မည်သည့်အစီးရကျောင်းနှင့် အလွတ် ပညာသင်*

*ကျောင်းတို့ကိုမျှ မတက်ဖူးချေ။ ဖြေဆိုသူများအနေဖြင့် သတင်းအချက်အလက် ရယူမှုအတွက် တူညီသော နည်းလမ်းမှာ မိသားစုဝင်အချင်းချင်း၊ သူငယ်ချင်း အပေါင်းအသင်းနှင့် အိမ်နီးချင်းတို့ဖြစ်သည်။*

*ရုပ်မြင်သံကြားနှင့် ရေဒီယိုပိုင်ဆိုင်သူတို့သည် သတင်းကြားခံဖြန့်ချိမှုအတွက် အရေးပါသူများဖြစ်သည်။ မွတ်စလင်နှင့် ရခိုင်တို့သည် သတင်းအချက်အလက်ရယူပုံ ကွဲပြားကြသည်။ မွတ်စလင်တို့သည် အခြားသူများနှင့် သတင်းကြားခံဖြန့်ချိသူများကို အားထားပြီး ရခိုင်တို့သည် လူထုမီဒီယာနှင့် ပိုမိုထိတွေ့မှုရှိသည်။ ဖြေဆိုသူများ၏ ၉.၀% သည် နိုင်ငံအတွင်း ဖြစ်ပျက်နေသည့် သတင်းအချက်အလက်များ ရရှိခြင်းမရှိကြောင်းသိရသည်။ ၎င်းတို့၏ သုံးပုံ နှစ်ပုံသည် မွတ်စလင်များဖြစ်ကြသည်။ အမျိုးသမီးနှင့် အမျိုးသားတို့တွင် မတူညီသော ကူညီထောက်ပံ့ပေးသည့် အသိုက်အဝန်းများရှိကြသည်။ အမျိုးသားများထက် အမျိုးသမီးအချိုးအစားသည် မည်သူ့ထံမှ အကူအညီများ မရဖူးကြောင်းသိရသည်။*



# အခန်း (၃)
# တရားမျှတမှုနှင့် ဥပဒေအပေါ် သဘောထားအမြင်

ဓာတ်ပုံ - သာယာကုန်းကျေးရွာတွင် ငါးခြောက်ရောင်းချနေသည့် အမျိုးသားတစ်ဦး၊ စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်


ဤအခန်းတွင် ဖြေဆိုသူများအကြား လူမှုယုံကြည်မှုရေချိန် အဆင့်အတန်းကို ဦးစွာအစီရင်ခံထားသည်။ လူမှုယုံကြည်မှုရေချိန်ကို (၁) ယေဘုယျအားဖြင့် လူများ၏ ယုံကြည်ထိုက်မှုနှင့် မျှတမှု အတိုင်းအတာအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင် (၂) မိမိထက်စာလျှင် အခြားသူများအပေါ် ဖြေဆိုသူများ၏ ယုံကြည်မှုအတိုင်းအတာစသည့် ရှုထောင့်နှစ်မျိုးဖြင့် လေ့လာဖော်ထုတ်ထားသည်။ ထို့နောက် တရားမျှတမှုနှင့် ဥပဒေတို့အပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များကို ဆန်းစစ်ထားသည်။ ဤသည်မှာ ပြည်သူများ တရားမျှတမှု ရှာဖွေရယူရသည့် အကြောင်းတရားနှင့် နည်းလမ်းများကို လေ့လာနိုင်မည့် အခြေအနေ အခင်းအကျင်းအချို့ကို ဖော်ပြသည် (နောက်ဆက်တွဲ အခန်းများတွင် ဖော်ပြသကဲ့သို့)။

## လူမှုယုံကြည်မှု

လူမှုတန်ဖိုးဆိုင်ရာ ဝိသေသလက္ခဏာ နှစ်ရပ်ဖြစ်သည့် ယုံကြည်ထိုက်မှုနှင့် မျှတမှုတို့အပေါ် ဖြေဆိုသူတို့၏ အမြင်များကို မေးမြန်းခဲ့သည်။ (ပုံ ၃.၁) [၃၂]

ဖြေဆိုသူများ၏ တစ်ဝက်ကျော် (၅၇.၈%) သည် "လူတော်တော်များများသည် ယေဘုယျအားဖြင့် ယုံကြည်ထိုက်သည်"ဆိုသည်ကို သဘောတူလက်ခံကြပြီး (၅၂.၁%) သည် "လူတော်တော်များများသည် အခြားသူများအပေါ် မျှမျှတတ ဖြစ်စေရန် ကြိုးစားကြသည်" ဆိုသည့်အချက်ကို လက်ခံကြသည်။ သို့သော် ငါးပုံ တစ်ပုံအထက် (၂၁.၁%) သည် လူများသည် ယုံကြည်ထိုက်ကြောင်း လက်မခံဘဲ (၂၅.၉%) သည် လူများသည် အခြားသူများအပေါ် မျှမျှတတ ဖြစ်စေရန် ကြိုးစားကြသည်ဆိုသည့်အချက်ကို သဘောမတူကြပေ။

ပုံ ၃.၁ လူမှုယုံကြည်မှု- ယုံကြည်ထိုက်မှုနှင့် မျှတမှု





---

၃၂ ဖြေဆိုသူများအား ယုံကြည်ထိုက်မှုနှင့် တရားမျှတမှုနှင့်ဆိုင်သော ဆိုလိုချက်နှစ်ခုအပေါ် မည်သည့် အတိုင်းအတာအထိ သဘောတူသည်/မတူသည်ကို မေးမြန်းခဲ့ပါသည်။ ၎င်းတို့၏ အဖြေများကို Likert စကေး ၇ ချက်ဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။ ၎င်းတို့မှာ - "လုံးဝ သဘောတူပါသည်"၊ "အတော်အတန် သဘောတူပါသည်"၊ "အနည်းငယ်သဘောတူပါသည်"၊ "သဘောတူသည်လည်းမဟုတ်"၊ "မတူသည်လည်းမဟုတ်ပါ"၊ "အနည်းငယ်သဘောမတူပါ"၊ "အတော်အတန်သဘောမတူပါ"၊ "လုံးဝသဘောမတူပါ"တို့ ဖြစ်သည်။ ခွဲခြားပြသရာတွင် ရှင်းလင်းစေရန်အတွက် "လုံးဝသဘောတူပါသည်"၊ "အတော်အတန်သဘောတူပါသည်"နှင့် "အနည်းငယ်သဘောတူပါသည်" စသည့် အဖြေတို့ကိုပေါင်း၍ "သဘောတူသည်"ဟု လည်းကောင်း၊ "အနည်းငယ်သဘောမတူပါ"၊ "အတော်အတန်သဘောမတူပါ"နှင့် "လုံးဝသဘောမတူပါ"ဆိုသည့် အဖြေတို့ကိုပေါင်း၍ "သဘောမတူပါ"ဟု ဖော်ပြထားပါသည်။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ အခြားလူမျိုးစုများထက် မွတ်စလင်ဟု မိမိကိုယ်ကိုမိမိ ထုတ်ဖော်ဖြေဆိုသူများက အဆိုပါအချက်နှစ်ချက်စလုံးကို သဘောတူနေသည်ကို တွေ့ရသည် (ပုံ ၃.၁ (က)၊ နောက်ဆက်တွဲ ၂)။

အသိုက်အဝန်းပြင်ပရှိသူများ၊ ဘာသာမတူသူများနှင့် လူမျိုးမတူသူများကို ယုံကြည်မှု နည်းပါးကြသည်။ (ပုံ ၃.၂ (က) နှင့် ၃.၂ (ခ)၊ နောက်ဆက်တွဲ ၂)။

ပုံ ၃.၂ လူမှုယုံ ကြည်မှု - အခြားသူများအပေါ်ယုံကြည်မှု




ဖြေဆိုသူများသည် လူအမျိုးမျိုးတို့အပေါ်ယုံကြည်မှု/မယုံကြည်မှုတို့နှင့် ပတ်သက်၍လည်း ဖြေကြားခဲ့ကြသည်။ ၎င်းအမျိုးအစားတို့မှာ မိသားစုနှင့် ဆွေမျိုးများ၊ အိမ်နီးချင်းများ၊ သူငယ်ချင်းများနှင့် အသိုက်အဝန်းအတွင်းရှိသူများ၊ ရပ်ရွာအကြီးအကဲများ၊ ရပ်ရွာအသိုင်းအဝိုင်းပြင်ပမှ လူများ၊ လူမျိုးကွဲ၊ ဘာသာကွဲများဖြစ်သည် (ပုံ ၃.၂)။[၃၃]

ဖြေဆိုသူအမျိုးသမီးများသည် အမျိုးသားများထက် ယုံကြည်မှုနည်းကြသည်။ ဗုဒ္ဓဘာသာဝင်များသည် မွတ်စလင်များထက် "ပြင်ပအုပ်စုများ" တွင် ပါဝင်သော

ပညာအဆင့်အတန်း မြင့်မားသောသူများသည် ကြားနေမှုမြင့်မားပြီး ပြင်ပအုပ်စုများအပေါ် မယုံကြည်မှု နည်းပါးသည် (ပုံ ၃.၂ (ဂ) မှ ၃.၂ (င)၊ နောက်ဆက်တွဲ ၂)။

အနှစ်ချုပ်အနေဖြင့် ပြောရလျှင် စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံး ရှာဖွေတွေ့ရှိမှုတစ်ခုမှာ မွတ်စလင်များသည် အခြားသူများထက် လူအများစုမှာ ယုံကြည်ထိုက် ပြီး တရားမျှတမှုရှိသည်ဟု ယူဆကြကြောင်း ထင်ထင်ရှားရှား တွေ့ရသည်။ ထို့အပြင် ပညာအဆင့်အတန်း မြင့်မားသူများသည် "ပြင်ပအုပ်စုမှလူများ" အား မယုံကြည်မှု နည်းပါးသည်ကို တွေ့ရသည်။

၃၃ ဖြေဆိုသူများအား ဖော်ပြပါအမျိုးမျိုးသော လူအမျိုးအစားတို့အပေါ်မည်မျှယုံကြည်မှုရှိသည်ဆိုသည့် အကြောင်းကို မေးမြန်းခဲ့သည်။ ၎င်းတို့၏ အဖြေများကို Likert စကေး ၇ ချက်ဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။ ၎င်းတို့မှာ - "လုံးဝယုံကြည်ပါသည်"၊ "အတော်အတန်ယုံကြည်ပါသည်"၊ "အနည်းငယ်ယုံကြည်ပါသည်"၊ "ယုံကြည်သည်လည်းမဟုတ်"၊ "မယုံကြည်သည်လည်းမဟုတ်ပါ"၊ "အနည်းငယ်မယုံကြည်ပါ"၊ "အတော်အတန်မယုံကြည်ပါ"၊ "လုံးဝမယုံကြည်ပါ"တို့ ဖြစ်သည်။ ခွဲခြားပြသရာတွင် ရှင်းလင်းစေရန်အတွက် "လုံးဝယုံကြည်ပါသည်"၊ "အတော်အတန်ယုံကြည်ပါသည်"၊ "အနည်းငယ်ယုံကြည်ပါသည်"၊ စသည့် အဖြေတို့ကိုပေါင်း၍ "ယုံကြည်ပါသည် "ဟုလည်းကောင်း၊ "အနည်းငယ် မယုံကြည်ပါ"၊ "အတော်အတန်မယုံကြည်ပါ"၊ "လုံးဝမယုံကြည်ပါ"ဆိုသည့် အဖြေတို့ကိုပေါင်း၍ "မယုံကြည်ပါ"ဟု ဖော်ပြထားပါသည်။

# တရားမျှတမှုအပေါ် သဘောထားအမြင်

လေ့လာမှုတွင် တရားမျှတမှု အယူအဆအပေါ် ဖြေဆိုသူများ၏ နားလည်သဘောပေါက်မှုကို ဆန်းစစ်လေ့လာ မထားသော်ငြားလည်း အဆိုပြုချက်အတွဲ (၈) စုံကို ဖတ်ပြပြီး တရားမျှတမှုသည် အရေးပါသည့် လားရာရှုထောင့် (၈) ချက်အပေါ် ၎င်းတို့၏ သဘောထားအမြင်များ ရယူခဲ့သည်။

ထိုလားရာရှုထောင့် (၈) ချက်မှာ

- သမားရိုးကျနှင့် သမားရိုးကျ မဟုတ်သော လမ်းကြောင်းများမှတဆင့် တရားမျှတမှုရှာဖွေခြင်း။
- တန်းတူညီမျှမှု အခြေခံမှုနှင့် လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရမည့် နိုင်ငံတော်အစိုးရ၏တာဝန်။
- ကုစားမှု ရယူခံစားပိုင်ခွင့်။
- ပုဂ္ဂလိကနှင့် အများပြည်သူအခွင့်အာဏာ။
- အသွင်ကူးပြောင်းမှုကာလ တရားမျှတမှု (ပဋိပက္ခ ရိုက်ခတ်ခံရသည့် လူ့အသိုင်းအဝိုင်းများတွင်)။
- လုပ်ငန်းစဉ်ကျမှု။
- ကျား/မ တန်းတူညီမျှမှု။
- လူမှုအသိုင်းအဝိုင်းများ သဟဇာတဖြစ်မှု၊ ပေါင်းစည်းမှုများနှင့် ဆက်နွယ်သည့် တစ်ဦးချင်းအခွင့်အရေးများ (ဇယား ၃.၁ တွင်ရှု)။

ဖြေဆိုသူများ၏ ငါးပုံ လေးပုံအထက် (၈၅.၅%) သည် ပြဿနာများကို ဒေသတွင်း၌သာ ဖြေရှင်းရန် ဆန္ဒရှိပြီး (၈၄.၆%) သည် အမျိုးသားနှင့် အမျိုးသမီးတို့သည် တန်းတူညီမျှ တန်ဖိုးရှိကြပြီး ၎င်းတို့သည် ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာများကို ကာကွယ်စောင့်ရှောက်ရန် ညီတူညီမျှ တာဝန်ရှိသည်ဆိုသည့်အချက်ကို သဘောတူကြကာ (၈၃.၄%) သည် လူများသည် အကူအညီတောင်းခံနိုင်စွမ်းရှိကြပြီး မတရားမှုများအတွက် အခြားသူများထံမှ ပြေရာပြေကြောင်းနှင့် မျှတသော ရလဒ်ကို ရရှိနိုင်သည် ဆိုသည့်အချက်ကို သဘောတူကြပြီး (၈၂.၈%) သည် လုပ်ငန်းစဉ်တစ်လျှောက် မျှမျှတတ ဆက်ဆံပေးမှု ရရှိနိုင်ခြင်းသည့် ရလဒ်ကောင်းတစ်ခု ထွက်ပေါ်လာခြင်းထက် ပို၍အရေးကြီးသည်ကို သဘောတူကြသည်။

ဖြေဆိုသူအများစု (၆၉.၉%) သည် လူတိုင်းသည် ဘာသာ၊ လူမျိုးမခွဲခြားဘဲ အစိုးရ၏ သာတူညီမျှ စောင့်ရှောက်မှုနှင့် စိုးရိမ်ပူပန်ပေးမှုတို့အား ထိုက်တန်ပါသည် ဆိုသည့်အချက်ကို သဘောတူညီကြကာ (၆၀.၂%) သည် မိသားစုတွင်း ဖြစ်ပွားသော ကိစ္စများသည် ပုဂ္ဂလိကကိစ္စ အိမ်တွင်းပြဿနာဖြစ်ပြီး အိမ်ထောင်ရှင်အမျိုးသားသည် ၎င်း၏ဇနီးနှင့် ကလေးများအပေါ် အာဏာအပြည့်အဝ ရှိသည်ကို သဘောတူကြကာ (၆၀.၂%) သည် လူတစ်ဦးချင်းဆိုင်ရာ အခွင့်အရေးများကို အများနှင့်ဆိုင်သော စည်းလုံးညီညွတ်မှုကဲ့သို့ လေးစားမှု ရှိရမည်ဆိုသည့်အချက်နှင့် (၅၇.၂%) သည် ကူးပြောင်းခြင်းကာလ တရားမျှတမှုသည် မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အရေးပါသည်ကို သဘောတူကြသည်။

ဖြေဆိုသူအမျိုးသားနှင့် အမျိုးသမီးတို့သည် တရားမျှတရေးဆိုင်ရာ အမျိုးမျိုးသော ရှုထောင့်များအပေါ် တူညီသော အမြင်များရှိသည်ကို တွေ့ရပြီး ၎င်းတို့အကြား သဘောမတူနိုင်စရာ ကွဲပြားမှုများ မရှိသလောက်ပင် ဖြစ်သည် (ဇယား ၃.၁(က)၊ နောက်ဆက်တွဲ ၂)။

ဇယား ၃.၁ ၁ တရားမျှတမှုအပေါ်သဘောထားအမြင်


| တရားမျှတမှု လားရာရှုထောင့် | အဆိုပြုဖော်ပြချက်များ | သဘောတူညီမှု* |
|---|---|---|
| တရားဝင်နှင့် ဓလေ့ထုံးတမ်း | (က) အချို့သော အငြင်းပွားမှုများကို တရားရုံးများတွင် ဖြေရှင်းသည်မှာ အကောင်းဆုံးဖြစ်သည်။ | ၉.၉% |
| | (ခ) အငြင်းပွားမှု အများစုကို ရပ်ရွာအတွင်း ဖြေရှင်းလျှင် ပိုကောင်းသည်။ | ၈၅.၅% |
| တန်းတူညီမျှမှု | (က) လူတိုင်းသည် ဘာသာ၊ လူမျိုးမရွေး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှုခံထိုက်သည်။ | ၆၉.၉% |
| | (ခ) လူအများစုဖြစ်သော လူမျိုးနှင့် ဘာသာဝင်များသည် လူနည်းစု လူမျိုးနှင့် ဘာသာဝင်များထက်ပိုပြီး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှု ရသင့်သည်။ | ၂၄.၇% |
| ကံကြမ္မာ နှင့် ကုစားမှု | (က) မတရားမှုသည် လူများအပေါ်တွင်ကျရောက်နိုင်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ မိမိတို့သည် ဘာမျှမတတ်နိုင်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ မိမိတို့၏ ကံကြမ္မာအရသာဖြစ်သည်။ | ၁၂.၇% |
| | (ခ) ပြည်သူများသည် မတရားမှုခံရသည့်အခါ ကုစားမှုနှင့် တရားမျှတသော ရလဒ်ကို ရရှိစေရန်အတွက် အခြားသူများထံမှ အကူအညီရသင့်သည်။ | ၈၃.၄% |
| အိမ်တွင်းရေး နှင့် အများပြည်သူ | (က) မိသားစုအတွင်းဖြစ်သည့် ကိစ္စသည် အိမ်တွင်းတွင်သာ ဖြေရှင်းရမည့် အိမ်တွင်းရေးဖြစ်သည်။ အိမ်ထောင်ရှင်အမျိုးသားသည် ၎င်း၏ ဇနီးနှင့် သားသမီးများ အပေါ်တွင် ဩဇာ အပြည့်အဝရှိသည်။ | ၆၀.၂% |
| | (ခ) ရပ်ရွာလူထုသည် တစ်ခါတစ်ရံ အခြားမိသားစုများ၏ တစ်ချို့သောအရေးကိစ္စများတွင် ကြားဝင်ဖြေရှင်းပေးရန် တာဝန်ရှိသည်။ | ၃၃.၇% |
| အသွင်ကူးပြောင်းမှု ကာလ တရားမျှတမှု | (က) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ထပ်ခါထပ်ခါပြန်ကျော့ခြင်းမလုပ်သင့်။ လူတိုင်းသည် မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရေးကိုသာ အလေးထားသင့်သည်။ | ၃၈.၀% |
| | (ခ) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ဖြေရှင်းသင့်သည်။ သို့မှသာ မြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်လိမ့်မည်။ | ၅၇.၂% |
| လုပ်ထုံးလုပ်နည်း ဖြစ်စဉ်နှင့် ရလဒ် | (က) လုပ်ငန်းစဉ်တစ်လျှောက် မျှတစွာ ဆက်ဆံခံရခြင်းက ရလဒ်ကောင်းထွက်ပေါ်လာရေးထက် ပိုမိုအရေးကြီးသည်။ | ၈၂.၈% |
| | (ခ) ရလဒ်ကောင်းထွက်ပေါ်လာရေးက လုပ်ငန်းစဉ်တစ်လျှောက် တရားမျှတစွာ ဆက်ဆံခံရရေးထက် ပိုမိုအရေးကြီးသည်။ | ၁၃.၃% |
| ကျား/မ ရေးရာ | (က) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ တန်ဘိုးရှိသည်။ သို့သော် အမျိုးသမီးများသည် ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် ပိုမိုတာဝန် ရှိသည်။ | ၁၄.၂% |
| | (ခ) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ တန်ဘိုးရှိသည်။ အမျိုးသားများရော အမျိုးသမီးများပါ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် အညီအမျှတာဝန်ရှိသည်။ | ၈၄.၆% |
| တစ်ဦးချင်းနှင့် ရပ်ရွာ လူအဖွဲ့အစည်း | (က)လူတစ်ဦးချင်းစီ၏ အခွင့်အရေးအများကို ရပ်ရွာအတွင်း သဟဇာတ ဖြစ်စေရေးကို လေးစားသကဲ့သို့ပင် လေးစားသင့်သည်။ | ၆၀.၂% |
| | (ခ) တစ်ဦးချင်းအခွင့်အရေးများအတွက် အခိုင်အမာပြောဆိုခြင်းသည် တစ်ကိုယ်ကောင်းဆန်သည်။ ရပ်ရွာအတွင်း သဟဇာတဖြစ်မှုနှင့် သဘောတူညီမှု ထိန်းသိမ်းရေးကို ဦးစားပေးသင့်သည်။ | ၃၄.၃% |

*အဆိုပြုချက်အတွဲတစ်တွဲစီ၏ စုစုပေါင်းမှာ ၁၀၀%မရှိပါ။ အဘယ်ကြောင့်ဆိုသော် အချို့ဖြေဆိုသူများက အဆိုပြုချက်နှစ်ခုစလုံးကို ရွေးချယ်ကြပြီး အချို့က တစ်ခုကိုမျှ မရွေးချယ်ပါ။ အချို့က ဖြေဆိုရန် ငြင်းဆိုကြပြီး အချို့မှာ မည်သည့်အဆိုပြုချက်သည် ၎င်းတို့၏အမြင်နှင့် ပို၍ ကိုက်ညီသည်ကို မသိပါဟုဖော်ပြကြသ ည်။

ယေဘုယျအားဖြင့် ကျေးလက်ဒေသမှ ဖြေဆိုသူအများစုသည် မြို့ပြမှလူများထက် ပိုမိုရှေးရိုးစွဲဆန်ကြသည်။ ကျေးလက်ဒေသမှ ၃၃.၂% နှင့် (မြို့ပြမှ ၁၂.၉%) သည် လူများစုတိုင်းရင်းသားများနှင့် လူအများကိုးကွယ်သည့် ဘာသာဝင်များသည် လူနည်းစု တိုင်းရင်းသားများနှင့် လူနည်းစု ကိုးကွယ်သည့် ဘာသာဝင်များထက် အစိုးရ၏ စောင့်ရှောက်မှုနှင့် စိုးရိမ်ပူပန်ပေးမှုတို့ကို ပိုမိုရရှိသင့်သည် ဆိုသည့် အချက်ကို သဘောတူကြသည်။ ကျေးလက်ဒေသမှ ၆၆.၃% နှင့် (မြို့ပြမှ ၅၁.၈%) သည် မိသားစုတွင်းဖြစ်ပွားသော ကိစ္စများသည် ပုဂ္ဂိုလ်ရေးနှင့် ပတ်သက်သော အိမ်တွင်းပြဿနာဖြစ်ပြီး အိမ်ထောင်ရှင် အမျိုးသားသည် ၎င်း၏ဇနီးနှင့် ကလေးများအပေါ် အာဏာ အပြည့်အဝရှိသည်ကို သဘောတူကြကာ ကျေးလက်ဒေသမှ ၁၈.၇% နှင့် (မြို့ပြမှ ၇.၉%) သည် အမျိုးသမီးများသည် အမျိုးသားများထက် ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာများကို ကာကွယ်စောင့်ရှောက်ရန် ပို၍တာဝန်ရှိသည်ဆိုသည့်အချက်၊ ကျေးလက်ဒေသမှ ၃၈.၃% နှင့် (မြို့ပြမှ ၂၈.၈%) သည် လူတစ်ဦးချင်းဆိုင်ရာ အခွင့်အရေးများအတွက် ရပ်တည်ခြင်းသည် တစ်ကိုယ်ကောင်းဆန်ပြီး အများနှင့် စည်းလုံးညီညွတ်မှုစွာ နေထိုင်ကာ သဘောတူ ညီမှုရရှိရန် ဦးစားပေးရမည် ဆိုသည်များကို သဘောတူကြသည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ကျေးလက်ဒေသမှ ၆၁.၁% နှင့် (မြို့ပြမှ ၅၁.၈%) သည် အတိတ်ဖြစ်ရပ်များအား ဖြေရှင်းပြီးမှသာ မြန်မာနိုင်ငံတော်သစ် တည်ဆောက်နိုင်မည်ဆိုသည့် အချက်ကို သဘောတူကြသည်။ ထိုအမြင်သည် မဖြေရှင်းနိုင်ဘဲ ကျန်ရှိနေသည့် မြေယာနှင့် ပတ်သက်သည့် ပြဿနာများကြောင့် ဖြစ်နိုင်ပါသည် (ဇယား ၃.၁ (ခ)၊ နောက်ဆက်တွဲ ၂)။

မြန်မာ့လူ့အဖွဲ့အစည်းတွင် လူတစ်ယောက်အား ကောင်းမွန်စွာ ပြုမူဆက်ဆံခံရမှုကို အဆုံးအဖြတ်ပေးသည့် အချက်များနှင့် ပတ်သက်သည့် မေးခွန်းများကိုလည်း ဖြေကြားပေးကြသည်။ အဆိုပါအချက်များမှာ ပညာရေး၊ ချမ်းသာကြွယ်ဝမှု၊ လူမျိုး၊ ကျား/မ၊ ဘာသာတရား၊ မိသားစုအဆက်အသွယ်နှင့် နိုင်ငံရေးဆက်နွယ်မှုတို့ ဖြစ်ကြသည် (ပုံ ၃.၃)။

ပုံ ၃.၃ ပြုမူဆက်ဆံခြင်းဆိုင်ရာ အကြောင်းအချက်များ




ဖြေဆိုသူ (၈၂.၂%) သည် ချမ်းသာကြွယ်ဝမှုသည် မြန်မာ့လူ့အဖွဲ့အစည်းတွင် လူတစ်ယောက်အား ကောင်းမွန်စွာပြုမူဆက်ဆံခံရမှုကို အဆုံးအဖြတ်ပေးသည့် အချက်ဖြစ်သည်ဟု ထောက်ပြဖြေဆိုကြသည်။ လူအများစု (၈၁.၀%) သည် ပညာရေး၊ (၇၁.၇%) သည် လူမျိုး၊ (၆၇.၅%) သည် နိုင်ငံရေးဆက်နွယ်မှု၊ (၆၄.၂%) သည် ဘာသာရေးနှင့် (၆၃.၆%) သည် မိသားစုအဆက်အသွယ်တို့ဖြစ်သည်ဟု ဖြေဆိုကြသည်။ လူအနည်းစု (၄၇.၀%) ကသာ ကျား/မ ကွဲပြားမှုကို မြန်မာ့လူ့အဖွဲ့အစည်းတွင် လူတစ်ယောက်အား ကောင်းမွန်စွာ ပြုမူဆက်ဆံခံရမှုကို အဆုံးအဖြတ်ပေးသည့် အချက်ဖြစ်သည်ဟု ဖြေဆိုကြသည်။

အားလုံးအနှစ်ချုပ်ရလျှင် ဖြေဆိုသူများသည် ပြဿနာများကို ဒေသတွင်း၌သာ ဖြေရှင်းရန်ဆန္ဒရှိ ကြောင်း ထင်ရှားစွာတွေ့ရသည်။ လူအများစုသည် အမျိုးသား နှင့် အမျိုးသမီးတို့သည် တန်းတူညီမျှ တန်ဖိုးရှိကြပြီး ၎င်းတို့သည် ယဉ်ကျေးမှုနှင့် ထုံးတမ်း စဉ်လာများကို ကာကွယ်စောင့်ရှောက်ရန် ညီတူညီမျှ တာဝန်ရှိသည်ဆိုသည့် အချက်၊ လူများသည် အကူအညီတောင်းခံနိုင်စွမ်းရှိကြပြီး မတရားမှုများအတွက် အခြားသူများထံမှ ပြေရာပြေကြောင်းနှင့် မျှတသော ရလဒ်ကို ရရှိနိုင်သည်ဆိုသည့်အချက်နှင့် လုပ်ငန်းစဉ်တစ်လျှောက် မျှမျှတတ ဆက်ဆံပေးမှု ရရှိနိုင်ခြင်းသည့် ရလဒ်ကောင်းတစ်ခု ထွက်ပေါ်လာခြင်း ထက် ပို၍အရေးကြီး သည်ဆိုသည့် အချက်တို့ကို သဘောတူကြသည်။ လူ အများစုက လူတိုင်းသည် ဘာသာ၊ လူမျိုးမခွဲခြားဘဲ အစိုးရ၏ သာတူညီမျှသော စောင့်ရှောက်မှုနှင့် စိုးရိမ်ပူပန်ပေးမှု တို့အား ထိုက်တန်ပါသည် ဆိုသည့်အချက်ကို သဘောတူညီ ကြသည်။ ကျေးလက်ဒေသမှ ဖြေဆိုသူအများစုသည် မြို့ပြမှလူများထက် ပိုမိုရှေးရိုးစွဲဆန်ကြသည်။

ဖြေဆိုသူများသည် ချမ်းသာကြွယ်ဝမှု၊ ပညာရေးနှင့် လူမျိုးတို့သည် မြန်မာ့လူ့အဖွဲ့အစည်းတွင် လူတစ်ယောက်အား ကောင်းမွန်စွာ ပြုမူဆက်ဆံခံရမှုကို အဆုံးအဖြတ်ပေးသည့် အချက်များဖြစ်သည်ဟု ထောက်ပြဖြေဆိုကြသည်။

## ဥပဒေအပေါ် သဘောထားအမြင်

သုတေသန လေ့လာမှုသည် ဖြေဆိုသူများ၏ ဥပဒေဆိုင်ရာ အသိပညာဗဟုသုတကို စစ်ဆေးရန် မဟုတ်ဘဲ တရားမျှတရေး စနစ်လည်ပတ်ပုံ သို့မဟုတ် ဖော်ပြသည့်အခြေအနေများတွင် ထိုစနစ်လုပ်ဆောင်ပုံများ



ပုံ ၃.၄ နေ့စဉ်သုံး စကားလုံးများ

အပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များကို သဘောပေါက်နားလည်ရန်ဖြစ်သည်။ `ဥပဒေ´၊ `ရဲ´ `တရားသူကြီး´၊ `ဥပဒေအရာရှိ´၊ `တရားရုံး´ နှင့် `ရှေ့နေ´ စသည့်စကားလုံးများကို နေ့စဉ်ပြောဆိုဆက်ဆံမှုများတွင် မည်သည့် အတိုင်းအတာကြားရသည် သို့မဟုတ် ပြောဆိုအသုံးပြုသည်ကို ဖြေဆိုသူများက ဖော်ပြကြသည်။ အဖြေရလဒ်များသည် ဖြေဆိုသူများ သမားရိုးကျ တရားမျှတမှုစနစ်နှင့် ထိတွေ့မှု အတိုင်းအတာကို ညွှန်ပြသည် (ပုံ ၃.၄ တွင်ရှု)။ ထို့အပြင် မြန်မာနိုင်ငံရှိ ဥပဒေပြဋ္ဌာန်းချက်များနှင့် လက်တွေ့အမြင်ကြား `ကွာဟချက်များ´ အတိုင်းအတာကိုလည်း ဖော်ပြသည်။

ဖြေဆိုသူအများစု (၆၃.၉%) သည် "ရဲ" ဆိုသော စကားလုံးအား နေ့စဉ်ပြောဆိုသုံးနှုန်းမှုများထဲတွင် အမြဲတမ်းနီးပါး ကြားဖူးကြသည်။ ဖြေဆိုသူများ၏ တစ်ဝက်ကျော်ကျော် (၅၃.၃%) သည် "ဥပဒေ" ဟူသော စကားလုံးကို နိစ္စဓူဝ ပြောဆိုကြားဖူးကြသည်။ ဖြေဆိုသူအများစု (၅၇.၀%) သည် "ဥပဒေအရာရှိ" ဟူသော စကားလုံး၊ (၅၄.၀%)သည် "ရှေ့နေ" ဟူသည့် စကားလုံး၊ (၅၂.၇%) သည် "တရားရုံး" ဟူသော စကားလုံးနှင့် (၅၁.၈%) သည် "တရားသူကြီး" ဟူသော စကားလုံးတို့ကို ကြားဖူးနားဝမရှိကြောင်း ဖြေကြားကြသည်။

ယေဘုယျအားဖြင့် ပညာရေးအဆင့်မြင့်သူများသည် ပညာရေးအဆင့် နိမ့်သူများထက် အဆိုပါစကား လုံးခြောက်လုံးကို ကြားဘူးနားဝ ပိုရှိကြသည်။ အမျိုးသားများသည် အမျိုးသမီးများထက် အဆိုပါစကားလုံးများနှင့် ရင်းနှီးကျွမ်းဝင်မှု ပိုရှိသည်ကို တွေ့ရသည် (ပုံ ၃.၄ (က)၊ နောက်ဆက်တွဲ ၂)။

ဖြေဆိုသူများသည် ဥပဒေဆိုင်ရာ အထောက်အပံ့ပေးနိုင်သော ဆိုလိုချက် သုံးခုအား မည်မျှနားလည်သည်ကို ဖြေကြားကြသည် (အစဉ်လိုက်ဖော်ပြထားသည့် ဆိုလိုချက်များအတိုင်း) (ဇယား ၃.၂)။ ထိုဆိုလိုချက်များသည် ဥပဒေအပေါ် ၄င်းတို့၏အမြင်များနှင့် မြန်မာနိုင်ငံတွင် မည်သို့မည်ပုံ ဆောင်ရွက်နေသည်ကို အတိုင်းအတာတစ်စုံတစ်ရာ သိမြင်စေသည်။

ဇယား ၃.၂ ဥပဒေအပေါ် သဘောထားအမြင်

| အကြောင်းအရာ | အဆိုပြုဖော်ပြချက်များ | သဘောတူညီမှု* |
|---|---|---|
| ကလေးသူငယ် အလုပ်သမား | (က) မြန်မာနိုင်ငံတွင် ၁၂ နှစ်အောက် ကလေးများ လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်ခြင်းသည် ဥပဒေနှင့် မညီပါ။ | ၂၇.၇% |
| | (ခ) မြန်မာနိုင်ငံတွင် ၁၂ နှစ် နှင့်အထက် ကလေးများသည် လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်ရန် ရွေးချယ်ဆုံးဖြတ်နိုင်သည်။ | ၅၃.၃% |
| ဥပဒေရှေ့မှောက် တန်းတူညီမျှမှု | (က) မြန်မာနိုင်ငံတွင် လူတိုင်းသည် ဥပဒေရှေ့မှောက် တန်းတူ အခွင့်အရေးများရှိသည်။ | ၂၄.၇ |
| | (ခ) မြန်မာနိုင်ငံတွင် ဥပဒေရှေ့မှောက် တူညီသော အခွင့်အရေးကို လူတိုင်းမရ | ၆၉.၀% |
| အမျိုးသမီးများအပေါ် အကြမ်းဖက်မှု | (က)အမျိုးသား/ ပြည်တွင်း ဥပဒေအရ အမျိုးသမီး တစ်ဦးသည် ရုပ်ပိုင်းဆိုင်ရာ/ ကိုယ်ထိလက်ရောက်အကြမ်းဖက်ခံရမှသာ ရဲစခန်းသို့ တိုင်ကြားနိုင်သည်။ | ၃၄.၃% |
| | (ခ)အမျိုးသား/ ပြည်တွင်း ဥပဒေအရ အမျိုးသမီးများ သည် ၎င်းတို့၏ လုံခြုံမှုကို ခြိမ်းခြောက်ခံရပါကလည်း ရဲစခန်းသို့ တိုင်ကြားနိုင်သည်။ | ၅၂.၁% |
| မြေယာအခွင့်အရေး/ မြေယာပိုင်ဆိုင်ခွင့် | (က) မြေယာပိုင်ဆိုင်မှု တောင်းဆိုသည့်အခါ မြေယာ နှင့် ဆိုင်သည့် အစိုးရတရားဝင် စာရွက်စာတမ်းများက အခိုင်မာဆုံးဖြစ်သည်။ | ၄၇.၉% |
| | (ခ) မြေယာပိုင်ဆိုင်မှုတွင် အစိုးရတရားဝင် စာရွက်စာတမ်းများသည် ရပ်ရွာအသိအမှတ်ပြု ဘိုးဘွား ပိုင်မြေလောက် ခိုင်မာမှု မရှိဟု သဘောထားသည်။ | ၄၃.၄% |

*အဆိုပြုချက်အတွဲတစ်တွဲစီ၏ စုစုပေါင်းမှာ ၁၀၀%မရှိပါ။ အဘယ်ကြောင့်ဆိုသော် အချို့ဖြေဆိုသူများက အဆိုပြုချက်နှစ်ခုစလုံးကို ရွေးချယ်ကြပြီး အချို့က တစ်ခုကိုမျှ မရွေးချယ်ပါ။ အချို့က ဖြေဆိုရန် ငြင်းဆိုကြပြီး အချို့မှာ မည်သည့်အဆိုပြုချက်သည် ၄င်းတို့၏ အမြင်နှင့် ပို၍ ကိုက်ညီသည်ကို မသိပါဟုဖော်ပြကြသည်။

ဖြေဆိုသူများ၏ ၅% မှ ၆% သည် ဤဆိုလိုချက်တစ်ခုစီတို့ကို မည်သို့ဖြေဆိုရမည်ကိုမသိ (သို့မဟုတ် ငြင်းဆို) ကြသည်။ သို့သော် မှတ်သားသင့်သည်မှာ ဤရလဒ်အဖြေများကို အခြေခံ၍ ဖြေဆိုသူများ၏ ဥပဒေအသိပညာနည်းပါးမှု (မှတ်ယူတွေးဆချက်) ကို ဥပဒေအကောင်အထည်ဖေါ်မှု အားနည်းခြင်းမှ ခွဲထုတ်ရန်မဖြစ်နိုင်ပါ။ ဤရလဒ်အဖြေများကို အခြေခံ၍ ဖြေဆိုသူများ၏ ဥပဒေအသိပညာနည်းပါးမှုနှင့် ဥပဒေအကောင်အထည်ဖော်မှု လိုအပ်ချက်များအကြား ရှုပ်ထွေးမှုကို ဖြေလျှော့ရန်မှာလည်း မဖြစ်နိုင်ပါ။

ကလေးသူငယ်အလုပ်သမားအရေးတွင် ဖြေဆိုသူများ၏ တစ်ဝက်အထက် (၅၃.၃%) သည် မြန်မာနိုင်ငံတွင် အသက် ၁၂ နှစ်နှင့် အထက် ကလေးများသည် လက်ဖက်ရည်ဆိုင်တွင် အလုပ်လုပ်ရန် ရွေးချယ်ဆုံးဖြတ်နိုင်သည်ဆိုသည့် အချက်ကို သဘောတူကြသည်။ ထိုသဘောထားအမြင်သည် ဆင်းရဲမွဲတေမှုပြဿနာကြောင့် ကလေးများလက်ဖက်ရည်ဆိုင်တွင်အလုပ်လုပ်ခြင်းကိုဖြစ်ရိုးဖြစ်စဉ်တစ်ခုအဖြစ် မြင်နေကြောင်း ထင်ဟပ်စေသည်။ ၁၉၅၁ ဈေးဆိုင်နှင့် ဆိုင်ခန်းများအက်ဥပဒေ (အခန်း ၈) တွင် "အသက် ၁၃ နှစ်မပြည့်သေးသည့် မည်သူမဆို ဈေးဆိုင်၊ စီးပွားရေးလုပ်ငန်းနှင့် အများပြည်သူ ဖျော်ဖြေရေး လုပ်ငန်းတို့တွင် အလုပ်လုပ်ကိုင်ခြင်း မရှိစေရ" ဟု ပြဌာန်းထားသည်။

သုံးပုံ နှစ်ပုံအထက် (၆၉%) သည် မြန်မာနိုင်ငံတွင် ဥပဒေရှေ့မှောက် တူညီသော အခွင့်အရေးကို လူတိုင်းမရဟု ထင်မြင်ကြသည်။ ဤအချက်နှင့် ပတ်သက်၍ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အငြင်းပွားဖွယ်ပြဌာန်းချက်များပါဝင်သည်။ တစ်ဖက်တွင် ညီမျှခြင်း၊ လွတ်လပ်ခြင်းနှင့် တရားမျှတမှု အခွင့်အရေးများကို နိုင်ငံသားများကိုသာ အာမခံပေးထားသည် (ပုဒ်မ ၂၁ (က))။ အခြားတစ်ဘက်တွင် ဥပဒေရှေ့မှောက်တန်းတူ အခွင့်အရေးများနှင့် ဥပဒေအရ သာတူညီမျှ ကာကွယ်စောင့်ရှောက်မှုကို ပြည်ထောင်စုအတွင်းရှိ မည်သူ့ကိုမဆို အာမခံ ပေးထားသည် (ပုဒ်မ ၃၄၇)။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်ပတ်သက်၍ ဖြေဆိုသူ တစ်ဝက်အထက် (၅၂.၁%) သည် နိုင်ငံ့ဥပဒေအရ အမျိုးသမီးများသည် ၎င်းတို့၏ လုံခြုံမှုကို ခြိမ်းခြောက်ခံရပါက ရဲစခန်းသို့ တိုင် ကြားနိုင်သည်ဆိုသည့် အချက်ကို သဘောတူကြပြီး[၃၄] သုံးပုံတစ်ပုံအထက် (၃၄.၃%) သည် နိုင်ငံ့ဥပဒေအရ အမျိုးသမီးများသည် ကိုယ်ထိလက်ရောက် အကြမ်းဖက် မှုခံရမှသာ ရဲစခန်းသို့ တိုင်ကြားနိုင်သည်ဟု ယုံကြည် ကြသည်။

ဖြေဆိုသူတစ်ဝက်နီးပါး (၄၇.၉%) သည် မြေယာပိုင်ဆိုင်မှုတောင်းဆိုသည့်အခါ မြေယာနှင့် ပတ်သက်သည့် တရားဝင်စာရွက်စာတမ်းများသည် အခိုင်မာဆုံးဖြစ်သည်ဟု ယုံကြည်ကြပြီး ဖြေဆိုသူအနည်းငယ် (၄၃.၄%) သည် ရပ်ရွာအသိအမှတ်ပြု ဘိုးဘွားပိုင်မြေသည်လည်း အလားတူခိုင်မာသော အထောက်အထားဖြစ်သည်ဟု ယုံကြည်ကြသည်။

## ဥပဒေအသိပညာပေးခြင်း

ဤသုသေသနပြု လေ့လာမှုတွင် ပါဝင်ကြသော ရခိုင်ပြည်နယ် အစိုးရအရာရှိများ အားလုံးသည် ဥပဒေအကြောင်းအရာများ အသိပညာပေးခြင်းအား အရေးကြီးသည်ဟုယူဆကြသည်။ ဥပဒေနှင့် ပတ်သက်၍ ပြည်သူလူထုအား အသိ ပညာပေးမှုအနေဖြင့် အကြောင်းပြချက်ပေးသည်မှာ-

- မှုခင်းများလျော့ကျသွားမည်ဖြစ်သည်၊
- လူထုအနေနှင့် ၎င်းတို့အပြုအမူ၏အပြစ်ဒဏ်နှင့် အကျိုးဆက်များကို သိရှိလာမည်ဖြစ် သည် (ဆိုလိုသည်မှာ ထောင်ကျမည်၊ မိသားစုခံစား ရမည်၊ ရှေ့ရေးအတွက်ပါ ဆက်လက်ခံစားရမည်)၊
- လူထုအနေနှင့် မလုပ်ရမည့် အရာများကို နားလည် သဘောပေါက်လာမည် (ဥပမာအားဖြင့် လိင်ပိုင်းဆိုင်ရာစော်ကားခံရမှုမှ ကာကွယ်ရန် သမီးမိန်းခလေးများကို အိမ်တွင်တစ်ယောက်တည်းထားခဲ့ရန် မသင့်ခြင်း)၊
- လူထုအနေနှင့် ၎င်းတို့၏ အခွင့်အရေးနှင့် တာဝန်တို့ကို သိရှိလာမည်၊
- လူထုနှင့် တရားမျှတရေးစနစ်အကြား ပိုမိုကောင်းမွန်သောပူးပေါင်းဆောင်ရွက်မှုရှိလာမည်ဖြစ်သည်၊
- တရားစီရင်ရေး အင်စတီကျူးရှင်းများကို လူထုအနေဖြင့် ယုံကြည်မှုတိုးလာမည်ဖြစ်သည်၊
- လူထုအနေဖြင့် တရားမျှတရေးစနစ်အား မည်သို့ချဉ်းကပ်ဆောင်ရွက်ရမည်ကို ပိုမိုသိရှိ လာမည်၊
- တရားမျှတရေး ကဏ္ဍ၏ စောင့်ကြည့်ထိန်းကျောင်းမှုတွင် ပြည်သူလူထု ပါဝင်ဆောင်ရွက်နိုင်လာမည်တို့ဖြစ်သည်။

---

[၃၄] ရာဇသတ်ကြီး ၁၈၆၁၊ ပုဒ်မ ၅၀၃

ပြည်နယ်အရာရှိများနှင့် ဥပဒေအရာရှိများသည် ၎င်းတို့ဆောင်ရွက်နေသည့် ဥပဒေပညာပေးခြင်းများကို ရှင်းပြကြသည်။ ထိုလုပ်ငန်းစဉ်သည် အကြောင်းအရာပေါင်းများစွာကို လူထုနှင့်ဆက်သွယ်ပြောဆိုဖြေရှင်းဆောင်ရွက်ခြင်းဖြစ်သည်။ ထိုအကြောင်းအရာများတွင် လူမှောင်ခိုကူးခြင်း၊ အမျိုးသမီးများအား အကြမ်းဖက်ခြင်း၊ ကလေးသူငယ် အကာအကွယ်ပေးရေး၊ မူးယစ်ဆေးဝါး၊ မှုခင်း အခြေအနေ၊ အရက်မူးပြီး ကားမောင်းခြင်း၊ ယာဉ်မတော်တဆမှုများနှင့် ရွေးကောက်ပွဲဥပဒေများအကြောင်းတို့ ပါဝင်သည်။ သတ်သတ်မှတ်မှတ် ဆောင်ရွက်ချက်များအနေဖြင့် မြို့နယ်မှုခင်းကျဆင်းရေး ကော်မတီနှင့် ပူးပေါင်းဆောင်ရွက်မှု၊ အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုပပျောက်ရေး အပြည်ပြည်ဆိုင်ရာနေ့ အထိမ်းအမှတ် အခမ်းအနားများတွင် မိန့်ခွန်းပြောခြင်း၊ သို့မဟုတ် ယဉ်ကျေးမှုနှင့် စာပေဟောပြောပွဲများ ပြုလုပ်ခြင်းတို့ဖြစ်သည်။ ထိုကဲ့သို့ လှုပ်ရှားမှုများကို ကျောင်းများ၊ ဒေသန္တရ အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများအား ဖိတ်ကြား၍ မြို့နယ်အစည်းအဝေးများပြုလုပ်ခြင်း၊ သို့မဟုတ် တာဝန်ရှိသူများမှ ကျေးရွာများသို့ ကွင်းဆင်း ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

တာဝန်ရှိသူအများစုသည် ဥပဒေဆိုင်ရာ ပညာပေးခြင်းလုပ်ငန်းကိုမကြာခဏပြုလုပ်လိုကြသော်လည်းလူသားအရင်းအမြစ်မလုံလောက်ခြင်းနှင့် ဝေးလံခေါင်ဖျားဒေသများသို့ သွားလာရေးခက်ခဲခြင်းစသည့် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသည်။ အများဆုံးကြုံတွေ့ရသည့် စိန်ခေါ်မှုမှာ စာမတတ်သူအများစုနှင့် ဆုံတွေ့ရသည့်အခါ အခြားပြောဆိုဆက်သွယ်စရာ နည်းလမ်းမရှိခြင်းနှင့် တစ်ချို့ဒေသများတွင် လျှပ်စစ်မီးမရရှိခြင်းတို့ဖြစ်သည်။ ဥပဒေဆိုင်ရာ အသိပညာမရှိခြင်းနှင့် ရခိုင်ပြည်နယ်အတွင်း ယေဘုယျအားဖြင့် ပညာရေးအဆင့် နိမ့်ကျခြင်းတို့သည်လည်း စိန်ခေါ်မှုများဖြစ်သည်။ တာဝန်ရှိသူများက အကြံပြုသည်မှာ ဥပဒေ ဆိုင်ရာ ပညာပေးခြင်းလုပ်ငန်းကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ဥပမာအားဖြင့်-

- ဒေသသုံး ဘာသာစကားဖြင့် ပြောဆိုခြင်း၊
- မိတ်ဆွေ၊ မိသားစုပုံစံဆန်သော သင်တန်းများ ပို့ချခြင်း၊
- လူမှုမီဒီယာမှတစ်ဆင့် သတင်းစကားပေးခြင်း၊
- ပြည်နယ်အရာရှိများအား ဥပဒေဆိုင်ရာ ပညာပေးခြင်းလုပ်ငန်းများအတွက် ထောက်ပံ့ကြေးများပေးခြင်း တို့ဖြင့် ဆောင်ရွက်နိုင်သည်။

*အနှစ်ချုပ်ပြောရလျှင် ဖြေဆိုသူများ၏ နေ့စဉ်ပြောဆိုသုံးနှုန်းမှုများသည် တရားမျှတရေးစနစ်အပေါ် ကျွမ်းဝင်မှုရှိမရှိ ဖော်ညွှန်းရလျှင် ၎င်းတို့သည် ကျွမ်းဝင်မှုမရှိကြောင်း သိသာထင်ရှားလှသည်။ ၎င်းတို့သည် ဥပဒေအရာရှိ၊ ရှေ့နေ၊ တရားရုံး၊ တရားသူကြီးများထက် ရဲများနှင့် ပိုမိုထိစပ်မှုရှိသည်။*

*ဖြေဆိုသူများသည် ဥပဒေကို မသိကြသလို တခါတရံ နားလည်မှုလည်း လွဲမှားကြသည်။ သို့သော်လည်း သုံးပုံ နှစ်ပုံအထက်သည် မြန်မာနိုင်ငံတွင် ဥပဒေ ရှေ့မှောက်တူညီသော အခွင့်အရေးများကို လူတိုင်းမရကြကြောင်း ထင်မြင်ကြသည်။*

*တာဝန်ရှိ ပုဂ္ဂိုလ်အများစုသည် ဥပဒေဆိုင်ရာ ပညာပေးခြင်းလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်လိုကြသော်လည်း လူသားအရင်းအမြစ် မလုံလောက်ခြင်း၊ သွားလာရေး ခက်ခဲခြင်း၊ ဝေးလံသည့် ဒေသများမှ ပြည်သူများသည် ပညာအဆင့်အတန်းနိမ့်ကျခြင်းနှင့် စာတတ်သူနည်းပါးခြင်း စသည်များက အတားအဆီးများ ဖြစ်နေပါသည်။*




# အခန်း (၄)
# အငြင်းပွားမှုပြဿနာများနှင့် တရားမျှတမှုဆိုင်ရာ ဦးစားပေးပြဿနာများ

ဓာတ်ပုံ - ရသေ့တောင်ရဲစခန်း နှင့် မှုခင်းကင်းမဲ့ဇုံ ဆိုင်းဘုတ်

သုတေသနလေ့လာမှု ပထမမေးခွန်းမှာ ပြည်သူများ တရားမျှတမှုရရှိရန် မည်သို့မည်ပုံ ကြိုးစားရှာဖွေကြသနည်း ဖြစ်သည်။

ဖြေဆိုသူများသည် နေ့စဉ်ဘဝတွင် ရဲများ၏အခန်းကဏ္ဍတာဝန်နှင့် လုပ်ငန်းဆောင်ရွက်မှုတို့နှင့် ရင်းနှီးကျွမ်းဝင်သော်လည်း ၎င်းတို့သည် သမားရိုးကျ တရားမျှတရေးစနစ် ဆက်စပ်ထိတွေ့မှု မရှိသလောက်နည်းပါးသည်ကို ရှေ့အခန်းတွင် ညွှန်ပြခဲ့သည်။ သို့ဖြစ်ရာ ထိုသူတို့သည် တရားမျှတမှုဆိုင်ရာ အငြင်းပွားမှုများနှင့် ဦးစားပေးပြဿနာများကို မည်ကဲ့သို့ ကြိုးစား အဖြေရှာသနည်း။

ဤအခန်းတွင် တစ်ဦးချင်း/အိမ်ထောင်စုအဆင့်နှင့် ရပ်ရွာလူအဖွဲ့အစည်းအဆင့် ပေါ်ပေါက်ဖြစ်ပွားသည့် တရားမျှတမှုဆိုင်ရာ အဓိက အငြင်းပွားမှုများနှင့် ဦးစားပေး ပြဿနာများကို သတ်မှတ်ဖော်ထုတ်ပြီး ဖြေဆိုသူများ၏ ပါဝင်ပတ်သက်ပုံကိုလည်း ဖော်ပြထားသည်။ ထို့နောက် ၎င်းတို့အတွက် အရေးပါသည်ဟု သတ်မှတ်သည့် ဆုံးရှုံးနစ်နာမှု၊ ပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းအားထုတ်ပုံ နည်းလမ်းများနှင့် အောင်မြင်မှုအတိုင်းအတာတို့ကိုဆန်းစစ်ထားသည် (အခန်း ၅ တွင်လည်း ဖတ်ရှုနိုင်)။

# တစ်ဦးချင်း/အိမ်ထောင်စုအဆင့်


တရားမျှတမှုနှင့် ပတ်သက်သည့် ပြည်သူများ၏ ဦးစားပေးစိုးရိမ်မှု သဘော သဘာဝကို နားလည်သဘောပေါက်ရန် အလို့ငှာ လွန်ခဲ့သည့် ၁၂ လတာကာလအတွင်း ဖြစ်ပွားခဲ့သော (သို့မဟုတ် ဆက်လက်ဖြစ်ပွားနေသော) ပြဿနာအငြင်းပွားမှု အတိုင်းအတာပမာဏနှင့် ဖြစ်စဉ်အကြိမ်အရေအတွက်များကို စတင်စူးစမ်းဖော်ထုတ်သည်။

## အငြင်းပွားမှုပြဿနာ အမျိုးအစားများ

ဖြေဆိုသူ ၃၃၂ ဦးအနက် ၁၀၂ ဦး (သုံးပုံ တစ်ပုံ) က ၎င်းတို့၏အိမ်ထောင်စုသည် ပြီးခဲ့သော ၁၂ လတာကာလအတွင်း အငြင်းပွားမှု အနည်းဆုံးတစ်ကြိမ် တွေ့ကြုံခဲ့ရသည်ဟုဆိုသည်။ ယင်းအငြင်းပွားမှုများသည် လိင်ပိုင်ဆိုင်ရာ စော်ကားမှုမှအပ ပေးထားသောစာရင်းမှ အမှုအခင်း ၂၂ မျိုးအပါအဝင် များပြားသော ကိစ္စရပ်များနှင့် ပတ်သက်ဆက်နွယ်နေသည်။ [၃၅]

အဖြစ်အများဆုံး အငြင်းပွားမှုပြဿနာများသည် မွေးစာရင်းနှင့် မှတ်ပုံတင်အထောက်အထား စာရွက်စာတမ်း ရယူမှုနှင့်ဆိုင်သည့် အခက်အခဲများနှင့် ဆက်စပ်နေ

ပုံ ၄.၁ အငြင်းပွားမှုပြဿနာ အမျိုးအစားများ




၃၅ ယင်းကဲ့သို့သော အငြင်းပွားမှုများသည် ၎င်းတို့၏သဘောသဘာဝအရ သတင်းပို့တိုင်တန်း တင်ပြခြင်း နည်းပါးနိုင်ချေရှိသည်။

သည် (ဖြေကြားသူ ၃၃ ဦး)။ အလားတူ အငြင်းပွားမှုများသည် အခြားသူများထံမှရရန်ရှိသည့် အကြွေးပြန်လည်ရယူလိုမှုနှင့် ဆက်စပ်နေပြီး (ဖြေဆိုသူ ၂၈ ဦး)၊ မြေယာဆိုင်ရာ အငြင်းပွားမှုသည် (ဖြေဆိုသူ ၁၇ ဦး) နှင့်လည်း ဆက်စပ်နေသည် (ပုံ ၄.၁)။


## အငြင်းပွားမှု အတိုင်းအတာပမာဏ

သုတေသန လေ့လာမှုတွင် ပါဝင်ဖြေဆိုသူ ၁၀၂ ဦးသည် အငြင်းပွားမှုပြဿနာ၂၉၅ မှုတွင်ပါဝင်ပတ်သက်ခဲ့သည်ဟု ဆိုသည်။ ( ပုံ ၄.၂ )။

အခြားငြင်းပွားမှုများသည် အကြိမ်အရေအတွက် နည်းပါးပြီး၊ မြေယာဆိုင်ရာအငြင်းပွားမှုများ (၆.၈ ရာခိုင်နှုန်း; ၂၉၅ မှ အနက် ၂၀ မှု)၊ အာဏာပိုင်တို့၏ ဖမ်းဆီးချုပ်နှောင်မှု (၅.၈ ရာခိုင်နှုန်း; ၂၉၅ မှ အနက် ၁၇ မှု)၊ လာဘ်ပေးလာဘ်ယူ/ အဂတိလိုက်စားမှု (၅.၁ ရာခိုင်နှုန်း; ၂၉၅ မှ အနက် ၁၅ မှု) နှင့် သစ်တောဆိုင်ရာအငြင်းပွားမှု (၅.၁ ရာခိုင်နှုန်း; ၂၉၅ မှ အနက် ၁၅မှု) ဖြစ်ပွားခဲ့သည်။ ယင်းအငြင်းပွားမှုပုံစံ (၆) မျိုးသည် မကြာခဏ ဖြစ်ပွားလေ့ရှိပြီး၊ ဖြစ်စဉ် ၂၉၅ မှ အနက် ၂၀၆ မှု ရှိခဲ့သည်။

အငြင်းပွားမှု ၂၀၆ မှုအနက် ၁၄၃ အမှုသည် ငွေရေးကြေးရေးအရ ဆုံးရှုံးနစ်နာမှုကို ကြုံတွေ့ခဲ့သည်ဟု

ပုံ ၄.၂ အမှုဖြစ်ပွားသည့် အကြိမ်အရေအတွက်




အခြားသူများထံမှရရန်ရှိသည့် အကြွေးပြန်လည်ရယူလိုမှုနှင့် ပက်သက်သော အငြင်းပွားမှုများသည် အဖြစ်အများဆုံးဖြစ်ပြီး အခြားအငြင်းပွားမှုပုံစံထက် မကြာခဏ ပိုမိုဖြစ်ပွားပြီး၊ အငြင်းပွားမှု စုစုပေါင်း၏ ၂၉.၅ ရာခိုင်နှုန်း (၂၉၅ မှ အနက် ၈၇ မှု) ရှိသည်ဟု ဖော်ပြခဲ့သည်။ မွေးစာရင်း နှင့်မှတ်ပုံတင်အထောက်အထား စာရွက်စာတမ်းရယူမှုနှင့်ဆိုင်သည့် အငြင်းပွားမှုပြဿနာမှာ ၁၇.၆ ရာခိုင်နှုန်း (၂၉၅ မှ အနက် ၅၂ မှု) ဖြစ်သည်။ ဖြေဆိုသူများက ဆိုကြသည်။ လာဘ်ပေးလာဘ်ယူ/အဂတိလိုက်စားမှုမှအပ အခြားအမှုများအားလုံးတွင် ပစ္စည်းဆုံးရှုံးမှု (၃၁) မှု ရှိခဲ့ပြီး၊ သစ်တောဆိုင်ရာအမှုများ၊ အာဏာပိုင်တို့၏ ဖမ်းဆီးချုပ်နှောင်မှုများနှင့် မှတ်ပုံတင်အထောက်အထား စာရွက်စာတမ်း ရယူမှုနှင့်ဆိုင်သည့် အငြင်းပွားမှု စသည်များတွင် ခန္ဓာကိုယ်နာကျင်စေမှု ၁၁ မှုရှိသည်။ အငြင်းပွားမှုများ၏ ထက်ဝက်ကျော် (၂၀၆ မှုအနက် ၁၁၃မှု) သည် အရပ်သားအချင်းချင်းကြားဖြစ်ပွားပြီး၊ ကျန်ရှိနေသော ပြဿနာ

များ (၂၀၆ မှုအနက် ၉၃ မှု) သည်အစိုးရတာဝန်ရှိပုဂ္ဂိုလ်များကို အကြောင်းပြု၍ ဖြစ်ပေါ်သည်။

အခြားသူများထံမှရရန်ရှိသည့် အကြွေးပြဿနာနှင့်ပက်သက်၍ ဖြေဆိုသူအများစုက (အငြင်းပွားမှု ၈၇ မှု အနက် ၇၈ မှု) သည် ၎င်းတို့ရပ်ရွာမှ (သို့မဟုတ်) အခြားသူများဖြစ်ကြောင်း ဖော်ထုတ်ပြောဆိုသည်။ အမှုပြဿနာဖြစ်သည့် အခြားတစ်ဖက်တွင် ဖြေဆိုသူများ၏ လူမှုအသိုင်းအဝိုင်းမှ အစုအဖွဲ့များနှင့် မိသားစုဝင်များလည်း ပါဝင်သည်။

ဂရုပြုသင့်သည့် အခြားလေ့လာတွေ့ရှိချက် (၂) ချက်ရှိသည်။ ပထမတစ်ချက်မှာ အခြားသူများထံမှ ရရန်ရှိသည့် အကြွေးပြဿနာနှင့်ပတ်သက်၍ ဖြေဆိုသူများအား ကိုးကွယ်သည့် ဘာသာအလိုက် ခွဲကြည့်ပါက ဖြစ်ပွားသည့်အကြိမ်အရေအတွက်သည် ဗုဒ္ဓဘာသာဝင်နှင့် မွတ်စလင်ဖြေဆိုသူများ အကြားတွင် ဆတူနီးပါးရှိသည် (အငြင်းပွားမှု ၄၄ နှင့် ၄၃ မှု)။ ဒုတိယအချက်မှာ ကြွေးမြီပြဿနာနှင့် ပက်သက်၍ တိုင်ကြားခဲ့သော ဖြစ်ပွားမှုနှုန်းမြင့်မားသော်လည်းအကြွေးပြန်ဆပ်မှုအားဖော်ထုတ်တင်ပြခြင်းမှာ သိသိသာသာနည်းပါးပြီး (၃.၇ ရာခိုင်နှုန်း) သာရှိသည်။ ယင်းမှာ အကြွေးပြန်မဆပ်မှုများ ပျံ့နှံ့စွာရှိနေ သော်လည်း တိုင်တန်းတင်ပြခြင်း နည်းပါးမှုကြောင့် ဖြစ်နိုင်သည်။

မွေးစာရင်းနှင့် မှတ်ပုံတင်အထောက်အထား စာရွက်စာတမ်းရယူခြင်းဆိုင်ရာ ပြဿနာများနှင့် ပက်သက်၍ယေဘုယျအားဖြင့် ဖြေဆိုသူများက (၅၂ မှု အနက် ၃၅ မှု) မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် ဖြစ်ပွားရသည်ဟု ထုတ်ဖော်ပြောဆိုသည်။ ပြည်နယ်အစိုးရအဖွဲ့၊ မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆေးရုံများ၊ ရပ်ကျေးအုပ်ချုပ်ရေး၊ အစိုးရကျောင်းများ၊ နယ်မြေခံ ရဲကင်းစခန်း၊ အခြားအစိုးရဝန်ထမ်းများ၊ အခြားလူမှုအသိုင်းအဝန်းများမှသူများ၊ မိသားစုဝင်များနှင့်လည်း အငြင်းပွားမှုများ ဖြစ်ပွားရသည်ဟု ဆိုသည်။ စာရွက်စာတမ်းအထောက်အထားများနှင့် ဆိုင်သည့် အငြင်းပွားမှု ၅၂ မှုအနက် မွတ်စလင် ဖြေဆိုသူများက ၄၄ မှု ကို ကြုံတွေ့ခဲ့ရပြီး၊ ဗုဒ္ဓဘာသာဝင်နှင့် ဟိန္ဒူဘာသာဝင် ဖြေဆိုသူများက ကျန်ရှိနေသော ၈ မှုကို ကြုံတွေ့ခဲ့သည်။

မြေယာဆိုင်ရာ အငြင်းပွားမှုအများစုသည် ပုဂ္ဂလိက သဘောသဘာဝဖြစ်ပုံရပြီး၊ မိမိရပ်ရွာထဲမှ သို့မဟုတ် အခြားရပ်ရွာများမှ ပုဂ္ဂိုလ်များ၊ မိသားစုဝင်များ နှင့် ဖြစ်ပွားကြသည် (အငြင်းပွားမှု ၂၀ အနက် ၁၇ မှု)။ အမှုအနည်းငယ်သည် ပြည်နယ်အစိုးရအဖွဲ့၊ မြို့နယ်မြေစာရင်းရုံးတို့နှင့် ဖြစ်ပွားသည်ဟုဆိုသည်။ ဗုဒ္ဓဘာသာဝင် ဖြေဆိုသူများသည် မြေယာဆိုင်ရာအမှု ၂၀ အနက် ၁၅ မှုကို တိုင်ကြားခဲ့ပြီး၊ ကျန်အမှုများကို မွတ်စလင်နှင့် ခရစ်ယာန် ဖြေဆိုသူများမှ ဖော်ထုတ် ပြောဆိုကြသည်။

ဖမ်းဆီးချုပ်နှောင်မှုဖြစ်စဉ် ၁၇ မှု အနက် ၁၃ မှုတွင် နယ်ခြားစောင့်ရဲ၊ တပ်မတော်နှင့် ဒေသခံရဲကင်းစခန်းများမှ တာဝန်ရှိသူများနှင့် လုံခြုံရေးအရာရှိများ၏ ဖမ်းဆီးမှုကို ခံခဲ့ရသည်ဟုဆိုသည်။ မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (သို့မဟုတ်) စည်ပင်သာယာရေးရုံးများအားလည်း ညွှန်းဆိုသည်။ ဖမ်းဆီးမှုဖြစ်စဉ် ၁၇ မှုအနက် ၁၅ မှုမှာ မွတ်စလင် ဖြေဆိုသူများဖြစ်ပြီး ကျန် ၂ မှုမှာ ဗုဒ္ဓဘာသာဝင် ဖြေဆိုသူများက ထုတ်ဖော်ပြောဆိုသည်။

လာဘ်ပေးလာဘ်ယူ / အဂတိလိုက်စားမှုဟု စွပ်စွဲထားသော အမှု ၁၅ မှုအနက် ၆ မှုသည် မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ပြည်နယ်အစိုးရ၊ စီးပွားရေးလုပ်ငန်းများ၊ မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနများနှင့်ဖြစ်ပွားခဲ့သည်ဟုဖြေဆိုသူများကဆိုသည်။ လာဘ်ပေး လာဘ်ယူ/အဂတိလိုက်စားမှု ၁၅ မှု အနက် ၁၁ မှုကို မွတ်စလင် ဖြေဆိုသူများက ကြုံတွေ့ခဲ့ရသည်။

မြို့နယ် သစ်တောဦးစီးဌာနသည် သစ်တောဆိုင်ရာ အငြင်းပွားမှု ၁၅ မှုအနက် ၁၂ မှုတွင် အဓိကတစ်ဖက်အဖွဲ့ ဖြစ်သည်ဟု ဖြေဆိုသူများက ထုတ်ဖော်ပြောဆိုသည်။ အခြား သစ်တောနှင့်ပက်သက်သော အငြင်းပွားမှုများသည် တပ်မတော်၊ ရပ်ရွာအုပ်ချုပ်ရေးနှင့် ဖြေကြားသူများ၏ ရပ်ရွာမှ လူများနှင့် ဆက်စပ်နေသည်။ မွတ်စလင်ဖြေဆိုသူများသည် ၁၅ မှု အနက် ၁၃ မှုကို တိုင်ကြားခဲ့သည်။

## တရားမျှတမှုဆိုင်ရာ ဦးစားပေးပြဿနာများ


လွန်ခဲ့သော ၁၂ လအတွင်း အငြင်းပွားမှုတစ်ခုတွင် ပါဝင်ခဲ့သောဖြေဆိုသူ ၁၀၂ ဦးသည် ၎င်းတို့အရေးကြီးဆုံးဟု သဘောထားသည့် ပြဿနာကို ဖော်ပြကြသည် ( ပုံ ၄.၃ တွင်ရှု ) [၃၆]။

ဤအချက်ကို စိုးရိမ်မှုအကြီးမားဆုံးဖြစ်စေသည့် အမှုပြဿနာများ ဖြေရှင်းသည့် လမ်းကြောင်းများကို ခြေရာကောက်ရန် အသုံးပြုသည် (အခန်း ၅၊ ပုံ ၅.၁ တွင်ရှု)။ အများဆုံး တိုင်ကြားခဲ့သော အငြင်းပွားမှု ပုံစံသုံးမျိုးသည် အရေးကြီးဆုံး ပြဿနာများအဖြစ် ယူဆခြင်းခံရသည်။

---

၃၆ လွန်ခဲ့သော ၁၂ လ အတွင်း ကြုံတွေ့ခဲ့သော တစ်ခုတည်းသော အငြင်းပွားမှုကို ဖော်ထုတ်ပြောဆိုခဲ့သာ ဖြေဆိုသူ ၆၄ ဦးအတွက် ယင်း အငြင်းပွားမှုသည် သူတို့၏ အကြီးမားဆုံး ပြဿနာအနေနှင့် မှတ်တမ်းတင် ထားသည်။

ပုံ ၄.၃ တရားမျှတမှုဆိုင်ရာ ဦးစားပေးပြဿနာများ




အငြင်းပွားမှု၏ ပုံစံများ၊ ဖြစ်ပွားမှုနှုန်းနှင့် ဦးစားပေးကိစ္စရပ်များအကြား နှိုင်းယှဉ်မှု (ဇယား ၄.၁၊ နောက်ဆက်တွဲ) တွင် ဖြေဆိုသူများက တစ်ခုတည်းသော ကိစ္စရပ်ကို ဦးစားပေးအနေနှင့် ရွေးချယ်ခဲ့သော်လည်း အချို့ဖြေဆိုသူများက အငြင်းပွားမှုပုံစံမျိုးစုံအား ကြုံတွေ့ခဲ့ရကြောင်း ဖော်ပြသည်။

အကျဉ်းချုပ်အားဖြင့် ဖြေဆိုသူသုံးဦးတွင် တစ်ဦးသည် တစ်နှစ်တာကာလအတွင်းတွင် အနည်းဆုံး အငြင်းပွားမှုတစ်ခု ကြုံတွေ့ခဲ့သည်။ ယေဘုယျ အရေအတွက်အများဆုံး အငြင်းပွားမှုများမှာ မွေးစာရင်းနှင့်မှတ်ပုံတင်အထောက်အထား စာရွက်စာတမ်းရရှိမှုနှင့် ပတ်သက်သည့်ပြဿနာများဖြစ်သည်။ ယင်းနောက် အခြားသူများထံမှ ရရန်ရှိသည့် အကြွေးပြန်လည်ရယူလိုမှုနှင့် မြေယာဆိုင်ရာ အငြင်းပွားမှုများ ဖြစ်သည်။


ကြွေးမြီဆိုင်ရာ အငြင်းပွားမှုများသည် အခြားအငြင်းပွားမှုပုံစံများထက် မကြာခဏ သိသာထင်ရှားစွာ ဖြစ်ပွားခဲ့ပြီး၊ တစ်ဦးချင်းကြားတွင် အများဆုံးဖြစ်ပွားသည်။ အကြွေးပြန်မဆပ်မှုများ ပျံ့နှံ့စွာရှိနေသော်လည်း တိုင်တန်းတင်ပြခြင်း နည်းပါးမှုများလည်း ရှိနိုင်သည်။

မွတ်စလင်ဖြေဆိုသူများသည် အငြင်းပွားမှုများ၊ တရားမျှတရေးနှင့် ပက်သက်သော ကိစ္စရပ်များတွင် အချိုးအစားမမျှစွာ ပါဝင်ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသည်။ ၎င်းတို့က မှတ်ပုံတင် အထောက်အထား စာရွက်စာတမ်းနှင့် ဆိုင်သည့် အငြင်းပွားမှု ၅၂ မှု အနက် ၄၄ မှု၊ အာဏာပိုင်တို့၏ ဖမ်းဆီးမှု ၁၇ မှု အနက် ၁၃ မှု၊ လာဘ်ပေးလာဘ်ယူ/အဂတိလိုက်စားမှု ၁၅ မှု အနက် ၁၁ မှုနှင့် သစ်တောဆိုင်ရာ အငြင်းပွားမှု ၁၅ မှုအနက် ၁၃ မှု တို့ကို ထုတ်ဖော်ပြောဆိုခဲ့သည်။

# ရပ်ရွာလူ့အသိုင်းအဝိုင်းအဆင့်

အကျယ်တဝင့်ဆိုရလျှင် ဖြေဆိုသူများ (သို့မဟုတ်) ရပ်ရွာအသိုင်းအဝိုင်း ခေါင်းဆောင်များသည် တူညီသော အကြောင်းအရာ ကိစ္စရပ်များကို အခြားလူများကဲ့သို့ ရှင်းလင်းစွာပြောဆိုခဲ့ကြသည်။ ယင်းကိစ္စရပ်များသည် လူတစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုတစ်စုချင်းကိုသာ သက်ရောက်သော သီးခြားဖြစ်ရပ်များထက် လူ့မှုအသိုင်းအဝိုင်း တစ်ရပ်လုံးနှင့်ဆိုင်သော ကိစ္စရပ် (သို့မဟုတ်) ပြဿနာဖြစ်လာသည်ဟု ဆိုရလောက်အောင် ထင်ရှားမှုရှိသည်။ ပုံ ၄.၄ သည် ရခိုင်ပြည်နယ် ကွဲပြားသော နေရာဒေသများရှိ လူမျိုးစုဘာသာရေးအုပ်စုများနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တင်ပြထားသည်။

ပုံ ၄.၄ ရပ်ရွာလူ့အသိုင်းအဝိုင်းအဆင့် တရားမျှတမှုဆိုင်ရာ ဦးစားပေးပြဿနာများ




## အများပြည်သူမလုံခြုံမှုနှင့် တရားမ အငြင်းပွားမှုများ

ရခိုင်ပြည်နယ်တစ်ဝန်း သုတေသနလေ့လာမှုတွင် ပါဝင်ဆွေးနွေးသူများက အများပြည်သူမလုံခြုံမှုနှင့် တရားမ အငြင်းပွားမှုများနှင့် ပက်သက်သော ပြဿနာများကို ယေဘုယျတိုင်ကြားခဲ့သည်။ အများပြည်သူ့ မလုံခြုံမှုမှာ အရက်သေစာသောက်စား မူးယစ်ရာမှ ဆူပူရမ်းကားသည့် အဆင့်သို့ ဦးတည်ပြီး ဆူပူအော်ဟစ်ခြင်း၊ နှုတ်နှင့် ဆိုင်သောစော်ကားမှုနှင့် ခိုက်ရန်ဖြစ်ခြင်းများကို ဖြစ်စေသည်ဟုဆိုသည်။

ရပ်ကွက်တစ်ခုတွင် ဖြေဆိုသူများသည် ရဲလုပ်ငန်း မလုံလောက်မှုနှင့် လာဘ်ပေးလာဘ်ယူမှုများသည် ပြည်သူကို အနှောင့်အယှက်ဖြစ်စေသည့် အကြောင်းအရာများအား ပိုမိုဆိုးရွားစေသည်ဟု ဖော်ပြသည်။

"ဒီနေရာမှာ တရားမဝင် အရက်ဆိုင်တွေကို တင်းတင်းကျပ်ကျပ် အရေးမယူကြဘူး။ ရပ်ကွက်ထဲ အရက်ဆိုင်တွေက ညလုံးပေါက်ဖွင့်ကြတယ်။ လူတွေ အရက်သောက်ပြီး မူးကြတယ်။ အရက်မူးနေတဲ့ လူတွေက အော်ဟစ်၊ ရန်ဖြစ်ကြနဲ့ ရပ်ကွက်ထဲမှာ ညကြီးသန်းခေါင်မှာတောင် ဆဲဆိုနေကြတယ်။ ရန်ဖြစ်လို့ ခေါ်ရင် ရဲတွေရောက်လာတယ်။ ဒါပေမဲ့ သူတို့ ဘယ်တော့မှ ပြဿနာကို မဖြေရှင်းပေးဘူး။ နှစ်ဖက်လုံးက ရဲတွေကို ငွေပေးရတယ်"

ထိုရပ်ကွက်အတွင်းမှ အသက်အရွယ်ကြီးသော၊ လေးစားခံရသော ပုဂ္ဂိုလ်တစ်ဦးကလည်း ထိုတရားမဝင် အရက်ဆိုင်များသည် တရားဥပဒေစိုးမိုးရေးအရာရှိများကို ပိုက်ဆံ ပေးထားသောကြောင့် ဆိုင်ဆက်ဖွင့်နိုင်တယ်လို့ စွပ်စွဲပြောဆိုခဲ့သည်။

ဖြေဆိုသူများက ရပ်ရွာအတွင်း တစ်ဦးနှင့်တစ်ဦးဖြစ်ပွားသည့် အကြွေးကိစ္စ၊ ပုဂ္ဂလိက မြေယာဆိုင်ရာ အငြင်းပွားမှုများ ကဲ့သို့သော အသေးစားပြဿနာ အငြင်းပွားမှုများလည်း ရှိသည်ဟုဆိုသည်။ ထုံးစံအရ ပုဂ္ဂလိက မြေယာ အငြင်းပွားမှုများသည် မြေယာနယ်နိမိတ်များ သတ်မှတ်ချက်အပေါ် အယူအဆ ကွဲလွဲခြင်းနှင့် မြေယာအမွေဆက်ခံခြင်းများ ပါဝင်သည်။

## နိုင်ငံတော်အာဏာ အလွဲသုံးစားပြုလုပ်ခြင်း

သုတေသန လေ့လာမှုတွင် ပါဝင်ဖြေဆိုသူများက အစိုးရ တာဝန်ရှိသူများ၏ အတင်းအဓမ္မ လုပ်ရပ် အပြုအမူများကို ပုံမှန် စေ့စပ်ဆွေးနွေးနေရသည်ဟုဆိုသည်။ နယ်ခြားစောင့် ရဲတာဝန်ကျရာ သုတေသနလေ့လာသည့် နေရာဒေသများတွင် ၎င်းတို့နှင့် ပတ်သက်သောတိုင်တန်းခြင်းများကို ကျယ်ကျယ်ပြန့်ပြန့်မဟုတ်သော်ငြားလည်း မကြာခဏ ကြားရသည်။ အခြားနေရာများတွင် ဖြေဆိုသူများသည် မြို့နယ်ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေး အရာရှိများနှင့် လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများကို မကျေနပ်ကြောင်း ဖော်ပြကြသည်။

ကျေးရွာတစ်ရွာ၌ ရွာနားရှိသစ်တောတွင် ရွာသားများကိုသစ်ခုတ်ရန် ခွင့်ပြုသောပြေစာကို ရရှိရန်အတွက် သစ်တောဦးစီးဌာနဆီသို့ လစဉ်ကြေးအခွန်ပေးဆောင် နေသော်ငြားလည်း နယ်ခြားစောင့်ရဲများနှင့် အခွန်ဝန်ထမ်းများက ဖမ်းဆီးချုပ်နှောင်ခြင်း၊ ပိုက်ဆံ အတင်းအဓမ္မ ကောက်ခံခြင်းများကိုခံရသည်ဟု ဖြေဆိုသူများက ဆိုကြသည်။ တောများတွင်ဖမ်းမိသည့် သစ်ခုတ်သမားများ သည် တစ်ခါတစ်ရံ ရိုက်နှက်ခံရခြင်း၊ တောထဲတွင် အတင်းအကြပ် ထိုင်ခိုင်းထားပြီး ၎င်းတို့ကိုယ်တိုင် (သို့မဟုတ်) ရွာမှတစ်စုံတစ်ယောက်က ငွေပေးဆောင်မှ ပြန်လွှတ်လာကြသည်။ သစ်ခုတ်သမားတစ်ဦးစီ၏ ပုံပန် သဏ္ဌာန်ပေါ်မူတည်၍ ပေးဆောင်ရသော ပမာဏမှာ ၁၀,၀၀၀ ကျပ်မှ ၃၀,၀၀၀ ကျပ် အထိ ဖြစ်သည်။ ဖြစ်နိုင်လျှင် သစ်ရောင်းပြီးမှ ပေးခွင့်ပြုရန် သစ်ခုတ်သမားများက တာဝန်ရှိသူများနှင့် ညှိကြရသည်။ ယင်းကဲ့သို့ သစ်ခုတ်လှဲခြင်းကိစ္စနှင့်ပတ်သက်၍ ဖြေဆိုသူများက ထိုကဲ့သို့ ငွေအဓမ္မကောက်ခံခြင်းများကို တစ်နှစ်လျှင် သုံးကြိမ်ခန့် ကြုံတွေ့ရသည်ဟုဆိုသည်။

ထိုကျေးရွာ၌ပင် ကလေးသေဆုံး၍ သင်္ဂြိုလ်ခြင်းကို လုပ်ဆောင်ရန်အလို့ငှာ သေစာရင်းလုပ်ရာတွင် နယ်ခြားစောင့်ရဲအဆင့်ဆင့်ကို ငွေကြေးပမာဏအမြောက်အများပေးရသည်ဟု ဖြေဆိုသူများက ပြောကြသည်။ သူတို့သည် နယ်မြေခံစခန်းရှိ တာဝန်ရှိသူများကို ၁၀၀,၀၀၀ ကျပ်၊ အခြားအဆင့်မြင့် အရာရှိများကို နောက်ထပ် ၂၀၀,၀၀၀ မှ ၃၀၀,၀၀၀ ကျပ် ပေးရသည်ဟု ဖြေဆိုသူများက ဖော်ပြခဲ့သည်။ ထိုအခြေအနေသည် မိအေးနှစ်ခါနာဟူသော အဆိုအတိုင်း ဝမ်းနည်းပူဆွေးမှုကို နှစ်ကြိမ် ခံစားရသည်ဟု ဖော်ညွှန်းသည်။

အခြားကျေးရွာတစ်ရွာတွင် လမ်းဘေးဈေး သည်များက နယ်ခြားစောင့်ရဲများသည် ငွေပေးချေခြင်း မရှိဘဲ သူတို့၏ ကုန်ပစ္စည်းများကို ပုံမှန်ယူခြင်း၊ ခရီးလမ်းကြောင်းတလျှောက်ရှိ စစ်ဆေးရေးဂိတ်များတွင် အနှောင့်အယှက်ပေးခြင်းနှင့် ကိုယ်ထိလက်ရောက် ထိပါးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်သည်ဟု ငြီးတွားပြောဆိုကြသည်။

အခြားရွာတွင်နေထိုင်သူများက နယ်ခြားစောင့်ရဲများ ရွာသို့ရောက်လာပါက စားသောက်စရာများ ပံ့ပိုးပေးရသည်ဟု ဆိုသည်။ လုံခြုံရေးအတွက် ထိုအရာရှိများအပေါ် မှီခိုအားထားနေရသည့်အတွက် ထိုရာရှိများ အရက်မူးလာသောအခါ ရွာထဲတွင် ဆူညံနှောက်ယှက်ပါက မည်သို့မျှ မတတ်သာဟု ရွာသားများက ဖော်ပြသည်။

ရပ်ကွက်တစ်ခုတွင် ဈေးသည်များက ဈေးတွင် သူတို့၏ကုန်ပစ္စည်းများကို ရောင်းချရန် သတ်မှတ်ထားသောနှုန်းထက် ပို၍ စည်ပင်သာယာရေးအရာရှိများကို ပေးရသည်ဟု ဆိုသည်။ ဆိုင်ခန်းမရှိသည့် ခေါင်းရွက်ဗျက်ထိုးဈေးသည်များလည်း ထိုကဲ့သို့ ပေးဆောင်ရသည်။ ထို့သို့ ကောက်ခံခြင်းကို စည်ပင်သာယာရေးအရာရှိများက အရပ်သား တစ်ယောက်အား အဌားချပြီး ထိုသူက သတ်မှတ်ထားသည့် ဈေးကောက်နှုန်းထက် သုံးဆပိုမို ကောက်ခံသည်ဟု ဖြေဆိုသူများက ဖြည့်စွက်ပြောဆိုသည်။

ယင်းနေရာ၌ပင် ရဲတပ်ဖွဲ့သည် နှုတ်ဖြင့်စော်ကားခြင်း၊ ကိုယ်ထိလက်ရောက်ထိပါးခြင်းနှင့် လောင်းကစားစွပ်စွဲမှု စသည့်အမှုများအတွက် ရဲကိုသတ်မှတ်နှုန်းထား ပေးရသည်ဟု ဆိုသည်။ မကျေနပ်ချက်ကို တိုင်ကြားသောသူ (သို့မဟုတ်) အကူအညီတောင်းခံသူ အပါအဝင် အမှုထဲပါသူတိုင်း ရဲကို ငွေကျပ် ၅၀၀၀ ပေးရသည်။ "အကယ်၍ တစ်စုံတစ်ယောက်က ကျနော့် အိမ်ရှေ့ လာဆဲနေလျှင် ကျနော် ရဲကိုမခေါ်ချင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ပိုက်ဆံကုန်မှာစိုးလို့" ရပ်ကွက်နေ တစ်ဦးက ပြောသည်။

အချို့နေရာများတွင် သူတို့၏ပြဿနာများကို ဖြေရှင်းရာတွင် ရဲများ၏အတင်းအကျပ် ဩဇာအာဏာကို တစ်ခါတရံ အသုံးပြုနိုင်သည်ဟု ဒေသခံများအကြား သိထားကြသည်။

### ဖြစ်စဉ် ၁

အရက်မူးနေသော လူတစ်ဦးက အခြားတစ်ယောက်ကိုဆဲဆိုသည်။ ဆဲဆိုခံရသူသည် ဒေါသထွက်ပြီး အရက်မူးသမားကို ထောင်ချချင်သည်။ ထို့ကြောင့် သူသည် ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းနှင့်အတူ ထိုအဖြစ်အပျက်ကို ရဲစခန်းတွင် တိုင်ကြားခဲ့သည်။ အမှုမှာ သေးငယ်သည့်အတွက် ယင်းကိစ္စတွင် ရဲအနေနှင့် မပါဝင်သင့်ကြောင်း ရဲအရာရှိက တိုင်ချက်ဖွင့်သူအား ပြောပြသည်။ သို့သော် တိုင်ချက်ဖွင့်သူက ရဲအရာရှိအား ငွေပေးပြီးသည့်နောက် ရဲက အမူးသမားကို ရဲစခန်းခေါ်လာပြီး၊ ရိုက်နှက်ကာ တစ်ပတ်ခန့် ချုပ်ထားခဲ့သည်။

ဖြစ်စဉ် ၂

ရွာတစ်ရွာတွင် အလုပ်သမား တစ်ယောက်သည် သူ၏အလုပ်ရှင်ထံမှ လုပ်အားခကို ကြိုတင်ယူခဲ့ပြီး အလုပ်ဆင်းရန် ကြိမ်ဖန်များစွာ ပျက်ကွက်သည်။ နောက်ဆုံးတွင် အလုပ်ရှင်သည် ထိုကိစ္စကို ရဲစခန်းသို့ သတင်းပို့တိုင်ချက်ဖွင့်ခဲ့သည်။ ကြိုတင်ထုတ်ထားသည့်ငွေများပြန်ရပါက တဝက်ပေးမည်ဟု ရဲအရာရှိအား ပြောသည်။ ရဲအရာရှိက ထိုအလုပ်သမားရှိသည့်နေရာကို ရှာဖွေပြီး ပြင်းထန်စွာခြိမ်းခြောက်ခဲ့သည်။ အလုပ်သမားက ယခင်ကြိုတင်ယူထားသော လစာများကို ပြန်ပေးမည်ဟု သဘောတူခဲ့ပြီး၊ ထိုငွေတဝက်ကို ရဲအရာရှိက ယူခဲ့သည်။

လူမျိုးဘာသာအရလူနည်းစုများအပေါ်ခွဲခြားဆက်ဆံသည့် အလေ့အထများ ရှိနေသည်ဟု ဖြေဆိုသူများက ဆိုသည်။ မရမာကြီးများက လူဝင်မှုကြီးကြပ်ရေးဌာန အရာရှိများသည် နိုင်ငံသားစိစစ်ရေးကဒ် လျှောက်ထားခြင်းနှင့် ပတ်သက်၍ အာဏာအလွဲသုံးစားမှုများ ရှိသည်ဟု စွပ်စွဲကြသည်။ မရမာကြီးဖြေဆိုသူများက နိုင်ငံသားစိစစ်ရေးကဒ်တစ်ခုရရှိရန်တစ်ဦးလျှင် ၁၀၀,၀၀၀ မှ ၂၀၀,၀၀၀ ကျပ်အထိ ပေးဆောင်ရပြီး၊ အမှန်စင်စစ်အားဖြင့် အခြားတိုင်းရင်းသားမှာ တစ်ယောက်လျှင် ငွေကျပ် ၇၀၀၀ မှ ၁၀၀၀၀ ကျပ်သာ ပေးဆောင်ရသည်ဟု ပြောဆိုကြသည်။ ထိုအဖိုးအခသည် လူဝင်မှုကြီးကြပ်ရေးဌာန ဝန်ထမ်းများအတွက် မှတ်တမ်းများကို ပြန်လည်စိစစ်ရန်အတွက်ဖြစ်သည်ဟု ဖြေဆိုသူများက ထင်မြင်ကြသည်။ မရမာကြီးဖြေဆိုသူများက မှတ်ပုံတင်အထောက်အထားရရှိရန် သူတို့သည် တစ်နှစ်ခွဲအကြာစောင့်ရသော်လည်း ရခိုင်လူမျိုး လျှောက်ထားသူများမှာ တစ်လသာစောင့်ရသည်ဟု ပြောဆို ကြသည်။

## ၂၀၁၂/၂၀၁၃ အကြမ်းဖက်မှုများ၏ အကျိုးသက် ရောက်မှု

၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်တွင် ဖြစ်ပွားသော လူမှုအသိုင်းအဝိုင်းများအကြား အကြမ်းဖက်မှုများသည် သုတေသနပြုခဲ့သည့် နေရာများအတွင်းရှိ ရပ်ရွာအသိုင်းအဝိုင်းအားလုံးအပေါ်တွင် သိသာထင်ရှားသော အကျိုးသက်ရောက်မှုရှိခဲ့သည်။ စိုးရိမ်မှုနှင့်မလုံခြုံမှုများကြီးမားလာသည်ဟုလည်းကောင်း၊ ဗုဒ္ဓဘာသာနှင့် မွတ်စလင်အသိုင်းအဝိုင်းများကြား ဆက်ဆံရေးတင်းမာမှုသည် စားဝတ်နေရေးနှင့် စီးပွားရေးလုပ်ငန်းများအပေါ်တွင် ဆိုးကျိုးများ သက်ရောက်စေသည်ဟုလည်းကောင်း ဖြေဆိုသူများကဆိုသည်။

အကြမ်းဖက်မှုများသည် လူမျိုးနှင့်ဘာသာအရ လူနည်းစုများအပေါ် မမျှတစွာ ရိုက်ခတ်ခဲ့သည်။ သူတို့သည် သွားလာမှုကန့်သတ်ချက်များ အပါအဝင် အကြမ်းဖက်မှုကို တရားဝင်တုံ့ပြန်ခြင်း၏ အကျိုးသက်ရောက်မှုများနှင့်အထွေထွေခွဲခြားဆက်ဆံမှုများကို ခံစားခဲ့ရသည်။

အကြမ်းဖက်မှုနောက်ပိုင်းတွင် ပုဂ္ဂိုလ်ရေးနှင့် လူမှုအသိုင်းအဝိုင်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကြောက်ရွံ့စိုးရိမ်မှုများ ပိုမိုရှိလာသည်ဟု လေ့လာသည့်နေရာများရှိ ဖြေဆိုသူများကဆိုကြသည်။ ထိုစိုးရိမ်မှုများမှသည် လူထုစုရုံးကင်းလှည့်ခြင်းများနှင့် မိမိကိုယ်ကို အသွားအလာ ကန့်သတ်ခြင်းစသည့် ကိုင်တွယ်ဖြေရှင်းခြင်း နည်းအမျိုးမျိုးကို ပေါ်ပေါက်လာစေသည်။

## သွားလာမှု ကန့်သတ်ချက်များ

၂၀၁၂ ပဋိပက္ခနောက်ပိုင်းတွင် ညမထွက်ရအမိန့်ကို ရခိုင်ပြည်နယ်၏ နေရာအများအပြားတွင် ထုတ်ပြန်ခဲ့ပြီး၊ စစ်တွေရှိ ညမထွက်ရအမိန့်ကို ၂၀၁၄ တွင် တရားဝင်ရုတ်သိမ်းခဲ့သည်။ သို့သော်လည်း ပြည်နယ်၏ ကွဲပြားသောနေရာများရှိ မွတ်စလင်ဖြေဆိုသူများသည် ပဋိပက္ခနောက်ပိုင်းတွင် ၎င်းတို့၏ လွတ်လပ်စွာသွားလာခွင့်အပေါ် နောက်ဆက်တွဲ ကန့်သတ်ချက်များရှိကြောင်း တင်ပြကြသည်။ သွားလာမှုဆိုင်ရာများပြားသော ကန့်သတ်ချက်များသည် ၎င်းတို့၏ ဘဝအပေါ် ဆိုးကျိုးများ ဖြစ်စေသည်ဟု မွတ်စလင် ဖြေဆိုသူများက တင်ပြပြောဆိုသည်။

၁၉၉၀ ပြည့်နှစ်များကတည်းက ဒေသန္တရအမိန့်များ ထုတ်ပြန်ထားသော ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မွတ်စလင်များသည် ၎င်းတို့နေထိုင်ရာ ကျေးရွာနှင့်မြို့နယ်အပြင်ဘက်သို့[၃၇] သွားလာရန်အတွက် အထူးခွင့်ပြုချက်တောင်းခံရန် လိုအပ်သည်ဟု မွတ်စလင်ဖြေဆို သူများကဆိုသည်။ လူမှုအသိုင်းအဝိုင်းများအကြားအကြမ်းဖက်မှုများဖြစ်ပွားပြီးနောက်တွင် ပိုမိုတင်းကြပ်သော သွားလာမှု ကန့်သတ်ချက်များနှင့် ကြုံရသည်ဟု မွတ်စလင်ဖြေဆိုသူများက တင်ပြကြသည်။ ရသေ့တောင်မြို့နယ်တွင် အကြမ်းဖက်မှုဖြစ်ပွားသည့်အချိန်မှ ၂၀၁၃ ခုနှစ်အကုန်အထိ ကျေးရွာအုပ်ချုပ်ရေးမှူး၏ အကူအညီဖြင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှရရှိသော ထောက်ခံစာမပါရှိပဲ ကျေးရွာမှထွက်ခွာခွင့် မရှိဟု ၎င်းတို့က ထပ်မံတင်ပြပြောဆိုသည်။ ၂၀၁၄

၃၇ "ကျေးရွာမှ ထွက်ခွာခွင့် ထောက်ခံချက်" သည် လျှောက်ထားသူ နေထိုင်ရာကျေးရွာပြင်ပကို ခရီးသွားလာရန်အတွက် လိုအပ်သည်၊ လျှောက်ထားသူ၏ နေထိုင်ရာမြို့နယ်ပြင်ပသို့ ခရီးသွားလာရန်အတွက် "ပုံစံ-၄" ခွင့်ပြုချက် လိုအပ်သည်။ ပုံစံ-၄ ခွင့်ပြုချက်သည် တစ်လအထိ ခရီးသွားလာမှုကို တစ်လအထိသာ ခွင့်ပြုသည်။ခရီးသွားလာမှုကန့်သတ်ချက်များအပြင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မွတ်စလင်ပါဝင်ဆွေးနွေးသူများက အိမ်ထောင်စုစာရင်း၊ လက်ထပ်ထိမ်းမြားခြင်း၊ နေအိမ်အဆောက်အအုံဆောက်လုပ်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်းနှင့် ပတ်သက်သည့် ဒေသအမိန့်များ၏ အကျိုးသက်ရောက်မှုကို ဖော်ပြကြသည်။ (ဇယား ၄.၂)

ခုနှစ် အစပိုင်းမှစ၍ ရွာသားများကို ခွင့်ပြုစာပါရှိရန် မလိုအပ်ပဲ ၎င်းတို့၏ကျေးရွာအုပ်စုအတွင်း သွားလာနိုင်သော်လည်း ရသေ့တောင်မြို့နယ်သို့မူ သွားရောက်ခွင့် မပြုသေးဟုဆိုသည်။ မောင်တောမြို့နယ်တွင် မွတ်စလင်ဖြေဆိုသူများက အနီးအနားရှိ ကျေးရွာများနှင့် မြို့များကို သွားသောအခါ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ ခွင့်ပြုစာကို မိမိနှင့်တပါးတည်းယူဆောင်သွားရန် လိုအပ်ကြောင်းပြောဆိုခဲ့သည်။ ထို့အပြင် မြို့ပေါ်တွင် ညအိပ်တည်းခိုရန် ခွင့်မပြုသေးပါ။

ရခိုင်ပြည်နယ် အလယ်ပိုင်း မြောက်ဦးမြို့နယ်ရှိ မွတ်စလင်ဖြေဆိုသူများက ရခိုင်ပြည်နယ် မြောက်ပိုင်းကဲ့သို့အလားတူကန့်သတ်ချက်များနှင့် ရင်ဆိုင်ရသည်ဟုဆိုသည်။ ၂၀၁၂ မတိုင်မီ ရွာသားများသည် မြို့အတွင်း လွတ်လပ်စွာ သွားလာနိုင်သည်။ သို့သော်လည်း မြောက်ဦးမြို့နယ်ထက်ကျော်လွန်ပါက သွားလာရန် အထူးခွင့်ပြုချက်လျှောက်ရသည်။ အကြမ်းဖက်မှုများ ဖြစ်ဖြစ်ချင်းနောက်ပိုင်း မွတ်စလင်များကို နယ်ခြားစောင့်ရဲများ၏ ခွင့်ပြုချက်စာမပါဘဲ ရွာမှ ထွက်ခွာရန် ခွင့်မပြုတော့ပါ။ ၂၀၁၄ မှစ၍ နီးစပ်ရာ မွတ်ဆလင်ကျေးရွာများနှင့် သူတို့၏ ကျေးရွာအုပ်စုအတွင်းရှိ ရခိုင်ရွာသို့ ခရီးသွားလာနိုင်ပြီး၊ ရခိုင်ရွာတွင် ညအိပ် (သို့မဟုတ်) မြောက်ဦးမြို့နယ်အတွင်းသို့ သွားလာခွင့်မရှိပါ။

ရသေ့တောင်နှင့် မြောက်ဦးမြို့နယ်များသို့ မွတ်စလင်များ ခရီးသွားလာနိုင်မှု မရှိခြင်းသည် အခြားမြို့နယ်များသို့ တရားဝင်ခရီးသွားလာနိုင်မှုကိုပါ ဆင့်ပွားအကျိုးသက်ရောက်မှုရှိသည်။ ရွာသားများသည် လျှောက်လွှာပုံစံများအနေနှင့် လိုအပ်သော "ပုံစံ-၄" ခွင့်ပြုချက်ကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှသာရနိုင်သည်။ သို့သော်လည်း ပုံစံ-၄ ကို အခြားနည်းလမ်းများ ရှာကြံရယူခြင်း (သို့မ ဟုတ်) တချို့ခက်ခဲလွန်းသော အခြေအနေများတွင် ခွင့်ပြုချက်မပါဘဲ ခရီးသွားလာမှုများကို ဖြေဆိုသူများက ဖော်ပြကြသည်။ ရသေ့တောင်မြို့နယ်မှ မော်လဝီတစ်ဦးသည် မောင်တောမြို့နယ်သို့ ခရီးသွားနိုင်ရန် "ပုံစံ-၄" တစ်စောင်ရရန်အတွက် သူ၏ကျေးရွာအုပ်စုမှ ရခိုင်အကျိုးဆောင်တစ်ယောက်အား ငွေကျပ် ၃၀,၀၀၀ ပေးဆောင်ခြင်းဖြင့် ပုံစံရယူခဲ့ရသည့် ဖြစ်စဉ်တစ်ခုကို ပြောပြသည်။

၂၀၁၂ မတိုင်မီ ရခိုင်ပြည်နယ် တောင်ပိုင်း သံတွဲမြို့နယ်တွင် နေထိုင်သော မွတ်စလင်များသည် နိုင်ငံသားစိစစ်ရေးကဒ်ဖြင့် နိုင်ငံတဝှမ်း လွတ်လပ်စွာ သွားလာနိုင်ခဲ့သည်။ သို့သော် ၂၀၁၂ နောက်ပိုင်းတွင် နိုင်ငံသားစိစစ်ရေးကဒ်ကိုင်ဆောင်သော မွတ်စလင်များပင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၏ "ပုံစံ-၄" ခွင့်ပြုချက်မပါဘဲ သူတို့၏မြို့နယ်ပြင်ပသို့ ခရီးသွားလာရန် ခွင့်ပြုချက်မရတော့ပါ။ "ပုံစံ-၄" ခွင့်ပြုချက်ကို လျှောက်ရန် လျှောက်ထားသူသည် ၎င်းနေထိုင်သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ ထောက်ခံစာ၊ ရဲထောက်ခံစာနှင့် ရပ်ကွက်အတွင်းရှိ ပစ္စည်းဥစ္စာပိုင်ဆိုင်သူတစ်ဦး၏ အာမခံချက်တို့ လိုအပ်သည်။ ပုံစံ-၄" ခွင့်ပြုချက်ကာလ သက်တမ်း မကုန်မီ ပြန်မရောက်လာပါက အာမခံပေးသူ အဖမ်းခံရသည်ဟု လေ့လာမှုတွင် ပါဝင်သူများဆိုသည်။ ခရီးသွားရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းဖော်ပြထားသည့် မိမိသွားရောက်မည့်ဒေသရှိ ပုဂ္ဂိုလ်၏ စာလည်း တခါတရံ လိုအပ်ကြောင်း ဖြေဆိုသူများကဆိုကြသည်။ ကျန်းမာရေး အကြောင်းပြချက်ဖြင့် ခရီးသွားရပါက သံတွဲမြို့နယ်ဆေးရုံးအုပ်၏ ထောက်ခံစာလိုအပ်ပြီး၊ သာမန်ဆရာဝန်ထံမှ ထောက်ခံစာဖြင့် မလုံလောက်ပါ။

## စားဝတ်နေရေးအပေါ် အကျိုးသက်ရောက်မှု

ရခိုင်လူ့အသိုင်းအဝိုင်းများက လူနည်းစုဖြစ်နေသည့် မောင်တောမြို့နယ်တွင် ရခိုင်ဖြေဆိုသူများက ဘင်္ဂလားဒေ့ရှ် နယ်စပ်ဖက်မှဖြတ်ကျော်လာသော သူခိုးအုပ်စုကြီးများကို ကြောက်ရွံ့သောကြောင့် ညနေပိုင်းတွင် ရွာအပြင်ထွက်ရန် လုံခြုံမှုမရှိသကဲ့သို့ ခံစားရသည်ဟု ဆိုကြသည်။ ရလဒ်အနေဖြင့် သူတို့သည် ရွာအပြင်ဘက်ရှိ ပုဇွန်ကန်များတွင် ညအိပ်ကင်းစောင့်မှုများ မလုပ်နိုင်တော့သဖြင့် ပုဇွန်များ အခိုးခံရကာ အမြတ်ငွေများ လျော့ကျရသည်။ ထို့ပြင် သူတို့သည် ၂၀၁၂ မတိုင်မီကကဲ့သို့ ညနေပိုင်းတွင် ငါးဖမ်းခြင်း (သို့မဟုတ်) နွားပျောက်ရှာခြင်းများလည်း မလုပ်နိုင်တော့ပါ။

အလားတူ တရားဝင်ကန့်သတ်ချက်များကို ရင်မဆိုင်ရသည့်တိုင်အောင် သူတို့သည် လုံခြုံမှုမရှိသောခံစားချက် နှင့် ရခိုင်အများစုနေထိုင်ရာ နေရာများသို့သွားရန် စိုးရိမ်ကြောက်ရွံ့နေသည်ဟု မွတ်စလင် ဖြေဆိုသူများက ဆိုသည်။ ရခိုင်ပြည်နယ်တောင်ပိုင်းတွင် ဥပမာအားဖြင့် နောက်ထပ် ပဋိပက္ခဖြစ်မည်စိုးသောကြောင့် "သတိထားပြုမူ ပြောဆိုရန်" လိုအပ်သည်ဟုလည်း ပြောဆိုကြသည်။ ယခင်က ရပ်ကွက်ထဲတွင် ၎င်းတို့လွတ်လပ်စွာ သွားလာနိုင်ခဲ့သော်လည်း ယခုအခါ ရခိုင်အများစု နေထိုင်ရာနေရာများသို့ အကြွေးတောင်းသွားရန်ပင် အလွန်စိုးရိမ်ကြောက်ရွံ့မှုကို ခံစားရသည်ဟု မွတ်စလင်ဖြေဆိုသူများက ဆိုကြသည်။

လူ့အသိုင်းအဝိုင်းနှစ်ခုအကြားတွင် မယုံကြည်မှုကြီးထွားလာခြင်းသည် စားဝတ်နေရေးနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ဆိုးကျိုးသက်ရောက်မှုကို ဖြစ်စေသည်။ လေ့လာမှုတွင် မွတ်စလင်ဖြေဆိုသူများက ထိုမယုံကြည်မှုကြောင့် ရခိုင်အလုပ်ရှင်များပင်ဖြစ်စေ အလုပ်ရရန် ပိုမိုခက်ခဲလာသည်။ အထူးသဖြင့် သံတွဲမြို့နယ်တွင် ပေလီရှိ မည်သည့်ဟိုတယ်ကမှ ၎င်းတို့အားအလုပ်လုပ်ရန် မငှားရမ်း

တော့ပါ။ ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ မွတ်စလင်တစ်ဦး ပိုင်ဆိုင်သော ကျောက်ကုန်သွယ်ရေး ကုမ္ပဏီတစ်ခုသည် ဖောက်သည်အမြောက်အများကို ဆုံးရှုံးရပြီး၊ အမြတ်ဝင်ငွေ သုံးပုံနှစ်ပုံ ကျဆင်းခဲ့သောကြောင့် အလုပ်သမားအချို့ကို ထုတ်ပယ်ခဲ့ရသည်ဟု မွတ်စလင်ဖြေဆိုသူများက ဖော်ပြကြသည်။

ယခင်က လူ့အသိုင်းအဝိုင်းနှစ်ရပ်အကြား စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကုန်သွယ်ခြင်းများ ရှိခဲ့သော်လည်း တင်းမာမှုနှင့် ဆက်ဆံရေး ယုတ်လျော့လာခြင်းသည် ထိုအသိုင်းအဝိုင်းများအကြား တွဲဖက်လုပ်ကိုင်လေ့ရှိသော ပုဇွန်ကန်ဖက်စပ်လုပ်ငန်းများနှင့် ကုန်အရောင်းအဝယ်လုပ်ငန်းများ လျော့ကျလာပြီး နှစ်ဖက်အသိုင်းအဝိုင်း၏ စီးပွားရေးအခွင့်အလမ်းများအပေါ် ဆိုးကျိုးများဖြစ်စေသည်။

သွားလာမှုအပေါ် ကန့်သတ်ချက်များသည် မွတ်စလင်များ၏ စားဝတ်နေရေးအပေါ် ချက်ချင်းအကျိုး သက်ရောက်စေသည်။ အချို့အခြေအနေများတွင် စီးပွားရေးအခွင့်အလမ်းများကို ကြီးမားစွာ ဆုံးရှုံးကြရသည်။ ရသေ့တောင်မြို့နယ်တွင် ရွာထက်လွန်၍ မြစ်ထဲတွင် ငါးဖမ်းရန်ခွင့်မပြုဟု ဖြေဆိုသူများက တင်ပြပြောဆိုသည်။ ၎င်းတို့၏ ကျေးရွာအုပ်စုထက် ကျော်လွန်၍ သွားလာခွင့်မရှိသော မြောက်ဦးမြို့နယ်တွင် မွတ်စလင်များသည် ရခိုင်ကျေးရွာများသို့ သွားရောက်၍ လယ်အလုပ်များ မလုပ်ကိုင်နိုင်တော့ပါ။ မိမိတို့ကျေးရွာမှ ထွက်ခွာခွင့်မရသည့် ကာလများအတွင်း မွတ်စလင်အလုပ်သမားများအတွက် ရွာအတွင်း တစ်ခုတည်းသော အလုပ်ကိုင် အခွင့်အလမ်းမှာ ကျောက်ကုမ္ပဏီ၌သာဖြစ်သည်။ လမ်းဘေးဈေးသည်များသည် ကုန်ပစ္စည်းများကို မြောက်ဦးမြို့မဈေးအတွင်း ရောင်းချနိုင်ခြင်းမရှိပဲ သူတို့၏ ကျေးရွာအုပ်စုများအတွင်းသာ လျော့ဈေးဖြင့် ရောင်းနိုင်သည်။ ထိုကန့်သတ်ချက်များ အောက်တွင် နေထိုင်သူများသည် အသက်မွေးဝမ်း ကျောင်းအတွက် ဝင်ငွေရရှိရန်နှင့် မိသားစုများကို ထောက်ပံ့ရန်အတွက် ရုန်းကန်ကြရသည် (ဖြစ်စဉ် ၃ အားရှု)။

ဖြစ်စဉ် ၃

မိသားစုအား လုပ်ကိုင်ကျွေးမွေးနေသူ အသက် (၄၀) အရွယ် ကလေး (၅) ယောက်မိခင် မွတ်စလင်အမျိုးသမီးတစ်ဦးသည် အိမ်တွင်ပြုလုပ်သောမုန့်များကို မြို့မဈေးတွင် ရောင်းလေ့ရှိသည်။ မုန့်ရောင်းရငွေမှ တစ်နေ့လျှင် အနည်းဆုံးအမြတ် ၅၀၀၀ ကျပ်ရရှိသည်။ ယင်းငွေဖြင့် သူမမိသားစုကို ထောက်ပံ့ပေးနိုင်ပြီး ကလေး (၃) ယောက်၏ ပညာရေးအတွက် ကျောင်းစရိတ်လည်း ထောက်ပံ့ပေးနိုင်ခဲ့သည်။

၂၀၁၂ နောက်ပိုင်းတွင် သူမသည် မုန့်ရောင်းရန် မြို့သို့ သွားရောက်ရန်မဖြစ်နိုင်တော့ပါ။ သူမ၏ တစ်ခုတည်းသော ရွေးချယ်စရာမှာ ကျေးရွာအုပ်စုရှိ မူလတန်းကျောင်းတွင် မုန့်ရောင်းရန်ဖြစ်ပြီး ထိုနေရာတွင် တစ်နေ့လျှင် ၂၀၀၀ ကျပ်သာ အမြတ်ငွေရရှိသည်။ တချိန်တည်းပင် သူမသည် မုန့်လုပ်ရန်အတွက်လိုအပ်သော ပါဝင်ပစ္စည်းများကို မြို့သို့ ကိုယ်တိုင်သွားရောက်ဝယ်ယူရန် မဖြစ်နိုင်တော့သဖြင့် သူမကိုယ်စားဝယ်ပေးရန် သူမ၏ ရခိုင်မိတ်ဆွေများအား အကူအညီတောင်းရသည်။ လူကြုံမှတဆင့် ဝယ်ယူရသော အခါ ၃၀ ရာခိုင်နှုန်းပိုပေးရပြီး၊ ထိုပစ္စည်းများကို ရရန်အတွက် သူမအတွက် အခြားရွေးချယ်စရာနည်းလမ်းလည်း မရှိဟု ဆိုသည်။

ရလဒ်အနေနှင့် သူမ၏ သမီးအကြီးဆုံး နှစ်ယောက်သည် ကျောက်သယ်အလုပ်ကို စတင်လုပ်ရပြီး၊ တစ်နေ့လျှင် ၂၀၀၀ ကျပ် ဝင်ငွေရရှိသည်။ မိခင်က ကျူရှင်စရိတ်မတတ်နိုင်သောကြောင့် ကျောင်းတက်နေသော သမီးတစ်ယောက် ကျောင်းမှထွက်လိုက်ရသည်။ သူမ၏မိသားစုကို ကျွေးမွေးရန် အတွက် အိမ်နီးချင်းများမှ ငွေတိုငွေစများကို ပုံမှန်ချေးငှားနေရသည်။

အချို့ အခြေအနေများတွင် သွားလာမှု ကန့်သတ်ချက်များသည် စီးပွားရေးအခွင့်အလမ်းများကို ပိတ်ပင်မှုများ ဖြစ်စေသည်။ မောင်တောမြို့နယ်တွင် ညမအိပ်ရကန့်သတ်ချက်သည် မြို့နှင့် ၂ နာရီဝေးသည့် မွတ်စလင်ရွာသားများအတွက် အသွားအပြန် ခရီးစရိတ် ၂၀၀၀ ကျပ် ခန့် ကုန်ကျစေသည်။ မြို့တွင် အလုပ်လုပ်ပါက တစ်နေ့လုပ်အားခ ၄၀၀၀ ကျပ်ရမည် ဖြစ်သော်လည်း လူအနည်းငယ်သာ မြို့ပေါ်တွင် အလုပ်ဆက်လုပ်ကြသည်။ ညမထွက်ရအမိန့်ကြောင့် ဆိုက်ကားသမားများနှင့် ငါးဖမ်းသမားများသည် ညနေခင်းများတွင် အလုပ်မလုပ်နိုင်တော့ပါ။ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးလာမှုသည် လူအချို့ကို ဖမ်းဆီးမှုအန္တရာယ်များအကြား ခွင့်ပြုချက်မပါဘဲ ၎င်းတို့၏ ကျေးရွာမှထွက်ခွာ၍ မြို့ပြဒေသများတွင် အလုပ်အကိုင်ရှာဖွေရန်အထိ တွန်းအားပေးခဲ့သည်။

ဖြစ်စဉ် ၄

၂၀၁၃ တွင် မိမိရွာ၌ အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးလာခြင်း၊ အခြားရွာများသို့ သွားရောက် အလုပ်လုပ်ကိုင်ရန် မဖြစ်နိုင်ခြင်းတို့ကြောင့် အသက် (၃၀) အရွယ် ရွာသားတစ်ဦးသည် အလုပ်ရှာဖွေရန်အတွက် ရန်ကုန်သို့ခရီးသွားရန် ဆုံးဖြတ်ခဲ့

သည်။ ပုံစံ-၄ ခွင့်ပြုချက်လျှောက်ရန် မြို့သို့မသွားနိုင်သောကြောင့် ခွင့်ပြုချက်မပါဘဲ ခရီးသွားခဲ့ပြီး သံတွဲမြို့နယ် အနီးလမ်းတွင် အာဏာပိုင်များ၏ ဖမ်းဆီးခြင်းခံရသည်။ သူသည် စစ်တွေထောင်သို့ခေါ်ဆောင်ခြင်းခဲ့ရပြီး ထောင်ဒဏ် (၂) နှစ်ချမှတ်ခံခဲ့ရသည်။ အမြင့်ဆုံးထောင်ဒဏ်မှာ (၇) နှစ်ဖြစ်ပြီး ထောင် (၂) နှစ်သာကျသည့်အတွက် အလွန်ကံကောင်းသည်ဟု သူ့မိသားစုကခံစားရသည်။

## ကျန်းမာရေးနှင့် ပညာရေးအခွင့်အလမ်းများ အပေါ် အကျိုးသက်ရောက်မှု

ခရီးသွားလာမှုကန့်သတ်ချက်များသည် ကျန်းမာရေးဝန်ဆောင်မှုများ ရရှိခွင့်ကို ကန့်သတ်ထားပြီး၊ တစ်ခါတစ်ရံ သေစေနိုင်သော ဆိုးကျိုးများကို ဖြစ်စေသည်။ ၂၀၁၂ အကြမ်းဖက်မှုနောက်ပိုင်းတွင် ရသေ့တောင်နှင့် မြောက်ဦးရှိ မွတ်စလင်ရွာသားများသည် မြို့ပေါ်ရှိ ဆေးခန်းများနှင့်ဆေးရုံးများမှ ကုသစောင့်ရှောက်မှု မရှိတော့ပဲ ခရီးသွားလာခွင့်ပြုသော ဒေသအတွင်းရှိ ဆေးခန်းများကိုသာ မှီခိုအားထားရသည်။ သံတွဲမြို့နယ်အတွင်းရှိ မြို့ပေါ်နေမွတ်စလင်များသည် မြို့နယ်ဆေးရုံးမှ ကုသစောင့်ရှောက်မှုကို ရရှိနိုင်သော်လည်း တစ်ခါတစ်ရံတွင် အထူးကုသမှုအတွက် ရန်ကုန်သို့သွားရန် လိုအပ်သည်။ ၂၀၁၃ အကြမ်းဖက်မှုနောက်ပိုင်း ၎င်းတို့သည် ရှုပ်ထွေးသော ပုံစံ-၄ ခွင့်ပြုချက် လျှောက်ထားခြင်းမရှိပဲ ခရီးသွားလာ၍မရတော့ပါ။ ခွင့်ပြုချက်ရရန် မသေချာသော လုပ်ငန်းစဉ်အတွက် ၂ ပတ်မှ ၂ လအထိအချိန်ယူရပြီး ခရီးသွားလာခွင့်ပြုချက်ရရန် စောင့်စားနေစဉ်ကာလအတွင်း ရပ်ကွက်အတွင်းရှိ လူနာအချို့သည် သေဆုံးခြင်း (သို့မဟုတ်) ကျန်းမာရေးအခြေအနေ ပိုမိုဆိုးရွားလာခြင်းများ ကြုံရသည်ဟုဆိုသည်။

ခရီးသွားလာမှု ကန့်သတ်ချက်များသည် အဆင့်မြင့်ပညာရေးကို ဆက်လက်သင်ယူနိုင်ရန် ကျောင်းသားများ၏ စွမ်းရည်ကို လျော့ပါးစေသည်။ ၂၀၁၂-၂၀၁၃ အကြမ်းဖက်မှုနောက်ပိုင်းတွင် မိမိတို့မြို့နယ်မဟုတ်ပဲအခြားမြို့နယ်များတွင်ရှိသော တက္ကသိုလ်များ၌ ပညာသင်ကြားနေသည့် ကျောင်းသားကျောင်းသူများသည် ၎င်းတို့၏ လေ့လာသင်ယူမှုများကို ရပ်ဆိုင်းခဲ့ရပြီး မိမိတို့ကျေးရွာများသို့ ပြန်ခဲ့ကြရသည်။ နေရာအများအပြားတွင် ခရီးသွားလာမှုကန့်သတ်ချက်များကြောင့် ကျောင်းသားကျောင်းသူများသည် တက္ကသိုလ်ဝင်တန်း အောင်မြင်ကြသော်လည်း ၎င်းတို့၏ မြို့နယ်များတွင် တက္ကသိုလ်မရှိသဖြင့် ပညာဆက်သင်နိုင်မည့် အခွင့်အလမ်းများ မရှိကြပါ။

အကြမ်းဖက်မှုသည် ကလေးများ ပညာသင်ကြားခွင့်အပေါ်တွင် နောက်ထပ် အကျိုးသက်ရောက်ခဲ့သည်။ ရသေ့တောင်နှင့် မောင်းတောမြို့နယ်များရှိ မွတ်စလင် ဖြေဆိုသူများက အကြမ်းဖက်မှုနောက်ပိုင်းတွင် ရခိုင်လူမျိုးဖြစ်သော အစိုးရ ကျောင်းဆရာ/ဆရာမများသည် စာသင်ပေးရန် ကျောင်းများသို့လာရောက်ခြင်း မရှိတော့ပါ။ ထို့ကြောင့် သူတို့၏ ကလေးပညာရေးအတွက် ရပ်ရွာ အတွင်းမှပိုမိုပညာတတ်သူများကို ငွေကြေးပိုပေး၍ ငှားရမ်းကြသည်ဟု ဆိုသည်။ မြောက်ဦးမြို့နယ်တွင် မွတ်စလင်နှင့် ဗုဒ္ဓဘာသာဝင် ကျောင်းသားကျောင်းသူများအကြား ဖြစ်ပေါ်နိုင်သည့် ခိုက်ရန်ဖြစ်ပွားမှုမှတဆင့် ၎င်းတို့မိဘများအထိ ပြဿနာကြီးထွားလာမည်စိုးသဖြင့် ကျောင်းဆရာတစ်ဦးက ကျေးရွာအုပ်စုအတွင်းရှိ မူလတန်းကျောင်းတက်နေသော မွတ်စလင်ကျောင်းသားများကို ကျောင်းဆက်မတက်ရန် ပြောကြားခဲ့သည်၊ သို့အတွက် မွတ်စလင်ကလေးများသည် အခြားမွတ်စလင်ရွာရှိ ကျောင်းကိုတက်ရောက်ရန် နေ့စဉ် ၂ မိုင် လမ်းလျှောက်သွားရသည်။

## လွတ်လပ်စွာယုံကြည်ကိုးကွယ်မှုအပေါ် ကန့်သတ်ချက်များ

၂၀၁၂ ပဋိပက္ခနောက်ပိုင်း ရသေ့တောင်နှင့် မောင်တောမြို့နယ်များရှိ ဗလီများကိုပိတ်ရန် တရားဝင်အမိန့်များ ထုတ်ပြန်ခဲ့သည်။ လူ ၅ ဦး (သို့မဟုတ်) ၅ ဦးထက်ပိုသော စုဝေးမှုများကို တားမြစ်ခြင်းခံရပြီး ရာဇသတ်ကြီးပုဒ်မ ၁၄၄ အရ ထောင်ဒဏ်ထိုက်သည်။ ရသေ့တောင်နှင့် မောင်တောမြို့နယ်များရှိ မွတ်စလင်ဖြေဆိုသူများက ဘုရားဝတ်ပြုခါနီး ဖိတ်ကြားမှုကို အသံချဲ့စက်သုံးခွင့်မရှိတော့ဘဲ ဖမ်းဆီးခံရမည်စိုးသဖြင့် ဗလီသို့ ၃ ယောက် သို့မဟုတ် ၄ ယောက်တွဲ သွားရောက်ဝတ်ပြုခြင်း သို့မဟုတ် ဗလီသို့မသွားဘဲ အိမ်များတွင် တိတ်ဆိတ်စွာ စုရုံးဝတ်ပြုရသည်ဟု ဆိုသည်။ အစ္စလာမ်ဘာသာရေးကျောင်းအားလုံး ပိတ်ခဲ့ရပြီး မော်လဝီအချို့က စာမသင်ရသဖြင့် စားဝတ်နေရေး ခက်ခဲလာသည်ဟု ဆိုသည်။

## တိုးမြင့်လာသော ခွဲခြားဆက်ဆံမှုများ

### *မွတ်စလင်တို့၏ အတွေ့အကြုံများ*

အထက်တွင်ဖော်ပြခဲ့သော အခက်အခဲများအပြင် တိုးမြင့်လာသော ခွဲခြားဆက်ဆံမှုများကို တစ်ဦးချင်း နှင့် ရပ်ရွာ အသိုင်းအဝိုင်းအဆင့်တွင် ရင်ဆိုင်နေရသည်ဟု မွတ်စလင် ဖြေဆိုများက ပြောသည်။ အရေးပါသည့် ခွဲခြား

ဆက်ဆံခံရမှုတစ်ရပ်သည် နိုင်ငံသား စာရွက်စာတမ်း အထောက်အထားများ ရရှိရေးနှင့် သက်ဆိုင်သည်။ [၃၈]

အထူးသဖြင့် ၂၀၁၂-၂၀၁၃ အကြမ်းဖက်မှုမတိုင်မီ မွတ်စလင်များကို ပန်းရောင်နိုင်ငံသား စိစစ်ရေးကဒ်များ (CSCs) ရရှိသော ရခိုင်ပြည်နယ်အလယ်ပိုင်းနှင့် တောင်းပိုင်းတွင် မွတ်စလင်များအား ဆန့်ကျင်သော ခွဲခြားဆက်ဆံမှု အတွေ့အကြုံများကို ဖြေဆိုသူများက ရှင်းပြကြသည်။ ရခိုင်ပြည်နယ် အလယ်ပိုင်းနှင့် တောင်းပိုင်းတွင် အမြဲတမ်း မဟုတ်သည့်တိုင် ယေဘုယျအားဖြင့် အစ္စလာမ် ဘာသာဝင်ဟု ဖော်ပြပါက မှတ်ပုံတင်အထောက်အထား လျှောက်ထားခြင်း (သို့မဟုတ်) အသစ်လဲရာတွင် စစ်ဆေး စိစစ်မှု ကြန့်ကြာသည်ဟု စစ်တွေနှင့် သံတွဲမြို့နယ်များရှိ ဖြေဆိုသူများက ပြောဆိုကြသည်။ ရခိုင်မွတ်စလင် အစိုးရ ကျောင်းဆရာများ မှတ်ပုံတင်ရရှိသည့် သာဓကအချို့ ရှိသော်လည်း ရခိုင်မွတ်စလင်နှင့် ကမန်တို့ အနေဖြင့် အချိန်ကြန့်ကြာမှု သာဓကများစွာရှိသည်ဟု ဖြေဆိုသူများ က ရှင်းပြသည်။

ကမန် ဖြေဆိုသူတစ်ဦးက ၎င်း၏ရပ်ရွာ အသိုင်း အဝိုင်းအပေါ် ခွဲခြားဆက်ဆံမှု၏ အကျိုးသက်ရောက် မှုများကို စိတ်ပျက်စွာဖြင့် ဖော်ပြသည်။ ခရီးသွားလာမှု ကန့်သတ်ချက်များကြောင့် စားဝတ်နေရေး ကြပ်တည်းခြင်း၊ နိုင်ငံသားသက်သေခံကဒ်များ ရယူရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ စသည်တို့က ကမန်များကို ဗုဒ္ဓဘာသာ သို့မဟုတ် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းစေရန် တွန်းပို့စေသည်ဟု ၎င်းကပြောဆိုသည်။ ရခိုင်များက ကမန်များကို "ကုလားများ" [၃၉] ဟုသဘော ထားပြီး "ကုလားများ" က ကမန်များကို ရခိုင် သို့မဟုတ် မွတ်စလင် မစစ် ဟုမြင်သည်။ နစ်ဖက်စလုံးက ကမန်များ အပေါ် သတ် ဖြတ်မှုများအပါအဝင် အကြမ်းဖက်လှုံ့ဆော်မှုများ ပြုလုပ် သည်ဟုဆိုသည်။

ကမန်အသိုင်းအဝိုင်းတစ်ရပ်က ၎င်းတို့သည် အစ္စ လာမ်ဘာသာဝင်များဖြစ်သော်လည်း ကုလားဟုထင်မြင် ခံရသော မွတ်စလင်များနှင့် မတူကြောင်း အခိုင်အမာ ပြောဆိုသည်။

ပိုမိုကျယ်ပြန့်လာသော ခွဲခြားဆက်ဆံမှုများသည် အသက်မွေးဝမ်းကျောင်းများနှင့် ဝန်ဆောင်မှုများရရှိရေး အတွက် သွားလာမှုများအပေါ် စိန်ခေါ်မှုများထပ်လောင်း ဖြစ်စေသည်ဟု မွတ်စလင် ဖြေဆိုသူများက တင်ပြပြော ဆိုသည်။

တရားဝင် သွားလာမှု ကန့်သတ်ချက်များ မရှိ သောနေရာများ၌ပင် နှောင့်ယှက်ခြင်း သို့မဟုတ် ဖမ်းဆီး ချုပ်နှောင်ခြင်းခံရမည်ကို စိုးရိမ်သောကြောင့် ရခိုင်လူမျိုး အများစုနေထိုင်ရာ နေရာများသို့ သွားလာရန် အခက် အခဲရှိသည်ဟု မွတ်စလင်ဖြေဆိုသူများက ဆိုသည်။ ကမန် မွတ်စလင်တစ်ဦးက ၎င်း၏ အသိုင်းအဝိုင်းအတွင်းရှိ အခြေ အနေကို ဖော်ပြသည်။

"ကျနော်တို့ မြို့ကိုသွားရင် ဒုက္ခရောက်မှာ အသေအချာပဲ။ ကျနော်တို့ကို ရဲက ရိုက်ရင်ရိုက် မ ဟုတ်ရင် ဖမ်းချင်ဖမ်းနိုင်တယ်။ အခု မြို့ထဲမှာ ကျနော်တို့ အလုပ်လုပ်လို့ မရတော့ဘူး။ ဆိုက်ကားသမားတွေ မြို့ထဲမှာ အရင်ကလို ဆိုက်ကားနင်းလို့ မရတော့ဘူး။ အခု စစ်တပ်က ဗိုလ်မှူးတစ်ယောက်ရဲ့ ပန်းရုံအလုပ်ကို အားထားနေရတယ်။ ဒီလိုမှမလုပ်ရင် စားဖို့အတွက် ဘာမှရှိမှာ မဟုတ်ဘူး။"

ထိုနေရာဒေသများမှ ဖြေဆိုသူအမျိုးသမီးများက ကမန်ဟု သိမည်စိုးသောကြောင့် သူတို့ကိုယ်သူတို့ ရခိုင် အနေနဲ့ ရုပ်ဖျက်ပြီးမြို့သို့သွားရသည်ဟု ပြောကြသည်။ "ဒေါင်းယောင်ဆောင်သောကျီးကဲ့သို့ သွားလာနေရတယ်" အမျိုးသမီးတစ်ဦးက မှတ်ချက်ပေးသည်။ ၎င်းတို့သည် ဈေးထဲတွင် ဟင်းသီးဟင်းရွက်များ၊ ကုန်ပစ္စည်းများ ရောင်း ချရန် မသွားရဲကြတော့ပါ။ ပဋိပက္ခနောက်ပိုင်း ၎င်းတို့သည် ဟင်းသီးဟင်းရွက်များကို ဈေးကထက် ပိုမိုနိမ့်ကျသော ဈေးနှုန်းဖြင့် အနီးအနားရှိ ရခိုင်ကျေးရွာများမှ ဒေသခံများ ကိုသာ ရောင်းချနိုင်သည်။

ဖြေဆိုသူများက ရည်ရွယ်ချက်ရှိရှိ ခွဲခြားဆက်ဆံမှု များသည် ၎င်းတို့၏ ဘဝများကို ပိုမိုခက်ခဲစေကြောင်း ဆို သည်။ သံတွဲမြို့နယ်တွင် ဗုဒ္ဓဘာသာဝင်တစ်ဦး ပိုင်ဆိုင် သော ဟိုင်းဝေးဘတ်စ်ကား ကုမ္ပဏီသည် မွတ်စလင်များကို လက်မှတ်မရောင်းပေးတော့ကြောင်း သိရသည်။ ရလဒ် အနေနှင့် ခရီးသွားလာရန် လိုအပ်သော ဒေသအတွင်းရှိ မွတ်စလင်များသည် ကိုယ်ပိုင်အစီအစဉ် သို့မဟုတ် လေယာဉ်ဖြင့် ခရီးသွားရသည်။ ရသေ့တောင်မြို့နယ်ရှိ မွတ်စလင် အသိုင်းဝိုင်းတစ်ရပ် အနီးအနားက ရခိုင်ရွာကြီး သို့ ကုန်ပစ္စည်းရောင်းရန် သွားသောအခါ ရွာအဝင်ဂိတ်၌ ဂိတ်စောင့်အား ၂၀၀ မှ ၅၀၀ ကျပ်အထိ တရားမဝင် အခွန် ပေးဆောင်ရသည်ဟု ဆိုသည်။

---

၃၈ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ မွတ်စလင်ဖြေဆိုသူများသည် ၁၉၉၆ ကတည်းက နိုင်ငံသားအထောက်အထားများနှင့်ပတ်သက်၍ ခွဲခြားဆက်ဆံခံရမှု ကြုံတွေ့ခဲ့ရသည်ဟု ပြောသည်။ သူတို့သည် မှတ်ပုံတင်အထောက်အထားပုံစံမျိုးစုံ (ဥပမာအားဖြင့် နဆက နယ်စပ်ဒေသ လူဝင်မှုကြီးကြပ်ရေး ဌာနချုပ်များ မှ အရာရှိများက သိမ်းဆည်းခဲ့သည့် နိုင်ငံခြားသားသက်သေခံကဒ်များနှင့် နိုင်ငံသားသက်သေခံကဒ်များ) နှင့် အချို့လူများကို အစားထိုးပေးသော အဖြူရောင်ယာယီသတ်သေခံကဒ်များဟူ၍ ဖော်ပြသည်။ ၂၀၁၅ မတ်လ အစောပိုင်းတွင် အဖြူရောင် ယာယီသတ်သေခံကဒ်များ သိမ်းဆည်းမှုကိုလည်း အချို့ဖြေဆိုသူများက ဖော်ပြကြသည်။

၃၉ နိမ့်ချသောဝေါဟာရသည် အစပိုင်းတွင် တောင်အာရှအသွင်အပြင်လက္ခဏာများရှိသော မည်သူကိုမဆို ရည်ရွယ်သတ်မှတ်ပြီး ယခုအခါ မွတ်စလင်များကို ရည်ရွယ်သတ်မှတ်သည်။

အချို့ ပါဝင်ဆွေးနွေးသူများက ဆေးကုသမှု ခံယူရာတွင် ခွဲခြားဆက်ဆံမှု ကြုံရသည်ဟုဆိုသည်။ ရသေ့တောင်မြို့နယ်မှ မွတ်စလင်ဖြေဆိုသူများက ၎င်းတို့ကျေးရွာ အုပ်စုအတွင်းရှိ ဆေးခန်းမှ ဆရာဝန်နှင့် ဝန်ထမ်းအများစု၏ ဆေးကုသပေးရန် ငြင်းဆိုခြင်းကို ခံရကြောင်းပြောပြသည်။ ရခိုင်သူနာပြု တစ်ဦးကသာ ဆေးထိုးပေးခြင်းနှင့် ဒဏ်ရာ အသေးအဖွဲများကိုကုသပေးခြင်းများလုပ်ဆောင်ပေးသည်။ သံတွဲမြို့နယ်တွင် ဒေသခံများသည် ဆေးကုသမှုကို မြို့နယ် ဆေးရုံမှ ဆက်လက်ခံယူ နိုင်သေးသည်။ သို့သော်လည်း ကိုးကွယ်သော ဘာသာကို မေးမြန်းပြီး မွတ်စလင်ဆိုပါက အနည်းငယ်သာ ကုသပေးခြင်း သို့မဟုတ် အချိန်ဆွဲ ကုသခံရခြင်းများ ကြုံရသည်ဟု ဖြေဆိုသူများက ဆိုသည်။

### *မရမာကြီးများ၏ အတွေ့အကြုံများ*

၂၀၁၂ နောက်ပိုင်း ရခိုင်များက ပိုမိုခွဲခြားဆက်ဆံမှုလာခြင်းမှာ ၎င်းတို့၏ ရုပ်အသွင်အပြင် လက္ခဏာကြောင့် ဖြစ်သည်ဟု လေ့လာရာဒေသတစ်ခုမှ မရမာကြီးဖြေဆိုသူများက ဆိုသည်။ [၄၀] ၎င်းတို့သည် ကျောင်းများ၊ နိုင်ငံသားစိစစ်ရေးကဒ် (CSCs) လျှောက်ထားခြင်းနှင့် အစိုးရအလုပ်များ လျှောက်သောအခါ ယခင်ကတည်းက ခွဲခြားဆက်ဆံခြင်း ခံရသည်ဟု ရှင်းပြသည်။ လူ့အသိုင်းအဝိုင်းများအကြား ဖြစ်ပွားသော အဓိကရုဏ်းများ နောက်ပိုင်းတွင် ၎င်းတို့ရပ်ကွက်ထဲရှိ မွတ်စလင်များအတွက် ယခင်ကနိမ့်ချသည့် ဝေါဟာရအဖြစ် ရည်ရွယ်သော "ကုလား" ဟု မရမာကြီးများအား သတ်မှတ်ခေါ်ဆိုခြင်း ခံရကြောင်းလည်း ဖော်ပြသည် (ဖြစ်စဉ်ဇယား ၅ တွင်ရှု)။

ပဋိပက္ခကြောင့် မွတ်စလင်များ စွန့်ခွာပြောင်းရွှေ့သွားပြီးနောက် "ကုလား" ဝေါဟာရသည် မရမာကြီးဆိုင်ပိုင်ရှင်များကိုလည်း ရည်ညွှန်းပြီး ရခိုင်ဖောက်သည်များက မရမာကြီးများ ပိုင်သောဈေးဆိုင်များကို ရှောင်ရှားကြသဖြင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို နစ်နာစေသည်။

ဖြစ်စဉ် ၅

အသက် ၁၄ နှစ်အရွယ် မရမာကြီး ကျောင်းသူတစ်ဦးနှင့် သူမ၏ အတန်းဖော်အချို့ စာသင်ခန်းထဲတွင် ဆူညံစွာ ကစားလျက်ရှိသည်။ ဆရာမက စာသင်ခန်းထဲ ရောက်လာပြီး အားလုံးကို ဆူပူကြိမ်းမောင်းခဲ့သည်။ အထူးသဖြင့် မရမာကြီး မိန်းခလေးကို "ကုလားမ" ဟု တိုင်တည်ပြောဆိုခဲ့သည်။

မိန်းခလေးက သူမကို "ကုလား" ဟု မခေါ်ရန် ဆရာမကို ပြောသောအခါ ဆရာမက ပါးရိုက်တုန့်ပြန်ခဲ့သည်။

## ဒေသန္တရ အမိန့်များ

ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ မွတ်စလင် ဖြေဆိုသူများသည် အထက်တွင်ဖော်ပြသော ၎င်းတို့၏ အတွေ့အကြုံများအပြင် ဒေသန္တရအမိန့်များ စည်းကြပ်မှုမှ ဆိုးကျိုးသက်ရောက်မှုများ ခံစားခဲ့ရသည်။ သွားလာမှု၊ အိမ်ထောင်စုစာရင်း၊ လက်ထပ်ထိမ်းမြားခြင်း၊ နေအိမ်အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့အပေါ် အကျိုးသက်ရောက်မှုရှိသော ဒေသန္တရအမိန့်များသည် ၁၉၉၀ နှစ်များကတည်းက ရှိခဲ့သည်။ ဇယား ၄.၁ သည် ရခိုင်ပြည်နယ်မြောက်ပိုင်း လေ့လာမှုနေရာ ၂ နေရာအတွင်းရှိ မွတ်စလင်ဖြေဆိုသူများအပေါ် အကျိုးသက်ရောက်သော ဒေသန္တရအမိန့်များအား အကျဉ်းချုပ်ထားသည်။

၄၀ မရမာကြီးသည် ရခိုင်ပြည်နယ်ရှိ ဗုဒ္ဓဘာသာတိုင်းရင်းသားမျိုးနွယ်စုအဖြစ် တရားဝင်အသိအမှတ်ပြုခြင်းခံရပြီး ၎င်းတို့၏ အသွင်အပြင်လက္ခဏာသည် တောင်အာရှမျိုးနွယ်စုအဖြစ် ရှုမြင်ရသည်။

ဇယား ၄.၁ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဒေသန္တရ အမိန့်များ၏ အကျိုးသက်ရောက်မှု

| အကြောင်းအရာ | လေ့လာသည့်နေရာဒေသ (က) | လေ့လာသည့်နေရာဒေသ (ခ) |
|---|---|---|
| အိမ်ထောင်စု မှတ်ပုံတင်ခြင်း | • ထိမ်းမြား လက်ထပ်ပြီးနောက် သီးခြားအိမ်ထောင်စုမှတ်ပုံတင်ခြင်း သို့မဟုတ် အသစ်ပြုလုပ်ခွင့်မရှိဟု သုတေသန လေ့လာမှုတွင် ပါဝင်ဖြေဆိုသူများကတင်ပြကြသည်။ ထို့အတွက် အိမ်ထောင်စုစာရင်းတခုတွင် လူ ၄၀ မှ ၆၀ ဦး ရှိပြီး မျိုးဆက်အသီးသီးနှင့် ဆွေမျိုးအသိုင်းအဝိုင်းများ ပါဝင်သည်။<br><br>• လူဝင်မှုကြီးကြပ်ရေးဌာန အပါအဝင် အစိုးရအရာရှိများသည် ၆ လတစ်ကြိမ် အိမ်ထောင်စုစာရင်း လာရောက်စစ်ဆေးကြသည်။ ထိုသို့ လာရောက်စစ်ဆေးချိန်တွင် စာရင်းတွင်ဖော်ပြထားသူအားလုံး ရှိနေရပြီး ပျက်ကွက်သူ (ထိုပျက်ကွက်မှုကို ဒေသခံ ရပ်ကျေးအုပ်ချုပ်ရေးမှူးက ထောက်ခံချက် မပေးပါက) ၏ အမည်ကို အိမ်ထောင်စုစာရင်းမှ ပယ်ဖျက်ခံရသည်။ ပျက်ကွက်သူကို နောက်ပိုင်းတွေ့ရှိပါက လူဝင်မှုကြီးကြပ်ရေး ဥပဒေအရ အရေးယူ တရားစွဲခံရနိုင်သည်။<br><br>• အိမ်ထောင်စုစာရင်းထဲပြန်ထည့်ရန် သို့မဟုတ် စာရင်းမှ ပယ်ဖျက်ရန်အတွက် ကျပ် ၃၀,၀၀၀ မှ ကျပ် ၄၀,၀၀၀ ပေးရသည်ဟုဖြေဆိုသူများက ဖော်ပြသည်။<br><br>• အိမ်ထောင်စုတွင်း မွေးစာရင်းနှင့် သေစာရင်း (ဖွား/သေစာရင်း) များကို လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန အရာရှိများထံ မှတ်ပုံတင်ရပြီး မိသားစုတစုလျှင် ကလေးနှစ်ဦးထက်ပိုယူခွင့်မရှိဟုဖြေဆိုသူများကဖော်ပြကြသည်။<br><br>• ပထမကလေးနှစ်ဦး မွေးစာရင်းမှတ်ပုံတင်ရန် ကျပ်၅၀၀၀ ပေးရပြီး နောက်တိုးကလေးတစ်ဦး သတင်းပို့ရန်အတွက် ကျပ် ၁၀,၀၀၀ မှ ကျပ် ၁၅,၀၀၀ ပေးရသည်ဟု ဖြေဆိုသူများက တင်ပြ ကြသည်။ | • ၂၀၁၂ မှ ၂၀၁၄ ကြားဆိုင်းငံ့ပြီး နောက် အိမ်ထောင်စုစာရင်း စစ်ဆေးမှုများကို ၂၀၁၄ တွင် ပြန်လည်စတင်ခဲ့သည်ဟု ဖြေဆိုသူများက တင်ပြသည်။<br><br>• ထိမ်းမြားလက်ထပ်ပြီးနောက် သီးခြားအိမ်ထောင်စု မှတ်ပုံတင်ခြင်းသို့မဟုတ် အသစ်ပြုလုပ်ခွင့်မရှိဟု လေ့လာမှုတွင် ပါဝင်ဖြေဆိုသူများက တင်ပြကြသည်။ ထို့အတွက် အိမ်ထောင်စု စာရင်းတွင် လူ ၅၀ မှ ၆၀ ဦး ရှိပြီး မျိုးဆက်အသီးသီးနှင့် ဆွေမျိုးအသိုင်း အဝိုင်းများ ပါဝင်သည်။<br><br>• အိမ်ထောင်စုတွင်း မွေးစာရင်းနှင့် သေစာရင်း (ဖွား/သေစာရင်း) များကို လူဝင်မှုကြီးကြပ်ရေး အရာရှိများထံ မှတ်ပုံတင်ရပြီး ပေးရသည့် ငွေပမာဏမှာ မိသားစုတစုချင်း၏ စီးပွားရေးအခြေအနေအပေါ် မူတည်သည်ဟု ဖြေဆိုသူများက ဖော်ပြသည်။<br><br>• မိသားစုတစ်စုလျှင် ကလေးနှစ် ယောက်ထက် ပိုယူခွင့်မရှိဟု ဖြေဆိုသူ များက တင်ပြကြသည်။ လက်တွေ့တွင် အိမ်ထောင်စု စာရင်းတွင် နောက်တိုး ကလေးများထည့်သွင်းနိုင်ရန် အပိုကြေးပေးရသည်ဟု ဖြေဆိုသူများကရှင်းပြသည်။ |
| လက်ထပ် ထိမ်းမြားခြင်း | • လက်ထပ်ထိမ်းမြားရန်အတွက် လူဝင်မှုကြီးကြပ်ရေးဌာနအရာရှိများ၏ ထောက်ခံစာလိုအပ်သည်ဟု လေ့လာမှု တွင် ပါဝင်ဖြေဆိုသူများက တင်ပြကြသည်။ ထောက်ခံစာ လျှောက်ထားရန် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်လိုအပ်ပြီး ထိုအတွက် ကျပ် ၁၀,၀၀၀ ကုန်ကျသည်။<br><br>• လက်ထပ်ထိမ်းမြားမှုထောက်ခံစာ စီစစ်သည့်ကာလ မှာ ၂ ပတ် မှ ၁ နှစ်ထိ ကြာမြင့်သည်။<br><br>• ၎င်းတို့၏ စီးပွားရေးအခြေအနေကိုလိုက်၍ လူဝင်မှုကြီးကြပ်ရေးအရာရှိများကို ကျပ် ၅၀,၀၀၀ မှ ကျပ် ၁၀၀,၀၀၀ ထိပေးရသည် ဟု ဖြေဆိုသူများက တင်ပြသည်။<br><br>• အသက် ၁၈ နှစ်အောက် စုံတွဲတစ်တွဲကို ဘာသာရေး ခေါင်းဆောင်တဦးက လက်ထပ်ထိမ်းမြားပေးနိုင်သော်လည်း အာဏာပိုင်များသိရှိပါက အဖမ်းခံရနိုင်သည်ဟု ဖြေဆိုသူများက တင်ပြသည်။ | • လက်ထပ်ထိမ်းမြားရန် အတွက် လူဝင်မှုကြီးကြပ်ရေးဌာန အရာရှိများ၏ ထောက်ခံစာကို ၂၀၁၄ မှစ၍ မလို တော့ကြောင်း လေ့လာမှုတွင် ပါဝင် ဖြေဆိုသူများက တင်ပြကြသည်။ လက်ထပ် ထိမ်းမြားလိုသူများသည် လူဝင်မှုကြီးကြပ်ရေးဌာနပုံစံကို မှန်ကန်စွာ ဖြည့်စွက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ထောက်ခံစာနှင့်အတူ ကျေးရွာအုပ်ချုပ်ရေးမှူး ရှေ့မှောက် လက်ထပ်နိုင်သည်။ |
| အဆောက်အဦး ဆောက်လုပ် ခြင်းနှင့် ပြင်ဆင် မွမ်းမံခြင်း | • လူဝင်မှုကြီးကြပ်ရေးဌာန အပါအဝင် အစိုးရအရာရှိ များသည် ၆ လတကြိမ် အိမ်ထောင်စုစာရင်း လာရောက်စစ်ဆေးရာတွင် အိမ်ထောင်စုတစ်ခုချင်းအလိုက် မှတ်ပုံတင်ထားသည့် အဆောက်အဦးပုံသဏ္ဌာန် အရေအတွက်များကို လည်း စစ်ဆေးကြသည်။<br><br>• ပြဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများကို လိုက်နာသည့်တိုင် ၂၀၁၂ မှစ၍ အဆောက်အဦးဆောက်လုပ်ခြင်းနှင့်ပြင်ဆင်မွမ်းမံခွင့် မရတော့ကြောင်း လေ့လာမှုတွင် ပါဝင် ဖြေဆိုသူများက ဖော်ပြကြသည်။ ထို့အတွက် ဖြေဆိုသူများသည် ၎င်းတို့ပိုင် အိမ်ထောင်စုဝင်းတွင်းပင်လျှင် အဆောက်အဦး ဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းများ လုပ်ခွင့်မရှိပါ။<br><br>• ကြိုတင်ခွင့်ပြုချက်မရရှိပဲဆောက်လုပ်ထားသူများသည်အဖမ်းမခံရရေးအတွက် အရာရှိများကို ငွေပေးရသည်ဟု ဖြေဆိုသူများက ဖော်ပြသည်။ | • မြို့နယ်နှင့် ခရိုင်အဆင့် အုပ်ချုပ်ရေးဌာနများသို့ လျှောက်ထားပြီး ကျပ် ၂၀၀,၀၀၀ မှ ကျပ် ၃၀၀,၀၀၀ ထိ ပေးရသည့်တိုင် အဆောက်အဦး ဆောက်လုပ်ခွင့် သို့မဟုတ် ပြင်ဆင်မွမ်းမံခွင့်မရဟု လေ့လာမှုတွင် ပါဝင်ဖြေဆိုသူများက တင်ပြသည်။<br><br>• တရားဝင်ခွင့် ပြုချက်မရပဲ ဆောက်လုပ်ထားသည့် အိမ် (၇၀) ရှိပြီး အဖမ်းမခံရရန် အထွေထွေအုပ်ချုပ်ရေးနှင့် စည်ပင်သာယာ အရာရှိများကို ငွေပေးရသည်ဟု ဖြေဆိုသူများ က တင်ပြသည်။ |

# ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်

သုတေသနပြုခဲ့သည့် မြို့နယ်များအားလုံးတွင် တရားရေးဆိုင်ရာ တာဝန်ရှိသူများဖြစ်သော မြို့နယ်အဆင့် တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲအရာရှိများသည် တရားမအငြင်းပွားများနှင့် အများပြည်သူ မလုံခြုံမှုနှင့် ဆိုင်သော နှုတ်ဖြင့်စော်ကားမှုများ၊ ကိုယ်ထိလက်ရောက်စော်ကားမှုများ၊ ခိုးမှုများ၊ ခိုက်ရန်ဖြစ်ပွားမှု၊ ယာဉ်မတော်တဆ ထိခိုက်မှု၊ ကျော်နင်းမှုနှင့် အများသူငါ အနှောင့်အယှက်ဖြစ်စေမှုများကို အများဆုံးဖော်ပြသည်။ ယင်းသည် လေ့လာမှုတွင် ပါဝင်ဆွေးနွေးသူများ ယေဘုယျဖော်ပြသည့် ရပ်ရွာလူ့အဖွဲ့အစည်းအဆင့် ပြဿနာများနှင့် ဆက်စပ်ကိုက်ညီမှုရှိသည်။ မောင်တောမြို့နယ် ဖြစ်စဉ်သဘောသဘာဝမှာ ထူးခြားပြီး မှုခင်းများ၏ သုံးပုံ တစ်ပုံသည် လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့် ဆက်စပ်နေသည်။

ခရိုင်အဆင့်တွင် ဥပဒေအရာရှိများသည် ထောင် (၇)နှစ်အထက် ပြစ်ဒဏ်ထိုက်သည့် လူသတ်မှု၊ မုဒိမ်းမှု နှင့် အခြားရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းရသည်ဟု ဖော်ပြသည်။ ယေဘုယျအားဖြင့် ကိုင်တွယ်ရသည့် ရာဇဝတ်မှုအများစုသည် စီးပွားရေးအခြေအနေ ခက်ခဲခြင်းမှတဆင့် အရက်သေစား မူးယစ်သောက်စားခြင်း ရှတ်ချည်းဒေါသဖြစ်ခြင်းများကြောင့် ကျူးလွန်ကြသော အမှုများဖြစ်သည်ဟု တရားမျှတရေးကဏ္ဍ အရာရှိများက ရှင်းလင်းသည်။

အချုပ်အားဖြင့်ရပ်ရွာလူ့အသိုင်းအဝိုင်းအဆင့်တွင် အရက်သည် အများပြည်သူ မလုံခြုံမှုနှင့် အနှောင့်အယှက်ဖြစ်စေမှုများကို ဖြစ်စေသောအချက်ဖြစ်သည်။ အချို့ကမူ ရဲလုပ်ငန်းအားနည်းမှုနှင့် အကျင့်ပျက်ခြစားမှုသည် အများပြည်သူ အနှောင့်အယှက်ဖြစ်စေမှုကိုအကျိုး ဖြစ်စေသည်ဟု ယူဆသည်။ တရားမျှတရေးဆိုင်ရာ တာဝန်ရှိသူများက ရာဇဝတ်မှုနှင့်ဆိုင်သော အပြုအမူများသည် စီးပွားရေးအခြေအနေ အလွန်အမင်း ခက်ခဲခြင်းများကြောင့်ဖြစ်သည်ဟု မှတ်ယူသည်။

တာဝန်ရှိသူများက အာဏာကို အလွဲသုံးစားပြုခြင်းသည် ပျံ့နှံ့နေသည်ဟု မှတ်ယူရသည်။ ဖြေဆိုသူများက တာဝန်ရှိသူများ၏ မတရားပြုမူခြင်း၊ လာဘ်ပေးလာဘ်ယူခြင်း၊ အခြားမလျော်ကန်သော လုပ်ဆောင်ချက်များ၊ အာဏာအသုံးပြု၍ နိုင်ထက်စီးနင်းပြုခြင်းနှင့် လူမျိုးဘာသာအရ လူနည်းစုများကို ခွဲခြားဆက်ဆံမှုများ စသည်တို့နှင့် စပ်လျဉ်း၍ ပုံမှန်စေ့စပ်ညှိနှိုင်းမှုများ လုပ်ဆောင်ရကြောင်း ဖြေဆိုသူများက တင်ပြသည်။

၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်တွင် ဖြစ်ပွားသော လူ့အသိုင်းအဝိုင်းများအကြား အကြမ်းဖက်မှုများသည် သုတေသနပြုခဲ့သည့် နေရာများအတွင်းရှိ ရပ်ရွာအသိုင်းအဝိုင်းများအပေါ်ထင်ရှားစွာ အကျိုးသက်ရောက်မှုများရှိခဲ့သည်။ ပြည်သူများသည် စိုးရိမ်ပူပန်မှုနှင့်မလုံခြုံမှုများကြီးမားလာသည်။ ဗုဒ္ဓဘာသာနှင့် မွတ်စလင်အသိုင်းအဝိုင်းများအကြား ဆက်ဆံရေးတင်းမာမှုသည် စားဝတ်နေရေးနှင့် စီးပွားရေးလုပ်ငန်းများအပေါ်တွင် ဆိုးကျိုးများသက်ရောက်စေသည်။ အကြမ်းဖက်မှုများသည် လူမျိုးဘာသာအရ လူနည်းစုများအပေါ် ယေဘုယျ ခွဲခြားဆက်ဆံများကျယ်ပြန့်လာခြင်းနှင့်အတူ မမျှတစွာ ရိုက်ခတ်ခဲ့သည်။

မွတ်စလင်များအပေါ် သွားလာမှုကန့်သတ်ချက်များသည် ၎င်းတို့၏ဘဝများ၊ အသက်မွေးဝမ်းကျောင်း၊ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများရရှိမှုနှင့် ဘာသာတရားကိုးကွယ်လေ့ကျင့်မှုများအပေါ် ပြင်းထန်စွာအကျိုးသက်ရောက်မှုများရှိသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်ထိုကန့်သတ်ချက်များသည် ဒေသန္တရအမိန့်များ ထုတ်ပြန်ပြီးနောက် ပိုမိုဆိုးရွားလာစေသည်။



ဓာတ်ပုံ-မေယုမြစ်တစ်လျှောက် ဝါးများသယ်ဆောင်လာသည့် ဖောင်တစ်စီး၊ ရခိုင်ပြည်နယ်



# အခန်း (၅)
# အငြင်းပွားမှုပြဿနာ ဖြေရှင်းသည့် လမ်းကြောင်းများ

ဓာတ်ပုံ- စက်ချုပ်သင်နေသည့် အမျိုးသမီးများ၊ သာယာကုန်းရွာ ၊ စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်။

တတိယမြောက် သုတေသနမေးခွန်းသည်- ဒေသတွင်းတည်ရှိနေသည့် သမားရိုးကျမဟုတ်သော တရားမျှတရေးဖြစ်စဉ်များနှင့် ၎င်းတို့ ကျင့်သုံးလည်ပတ်ပုံများမှာ အဘယ်နည်း ဖြစ်သည်။

ယခုအခန်းသည် အငြင်းပွားမှု ကြုံတွေ့ခဲ့ရသည့် ဖြေကြားသူ ၁၀၂ ဦး၏ ဦးစားပေးပြဿနာများနှင့် ပတ်သက်သည်။ ထိုပြဿနာများအား ကြိုးစားဖြေရှင်းကြသည့် နည်းလမ်းများနှင့် တစ်ခါတစ်ရံ အောင်မြင်သွားကြပုံများကို ဖော်ပြထားသည်။ ထို့အပြင် အငြင်းပွားမှုများနှင့် တရားမျှတမှုဆိုင်ရာ ဦးစားပေးပြဿနာများကို ပြည်သူများ ဖြေရှင်းကြရာတွင် ပံ့ပိုးကူညီပေးသည့် ဒေသတွင်းရှိ တတိယပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍနှင့် တာဝန်များလည်း ထည့်သွင်းစဉ်းစားထားသည်။

## တိုက်ရိုက်ညှိနှိုင်းခြင်းနှင့် တတိယပုဂ္ဂိုလ်၏ အကူအညီရယူခြင်း

အငြင်းပွားမှုကိစ္စရပ်များ၏ ၃ ပုံ ၂ ပုံ နီးပါးဖြစ်သည့် (၁၀၂ မှုအနက် ၆၇ မှု - ၆၅.၇%) တွင် ဖြေဆိုသူများသည် တတိယပုဂ္ဂိုလ်များ၏ အကူအညီဖြင့် တိုက်ရိုက်ညှိနှိုင်းပြီး အငြင်းပွားမှုအား ဖြေရှင်းနိုင်ရန် ကြိုးပမ်းသည်။ ကျန် ၃ ပုံ ၁ ပုံ (၂၆ မှု) တွင် အငြင်းပွားမှုများအား တတိယပုဂ္ဂိုလ်များ၏ အကူအညီမပါဝင်ဘဲ ဖြေရှင်းခဲ့သည်။

စိုးရိမ်ပူပန်မှု အများဆုံးဖြစ်သော အငြင်းပွားမှု ၅ မျိုး (ဇယား ၄.၃.) သည်[၄၃] ဦးစားပေးစိုးရိမ်ပူပန်မှု စုစုပေါင်း၏ ၃ ပုံ ၂ ပုံ (၁၀၂ မှုအနက် ၆၉ မှု - ၆၇.၅%) ထက်ပင် ပိုမိုများပြားသည်။ ဇယား ၅.၁ သည် အငြင်းပွားမှု ၆၉ ခု ၏ အငြင်းပွားမှုများ ဖြေရှင်းခြင်းလမ်းကြောင်းများအား အကျဉ်းချုပ်ဖော်ပြထားသည်။ ၎င်းကိစ္စရပ်အများစု (၆၉ မှုအနက် ၄၂ မှု) တွင် အငြင်းပွားမှုများအား ဖြေရှင်းရန်ကြိုးပမ်းရာတွင် တိုက်ရိုက်ညှိနှိုင်းခြင်းများဖြင့် ကနဦးစွာ လုပ်ဆောင်ပြီး၊ အငြင်းပွားမှု ၁၂ ခုသာ ပြေလည်မှုရရှိခဲ့သည်။

ကနဦး ညှိနှိုင်းဖြေရှင်းများ မကြိုးပမ်းခြင်း (သို့) မအောင်မြင်သည့် အခြေအနေများ (ကိစ္စ ၅၇ ခု) တွင် အငြင်းပွားမှု ၂၃ ခုသည်သာ တစ်ဦး (သို့) တစ်ဦးထက်ပို၍သည့် တတိယပုဂ္ဂိုလ်များထံတွင် အကူအညီ ဆက်လက်တောင်းခံရာတွင် နောက်ထပ် အငြင်းပွားမှု ၄ ခု အား အောင်မြင်စွာဖြေရှင်းနိုင်ခဲ့သည်။ ဖြေကြားသူ ၁၂ ဦးသည် ဒေသတွင်း ခေါင်းဆောင်များဖြစ်သည့် ဒေသန္တရ အုပ်ချုပ်ရေးမှူးများနှင့် ဘာသာရေး ခေါင်းဆောင်များ၏ အကူအညီကို တောင်းခံခဲ့သည်။ အချို့သည် မိတ်ဆွေ၊ သူငယ်ချင်းများ၊ မြို့နယ်အစိုးရဝန်ထမ်း (သို့မဟုတ်) ရံဖန်ရံခါ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်(သို့မဟုတ်)နိုင်ငံရေးပါတီ ကိုယ်စားလှယ် အစရှိသူများထံမှ အကူအညီရယူ၍ ၎င်းတို့၏ ကိစ္စရပ်များအား ဖြေရှင်းကြသည်။

ဦးစားပေးပြဿနာ ၆၉ ခု၏ ၇၇% နီးပါး - ၅၅ ခုသည် ဖြေရှင်းနိုင်ခဲ့ခြင်းမရှိပေ။

အငြင်းပွားမှုများအား ကနဦး ညှိနှိုင်းခြင်းဖြင့် ဖြေရှင်းခဲ့သည်ဟု ဖြေဆိုသူများက တင်ပြခဲ့သော်လည်း ထိုအငြင်းပွားမှုများမှ စိတ်ကျေနပ်ဖွယ်ရာကောင်းသည့် ရလဒ်မျိုး မရှိခဲ့ပေ။ ဦးစားပေးစိုးရိမ်မှု ၁၂ မှုတွင် ပါဝင်ပတ်သက်ခဲ့သည့် ဖြေကြားသူများသည် ကနဦးညှိနှိုင်းဖြေရှင်းမှုများမှ တဆင့် ၎င်းတို့၏ အခွင့်အရေးများအား ပြန်လည်ခံစားရရှိခဲ့ကြောင်း၊ ပြဿနာများလည်း ပြေလည်မှုရရှိခဲ့ကြောင်း (သို့မဟုတ်) ဝတ္တရားများအားလည်းဖြည့်ဆည်းဆောင်ရွက်ပြီးဖြစ်ကြောင်း ပြောဆိုသည်။ အငြင်းပွားမှုအနည်းငယ်တွင်သာ ဖြေဆိုသူများက ၎င်းတို့၏ဝတ္တရားများကို ထမ်းဆောင်ရန် ကတိသစ်များပြုခဲ့ကြကြောင်း တင်ပြသည်။ သို့ရာတွင် ဖြေဆိုသူတစ်ဦးသည် မမျှတသည့် ရလဒ်တစ်ခု နှင့် ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းဖော်ထုတ်ခဲ့သည် - "ကျွန်တော်တို့တွေ အာဏာပိုင်တွေရဲ့ ခွင့်ပြုချက်နဲ့ သစ်ပင်ခုတ်လှဲခဲ့ပါတယ်။ (ခွင့်ပြုချက်အတွက်) တစ်လကို ကျပ် ၁၀,၀၀၀ ပေးခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော် အဖမ်းခံရပြီး... အရိုက်ခံရတယ်၊ ငွေလည်းပေးရတယ်...။"

ဒုတိယအချက်အနေဖြင့် အငြင်းပွားမှုများအား ကနဦးညှိနှိုင်းမှုများဖြင့် ဖြေရှင်းနိုင်ခဲ့ခြင်း မရှိသည့် အခြေအနေများ (သို့မဟုတ်) တိုက်ရိုက်ညှိနှိုင်းရန် ကြိုးပမ်းမှုများ မပြုလုပ်ခဲ့သည့်အခါတွင်၊ အချို့ဖြေကြားသူများသည် တတိယပုဂ္ဂိုလ်များ၏ အကူအညီကို ရယူသည်ဟု အစီရင်ခံသည်။ အများဆုံးဦးစားပေး အငြင်းပွားမှုပုံစံ ၅ ခုနှင့် ပတ်သက်၍ ထိုကဲ့သို့ ကိစ္စရပ်မျိုး အများစုထက်နည်းသော အမှုများ (၅၇ မှုအနက် ၂၃ မှု - ၄၀.၄%) သည်သာ တတိယပုဂ္ဂိုလ်များထံသို့ ချဉ်းကပ်ခဲ့သည်။ အဆိုပါ ကိစ္စရပ်များ ၂၃ ခုတွင် တစ်ဝက်အောက်သာ (၂၃ မှုအနက် ၁၂ မှု) ဒေသတွင်းခေါင်းဆောင်များဖြစ်သည့် ဒေသန္တရ အုပ်ချုပ်ရေးမှူးနှင့် ဘာသာရေး ခေါင်းဆောင်များထံ (အခန်း ၅ အားရှု) ရောက်ရှိခဲ့သည်။ ဒေသတွင်းခေါင်းဆောင်များအပြင် ဖြေဆိုသူများသည် မိတ်ဆွေ၊ သူငယ်ချင်းများ၊ မြို့နယ်အစိုးရဝန်ထမ်း (သို့မဟုတ်)ရံဖန်ရံခါမြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (သို့မဟုတ်) နိုင်ငံရေးပါတီ ကိုယ်စားလှယ်တို့ကို အားကိုးရကြောင်း သိရသည်။ တတိယပုဂ္ဂိုလ်များထံ အကူအညီ

[၄၃] မွေးစာရင်းနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ ပြဿနာများ (၁၀၂ မှုတွင် ၂၄ မှု)၊ အခြားသူများထံမှ ရရန်ရှိသည့် အကြွေး (၁၀၂ မှုတွင် ၂၀ မှု)၊မြေယာအငြင်းပွားမှုများ (၁၀၂ မှုတွင် ၁၄ မှု) အာဏာပိုင်များမှ ဖမ်းဆီးမှု (၁၀၂ မှုတွင် ၆ မှု) နှင့် အမွေဆက်ခံမှုဆိုင်ရာ အငြင်းပွားမှု (၁၀၂ မှုတွင် ၅ မှု)။

တောင်းခံခဲ့သည့် အငြင်းပွားမှု ၂၃ မှုတွင် ၄ မှုသည်သာ တတိယပုဂ္ဂိုလ်များ၏ အကူအညီဖြင့် ဖြေရှင်းနိုင်ခဲ့သည်။ နောက်ထပ် တတိယပုဂ္ဂိုလ်များထံမှ အကူအညီတောင်းခံသည့် ကိစ္စရပ် ၄ ခုတွင် (စုစုပေါင်း ၁၉ ခု ရှိသည်) အောင်မြင်သည့် ရလဒ် မရရှိခဲ့ပေ။

သိသာထင်ရှားစွာပင် ဦးစားပေးကိစ္စရပ် ၅၇ ခု အနက် ၃၄ ခုတွင် ပြီးပြတ်မှုမရှိခြင်း၊ အငြင်းပွားမှုအတွက် မည်သူတစ်ဦးထံမှ အကူအညီတောင်းဆိုခဲ့ခြင်း (သို့မဟုတ်) မည်သည့် လုပ်ဆောင်မှုတစ်စုံတစ်ခုမှ ဆက်လက်လုပ်ဆောင်ခဲ့ခြင်းမရှိပေ။ ထိုသို့လုပ်ဆောင်ရခြင်းနှင့်စပ်လျဉ်း၍ ဖြေဆိုသူများကပေးသည့် အကြောင်းပြချက်များမှာ -

- အကူအညီရယူခြင်း (သို့မဟုတ်) အရေးယူဆောင်ရွက်ခြင်းသည်အချိန်ကုန်သည် (သာဓက ၁၀ ခု)။
- မည်သို့လုပ်ရမည်အား မသိခြင်း (သို့မဟုတ်) မည်သူက ကူညီနိုင်မည်အား မသိခြင်း (သာဓက ၇ ခု)။
- မျှော်လင့်ချက်ကင်းမဲ့နေခြင်း၊ ရှက်ကြောက်ခြင်းနှင့် အကူအညီတောင်းခံခြင်းသည် ရပ်ရွာအတွင်း အကြမ်းဖက်မှုများ ဖြစ်လာမည်ကို စိုးရိမ်ကြောက်ရွံ့ခြင်း (သာဓက ၇ ခု)။
- အကူအညီတောင်းခံခြင်း (သို့မဟုတ်) အရေးယူဆောင်ရွက်ခြင်းသည် တစ်ဘက်နှင့် ဆက်ဆံရေးအား ထိခိုက်နိုင်မည် (သာဓက ၅ ခု)။
- ပြဿနာသည် သိပ်ပြီးအရေးမကြီး (သာဓက ၄ ခု)။
- အကူအညီရယူရန် အလှမ်းဝေးနေခြင်း (သာဓက ၃ ခု)။
- ရွှေ့လျားသွားလာမှု ကန့်သတ်ခံရခြင်း (သာဓက ၂ ခု)။
- တစ်ဘက်တွင် ငွေကြေး ပိုမိုတောင့်တင်းခြင်း (သာဓက ၂ ခု)။
- အကူအညီတောင်းခံခြင်း (သို့မဟုတ်) အရေးယူဆောင်ရွက်ခြင်းသည် ကုန်ကျစရိတ်များမည် (သာဓက ၁ ခု)။
- တရားဝင်စာချုပ်စာတမ်း (သို့မဟုတ်) သဘောတူညီချက် မရှိခြင်း (သာဓက ၁ ခု)။

ဖြေဆိုသူများသည် တွေးဆ အငြင်းပွားမှုဖြစ်ရပ် ၆ ခု အား စဉ်းစားခဲ့စေပြီး (ဥယျာဉ်အတွင်းမှ သစ်သီး ခိုးခြင်း၊ အကြွေး၊ အိမ်တွင်းအကြမ်းဖက်မှု၊ ယာဉ်မတော်မဆဖြစ်ပွားမှု၊ လူကုန်ကူးမှုနှင့် နယ်နိမိတ်နဲ့ ပတ်သက်သည့် အငြင်းပွားမှု) ၎င်းတို့အား မည်ကဲ့သို့ဖြေရှင်းသွားမည်နည်းအား ပြသခိုင်းသည်။ ၎င်းတို့၏ ပထမအခြေအနေ ၄ ရပ်အပေါ် (ဇယား ၅.၂ (က) မှ ၅.၂ (ဃ) ထိ၊ နောက်ဆက်တွဲ ၂) တုန့်ပြန်မှုသည် ယေဘုယျအားဖြင့် ကိုယ့်ကိုယ်အားကိုးမှုဖြင့် ကနဦး ဖြေရှင်းသကဲ့သို့ (တိုက်ရိုက်ညှိနှိုင်းခြင်းဖြင့်) အငြင်းပွားမှုများအား ဖြေရှင်းရန်လိုလားသည်အား တွေ့ရသည်။

လူကုန်ကူးမှုပါဝင်သည့် တွေးဆဖြစ်ရပ်တွင် ဖြေဆိုသူများသည် ယေဘုယျအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့ နှင့် ဒေသန္တရ အုပ်ချုပ်ရေးမှူးများထံမှ ကနဦးအကူအညီတောင်းခံမည်ဟု ဖြေသည်။ ၎င်းတို့သည် အောင်မြင်မှုမရှိခဲ့လျှင် အခြားမည်သူမှ အားကိုးအားထားပြုရရန် မရှိကြောင်း (ဇယား ၅.၂ (င)၊ နောက်ဆက်တွဲ ၂) တင်ပြသည်။ နယ်နိမိတ်နှင့် ပတ်သက်သည့် တွေးဆ အငြင်းပွားမှုဖြစ်ရပ်တွင် ဖြေဆိုသူအများစုသည် ဒေသန္တရ အုပ်ချုပ်ရေးမှူးများနှင့် မြေတိုင်းဦးစီးဌာန ထံမှ ကနဦးအကူအညီတောင်းခံမည်ဟု ဖြေသည်။ အောင်မြင်ခြင်းမရှိခဲ့လျှင် ဖြေကြားသူ တစ်ဝက်သည် မြေတိုင်းဦးစီးဌာနထံ ချဉ်းကပ်ခြင်း (သို့) အခြားမည်သည့် အဖွဲ့အစည်းမှ ချဉ်းကပ်မည် မဟုတ်ကြောင်း ဖြေဆိုသည်။

အနှစ်ချုပ်အနေဖြင့် အငြင်းပွားမှုကိစ္စရပ်များ၏ ၃ ပုံ ၂ ပုံအား ကနဦးအနေဖြင့် တိုက်ရိုက်ညှိနှိုင်းမှုဖြင့် ဖြေရှင်းရန် ကြိုးပမ်းမည်ဖြစ်သည်။ တိုက်ရိုက်ညှိနှိုင်းမှုများ သို့မဟုတ် တတိယပုဂ္ဂိုလ်များ၏ အကူအညီရယူပြီးနောက် ဦးစားပေးအငြင်းပွားမှု ၆၉ မှုတွင် ၇၇% သည် ဖြေရှင်းနိုင်ခြင်းမရှိခဲ့ပေ။ အငြင်းပွားမှုများအား ပြေလည်အောင်ဖြေရှင်းနိုင်သည့်တိုင် ကျေနပ်အားရဖွယ်ကောင်းသည့်ရလဒ်များကို ဆောင်ကြဉ်းနိုင်ခြင်း မရှိပေ။ အချို့တိုင်ကြားမှုများတွင်မည်သူတစ်ဦးတစ်ယောက်ထံမှ အကူအညီတောင်းယူမှု မရှိခြင်း (သို့မဟုတ်) မအောင်မြင်ခဲ့သည့် အငြင်းပွားမှုများအပြီးတွင် နောက်ထပ် အရေးယူ ဆောင်ရွက်မှုများ မပြုလုပ်ခြင်းတို့သည် အဆုံးတွင်အရှုံး နှင့်သာ ကြုံရနိုင်ခြင်း၊ အကူအညီရယူနိုင်မည့် အရင်းအမြစ်များနှင့် ပတ်သက်ပြီး ဗဟုသုတနည်းပါးခြင်း၊ ကြောက်ရွံ့နေခြင်း (သို့မဟုတ်) ရှက်ကြောက်နေခြင်းတို့ကြောင့်ဖြစ်သည်။

## ဒေသန္တရ အုပ်ချုပ်ရေးမှူးများ

ဒေသန္တရ အုပ်ချုပ်ရေးမှူးများ - ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးများ - တို့သည် သုတေသနတွင် ပါဝင်သူများ၏ နေ့စဉ်ကြုံတွေ့နေရသည့် ပြဿနာများ ဖြေရှင်းပေးရာတွင် အရေးအပါဆုံး တတိယပုဂ္ဂိုလ်များဖြစ်ကြောင်း ပေါ်ထွက်လာသည်။ ယင်းသည် အငြင်းပွားမှုတွင် ပါဝင်သူများ အပြန်အလှန်လက်ခံနိုင်သော ရလဒ်မထွက်သည့် အခြေအနေမျိုးတွင် လည်းကောင်း၊ ဒေသန္တရ အုပ်ချုပ်ရေးမှူးများတွင် တိကျပြတ်သားသော လုပ်ပိုင်ခွင့် အာဏာရှိသောကိစ္စနှင့် ပတ်သက်၍သော်လည်းကောင်း တရားမျှတမှုရှာဖွေရာ ဘုံလမ်းကြောင်းတစ်ရပ်ဖြစ်သည်။ ရပ်ကွက် (မြို့ပြ ဒေသများအတွက်) နှင့် ကျေးရွာအုပ်စု (ကျေးလက်ဒေသများအတွက်) အုပ်ချုပ်ရေးမှူးများသည် မြန်မာနိုင်ငံ

တွင် အစိုးရအုပ်ချုပ်ရေး ဖွဲ့စည်းပုံတွင် အနိမ့်ဆုံးအဆင့်တွင်ရှိသည်။[၄၂] ယခင်ကခန့်အပ်ခဲ့သည့်မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ (ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ) အား ယခုအခါတွင်၂၀၁၂ ခု နှစ် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ[၄၃] တွင် ရေးဆွဲထားသည့် လုပ်ငန်းစဉ်များနှင့်အညီ ၎င်းတို့၏ မဲဆန္ဒနယ်များက သွယ်ဝိုက်၍ရွေးကောက်တင်မြောက်သည်။

ဤဥပဒေအရ ရပ်ကျေးအုပ်ချုပ်ရေးမှူးများအား တရားဝင် တာဝန် ၃၂ ရပ် ပေးအပ်ထားပြီး၊ ယင်းတာဝန်များတွင် ငြိမ်ဝပ်ပိပြားရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ စည်းကမ်း ပြည့်ဝရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များ ပါဝင်သည်။ ၎င်းတို့ တာဝန်များ၏ တစ်စိတ်တစ်ဒေသအနေဖြင့် ရပ်ကျေး အုပ်ချုပ်ရေးမှူးများသည် မြို့နယ်အဆင့် ပုံမှန်အစည်းအဝေးများကို တက်ရောက်ပြီး သတင်းအချက်အလက်များကို ၎င်းတို့၏ ရပ်ရွာများတွင် ဆင့်ပွားပြောကြားရသည်။ ရပ်ကျေးအုပ်ချုပ်ရေးမှူးများမှ ၎င်းတို့၏ ရပ်ရွာရှိပြဿနာများကို မြို့နယ်အဆင့်သို့ တင်ပြရန်အတွက် ဤနည်းအားဖြင့် ဆောင်ရွက်သည်။ ရပ်ကျေး အုပ်ချုပ်ရေးမှူးများသည် အစိုးရထံမှလစဉ်ထောက်ပံ့ငွေကိုသာ ရရှိပြီး၊ လစာရရှိသည့် အထွေထွေအုပ်ချုပ်ရေးဌာနမှ စာရေးတစ်ဦးနှင့်အတူ လုပ်ဆောင်သည်။ သို့သော် ၎င်းတို့ကို ပြည်သူ့ဝန်ထမ်း (သို့မဟုတ်) အစိုးရအမှုထမ်းအဖြစ် သတ်မှတ်ခြင်း မရှိပေ။

အုပ်စုဖွဲ့ထားခြင်းမရှိသည့် ကျေးရွာများတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများရှိသည်။ ၎င်းတို့သည် ယေဘုယျအားဖြင့် ကျေးရွာတစ်ရွာတည်းသာအုပ်ချုပ်ပြီး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ တိုက်ရိုက်အစီရင်ခံရသည်။ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့်မတူသည်မှာ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေအရ တရားဝင် အသိအမှတ်ပြုခြင်းမရှိပေ၊ ၎င်းတို့သည်အစိုးရထံမှ ထောက်ပံ့ကြေးငွေရရှိခြင်းမရှိသည့်အပြင်၊ ရွေးကောက်တင် မြှောက်ခြင်းလည်းမရှိပေ။ တကယ်တမ်းတွင် ၎င်းတို့သည် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်မှူးများ၏ နေ့စဉ်အခန်းကဏ္ဍများ၌ ကွာခြားချက် များစွာမရှိပေ။

လေ့လာမှု ပြုလုပ်ခဲ့သည့် နေရာဒေသများတွင် ဒေသန္တရ အုပ်ချုပ်ရေးမှူးများသည် တရားဝင် အနေအထားအရနှင့် ရပ်ရွာလူထု၏ လေးစားမှု ခံရသူဖြစ်ပြီး၊ ၎င်းတို့သည် နှုတ်ဖြင့်စော်ကားခြင်း၊ ကိုယ်ထိလက်ရောက် စော်ကားခြင်း၊ လူထုအား စိတ်အနှောက်အယှက်ဖြစ်စေခြင်း၊ ခိုးမှု၊ လင်မယားကွာရှင်းခြင်းနှင့် အမွေကိစ္စများနှင့် သက်ဆိုင်သော အမှုများ အစရှိသည့် အငြင်းပွားမှုများကို ဖြေရှင်းရာတွင် အရေးပါသူ တစ်ဦးအဖြစ် မှတ်ယူခြင်းခံရသည်။ ဥပမာ အကြွေးနှင့် ပတ်သက်သည့် ကိစ္စတစ်ခုတွင် အုပ်ချုပ်ရေးမှူးသည် ငွေချေးယူထားသူတစ်ဦးမှ ချက်ခြင်းအပြည့်အဝ ပြန်မဆက်နိုင်သည့် အနေအထားမျိုးတွင် ထိုသူအား အရစ်ကျပုံစံဖြင့် ပြန်လည်ပေးဆပ်နိုင်မည့် နည်းလမ်းတစ်ခုအား ကူညီညှိနှိုင်း ပေးသည်။ အချို့ဒေသများတွင် ဒေသန္တရအုပ်ချုပ်ရေးမှူးများသည် ငွေချေးယူသူများအား အကြွေးပြန်ဆပ်ပါမည်ဟု ခံဝန်လက်မှတ် ရေးထိုးခိုင်းသည်။ ထိုအုပ်ချုပ်ရေးမှူးများသည် ဒေသအတွင်း ပြဿနာများဖြေရှင်းရန်အတွက် "ရပ်မိရပ်ဖများနှင့် လေးစားရသော ပုဂ္ဂိုလ်များ" နှင့် မကြာခဏ ပူးပေါင်းဆောင်ရွက်သည်။ ထိုကိစ္စသည် အုပ်ချုပ်ရေးမှူးသည် ငယ်ရွယ်သူဖြစ်နေခြင်း (သို့မဟုတ်) အကြောင်းတစ်စုံတစ်ရာကြောင့် ဩဇာလွှမ်းမိုးမှုနည်း သည်ဟု ယူဆသောအခါ ပိုမို ဖြစ်လေ့ဖြစ်ထရှိသည်။

ဖြေဆိုသူများသည် အခြားအစိုးရဌာန ဆိုင်ရာများနှင့် ဆက်ဆံရန်လိုအပ်သည့်အခါတွင် ရပ်ကျေးအုပ်ချုပ်ရေးမှူးများအား လွန်စွာအားထားသည်။ ဥပမာ သက်သေခံ အထောက်အထား လက်မှတ်လျှောက်သည့်အခါ၊ မြို့နယ်အဆင့်ရုံးများတွင် တိုင်ကြားမှုပြုလုပ်သည့်အခါ (ဖြစ်စဉ်ဇယား ၆) နှင့် မူစလင်များကိစ္စတွင် ၎င်းတို့၏ မြို့နယ်မှ ပြင်ပသို့ ခရီးသွားလာခွင့် ပုံစံ-၄ အား လျှောက်ထားသည့်အခါမျိုးများတွင် ရပ်ကျေးအုပ်ချုပ်ရေးမှူးများထံမှ ထောက်ခံစာလိုအပ်သည်။

ဖြစ်စဉ် ၆

လွန်ခဲ့သော ၆ နှစ်မှ ၈ နှစ်ခန့်တွင် ကမ်းခြေမှ ၁၀ မိုင် အကွာအဝေးတွင်ရှိရမည့် ငါးဖမ်းသင်္ဘောကြီးများသည် ဒေသခံ တံငါသည်များ ငါးဖမ်းသည့် ကမ်းခြေအနီးတွင် စ တင်ဝင်ရောက်၍ ငါးဖမ်းခဲ့ကြသည်။ ထို့ကြောင့် ဒေသခံ တံငါသည်များဖမ်းမိသည့် ငါးပမာဏသည် သိသာစွာ ကျဆင်းလာသည်။

ငါးဖမ်းသင်္ဘောကြီးများသည် ဒေသခံ တံငါသည်များ၏ ငါးဖမ်းပိုက်များအား ထိခိုက်ခဲ့သည့်အတွက် မကြာခဏ ပျက်စီးရပြီး၊ ငါးဖမ်းလှေငယ်များကိုလည်း တိုက်မိကြသည်။ သာဓကတစ်ခုတွင်ဒေသခံတံငါသည် တစ်ဦးသည် ၎င်း၏ လှေအား ငါးဖမ်းသင်္ဘောကြီးက ဝင်တိုက်ခဲ့ရာမှ သေဆုံးခဲ့သည်။ ငါဖမ်းသင်္ဘောကြီးများသည် ညဘက်တွင်လည်း မီးမထွန်းဘဲ တရားမဝင် ငါးခိုးဖမ်းသဖြင့် ဒေသခံ တံငါသည်များအတွက်နောက်ထပ် အန္တရာယ်ရှိစေသည်။ ဒေသခံ တံငါသည်များသည် ငါးလုပ်ငန်းဦးစီးဌာနထံသို့တိုင်ကြားသော်လည်း၊ တံငါ

၄၂ UNDP, UNDP Local Governance Mapping in Myanmar: Background and Methodology (2014) စာမျက်နှာ ၃၅။
၄၃ မြို့နယ်ထဲရှိ ရပ်ကွက်နှင့် ကျေးရွာတစ်ခုချင်းစီတွင် မြို့နယ်အုပ်ချုပ်ရေးမှူးများမှ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့ရန် ရပ်ရွာမှ လေးစားရသော ရပ်မိ၊ ရပ်ဖ ၅ ဦးအား ရွေးချယ်ခန့်အပ်သည်။ ထို့နောက် အိမ်ထောင်စု ၁၀ စုလျှင် တစ်အုပ်စုဖွဲ့သည်။ ၁၀ အိမ်မှူးသည် တင်သွင်းထားသည့် လူများ စာရင်း ထဲမှ မိမိနှစ်သက်ရာ ကိုယ်စားလှယ်လောင်းအား မဲပေးနိုင်သည်။ ကြီးကြပ်ရေးအဖွဲ့သည် ရွေးကောက်ရေးလုပ်ငန်းစဉ်ကို ကြီးကြပ်ရန် တာဝန်ရှိသည်။ ရွေးချယ်ခံရသူသည် သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။ မြို့နယ်အုပ်ချုပ်ရေးမှူးများမှ ထောက်ခံချက်ရရှိပြီး တရားဝင်ခန့်အပ်ခြင်း ခံရသူဖြစ်ရမည်။

သည်များအနေဖြင့် ငါးဖမ်းသင်္ဘောကြီးများ၏ လုပ်ဆောင်မှုများအား သက်သေမပြနိုင်သည့်အတွက် ထိုဌာနမှမည်သည့် အရေးယူဆောင်ရွက်မှုပြုလုပ်ခြင်း မရှိခဲ့ပေ။ လွန်ခဲ့သည့် ၃ နှစ်အတွင်း မိုဘိုင်းဖုန်းများသည် အလွယ်တကူရရှိ အသုံးပြုလာနိုင်ပြီဖြစ်သည့်အတွက် တံငါသည်များသည် ၎င်း တို့၏ ဖုန်းများဖြင့် သင်္ဘောကြီးများအား စတင် ဓါတ်ပုံရိုက်ကူးခဲ့သည်။ ထိုဓါတ်ပုံ အထောက်အထားများဖြင့် ဒေသခံ အုပ်ချုပ်ရေးမှူးမှ တဆင့် တိုင်ကြားစာအား တင်ပြနိုင်ခဲ့ပြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်နှင့်တကွ၎င်းတို့၏တောင်းဆိုမှုများအား ငါးလုပ်ငန်း ဦးစီးဌာနထံ တင်ပြခဲ့သည်။

ငါးလုပ်ငန်း ဦးစီးဌာနသည် လျော်ကြေးငွေ ရရှိနိုင်ရန် ညှိနှိုင်းပေးခဲ့သည်။ သို့သော် ဒေသခံ တံငါသည်များသည် ၎င်းတို့ အမှန်တကယ် ဆုံးရှုံးခဲ့သည့် တန်ဖိုး၏သုံးပုံတစ်ပုံ (သို့မဟုတ်) နှစ်ပုံသာရရှိခဲ့သည်။ တံငါသည် အများစုသည် ငါးလုပ်ငန်းဦးစီးဌာနထံမှ အကူအညီရယူရန် လက်လျှော့ခဲ့သည်။ အကြောင်းအရင်းမှာ လျော်ကြေးငွေရရှိရန် ညှိနှိုင်းရမည့် ကြာချိန်သည် ရရှိနိုင်မည့် အနည်းငယ်သော လျော်ကြေးငွေနှင့် စာလျှင် မတန်သောကြောင့်ဖြစ်သည်။

လေ့လာမှုပြုလုပ်ခဲ့သည့် နေရာဒေသအများစုတွင် ဒေသန္တရ အုပ်ချုပ်ရေးမှူးများနှင့် ရပ်ရွာလူထုများကြားတွင် ကောင်းမွန်သည့် ဆက်ဆံရေးရှိသည်အား တွေ့မြင်ခဲ့ရသည်။ ထို့အပြင် အစိုးရထံမှ သတင်းအချက်အလက်များအား ၎င်းတို့၏ ဒေသများသို့ ပြန်လည်လက်ဆင့် ကမ်းသယ်ဆောင်ပေးရသည့်အတွက် ထိုအုပ်ချုပ်ရေးမှူးများသည် ယေဘုယျအားဖြင့်၎င်းတို့၏ ရပ်ရွာအကျိုးအတွက် ကိုယ်စားပြုခွင့်ရသည်ဟု ယူဆကြသည်။ အချို့သာဓကများတွင် ဒေသန္တရအုပ်ချုပ်ရေးမှူးများသည် ၎င်းတို့၏ ဒေသများအားကိုယ်စားပြုပြီး အစိုးရနှင့်ဆက်သွယ်ရာတွင်ကူညီပေးခဲ့ကြသည် (ဖြစ်စဉ် ဇယား ၇)။

ဖြစ်စဉ် ၇

ကျေးရွာတစ်ရွာတွင် နယ်ခြားစောင့် ရဲတပ်ဖွဲ့၏ ရှေ့တန်းကင်းစခန်းတစ်ခုအနီးရှိ လမ်းတစ်ခုမှာ ရာသီဥတု ဒဏ်ကြောင့် တစ်စိတ်တစ်ဒေသ ပျက်စီးသွားခဲ့ရာ အရာရှိတစ်ဦးမှ ကျေးရွာအုပ်ချုပ်ရေးမှူးအား ထိုနေရာအား ပိုင်ဆိုင်သည့် ပုစွန်မွေးမြူသူတစ်ဦးအား လမ်းပြုပြင်ပေးရန် သတင်းပို့ပေးစေခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးမှထိုလမ်းသည်နယ်ခြားစောင့်ရဲများ၏လှုပ်ရှားမှုများအတွက် အသုံးပြုခြင်းဖြစ်သဖြင့် ပုစွန်မွေးမြူသူအား လမ်းပြင်ရန် တာဝန်ပေးခြင်းအား မသင့်ဟု ပြန်လည်ဖြေကြားခဲ့သည်။ နယ်ခြားစောင့်ရဲအရာရှိသည် ရာထူးပိုမိုကြီးမားသော အရာရှိနှင့်အတူ ပြန်လည်ရောက်ရှိလာပြီး ကျေးရွာအုပ်ချုပ်ရေးမှူးအား ရွာသားများမှ လမ်းပြင်ခိုင်းရန် တောင်းဆိုပြန်သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးက ရွာသားများသည် လမ်းပြင်ရန်မတတ်နိုင်ကြောင်း သို့သော် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ကုန်ကျစရိတ်ကျခံမည်ဆိုလျှင် လုပ်အားဖြင့် ပြင်ဆင်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုရာထူးကြီးသည့်အရာရှိသည် အခြေအနေအား သုံးသပ်ပြီးနောက်၊ ခန့်မှန်းခြေအားဖြင့် အလုပ်သမား ၁၀ ဦးနှင့် နေ့တဝက် ပြင်ရန် လိုအပ်လိမ့်မည်ဖြစ်ပြီး၊ ငွေကျပ် ၅၀,၀၀၀ ကုန်ကျမည်ဟု ခန့်မှန်းခဲ့သည်။ လုပ်အားပေး ၃ ဦးအား ပေးအပ်မည်ဟု ကမ်းလှမ်းသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးသည် ပုစွန်ကန်များ ပျက်စီးသည့်အတွက် ရွာသားများမှာ စီးပွားရေးအခက်အခဲများနှင့် ရင်ဆိုင်နေရပြီး လမ်းပြင်ရန် ငွေကုန်ကြေးကျမခံနိုင်ကြောင်းအသနားခံခဲ့သည်။ နောက်ဆုံးတွင် အဆိုပါအရာရှိသည် ငွေ ကျပ် ၂၀,၀၀၀ နှင့် လုပ်အားပေး ၅ ဦးထည့်ဝင်ရန် သဘောတူခဲ့သည်။ ထိုကမ်းလမ်းချက်အားကျေးရွာအုပ်ချုပ်ရေးမှူးမှလက်ခံခဲ့ပြီး၎င်း၏ရွာသားများမှ အသေအချာပါဝင်မည်ဟု သဘောတူခဲ့သည်။

အလားတူပင် မကြာမီက စတင်ကျင့်သုံးခဲ့သည့် သွယ်ဝိုက်ရွေးကောက်ပွဲကြောင့် ဖြစ်ကောင်းဖြစ်နိုင်သည်မှာ ရပ်ရွာလူထုသည် ဒေသန္တရအုပ်ချုပ်ရေးမှူးများအား ၎င်းတို့၏ အကျိုးစီးပွားများအား ကိုယ်စားပြုရန် မျှော်လင့်ချက်များ ထားလာကြသည်။ လေ့လာမှုပြုလုပ်ခဲ့သည့် နေရာ ၂ ခုမှ ဖြေဆိုသူများသည် ၎င်းတို့၏ ရပ်ကျေးအုပ်ချုပ်ရေးမှူး များအား ကျေနပ်မှုမရှိသည့်အတွက် ၎င်းတို့အား ထပ်မံရွေးချယ်တော့မည် မဟုတ်ကြောင်းပြောသည်။ ၎င်းတို့၏ ကိုယ်ကျိုး (သို့မဟုတ်) မိတ်ဆွေများနှင့် ဆွေမျိုးများ၏အကျိုးများသာ ဆောင်ရွက်သည့် ဒေသခံအုပ်ချုပ်ရေးမှူးများသည် ၎င်းတို့ ကိုယ်စားပြုနေသည့် ရပ်ရွာဒေသများ၏ကိုယ်စား ဆုံးဖြတ်ချက်ချမှတ်ရန် သဘာဝမကျကြောင်း ယူဆသည်။ "ရပ်မိရပ်ဖနှင့် လေးစားရသည့်ပုဂ္ဂိုလ်" တစ်ဦးမှ ရှင်းပြ သည်မှာ -

"ဒီက အုပ်ချုပ်ရေးမှူးက ကိစ္စတွေအားလုံးကို ရဲကိုပဲလွှဲတယ်။ ဒါကလည်း သူက ဒီကိစ္စတွေကို မကိုင်တွယ်ချင်လို့ ရည်ရွယ်ချက်မကောင်းလို့ မဟုတ်ပါဘူး။ ရွာသားတွေကသူ့ကိုမလေးစားလို့ပါ။ ရွာသားတွေက သူ့ရဲ့ဆုံးဖြတ်ချက်တွေကိုနားထောင်မှာမဟုတ်ဘူး။အဲဒါကြောင့် သူက ကိစ္စတွေအားလုံးကို ရဲကိုဘဲ လွှဲပေးတာပါ။"

မျှတမှုရှိခြင်းသည် ရပ်ကျေးအုပ်ချုပ် ရေးမှူးများအားတရားဝင်ခန့်အပ်ခြင်းခံရစေသည့်အရည်အချင်းတစ်ခုဖြစ်သည်။ ဥပမအားဖြင့် ဒေသခံအုပ်ချုပ်ရေးမှူးတစ်ဦးသည် ချမ်းသာ ကြွယ်ဝမှုလည်းမရှိ၊ ပညာလည်း မတတ်သော်လည်း မျှတသည်ဟု အသိအမှတ်ပြုခံရပြီး ၎င်း၏ ရပ်ရွာ အတွင်းရှိ ရခိုင်နှင့် မူစလင် နှစ်ဘက်စလုံးနှင့် ကောင်းမွန်သော ဆက်ဆံရေးရှိသဖြင့် ရွေးချယ်ခြင်းခံရသည်။ ထိုအုပ်ချုပ်ရေး

မှု၏ ချည်းကပ်ပုံ နည်းလမ်းကြောင့် ၎င်း၏ရပ်ရွာလူထုသည် ၎င်းအား လွန်စွာအားထားပြီး၊ နေ့စဉ် ရပ်ရွာအရေးကိစ္စနှင့်ပတ်သက်၍ ၎င်းအားဖုန်းခေါ်ဆိုမှု အကြိမ် ၂၀၀ ကျော်ရှိသည်ဟု ဆိုသည်။ ၎င်းမှ ထပ်မံပြောကြားသည်မှာ -

"ကျွန်တော်က ပွင့်လင်းမြင်သာတာကို တန်ဖိုးထားပါတယ်။ လူတွေက ကျွန်တော့်ကို "ကုလား" တွေကို အကာအကွယ်ပေးတယ်လို့ ဝေဖန်ပြောဆိုကြပါတယ်။ သူတို့ ကြိုက်သလိုတွေးပါစေ။ ကျွန်တော်က လူတွေနဲ့ ထိတွေ့ရတာပါ။ အားလုံးဟာ လူသားတွေပါပဲ။ ကျွန်တော်က လူတွေကို လူလိုဘဲ ဆက်ဆံပါတယ်။"

# အခြား ရပ်ရွာခေါင်းဆောင်များ

## "ရပ်မိရပ်ဖနှင့် လေးစားရသည့်ပုဂ္ဂိုလ်များ" [၄၄]

သုတေသန ပြုလုပ်ခဲ့သည့် ရပ်ရွာအများစုတွင် ရပ်မိရပ်ဖများရှိကြသည်။ ရပ်မိရပ်ဖများသည် ၎င်းတို့၏ ကျေးရွာများ (သို့) ရပ်ကွက်များအပေါ်တွင် လွှမ်းမိုးမှုရှိသည်။ ရပ်မိရပ်ဖများသည် ရပ်ကျေးအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲများကို ကြီးကြပ်ရန် မြို့နယ်အုပ်ချုပ်ရေးမှူမှ ခန့်အပ်သည့် လူကြီးများနှင့် ကွဲပြားသည်။ ရပ်မိရပ်ဖများအား ၎င်းတို့၏ ရပ်ရွာကိုယ်စားပြုရန် အသိအမှတ်ပြုခြင်း ခံရပြီး၊ ဆုံးဖြတ်ချက်များကိုလည်း ရပ်ရွာလူထုကိုယ်စား ချမှတ်ရန် တရားဝင်အခွင့်အာဏာရှိသည်။ သုတေသနပြုလုပ်ခဲ့သည့် နေရာများတွင် ရပ်မိရပ်ဖများသည် သက်ကြီးပိုင်းအမျိုးသားများဖြစ်ပြီး၊ အောက်ဖော်ပြပါ လက္ခဏာများထဲမှ တစ်ခု (သို့) တစ်ခုထက် ပိုပြီးပိုင်ဆိုင်သည် - ချမ်းသာကြွယ်ဝမှု၊ ပညာတတ်မြောက်မှုနှင့် ပုဂ္ဂိုလ်ရေး အဆက်အသွယ်များရှိခြင်း။ သုတေသနပြုလုပ်ခဲ့သည့် နေရာတစ်ခုတွင်သာ အမျိုးသမီးများအား ရပ်မိရပ်ဖအဖြစ် တွေ့ရှိခဲ့ရသည်။ ထိုအမျိုးသမီးများသည် ထိုနေရာအား ရရှိထားသည်မှာ နိုင်ငံတကာမှ အလှူရှင်များနှင့် အပြန်အလှန် ဆက်ဆံဖူးသည့် အတွေ့အကြုံများကြောင့်ဖြစ်သည်။ [၄၅]

ရပ်မိရပ်ဖများသည် အသေးစားအငြင်းပွားမှု ကိစ္စရပ်များဖြစ်သည့် ခိုးမှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ အကြွေး၊ ပုဂ္ဂလိက မြေယာ အငြင်းပွားမှု၊ အမွေကိစ္စနှင့် အများပြည်သူ လုံခြုံရေး အစရှိသည့် ကိစ္စရပ်များအား တစ်ဦးတည်းဖြစ်စေ၊ ဒေသခံ အုပ်ချုပ်ရေးမှူးများ (သို့မဟုတ်) ဘာသာရေးခေါင်း ဆောင်များနှင့် ပူးပေါင်း၍ဖြစ်စေ ညှိနှိုင်းဖြေရှင်းပေးရသည်။ ထိုကိစ္စရပ်များတွင် ရပ်မိရပ်ဖများ၏ ရပ်ရွာအကြောင်းသိရှိမှုနှင့် ရပ်ရွာအတွင်းသမာသမတ်ကျစွာနေထိုင်ခြင်းသည် အရေးကြီးသည်ဟု ယူဆသည်။ အငြင်းပွားမှုကိစ္စအများစုအား ကြားဝင်ဖျန်ဖြေခြင်း (သို့မဟုတ်) ညှိနှိုင်းမှုများ ဆောင်ရွက်ခြင်းဖြင့်ဖြေရှင်းကြပြီး၊ ဆန်းသစ်တီထွင်သည့် နည်းလမ်းဖြင့် အငြင်းပွားမှုအား ဖြေရှင်းခဲ့သည့်သာဓကတစ်ခုကိုလည်း လေ့လာတွေ့ရှိခဲ့သည် (ဖြစ်စဉ်ဇယား ၈)။

> **ဖြစ်စဉ် ၈**
>
> ကျေးရွာတစ်ရွာတွင် အမျိုးသမီးများသည် ဟင်းသီးဟင်းရွက်များ ခူးသည့်အခါတွင် ရန်ဖြစ်လေ့ရှိရာ အမျိုးသမီး ရပ်မိရပ်ဖနှစ်ဦးသည် ထိုငြင်းခုံနေသည့် အမျိုးသမီးများအား ဝိုင်းပတ်ပြီး ရန်ဖြစ်နေသည့် အမျိုးသမီးများ ပါဝင်လာသည့်အထိ ရေဖုံးများနှင့် ထမင်းအိုးများအား တီးခေါက်ပြီး ကကြသည်။ ဤနည်းဖြင့် ၎င်းတို့သည် တင်းမာနေသည့် အခြေအနေတစ်ခုအား ပြေလျော့စေပြီး၊ ကခုန်၊ ရယ်မောဖွယ်ရာ အနေအထားတစ်ရပ် ဖြစ်အောင် ပြောင်းလဲခဲ့သည်။

ဒေသန္တရ အုပ်ချုပ်ရေးမှူးများနည်းတူ ရပ်မိရပ်ဖများသည် အိမ်တွင်းအကြမ်းဖက်မှုကိစ္စရပ်များဖြစ်ပေါ်ပါက အမျိုးသမီးများ အကူအညီတောင်းခံသည့် အနည်းစုတွင် ပါဝင်သည်။ ရပ်မိရပ်ဖတစ်ဦးမှ ရှင်းပြသည်မှာ -

"ရွာကအမျိုးသမီးတွေဟာ ကျွန်တော့်ရဲ့ ဖျန်ဖြေမှုကို မိသားစုအတွင်းမှာရန်ဖြစ်တဲ့အခါ၊ (ဒါမှမဟုတ်) လင်ယောကျ်ားဖြစ်သူက ဇနီးမယားဖြစ်သူကိုအရက်မူးပြီးရိုက်တဲ့အခါမျိုးမှာအားကိုးပါတယ်။ ကျွန်တော်ကတော့လင်ယောကျ်ားဖြစ်တဲ့သူကို ဆုံးမပါတယ်- ကိုယ့်မိန်းမကို ကွာရှင်းတာ (ဒါမှမဟုတ်) ရိုက်တာဟာ ကိုယ်မွေးထားတဲ့ခွေးကို ကိုယ်ကပြန်ရိုက်တာနဲ့ အတူတူဘဲလို့ ရှင်းပြပါတယ်။ နောက်ပြီးတော့ လင်မယား ဆိုတာဟာ ကမ္ဘာပေါ်မှာ တစ်ဦးနဲ့တစ်ဦး အချစ်ဆုံးဖြစ်သင့်တယ်လို့ ပြောပြပါတယ်။"

အခြားရွာတစ်ရွာတွင် ရပ်မိရပ်ဖ များသည် အိမ်တွင်းအကြမ်းဖက်မှုများကို ကြားဝင်ဖြေရှင်းသည့်အနေဖြင့် သန်မာသည့် လူငယ် ၃-၄ ဦးအား ခေါ်ဆောင်လာပြီး အရက်မူးနေသည့် လင်ယောကျ်ားများအား ခြိမ်းခြောက်၍ အကြမ်းဖက်မှုအား ရပ်တံ့အောင် သတိပေးစေသည်။

ရပ်မိရပ်ဖများသည် ရပ်ရွာရေးရာကိစ္စများအား ကူညီစီမံခန့်ခွဲပေးသည် - တစ်ခါတစ်ရံတွင် ဒေသန္တရ အုပ်ချုပ်ရေးမှူးများအား အကြံပေးခြင်းနှင့် လူမှုရေးအလုပ်များ ဖြစ်သည့် ပွဲတော်များ၊ ရံပုံငွေရှာဖွေခြင်း၊ ဘာသာရေးပွဲ

---

၄၄ အများသာမန်အားဖြင့် အသုံးပြုကြသည့် မြန်မာဝေါဟာရ "ရပ်မိရပ်ဖ" ဆိုသည်မှာ လူကြီးများနှင့် လေးစားခံရသည့်သူများ အုပ်စုအား ခေါ်ဝေါ်ခြင်းဖြစ်သည်။ (တိုက်ရိုက်ဖွင့်ဆိုချက်သည် - ရပ်ကွက်၏ အမိနှင့် အဘများ ဖြစ်သည်။) လေ့လာမှုပြုလုပ်ခဲ့သည့် အသိုင်းအဝိုင်း ၂ ခုတွင် ရပ်လူကြီး နှင့် မူဆလင်အသိုင်းအဝိုင်းတစ်ခုတွင် မူရာဘိုင်ဟု အသုံးပြုကြသည်။ ယခုအစီရင်ခံစာ၏ ရည်ရွယ်ချက်များအရ ရပ်မိရပ်ဖ အသုံးအနှုန်းသည် နေရာဒေသမရွေး လူကြီးများနှင့် လေးစားခံရသည့်သူများ အုပ်စုအား ခေါ်ဝေါ်ခြင်းဖြစ်သည်။

၄၅ သို့သော်၊ ရပ်မိရပ်ဖများဖြစ်သည့်အလျောက် ထိုအမျိုးသမီးများသည် ၎င်းတို့၏ ရွာအတွင်းရှိ အမျိုးသမီးအငြင်းပွားမှုများအား ကြားဝင် ဖျန်ဖြေပေးသည်။

တော်များနှင့် နာရေးကိစ္စများတွင် ဦးဆောင်သည်။ အသိုင်းအဝိုင်းတစ်ခုမှာရှိသည့် ရပ်မိရပ်ဖများသည် များပြားသည့်တာဝန်များအားလုံးတွင် ပါဝင်ပတ်သက်ခြင်းမရှိပေ၊ တစ်ခါတစ်ရံ ၎င်းတို့၏ အရည်အချင်းများအပေါ် မူတည်၍ တချို့ကိစ္စရပ်များတွင် ပိုမို အားကိုးအားထားပြုသည်။ ဥပမာအားဖြင့် မူစလင် အသိုင်းအဝိုင်းတစ်ခုတွင် မြန်မာစာ ဖတ်တတ်ရေးတတ်သည့် ရပ်မိရပ်ဖတစ်ဦးသည် ၎င်း၏ အသိုင်းအဝိုင်းမှ နေထိုင်သူများအတွက် အစိုးရထံ စာရေးတင်နိုင်ရန် ကူညီပေးသည်။ အခြားအသိုင်းအဝိုင်း တစ်ခုတွင် ချမ်းသာကြွယ်ဝသည့် ရပ်မိရပ်ဖ တစ်ဦးက ၂၀၁၅ ခုနှစ်၊ ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံသည့်ကာလတွင် အိမ်နီးချင်းများအား အလုပ်အကိုင်များ ဖန်တီးပေးခြင်းနှင့် ချေးငွေများ ထောက်ပံ့ပေးခြင်းဖြင့် အကူအညီပေးခဲ့သည်။

## ဘာသာရေး ခေါင်းဆောင်များ

လူနည်းစုရပ်ရွာများရှိ ဘာသာရေးခေါင်းဆောင်များသည် ၎င်းတို့၏ ရပ်သူရပ်သားအချင်းချင်းကြားတွင် ဖြစ်ပွားသော အငြင်းပွားမှုများသာမက ရပ်ရွာပြင်ပမှသူများ ပါဝင်လာသည့် အငြင်းပွားမှုပြဿနာများကို ဖြေရှင်းရာတွင် ပါဝင်လေ့ရှိသည်။ အခြားတစ်ဖက်တွင် ရခိုင်ဖြေဆိုသူများက ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၏အကူအညီဖြင့်တဦးတယောက်စီ၏ အငြင်းပွားမှုများအားဖြေရှင်းရန် အကူအညီရယူမှုနှင့် ပတ်သက်ပြီးနည်းပါးကြောင်း အစီရင်ခံတင်ပြခဲ့သည်။ ဘုန်းတော်ကြီးများက ဒေသန္တရအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေသည့် ဖြစ်စဉ်နှစ်ခုတွင်သာ ပါဝင်မှုကိုတွေ့ရှိခဲ့ရသည်။

## မော်လဝီများ

လေ့လာမှုပြုလုပ်ခဲ့သည့် မူစလင်အသိုင်းအဝိုင်းအများစုတွင် အစ္စလာမ်ဘာသာရေး ခေါင်းဆောင်များဖြစ်သည့် မော်လဝီများအား ဩဇာအာဏာရှိသူများအဖြစ် သတ်မှတ်ထားကြသည်။ ပိုမိုကြီးမားသည့် အသိုင်းအဝိုင်းများတွင် မော်လဝီများစွာရှိပြီး (မောင်တောမြို့နယ်အတွင်းရှိ လေ့လာရေးပြုလုပ်သည့်နေရာတွင် မော်လဝီ အရေအတွက် ၁၀၀ ကျော်ရှိသည်)။ ထိုနေရာဒေသများရှိ ဖြေဆိုသူများက သက်ကြီး၊ ဝါကြီးပြီး ဘာသာရေးဆရာအဖြစ်နှင့် ခေါင်းဆောင်အဖြစ် အတွေ့အကြုံများစွာရှိသည့် ပိုမိုလေးစားခံရပြီး ဩဇာလွှမ်းမိုးမှုရှိသည့် မော်လဝီများအား ထုတ်ဖော်ပြောကြားခဲ့သည်။

ဗလီများနှင့်ဘာသာရေးကျောင်းများတွင် သင်ကြားပေးသည့်အပြင် မော်လဝီများသည် အငြင်းပွားမှုများဖြေရှင်းရန်အတွက် အားကိုးအားထားပြုသည့် ပထမဆုံး တတိယပုဂ္ဂိုလ်များဖြစ်ကြောင်းမွတ်စလင်ဖြေဆိုသူများကပြောသည် မော်လဝီတစ်ဦး၏ ပြောကြားချက်အရ ၎င်းထံသို့ ရောက်ရှိလာသည့် အငြင်းပွားမှုအားလုံး၏ ၈၀% အား ဖြေရှင်းနိုင်ကြောင်းသိရသည်။ အငြင်းပွားမှုကိစ္စများအား မော်လဝီတစ်ဦး၏ ဆုံးဖြတ်ချက် (သို့မဟုတ်) မော်လဝီများစွာ၏ စုပေါင်းဆုံးဖြတ်ချက် (သို့မဟုတ်) ဒေသန္တရ အုပ်ချုပ်ရေးမှူးများနှင့် မော်လဝီများမှ အတူတကွ ဆုံးဖြတ်ချက် ချမှတ်သည်။ တွေ့ဆုံမေးမြန်းခဲ့သည့် မော်လဝီများ၏ တင်ပြချက်အရ ၎င်းတို့သည် အဓိကအားဖြင့် ဘာသာရေးဆိုင် ရာနှင့် မိသားစုကိစ္စရပ်များဖြစ်သည့် လင်မယားရန်ဖြစ်ခြင်း၊ ကွာရှင်းခြင်းနှင့် အမွေကိစ္စများအား ဖြေရှင်းရကြောင်း သိရသည်။ ၎င်းတို့သည် အိမ်နီးချင်းများကြားတွင် စကားများရန်ဖြစ်ခြင်း၊ အသေးစား ခိုးမှုများကိုလည်း ဖြေရှင်းပေးရပြီး၊ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိသည့် အမှုကိစ္စများအား ရဲထံ လွှဲပြောင်းပေးသည်။

မော်လဝီများမှ အငြင်းပွားမှုများအား ဘာသာရေးစည်းမျဉ်းစည်းကမ်းများနှင့် အဆုံးအမများအရ ဖျန်ဖြေပေးကြောင်း ပြောသည်။ ရသေ့တောင်မြို့နယ်ရှိ မော်လဝီတစ်ဦးသည် အမွေဆိုင်ကိစ္စရပ်များ ဖြေရှင်းရာတွင် အမွေဆိုင်မြေ လွှဲပြောင်းမှု ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး မည်သို့ဖြေရှင်းခဲ့သည်အား ရှင်းပြခဲ့ရာ -

“ကျွန်တော်တို့က ဘာသာရေးစည်းမျဉ်းစည်းကမ်းတွေမှာဆိုရင် သေဆုံးသူတစ်ဦးရဲ့ မိသားစုဝင်တွေ ကြားမှာ ဘယ်လိုအမွေခွဲပေးရမလဲဆိုတာကိုဖော်ပြပေးထားပါတယ် ဥပမာအားဖြင့် အမျိုးသားတစ်ဦး သေဆုံးသွားခဲ့ရင်အမွေရဲ့ ရှစ်ပုံတစ်ပုံကို သူ့မိန်းမအားပေးအပ်ပါတယ်။ ကျန်တာကိုတော့ သုံးပုံပုံပြီး သားအတွက်နှစ်ပုံ၊ သမီးအတွက် တစ်ပုံပေးပါတယ်။”

လင်နှင့်မယားကြား အငြင်းပွားမှုများတွင် မော်လဝီများသည် လင်မယားတစ်ယောက်နှင့်တစ်ယောက် “အပြန်အလှန်နားလည်မှုရှိရန်” နှင့် အတူသက်ဆုံးတိုင် ပေါင်းသင်းနေထိုင်ရန် တိုက်တွန်းသည်။ မိန်းမ လိုက်စားသည့် ယောကျ်ားများအား “ဘုရားရှေ့”တွင်နောက်ထပ်မကျူးလွန်ရန် ကတိပေးခိုင်းသည်။ လင်မယားကွာရှင်းခြင်းအား မော်လဝီများကဘာသာရေးစည်းမျဉ်းစည်းကမ်းများအရ (သို့မဟုတ်) ဒေသန္တရအာဏာပိုင်များက အစိုးရမှ ပြဋ္ဌာန်းထားသည့် ဥပဒေများအတိုင်း ဆောင်ရွက်သည်။ လင်မယားကွာရှင်းခြင်းနှင့် ပတ်သက်၍ ဘာသာရေးစည်းမျဉ်းစည်း ကမ်းများသည် ကွဲပြားမှုရှိပြီး၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်မှုပေးသည့် အဆင့်သည်လည်း ကွဲပြားသည်။ ရသေ့တောင်မြို့နယ်ရှိ အသိုင်းအဝိုင်းတစ်ခုတွင် မော်လဝီက လင်နှင့်မယားတို့သည်ကွာရှင်းသည့်အခါတွင်လင်ယောကျ်ားဖြစ်သူ၏သဘောတူညီချက်မရှိဘဲမပြုကြောင်းပြောသည်။မောင်တောမြို့နယ်တွင် ဩဇာရှိသည့် မော်လဝီတစ်ဦးကမူ လင်ယောကျ်ားသည် သတို့သမီးဘက်မှ သတို့သားဘက် သို့ပေးရသောဥစ္စာအား ပြန်ပေးရန်လိုအပ်သည်ဟုအဓိကထားပြောသည်။

သံတွဲမြို့နယ်တွင် တွေ့ဆုံမေးမြန်းခဲ့သည့် မော်လဝီတစ်ဦးသည် ၎င်း၏ ရပ်ရွာအတွင်း ခေါင်းဆောင်မှုကဏ္ဍ

အား ပိုမိုလက်တွေ့ကျသည့်နည်းဖြင့် ချဉ်းကပ်ခဲ့သည်။ ၎င်းသည် ရပ်ရွာလူထုအား သတင်းပြန်လည် လက်ဆင့်ကမ်းနိုင်ရန်အတွက် ပုံမှန် သတင်းစာဖတ်ဖြင်းနှင့် ရေဒီယိုအား နားထောင်ခြင်းများ ပြုလုပ်သည်။ အမွေဆိုင်ကိစ္စရပ်များ ဖြေရှင်းသည့်အခါတွင် ၎င်းသည် အငြင်းပွားမှုဖြစ်နေသူများအား ဘာသာရေး စည်းမျဉ်းစည်းကမ်းများအတိုင်း (သို့မဟုတ်) အားလုံးစိတ်ကျေနပ်နိုင်မည့် မည်သည့်နည်းဖြင့် ဖြေရှင်းမည်အား မေးမြန်းသည်။ ကိစ္စရပ်တစ်ခုတွင် ၎င်းသည် မုဆိုးမအတွက် အမွေတစ်ဝက်အားပေးအပ်ခဲ့ပြီး၊ ကျန်သည့်တစ်ဝက်အား ကလေးများအား ပေးခဲ့သည်။ မုဆိုးမသည် ဝင်ငွေတစ်ရပ်ရှိရန် လိုအပ် သည့်အတွက်ကြောင့်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။ ထို့အပြင် ၎င်း၏အသိုင်းအဝိုင်းအတွင်းမှာ နေထိုင်သူများအား အခြားလူမျိုး၊ ဘာသာဝင်များနှင့် မည်သို့လွယ်ကူစွာ အတူတကွ နေထိုင်ရမည်အား အကြံပြုပေးသည်။

"ကျွန်တော်ဟာ မော်လဝီတစ်ဦးဖြစ်တဲ့အတွက် မော်လဝီတစ်ဦးလိုဝတ်ဆင်ပြီး၊ မုတ်ဆိတ်ထားသင့်ပါတယ်။ ကျွန်တော့်အမျိုးသမီးကလည်း ခေါင်းမြီးခြုံပုဝါနဲ့ သူမရဲ့ဆံပင်ကို ကာထားရပါတယ်။ သူမဟာ မော်လဝီတစ်ဦးရဲ့ဇနီးဖြစ်တဲ့အတွက် အနည်းငယ်ကွဲ ပြားနေသင့်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်လူတွေကိုတော့ ကျန်တဲ့သူတွေလို ဝတ်ဆင်ဖို့ တိုက်တွန်းပါတယ်။ ကွဲပြားနေဖို့မလိုပါဘူး။ ဟိုမိန်းကလေးကိုကြည့်လိုက်ပါ။ သူမဟာ ဘောင်းဘီတိုဝတ်ပြီးတော့ ရခိုင်မိန်းကလေးတစ်ဦးနဲ့ တူနေရင်တောင် ကောင်းပါတယ်။ ကျွန်တော် သူတို့ကို အဲဒီလိုဝတ်ဆင်ခွင့်ပြုပါတယ်။"

## မရမာကြီး ဘုန်းတော်ကြီးများ

မရမာလူမျိုး အတော်များများနေထိုင်သည့် နေရာတစ်ခုအား လေ့လာခဲ့ရာတွင် မရမာကြီး ဘုန်းတော်ကြီးကျောင်း၏ ကျောင်းထိုင်ဆရာတော်သည် ၎င်း၏ ရပ်ရွာတွင် ဖြစ်ပွားနေသည့် အငြင်းပွားမှုများအား ဖြေရှင်းရာတွင်အထူးတက်ကြွမှုရှိကြောင်း သိရသည်။ ဒေသအတွင်းရှိ မရမာကြီး ယဉ်ကျေးမှုအသင်းအဖွဲ့တစ်ခုဖြစ်သည့် မဟာဗောဓိအသင်း၏ ခေါင်းဆောင်တစ်ဦးလည်းဖြစ်သည့် ဘုန်းတော်ကြီးသည် မရမာကြီးလူမျိုးများ ရင်ဆိုင်ရသည့် ခွဲခြားဆက်ဆံခံရမှုများအား ထုတ်ဖော်ပြောကြားခဲ့ပြီး၊ ၎င်းတို့၏ အကျိုးစီးပွားအတွက် ပံ့ပိုးဆောင်ရွက်ခဲ့သည်။ ဘုန်းတော်ကြီးမှ မိန့်ကြားခဲ့သည်မှာ -

"ဘုန်းကြီးရဲ့ လူတွေကို ခွဲခြားဆက်ဆံခံရတာမျိုး လက်မခံဖို့ပြောပါတယ်။ သူတို့တွေ ပြဿနာ တစ်ခုခုရှိခဲ့ရင် ဘုန်းကြီးကို ပြောဖို့နဲ့ ၊ ဘုန်းကြီးကိုယ်တိုင် ဖြေရှင်းဖို့ ပြောထားပါတယ်။"

ဘုန်းတော်ကြီးသည် မရမာကြီးလူမျိုးများ ကြုံတွေ့နေရသည့် သက်သေခံကတ်ပြား စာရွက်စာတမ်း အထောက်အထားများရရှိမှုဆိုင်ရာ အခက်အခဲတစ်ခုအား မဟာဗောဓိအသင်းက ဖြေရှင်းနိုင်ရန် လုပ်ဆောင်နေမှုနှင့် ပတ်သက်ပြီး ရှင်းပြခဲ့သည်။ အဆိုပါဘုန်းတော်ကြီးဦးဆောင်သည့် မဟာဗောဓိအသင်းသည် မရမာကြီးတစ်ဦးဖြစ်ပြီး နေပြည်တော်နှင့် ရခိုင်ပြည်နယ်အစိုးရများတွင် အချိတ်အဆက်များလည်းရှိသည့် ဦးမောင်နုနှင့် ပူးပေါင်းဆောင်ရွက်ပြီး ရာနှင့်ချီသည့် မရမာကြီးများအတွက် သက်သေခံကတ်ပြား စာရွက်စာတမ်း အထောက်အထားများရရှိရန် လုပ်ဆောင်ခဲ့သည်။ ဘုန်းတော်ကြီးသည်လည်း ၎င်း၏ အသိုင်းအဝိုင်းအတွင်းရှိ မရမာကြီးလူမျိုးများအား အိမ်ထောင်စုစာရင်းရရှိနိုင်ရန် ဦးမောင်နု (သို့မဟုတ်) ၎င်းနှင့် သိကျွမ်းသည့် လူဝင်မှုကြီးကြပ်ရေး အရာရှိများထံ ဖုန်းဖြင့်ဆက်သွယ်ခြင်းနှင့် ကိုယ်တိုင်လွှဲပြောင်းပေးခြင်းများဖြင့်လည်း ကူညီခဲ့သည်။

## ကာလသားခေါင်းများ

သွားရောက်ခဲ့သည့် လေ့လာရေးနယ်မြေတစ်ခုတွင် ရပ်မိရပ်ဖမရှိဘဲ၊ ကာလသားခေါင်းနှင့် ကာလသားအဖွဲ့များရှိပြီး ၎င်းတို့သည် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ညှိနှိုင်းခြင်း အခန်းကဏ္ဍအား တာဝန်ယူထားသည်။ လေ့လာမှုသွားရောက်ခဲ့သည့် အသိုင်းအဝိုင်းအများစုတွင်မူ ကာလသားခေါင်းများသည် အချက်အပြုတ်၊ ရုံပုံငွေရှာဖွေခြင်းနှင့် အခြားသော လူမှုရေးနှင့် ဘာသာရေးကိစ္စများနှင့် သက်ဆိုင်သည့် လုပ်ရှားမှုများတွင် ယေဘုယျအားဖြင့် အကူအညီပေးပြီး၊ ရပ်ရေးရွာရေး ကိစ္စများတွင် ဆုံးဖြတ်ချက်ချသည့် အခန်းကဏ္ဍတွင်ပါဝင်ခြင်းမရှိပေ။ သို့သော် ၎င်းရပ်ရွာတစ်ခုတည်းတွင် ကာလသားအဖွဲ့များသည် မဟာဗောဓိအသင်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားမှုများတွင်ပါဝင်ပြီး၊ ခိုက်ရန်ဖြစ်ပွားမှု၊ အမွေကိစ္စ၊ ခိုးမှုနှင့် လင်မယားကွာရှင်းမှု ကိစ္စရပ်များတွင် ကြားဝင်ညှိနှိုင်းပေးမှုများလည်း လုပ်ဆောင်သည်။ အဆိုပါ အသိုင်းအဝိုင်းရှိ ကာလသား ခေါင်းဆောင်များသည် မရမာကြီးလူမျိုးများ နိုင်ငံသားစိစစ်ရေးကတ်ပြားများ (CSCs) လျှောက်ထားခြင်း၊ ကျောင်းများတွင် ခွဲခြားဆက်ဆံခံရသည့်အခါတွင် ၎င်းတို့ ကိုယ်စား ပြောဆိုပေးခြင်းတို့အား လုပ်ဆောင်သည်။ အဆိုပါ ကာလသားအဖွဲ့အဝင်အများစု၏ အသက်သည် ၃၀ နှင့် ၃၅ နှစ် ကြားတွင်ရှိပြီး၊ အတန်အသင့်ချမ်းသာပြီး၊ အထက်တန်းအဆင့်အထိ ပညာသင်ယူထားရှိသည်။

# မြို့နယ်အုပ်ချုပ်ရေးမှူးများ

မြို့နယ်အဆင့်ရှိ အုပ်ချုပ်ရေးမှူးအချို့သည် စာဖြင့်ရေးသား တိုင်တန်းမှုများစွာ ပိုမိုလက်ခံရရှိလာပြီး ဖြေရှင်းပေးခဲ့ရကြောင်း ပြောကြသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ဦးက ၎င်းတို့ကြားခံ စေ့စပ်ပေးရသည့် အခန်းကဏ္ဍအား အောက်ပါအတိုင်း ဖော်ပြခဲ့သည် -

"အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆုံးဖြတ်ချက်တွေမချပါဘူး။ (ကျွန်တော်တို့) သက်ဆိုင်ရာ အစိုးရကော်မတီတွေနဲ့ အဖွဲ့တွေကိုသာ ပါဝင်စေပါတယ်။ (ကျွန်တော်တို့)ဥပဒေကို ရှင်းပြပါတယ်။ ဒါပေမဲ့ ဆုံးဖြတ်ချက်တွေ၊ စီရင်ချက်တွေ မချပါဘူး၊ တရားစီရင်ရေးမဏ္ဍိုင်ရဲ့ အခန်းကဏ္ဍကို လေးစားပါတယ်။ ရာဇဝတ်မှုတွေအတွက် (ကျွန်တော်တို့) ရဲဌာနထံ(၎င်းတို့ သိရှိအောင်)လွှဲပြောင်းပေးပြီး၊ ကြားဝင် စေ့စပ်တာမျိုးလည်း မလုပ်ပါဘူး။"

"အကယ်၍ တောင်းဆိုမှုတွေ(ဒါမှမဟုတ်)ပြဿနာတွေရှိလို့ ကျွန်တော်တို့ဌာနကို ရောက်လာခဲ့တယ် ဆိုရင်၊ ကျွန်တော်တို့ရဲ့ ကဏ္ဍကတော့ သက်ဆိုင်ရာ အစိုးရ(ဌာန) ကို ပါဝင်စေပြီး၊ တိကျတဲ့ ဥပဒေတွေအတိုင်း ဖြစ်စေပါတယ်။ ကျွန်တော်တို့တွေဟာ သက်ဆိုင်ရာ အစိုးရဌာနဲ့ အဖွဲ့အစည်းတွေကြားမှာကြားနေ စေ့စပ် ပေးသူတွေဖြစ်ပါတယ်။ ထွေ/အုပ်ရဲ့ ရည်ရွယ်ချက်က လူတွေအချင်းချင်းကြားမှာရှိတဲ့ တင်းမာမှုတွေကို လျော့ကျသွားစေဖို့ပါ။ ထွေ/အုပ်ဆီကို အငြင်းပွားမှုတွေ ရောက်လာရင် ကျွန်တော်တို့ အဖွဲ့တွေအားလုံးကိုစုပြီး၊ ဥပဒေပြဌာန်းချက်တွေကို ရှင်းပြပြီးတဲ့နောက်မှာတော့၊ ကျေနပ်ဖွယ်ရာ ကောင်းတဲ့ ဖြေရှင်းချက်တစ်ခုရရှိအောင်ကြိုးပမ်းပါတယ်။ ကျွန်တော်တို့တွေဟာ သဘောတူညီမှုတွေအပေါ် အာမခံပေးတဲ့သူတွေပါ။ ကျွန်တော်တို့တွေဟာ နှစ်ဖက်အဖွဲ့အစည်းကျေနပ်လောက်တဲ့ သဘောတူညီမှုရရှိအောင် လုပ်ဆောင်ပေးပါတယ်။

"ဥပမာ - သင်က ရေထဲကို ပိုက်တွေချလိုက်မယ် ဆိုရင် ရေလမ်းကြောင်းကို အနှောင့်အယှက် ဖြစ်စေပါတယ်။ ဒါဟာ အဆိုပါနယ်မြေနဲ့ ပတ်သက်တဲ့အငြင်းပွားမှုတစ်ခုပါ။ ဒါပေမဲ့ ငါးလုပ်ငန်းဦးစီးဌာနမှာ တိကျတဲ့ဥပဒေရှိပါတယ်။ ဒီဥပဒေတွေဟာ တစ်ဦးတစ်ယောက်စီကို အရေးယူနိုင်ပါတယ်။ ကျွန်တော်တို့ကတော့ကြားနေ စေ့စပ်ပေးသူတွေအနေနဲ့ ဥပဒေကိုရှင်းပြတယ်။ ဆောင်ရန်နှင့် ရှောင်ရန်တွေကို ရှင်းပြတယ်။ ကျွန်တော်တို့ ထွေ/အုပ်တွေဟာ အငြင်းပွားမှုမှာ ပါဝင်နေသူတွေရဲ့ အသက်မွေးဝမ်းကျောင်းမှုကို ထည့်သွင်းစဉ်းပါတယ်။ ဒ့ါကြောင့် သူတို့ကို(ဥပဒေအတိုင်း) လိုက်နာဖို့ ရှင်းပြရပါတယ်။ သူတို့တွေ သဘောတူရင်တော့ ငါးလုပ်ငန်းဦးစီးဌာနက အရေးမယူပါဘူး။ ဒါပေမဲ့ မလိုက်နာရင်တော့ ငါးလုပ်ငန်းဦးစီးဌာနက သူတို့ကိုတရားစွဲမှာဖြစ်ပါတယ်။"

မြို့နယ်တစ်ခုတွင် မြို့နယ်အုပ်ချုပ်ရေးမှူးသည် ၎င်း၏ ရုံးမှတိုင်ကြားမှုများ များပြားလာသည်အထိ စောင့်ဆိုင်းမနေပဲ တက်ကြွသည့် နည်းလမ်းဖြင့် ကြားဝင်ညှိနှိုင်းဆောင်ရွက်ခဲ့သည့် အဖြစ်အပျက် တစ်ခုအားပြောပြခဲ့သည်။ ထွေ/အုပ် အရာရှိများသည် ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဒေသတွင်းသတင်းတစ်ခုအဖြစ် တက်လာသည့် ဘတ်စ်ကားထွက်ခွာချိန်များနဲ့ ပတ်သက်ပြီး အငြင်းပွားမှုဖြစ်ပွားမှုအား တွေ့မြင်ခဲ့ပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူးသည် စိတ်ပါဝင်စားသူများနှင့် ပါဝင်ပတ်သက်နေသူများအား အစည်းအဝေးတစ်ရပ်ခေါ်ပြီး မတူညီသည့် ဘတ်စ်ကားထွက်ခွာချိန်များနဲ့ ပတ်သက်၍ ဆွေးနွေးတိုင်ပင်ရန်နှင့် အများသဘောဆန္ဒချမှတ်နိုင်ရန် ဆောင်ရွက်ပေးခဲ့သည်။

*အနှစ်ချုပ်အနေဖြင့် ဒေသန္တရအုပ်ချုပ်ရေးမှူးများ - ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ - သည် အငြင်းပွားမှုများဖြေရှင်းရာတွင် အရေးပါသော တတိယပုဂ္ဂိုလ်များဖြစ်သည်။ ထိုသို့ အငြင်းပွားမှုများအားဖြေရှင်းရာတွင်လည်း ဒေသအတွင်းရှိ "ရပ်မိရပ်ဖများနှင့် လေးစားခံရသူများ"နှင့် ပူးပေါင်းဖြေရှင်းပြီး အိမ်တွင်းအကြမ်းဖက်မှုခံရသည့်အမျိုးသမီးများက သွားရောက်တိုင်ကြားနိုင်သူများလည်းဖြစ်သည်။ ဘာသာရေးခေါင်းဆောင်များသည်လည်း အငြင်းပွားမှုများ ဖြေရှင်းရာတွင်ပါဝင်ကြသည်။ လေ့လာမှုပြုလုပ်ခဲ့သည့် နယ်မြေအများစုရှိ ဒေသန္တရ အုပ်ချုပ်ရေးမှူးများသည် ရပ်ရွာလူထုနှင့် ကောင်းမွန်သည့်ဆက်ဆံရေးရှိကြသည်။ ရပ်ရွာလူထုသည်လည်းဒေသခံအုပ်ချုပ်ရေးမှူးများအား ၎င်းတို့၏ အကျိုးစီးပွားအားကိုယ်စားပြုရန်မျှော်လင့်ထားကြသည်။*

## ပြစ်မှုဆိုင်ရာတရားမျှတရေးစနစ်

အစိုးရအရာရှိများသည် ဒေသအဆင့်တွင်ဖြစ်ပေါ်သည့် "သေးငယ်သော ထိခိုက်မှုများ" ပါဝင်သည့် "အသေးစားကိစ္စရပ်များ" သည် ဒေသန္တရ အုပ်ချုပ်ရေးမှူးများ သို့မဟုတ် ရပ်မိရပ်ဖများဖြင့် ဖြေရှင်းနိုင်မည်ဟု သဘောတူညီသည်။ နှစ်ဖက်အဖွဲ့အစည်းများကြားတွင် အပြန်အလှန်သဘောတူညီမှု မရရှိနိုင်သည့် "အသေးစားကိစ္စရပ်များ" သမားရိုးကျ တရားမျှတရေးစနစ်သို့ လွှဲပြောင်းရမည်။ မြို့နယ် တရားသူကြီးတစ်ဦးမှ ရှင်းပြခဲ့သည်မှာ -

"ရဲကနေ ဝင်ရောက်ဖြေရှင်းပေးရတဲ့ အရေးကြီးတဲ့ကိစ္စရပ်တွေကတော့ ကျူးလွန်ခံရတဲ့သူက ရုပ်ပိုင်းဆိုင်ရာထိခိုက်နာကျင်မှု (သို့) တိုက်ခိုက်ခံရမှု ကြုံရပြီး ဆေးခန်း (သို့) ဆေးရုံသွားရတဲ့အခြေအနေမျိုးတွေဖြစ်ပါတယ်။ ဒီလိုကိစ္စတွေမှာ ရဲဘက်ကနေ ဝင်ရောက် ဖြေရှင်းပေးဖို့လိုတယ်ဆိုတာ သိသာပါတယ်။ ဒေသအဆင့်မှာတော့ (ရပ်ရွာခေါင်းဆောင်တွေ) တရားစီရင်ရေးအာဏာမရှိပါဘူး။ သူတို့တွေအနေနဲ့ အချင်းဖြစ်တဲ့နှစ်ဖက်ကိုခေါ်ပြီးတော့ သူတို့ရဲ့ ရှေ့မှောက်မှာ ဆွေးနွေးခိုင်းပြီး၊ သဘောတူညီမှုရအောင် လုပ်ဆောင်ရတာဖြစ်ပြီး၊ (ရပ်ရွာခေါင်းဆောင်တွေ) ကတော့ မျက်မြင်သက်သေတွေအဖြစ်ရှိနေမှာပါ။ သဘောတူညီချက်တစ်ခုရရှိဖို့ဆိုတာ နှစ်ဖက်စလုံးက လိုက်လျောနိုင်တဲ့အပေါ်မှာ မူတည်ပါတယ်။ တစ်ဖက်ဖက်ကနေပြီး သဘောမတူဘူးဆိုရင်တော့၊ အသေးစားကိစ္စရပ်တွေကိုလည်း သမားရိုးကျစနစ်နဲ့ ဖြေရှင်းဖို့ လွှဲပြောင်းပေးရမှာပါ။"

သို့သော် ဥပဒေအရာရှိတစ်ဦးက မှတ်ချက်ချသည်မှာ ယခင်အချိန်တွင် ဒေသအဆင့်တွင် ဖြေရှင်းခဲ့ပြီး၊ ရလဒ်အပေါ် ကျေနပ်မှုမရှိဘဲ အဆုံးသတ်ခဲ့သည့် အငြင်း

ပွားမှုတစ်ခုတွင် ပါဝင်ခဲ့သည့် အခြားတစ်ဖက်သည် သမားရိုးကျ တရားမျှတရေးစနစ်ဖြင့် ထိုရလဒ်အပေါ် ပြန်လည်ကုစားမှုရှာဖွေမည်ဆိုလျှင် ကန့်သတ်ချက်များဆိုင်ရာ ဥပဒေတစ်ရပ်က အကျုံးဝင်နေပါက အဆိုပါ တရားပြိုင်သည် လုပ်ဆောင်နိုင်မည်မဟုတ်ပေ။အချို့အရာရှိများကရှင်းပြသည်မှာ တစ်စုံတစ်ခုသော အခြေအနေများတွင် အငြင်းပွားမှုတစ်ခုမှာ ပါဝင်သူများသည် တရားရုံးပြင်ပတွင် သဘောတူညီမှုနှင့် ပြေလည်မှုရရှိခဲ့မည်ဆိုလျှင် ရုံးတော်တွင် အမှုအားရုတ်သိမ်းရန် လျှောက်ထားနိုင်သည်ဟု ရှင်းပြသည်။

## မှုခင်းကျဆင်းရေး

မှုခင်းများနှင့် ပတ်သက်၍ အစိုးရအရာရှိများက တရားဥပဒေအကြောင်း သိရှိနားလည်ထားခြင်းသည် မှုခင်းကျဆင်းရေးအတွက် အရေးကြီးသည့် နည်းဗျူဟာတစ်ရပ်ဖြစ်သည်ဟု ရှုမြင်သည် (အခန်း ၃ အားရှု)။ တရားဥပဒေနှင့် ပတ်သက်ပြီး သိမြင်လာအောင် မြှင့်တင်ခြင်းသည် မှုခင်းကျဆင်းရေးအား ဦးတည်သည့် ရဲလုပ်ငန်းစဉ် ၅ ရပ်ထဲတွင် တစ်ရပ်အပါအဝင်ဖြစ်သည်။

## ဥပဒေကိုယ်စားလှယ်လိုက်ပါဆောင်ရွက်မှု (ရှေ့နေလိုက်ပါနိုင်မှု)

မြို့နယ်အဆင့်ရှိ တရားသူကြီးများနှင့် ဥပဒေအရာရှိများ၏ ခန့်မှန်းချက်အရ တရားပြိုင် ၂၅% နှင့် ၅၀% သည် ကိုယ်စားပြုခြင်း မခံရခြင်း/ရှေ့နေ မပါကြောင်း သိရသည်။ ခရိုင်အဆင့်တွင် အရာရှိများမှ တရားပြိုင်အများစုသည် ရာဇဝတ်မှု၏ အတိမ်အနက်ပေါ်မူတည်၍ တရားရေးဆိုင်ရာ ကိုယ်စားပြုခြင်းခံရကြောင်း ဖော်ပြသည်။ အချို့အရာရှိများသည် အကြီးလေးဆုံးသော ရာဇဝတ်မှု ၁၀ မှု (သို့မဟုတ်) တရားမမှုများတွင် ဥပဒေအရ အကူအညီပေးခြင်း တိုးချဲ့မှုအားကြိုဆိုသည်။ တစ်ဦးက မှတ်ချက်ပြုသည်မှာ တရားပြိုင်များသည် ဥပဒေဆိုင်ရာ ဝေါဟာရများအား နားမလည်သဖြင့် ဥပဒေအထောက်အကူပေးခြင်းမှာ များစွာအသုံးဝင်မည်ဟုဆိုသည်။ သို့သော် အခြားသောအရာရှိများက ဥပဒေအထောက်အကူသည် အထူးသဖြင့် မြို့နယ်အဆင့်ရှိ "သေးငယ်သည့်အမှုကိစ္စများ" အတွက် "မလိုအပ်" ဟု မှတ်ယူသည်။ တရားသူကြီးများနှင့် ဥပဒေအရာရှိများသည် ယေဘုယျအားဖြင့် ကိုယ်စားလှယ်မရှိသည့် တရားပြိုင်များအတွက် တရားရေးလုပ်ငန်းစဉ်အား "လွယ်ကူမှု" ရှိစေရန်အတွက် သက်ဆိုင်ရာ လုပ်ငန်းစဉ်အကြောင်း ရှင်းလင်းပြောပြခြင်း၊ တရားပြိုင်များအား မေးခွန်းမေးခြင်းနှင့် အပြန်အလှန် မေးမြန်းခြင်းများ ခွင့်ပြုခြင်းနှင့် တရားပြိုင်များအား သက်သေများခေါ်ယူခွင့်ပေးခြင်းအစရှိသည့်၎င်းတို့၏အားထုတ်မှုများအကြောင်း ယေဘုယျအားဖြင့် ပြောပြသည်။ မြို့နယ်တရားသူကြီးတစ်ဦးက "အမှုတစ်ခု အနိုင်၊ အရှုံးသည် (တရားပြိုင်) ဥပဒေအရကိုယ်စားပြုသူရှိမရှိအပေါ် မမူတည်ကြောင်း"ရှင်းပြသည်။ အခြားသူတစ်ဦးက ဥပဒေအရကိုယ်စားလှယ်ရှိသူနှင့် မရှိသူတို့၏ ကြားတွင် ရလဒ်မှာ ကွာဟခြင်းမရှိနိုင်သည်မှာ အမှုများသည် သက်သေခံပစ္စည်းများ၊ မျက်မြင်သက်သေများအား စစ်ဆေးမေးမြန်းခြင်းအပေါ်တွင် အခြေခံ၍ ဆုံးဖြတ်ခြင်းကြောင့် ဖြစ်သည်ဟုပြောသည်။

*အနှစ်ချုပ်အနေဖြင့် အငြင်းပွားမှုကိစ္စတစ်ရပ်မှာ ပါဝင်နေသူများအတွက် သမားရိုးကျ တရားမျှတရေး စနစ်အား လက်လှမ်းမီစေရန်လမ်းကြောင်းများစွာရှိနေပြီး ပြေလည်မှုရရှိခဲ့သည့် သဘောတူညီချက်များအပေါ်တွင် တရားရေးအရပြန်လည်သုံးသပ်ပေးနိုင်ခြင်း အပါအဝင်(ကန့်သတ်ချက်များမရှိပါက) နှင့် တရားရုံးပြင်ပတွင် ပြေလည်မှုရရှိခဲ့သည့်အခါ အမှုအား ပြန်လည်ရုတ်သိမ်းနိုင်ခြင်းတို့ပါဝင်သည်။ ခရိုင်အဆင့်တွင် တရားပြိုင်အများစုသည် ဥပဒေအရ ကိုယ်စားပြုမှု ခံစားခွင့်ရကြသည်။ သို့သော် အချို့ တရားမျှတရေး အရာရှိများသည် ဥပဒေအထောက်အကူပေးခြင်း ချဲ့ထွင်းမှုအားထောက်ခံပြီး အများစုက ဥပဒေအထောက်အကူပေးခြင်းသည် အထူးသဖြင့် မြို့နယ်အဆင့်တွင် မလိုအပ်ဟု ထင်မြင်သည်။*



မှုခင်းကျဆင်းရေး လုပ်ငန်းစဉ်များ- (၁) နယ်မြေအတွင်းကင်းလှည့်စောင့်ရှောက်ခြင်း၊ (၂) ပြစ်မှုကျူးလွန်တတ်သူများ၊ အလားအလာရှိသောလူဆိုးသူခိုးများကို စောင့်ကြပ်ထိန်းသိမ်းခြင်း၊ (၃) ဒုစရိုက်များနှိမ်နင်းခြင်း၊ (၄) ဒုစရိုက်မှုများ ပပျောက်အောင် ပညာပေးဟောပြောခြင်း၊ (၅) ထိရောက်ဟန့်တားလောက်သော ပြစ်ဒဏ်ရရှိရေးဆောင်ရွက်ခြင်း။




# အခန်း (၆)
# တရားစီရင်ရေးစနစ်နှင့် တရားရေးတာဝန်ရှိသူများအပေါ် သဘောထားအမြင်များ

ဓာတ်ပုံ- ဒေသန္တရ ပွင့်လင်းစာကြည့်တိုက်၊ စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်။

သုတေသနလေ့လာမှု၏ ဒုတိယမေးခွန်းမှာ သမားရိုးကျ တရားမျှတရေး စနစ်အပေါ် ပြည်သူများ၏ သဘောထား၊ ယုံကြည်မှုနှင့် အားကိုးသက်ဝင်မှုများမည်သို့ရှိသနည်း ဖြစ်သည်။

ရခိုင်ပြည်နယ်ရှိ ဖြေဆိုသူများသည် သမားရိုးကျ တရားမျှတရေးစနစ်ကို အသုံးမပြုလိုကြပဲ ၎င်းတို့၏ အငြင်းပွားမှုပြဿနာများကို ရပ်ရွာဒေသအတွင်းဖြေရှင်းရန်ကြိုးစားကြသည်ကို တွေ့ရှိရသည်။ အများစုမှာ အောင်မြင်မှုမရှိကြပါ။ ဤအချက်ကို နှလုံးမူ၍ ယခုအခန်းတွင် အများလက်ခံထားသည့် စံတန်ဖိုးများကို ပြန်လည်ကြည့်ရှုပြီး အစိုးရအရာရှိများ၏ ပြည်သူ့အပေါ် တာဝန်ယူတာဝန်ခံမှုကို လေ့လာသုံးသပ်သွားမည် ဖြစ်သည်။

ဤအခန်းတွင် ပထမဆုံးအနေဖြင့် သမားရိုးကျ တရားမျှတရေးစနစ်အပေါ် ဖြေဆိုသူများ၏ သဘောထားအပြအမူများ၊ တရားရေးဝန်ဆောင်မှုများပေးရာတွင် အခန်းကဏ္ဍတာဝန်တစ်စုံတစ်ရာရှိသူများဖြစ်သည့်[၄၆]တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲများနှင့်ရပ်ရွာခေါင်းဆောင်များအပေါ်သဘောထားအမြင်များကို ဖော်ပြထားသည်။ ထိုအဓိက တရားရေးပုဂ္ဂိုလ်များအပေါ် ပြည်သူများ၏ယုံကြည်မှု ညွှန်းကိန်းကို အဆိုပြုတင်ပြထားသည်။ အကယ်၍ တရားရေးအရာရှိများ ခွဲခြားဆက်ဆံစွာပြုမူဆောင်ရွက်ပါက ဖြေဆိုသူများ၏ တုံ့ပြန်နိုင်ပုံများကို ထည့်သွင်း စဉ်းစားထားသည်။

ဤအခန်းကို ပြည်သူ့ဝန်ဆောင်မှုပေးသူများ အပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များနှင့် မျှော်လင့်တောင့်တချက်များဖြင့် အဆုံးသတ်ထားသည်။

## တရားမျှတရေးစနစ်အပေါ် သဘောထားအမြင်များ

တရားမျှတရေးစနစ်အပေါ်ဖြေဆိုသူများ၏ သဘောထားအမြင်များကို ယေဘုယျသိမြင်တိုင်းတာနိုင်ရန် ဤလေ့လာမှုတွင် အညွှန်းပြအကြောင်းအရာ(၃)မျိုးဖြစ်သည့် လာဘ်ပေးလာဘ်ယူမှု သို့မဟုတ် အဂတိလိုက်စားမှု၊ သမားရိုးကျ တရားရုံးစနစ်ကို လက်လှမ်းမီအသုံးပြုနိုင်မှု သီးခြားအခြေအနေတစ်ရပ်တွင် ဥပဒေ၏ လုပ်ကိုင်ဆောင်ရွက်မှုတို့အပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များကို ရှုမြင်လေ့လာထားသည် (ဇယား ၆.၁ တွင်ရှု)။

ဇယား ၆.၁ တရားမျှတရေးစနစ်အပေါ် သဘောထားအမြင်များ

| အကြောင်းအရာ | အဆိုပြုဖော်ပြချက်များ | သဘောတူညီမှု* |
|---|---|---|
| လာဘ်ပေးလာဘ်ယူမှု သို့မဟုတ် အဂတိလိုက်စားမှု၊ | (က) အစိုးရအရာရှိများသည် လစာမလုံလောက်သဖြင့် ၎င်းတို့၏ အပိုကြေး ထပ်မံတောင်းခံမှုများသည် လက်ခံဖွယ်ရာရှိသည်။ | ၂၄.၇% |
| | (ခ) အစိုးရအရာရှိများသည် ပြည်သူကိုအလုပ်အကျွေးပြုရမည်။ ၎င်းတို့၏ အပိုကြေး ထပ်မံတောင်းခံမှုများသည် လက်ခံဖွယ်ရာမရှိ။ | ၆၉.၆% |
| တရားဝင် တရားရုံးစနစ်သို့ ရောက်ရှိနိုင်ခြင်း | (က) ဗဟုသုတရှိခြင်းက ပြည်သူများအား တရားရုံးများသို့ တက်ရောက်မှု ပိုမိုများပြားလာစေမည်။ | ၅၃.၉% |
| | (ခ) အရာရှိများနှင့် လူမှုရေးအဆက်အသွယ်ရှိခြင်းက ပြည်သူများအား တရားရုံးများသို့ တက်ရောက်မှု ပိုမိုများပြားလာစေမည်။ | ၃၇.၇% |
| ဥပဒေ၏ လုပ်ကိုင်ဆောင်ရွက်မှု | (က) ဥပဒေသည် ချမ်းသာကြွယ်ဝသူများနှင့် ဩဇာရှိသူများ၏ အကျိုးစီးပွားများကို အကာအကွယ်ပေးသည်။ | ၃၃.၄% |
| | (ခ) ဥပဒေသည် ချမ်းသာကြွယ်ဝသူများနှင့် ဩဇာရှိသူများ၏ မတရားအနိုင်ကျင့်မှုများမှ အကာအကွယ်ပေးသည်။ | ၅၉.၆% |

*အဆိုပြုချက်အတွဲတစ်တွဲစီ၏ စုစုပေါင်းမှာ ၁၀၀% မရှိပါ။ အဘယ်ကြောင့်ဆိုသော် အချို့ဖြေဆိုသူများက အဆိုပြုချက်နှစ်ခုစလုံးကို ရွေးချယ်ကြပြီး အချို့က တစ်ခုကိုမျှ မရွေးချယ်ပါ။ အချို့က ဖြေဆိုရန် ငြင်းဆိုကြပြီး အချို့မှာ မည်သည့်အဆိုပြုချက်သည် ၎င်းတို့၏ အမြင်နှင့် ပို၍ ကိုက်ညီသည်ကို မသိပါဟုဖော်ပြကြသည်။

---

၄၆ ၂၀၁၂ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေအရ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တွင် အငြင်းပွားမှု ပြဿနာ ဖြေရှင်းရသည့် တရားဝင် အခွင့်အာဏာ/ အခန်းကဏ္ဍ တာဝန်ရှိသည်။ (အပိုင်း-၃တွင် ရှု)

ဖြေဆိုသူ၏ သုံးပုံတစ်ပုံကျော်သည် အစိုးရအရာရှိများအပိုကြေး(လာဒ်ငွေ)ထပ်မံတောင်းခံမှုကိုလက်မခံပေ။ လေးပုံတစ်ပုံ နီးပါး (၂၄.၇%) ကမူ အစိုးရအရာရှိများသည် ဝင်ငွေလုံလောက်မှု မရှိသည့်အတွက် လာဘ်ငွေထပ်မံတောင်းခံသည်မှာ လက်ခံနိုင်ဖွယ်ရာရှိသည်ဟုယူဆသည်။

ဖြေဆိုသူအများစု (၅၃.၉%) သည် ဗဟုသုတရှိခြင်းက လူထုအား (အစိုးရ) တရားရုံးများသို့ တက်ရောက်မှု ပိုမိုများပြား လာစေမည်။ ဖြေဆိုသူ သုံးဦးအနက်တစ်ဦးက (၃၇.၇%) အရာရှိများနှင့် ပုဂ္ဂိုလ်ရေးအဆက်အသွယ်ရှိခြင်းသည် ဗဟုသုတရှိခြင်းထက် လူထုအား အစိုးရတရားရုံးများသို့ တက်ရောက်မှုပိုမိုများပြားလာစေမည်။ သို့သော် ၆% နီးပါးကမသိခဲ့ကြ၍သို့မဟုတ်၄င်းဖော်ပြချက်များထဲမှတစ်ခုကိုရွေးချယ်ရန် ငြင်းဆိုခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ ထိုဖြေဆိုသူအနည်းစုက တရားဝင်လုပ်ထုံးလုပ်နည်းများနှင့် ပါဝင်ပတ်သက်ရန်မျှော်လင့်မထားခဲ့ခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

ဥပဒေသည် ချမ်းသာကြွယ်ဝသူများနှင့် ဩဇာရှိသူများ၏ မတရားအနိုင်ကျင့်မှုများမှ အကာအကွယ်ပေးသည်ဟု (၅၉.၆%) ကယူဆကြသည်။ သုံးပုံတစ်ပုံ (၃၃.၄%) က ဥပဒေသည် ချမ်းသာကြွယ်ဝသူများနှင့် ဩဇာရှိသူများ၏ အကျိုးစီးပွားများကို အကာအကွယ်ပေးသည်ဟု ယုံကြည်ကြသည်။ အနည်းစုသာဖြစ်သော (၀.၆%) သည် (၂) မျိုးစလုံးအား ရွေးချယ်ခဲ့ကြသည်။ ဤအဆိုပြုချက်နှစ်မျိုး လုံးသည် ဥပဒေကို မှန်ကန်စွာကျင့်သုံးပါက သာမန်ပြည်သူများ၏ အခွင့်အရေးများကို ကာကွယ်နိုင်သည် သို့မဟုတ် ကာကွယ်သင့်သည်ဆိုသည့် ယုံကြည်ချက်ကို ဖော်ပြရာရောက်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်။ ထိုအတိုင်း ဆိုပါက ဖြစ်နိုင်ဖွယ် ဖြေဆိုသူ (၉၃.၀%) သည် ထိုယုံကြည်ချက် သဘောထားအမြင်ရှိသည်ဟု ဆိုနိုင်သည်။


# တရားရေးပုဂ္ဂိုလ်များအပေါ် ရှုမြင်သည့် သဘောထား အမြင်များ

ဤလေ့လာမှုသည် သမားရိုးကျ တရားရေးကဏ္ဍမှ ပုဂ္ဂိုလ်များ အထူးသဖြင့် တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲများ၊ အလားတူပင် ရပ်ရွာအသိုင်းအဝိုင်းခေါင်းဆောင်များ [47] အပေါ် ဖြေဆိုသူများ၏ သဘောထားအမြင် များကိုလည်း ဆန်းစစ်လေ့လာခဲ့သည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ စွမ်းဆောင်ရည်ပြည့်ဝမှုကို သတ်မှတ်ဖွင့် ဆိုရာတွင် ခေတ်နှင့်အညီ ဗဟုသုတအသိပညာရှိခြင်း၊ လုံလောက်သည့်သင်တန်းများ တက်ရောက်ခဲ့ခြင်း၊ အရင်းအမြစ်များ လုံလောက်ပြည့်စုံခြင်းတို့အပြင် ပြည်သူများယုံကြည်သည့် အတိုင်းမှန်ကန်သည့် သဘောထားဖြင့်လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိမရှိတို့ဖြင့် တိုင်းတာသတ်မှတ်သည်။ မှန်ကန်သည့် သဘောထား သို့မဟုတ် အများလက်ခံထားသည့် စံတန်ဖိုးများ အယူအဆတွင် ရပ်ရွာလူထု၏ဦးစားပေးမှုများ နှင့်ကိုက်ညီခြင်း၊ လေးစားသမှုပြမှုဆက်ဆံခြင်း၊မျှတစွာပြုမူဆက်ဆံခြင်းနှင့် မျှတသည့်ရလဒ်အဖြေများနှင့် ဝန်ဆောင်မှုများအတွက် လာဘ်လာဘမျှော်ကိုးမှုမရှိခြင်းများ ပါဝင်သည် (အခန်း ၁ တွင်ရှု)။

## တရားသူကြီးများ

အကြမ်းအားဖြင့် ဖြေဆိုသူများသည် တရားသူကြီးများ၏ စွမ်းဆောင်ရည်ပြည့်ဝမှုအပေါ် ယုံကြည်မှုကို ဖော်ပြကြသော်လည်း တရားသူကြီးများထားရှိသည့် စံတန်ဖိုးများသည် မျှတ၍ သမာဓိတည်ကြည်မှု၊ လေးစားသမှု၊ အဂတိတရားကင်းမှုစသည့် အများလက်ခံထားသော စံတန်ဖိုးများ

ပုံ ၆.၁ တရားသူကြီးများ၏ သဘောထားအမြင်များ




[47] ၂၀၁၂ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေအရ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တွင် အငြင်းပွားမှု ပြဿနာ ဖြေရှင်းရသည့် တရားဝင် အခွင့်အာဏာ/ အခန်းကဏ္ဍ တာဝန်ရှိသည်။ ဒေသခံရပ်ရွာနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ ၏ အခန်းကဏ္ဍတွင် အခန်း(၅)တွင်လည်းရှု

နှင့် ကိုက်ညီနိုင်မှုအပေါ် ယုံကြည်မှုနည်းကြသည် (ပုံ ၆.၁ တွင်ရှု)။ မှတ်သားသင့်သည်မှာ သမားရိုးကျ တရားမျှတရေး စနစ်နှင့် အနည်းနှင့်အများ တွေ့ထိမှုမရှိခြင်းသည် တရားသူကြီးများအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်ကို တစ်စိတ်တစ်ဒေသ ထင်ဟပ်စေသည် (အခန်း ၃ တွင်ရှု)။

ဖြေဆိုသူအများစုက တရားသူကြီးများသည် စွမ်းဆောင်ရည်ပြည့်ဝသည်ဟု ယူဆသည်။ လေးပုံ သုံးပုံနီးပါး (၇၂.၆%) က တရားသူကြီးများသည် ခေတ်နှင့်အညီ ပညာဗဟုသုတရှိကြသည်။ သုံးပုံနှစ်ပုံ (၆၆.၃%) က တရားသူကြီးများအား သင်တန်းများလုံလောက်စွာ တက်ရောက်ထားသည်ဟု ယုံကြည်ကြသည်။ တဝက်ကျော် (၅၄.၅%) တို့က တရားသူကြီးများသည် ၎င်းတို့၏ တာဝန်များကို ထမ်းဆောင်ရန် အရင်းအမြစ်လုံလောက်စွာရှိသည်ဟု ယုံကြည်ကြသည်။

လူအများလက်ခံထားသည့် စံတန်ဖိုးများနှင့် ပတ်သက်၍ ဖြေဆိုသူထက်ဝက်ကျော်က တရားသူကြီးများသည် ၎င်းတို့ကို လေးစားသမှု ဆက်ဆံပြုမူလိမ့်မည်မဟုတ်ဟုလည်းကောင်း (၅၃.၉%)၊ တရားသူကြီးများသည် ရပ်ရွာလူထုဦးစားပေးများနှင့် ကိုက်ညီမှုမရှိဟု၎င်း (၅၃.၃%)၊ ၎င်းတို့ရှေ့မှောက် ရောက်ရှိလာသည့်အမှုများကို ကြားနာ ဆုံးဖြတ်ရာတွင် တရားသူကြီးများသည် မျှတသည့်ရလဒ်ဆောင်ကျဉ်းပေးနိုင်မည် မဟုတ်ဟုလည်းကောင်း(၅၈.၁%) ရှုမြင်သဘောထားကြသည်။ ၄ ပုံ ၃ ပုံကျော် ဖြေဆိုသူ (၆၂.၇%) ကလည်း တရားသူကြီးများသည် အမှုပြဿနာများ ဖြေရှင်းရာတွင် သမာဓိတည်ကြည်မျှတနိုင်လိမ့်မည် မဟုတ်ဟုလည်းကောင်း၊ ဖြေဆိုသူ (၄) ပုံ (၃) ပုံကျော် (၇၆.၂%) က တရားသူကြီးများသည် ၎င်းတို့၏ ဝန်ဆောင်မှု များအတွက် လာဘ်လာဘမျှော်ကိုးနိုင်သည်ဟု ယူဆကြသည်။


## ဥပဒေအရာရှိများ

ဥပဒေအရာရှိများအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များသည် တရားသူကြီးများအပေါ်ထားသည့် သဘောထားအမြင်များနှင့် အလားတူသည် (ပုံ ၆.၂ တွင်ရှု)။

ဖြေဆိုသူအများစုက ဥပဒေအရာရှိများသည်ခေတ်နှင့်အညီ အသိပညာဗဟုသုတရှိကြသည်(၇၁.၁%)၊ ၎င်းတို့သည် လုံလောက်သောသင်တန်းများ တက်ရောက်ခဲ့ကြသည် (၆၅.၄%) ဟုရှုမြင်ကြသည်။ သို့သော် ဖြေဆိုသူထက်ဝက်နီးပါး (၅၅.၄%) က ဥပဒေအရာရှိများတွင် ၎င်းတို့၏ လုပ်ငန်းတာဝန်များထမ်းဆောင်ရန် အရင်းအမြစ်များ လုံလောက်မှုမရှိဟု ထင်ကြသည်။ လူအများ လက်ခံထားသည့် စံတန်ဖိုးများနှင့်ပတ်သက်၍ ဥပဒေအရာရှိများ အပေါ် ထားသည့် သဘောထားအမြင်သည် တရားသူကြီးများအပေါ် ထားသည့်အမြင်နှင့် များစွာတူညီပြီး ဖြေဆိုသူများထက်ဝက်ကျော်က ဥပဒေအရာရှိများသည် ၎င်းတို့ကို လေးစားစွာ ပြုမူဆက်ဆံကြလိမ့်မည် မဟုတ်ဟုလည်းကောင်း (၅၁.၂%)၊ ဥပဒေအရာရှိများသည် ရပ်ရွာလူထု ဦးစားပေးမှုများနှင့် ကိုက်ညီမှုမရှိဟုလည်းကောင်း (၅၄.၅%)၊ ၎င်းတို့ကိုင်တွယ်သည့်အမှုများတွင်မျှတသည့်ရလဒ်ဆောင်ကျဉ်းပေးနိုင်မည် မဟုတ်ဟုလည်းကောင်း (၅၉.၃%) ထင်ကြသည်။ ၅ ပုံ ၃ ပုံနီးပါး (၆၀.၈%) က ဥပဒေအရာရှိများသည် အငြင်းပွားမှု ပြဿနာများဖြေရှင်းရာတွင် မျှတလိမ့်မည်မဟုတ် ဟုလည်းကောင်း ၄ ပုံ ၃ ပုံနီးပါး (၇၂.၃%) က ဥပဒေအရာရှိများသည် ၎င်းတို့ဝန်ဆောင်မှုများ အတွက် လာဘ်လာဘ မျှော်ကိုးလိမ့်မည်ဟု ထင်ကြသည်။

ဤသည်မှာလည်း သမားရိုးကျ တရားရေးစနစ်နှင့် အနည်းနှင့်အများ ထိတွေ့မှုမရှိခြင်းသည် ဖြေဆိုသူများ၏

ပုံ ၆.၂ ဥပဒေအရာရှိများ၏ သဘောထားအမြင်



ဥပဒေအရာရှိများအပေါ် သဘောထားအမြင်ကို တစ်စိတ်တစ်ပိုင်းထင်ဟပ်စေသည် (အခန်း ၃ တွင်ရှု)။

## ရဲများ


ဖြေဆိုသူများသည် ယေဘုယျအားဖြင့် တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့်စာလျှင် ရဲများနှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ပို၍အကျွမ်းတဝင်သိရှိသည် (အခန်း ၃ တွင်ရှု)။ သို့သော် ရဲများအပေါ်ရှုမြင်သည့် သဘောထားအမြင်များသည် တရားသူကြီးများနှင့် ဥပဒေအရာရှိများအပေါ်ထားသည့် သဘောထားများနှင့် များစွာ တူညီသည် (ပုံ ၆.၃ တွင်ရှု)။ ရသေ့တောင်နှင့် မောင်တောမြို့နယ်များရှိ လေ့လာရေးနယ်မြေ ၃ ခုတို့တွင် ရဲ ဟုဆိုလျှင် ပုံမှန်မြို့နယ်ရဲတပ်ဖွဲ့ထက် နယ်ခြားစောင့်ရဲကို ရည်ညွှန်းသည်။

(၅၃.၆%)၊ ၎င်းတို့သည် ဖြေဆိုသူ (အမှုသည်) များကို လေးစားစွာ ဆက်ဆံမှုပြုလိမ့်မည်မဟုတ် (၆၁.၁%) ဟုထင်ကြသည်။ (၆၅.၇%)ကရဲများသည်၎င်းတို့ထံရောက်ရှိလာသည့် အမှုကိစ္စများအတွက် မျှတသည့်ရလဒ် ဆောင်ကျဉ်းပေးနိုင်မည်မဟုတ်ဟုလည်းကောင်း၊ ထို့ထက်များသည့် (၆၈.၇%) က ရဲများသည် အမှုပြဿနာအငြင်းပွားမှု များဖြေရှင်းရာတွင် မျှတလိမ့်မည်မဟုတ်ဟု ယူဆကြသည်။ ရဲများသည် ၎င်းတို့ဝန်ဆောင်မှုများအတွက် လာဘ်လာဘမျှော်ကိုးကြမည်ဟု (၇၅.၆%) က ယူဆကြသည်။

## ရပ်ရွာခေါင်းဆောင်များ

ရပ်ရွာခေါင်းဆောင်များ [၄၈] အပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များသည် တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲများအပေါ် ထားရှိသည့်အမြင်များနှင့် သိသာစွာခြားနားသည် (ပုံ ၆.၄ တွင်ရှု)။

ပုံ ၆.၃ ရဲများအပေါ် သဘောထားအမြင်




၃ ပုံ ၂ ပုံနီးပါး ဖြေဆိုသူများက ယေဘုယျအားဖြင့် ရဲများသည် စွမ်းဆောင်ရည်ပြည့်ကြသည်။ ခေတ်နှင့်အညီ အသိပညာ ဗဟုသုတရှိသည် (ဖြေဆိုသူ ၆၇.၂%) ဟုလည်းကောင်း၊ လုံလောက်သောသင်တန်းများ ရရှိကြသည်ဟု၎င်း (၆၆.၀%) ထင်ကြသည်။ သို့သော် ထို့ထက်နည်းပါးသည့် (၅၇.၅%) ဖြေဆိုသူများက ရဲများတွင်၎င်းတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် လုံလောက်သည့် အရင်းအမြစ်များ မရှိဟု ထင်ကြသည်။


လူအများ လက်ခံထားသည့် စံတန်ဖိုးများနှင့် ပတ်သက်၍ ရဲများအပေါ်ထားရှိသည့် သဘောထားအမြင်များသည် တရားသူကြီးနှင့် ဥပဒေအရာရှိများအပေါ်ထားရှိသည့် အမြင်များနှင့် များစွာတူညီပြီး ထက်ဝက်ကျော်ဖြေဆိုသူများက ရဲများသည်ရပ်ရွာဦးစားပေးများနှင့် ကိုက်ညီမှုမရှိ

ရပ်ရွာခေါင်းဆောင်များ၏ စွမ်းဆောင်ရည်ပြည့်ဝမှုနှင့်ပတ်သက်၍ သဘောထားအမြင်အမျိုးမျိုးရှိကြပြီး ဖြေဆိုသူအများစု (၆၈.၇%) က ၎င်းတို့တွင် ခေတ်နှင့်အညီ အသိပညာ ဗဟုသုတရှိသည်၊ (၅၃.၀%) က သင်တန်းများ လုံလောက်စွာ တက်ရောက်ထားသည်ဟု ထင်မြင်သည်။ သို့သော် တချိန်တည်းမှာပင် ဖြေဆိုသူများအနက်မှ သိသာထင်ရှားသောလူနည်းစုက ဆန့်ကျင်ဘက်အမြင်ရှိသည်။ ရပ်ရွာခေါင်းဆောင်များသည် ခေတ်နှင့်အညီအသိပညာဗဟုသုတမရှိဟု ထင်မြင်သူ (၂၈.၉%)၊ ၎င်းတို့၏ တာဝန်ဝတ္တရားများကိုထမ်းဆောင်ရန်သင်တန်းများလုံလောက်စွာတက်ရောက်ထားခြင်းမရှိဟု (၄၂.၅%) တို့က ယူဆကြသည်။

---

၄၈ မြန်မာဘာသာတွင် ရပ်ကွက်နှင့် ကျေးရွာခေါင်းဆောင်များဟု ဘာသာပြန်ဆိုပြီး ဖြေဆိုသူများအတွက် အဓိပ္ပါယ် ဖွင့်ဆိုချက်ပေးမထားပါ။ သို့သော် ဒေသဆိုင်ရာ ရပ်ကျေး အုပ်ချုပ်ရေးမှူးများ ပါဝင်သည်ဟု နားလည် မှတ်ယူနိုင်သည်

ပုံ ၆.၄ ရပ်ရွာခေါင်းဆောင်များအပေါ် သဘောထားအမြင်




ဖြေဆိုသူအားလုံး၏ ထက်ဝက် (၅၀.၃%) က ရပ်ရွာခေါင်းဆောင်များသည် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန် အရင်းအမြစ်လုံလောက်စွာမရှိဟု ထင်မြင်ချိန်တွင် (၄၂.၅%) တို့က ရှိသည်ဟုထင်မြင်ကြသည်။

လူအများလက်ခံထားသည့် စံတန်ဖိုးများ၊ မှန်ကန်သည့် သဘောထားများနှင့် ပတ်သက်၍ တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲများထက်စာလျှင် ရပ်ရွာခေါင်းဆောင်များအပေါ် ဖြေဆိုသူများ၏အမြင်များမှာ ပို၍အကောင်းမြင်အပြုသဘောဆောင်သည်။ ဖြေဆိုသူအများစု (၆၀.၅%) က ရပ်ရွာခေါင်းဆောင်များသည် ရပ်ရွာဦးစားပေးများနှင့် ကိုက်ညီမှုရှိသည်၊ (၆၈.၇%) က ၎င်းတို့ကိုလေးစားသမှု ဆက်ဆံလိမ့်မည်ဟု ထင်မြင်သည်။ အမှုကိစ္စပြသနာဖြေရှင်းသောအခါ မျှတလိမ့်မည် (၅၆.၃%)၊ မျှတသည့်အဖြေရလဒ်ရရှိနိုင်စေမည် (၆၀.၂%) ဟုလည်း ထင်မြင်သည်။ ဖြေဆိုသူ (၅၈.၇%) က ရပ်ရွာခေါင်းဆောင်များသည် ဝန်ဆောင်မှုများအပေါ် လာဘ်လာဘမျှော်ကိုးမှုမရှိဟု ထင်မြင်ကြသည်။

## တရားရေးပုဂ္ဂိုလ်များအပေါ် ပြည်သူလူထုယုံကြည်မှု

ပုံ ၆.၁ မှ ၆.၄ တွင်ဖော်ပြထားသော ဖြေဆိုသူများ၏ အဖြေများကိုအခြေခံ၍ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲများနှင့် ရပ်ရွာခေါင်းဆောင်များအပေါ် ဖြေဆိုသူများ၏ ယုံကြည်မှုကို ဖေါ်ပြနိုင်ရန် ယုံကြည်မှုညွှန်းကိန်းစု[၄၉] တစ်ရပ်တည်ဆောက်ထားသည်။

ထိုပုဂ္ဂိုလ်လေးဦးအနက် သုတေသနမေးခွန်းဖြေဆိုသူများ မယုံကြည်ဆုံးသူမှာ ရဲများဖြစ်ပြီး ရပ်ရွာခေါင်းဆောင်များကို အယုံကြည်ဆုံးဖြစ်နေသည်။ ရပ်ရွာခေါင်းဆောင်များအတွက် ယုံကြည်မှုညွှန်းကိန်း ၄၃.၄% သည် အခြားနေရာဒေသများတွင် ဖြေဆိုသူ ၄၇.၉% တို့က ဖော်ပြသော "အတော်အတန် ယုံကြည်သည်" သို့မဟုတ် " လွန်စွာယုံကြည်သည်" ဆိုသော အဖြေများနှင့် ကျယ်ပြန့်စွာ သက်ဆိုင်သည်။

ဇယား ၆.၂ တရားစီရင်ရေး ဝန်ဆောင်မှုအပေါ် ယုံကြည်မှု

| တရားစီရင်ရေး ဝန်ဆောင်မှုပေးသူ | ယုံကြည်မှုညွှန်းကိန်း |
|---|---|
| တရားသူကြီးများ | ၂၇.၁% |
| ဥပဒေအရာရှိများ | ၂၇.၄% |
| ရဲများ | ၂၂.၆% |
| ရပ်ရွာခေါင်းဆောင်များ | ၄၃.၄% |

၄၉ ဖြေဆိုသူသည် စွမ်းဆောင်ရည်ပြည့်ဝမှုနှင့်ဆိုင်သည့် မေးခွန်း ၃ ခုအနက် အနဲဆုံး ၂ ခုကို "ဟုတ်ပါသည်/ မှန်ပါသည်"။ မှန်ကန်သည့်သဘောထား စိတ်ရင်း စေတနာနှင့် ဆိုင်သည့်မေးခွန်း ၅ ခုအနက် အနဲဆုံး ၃ ခုကို "ဟုတ်ပါသည်/ မှန်ပါသည်/ ရှိပါသည်" ဟု ဖြေဆိုပါက သက်ဆိုင်ရာ ပုဂ္ဂိုလ်အပေါ် ယုံကြည်မှုရှိသည်ဟု သဘောထား သတ်မှတ်သည်။

အချုပ်ဆိုရလျှင် ဖြေဆိုသူ၇၀%သည် အစိုးရအရာရှိများ ၄င်းတို့၏ဆောင်ရွက်မှုများအတွက် လာဘ်လာဘတောင်းခံမှုအားလက်မခံခြင်းကိုသဘောတူလက်ခံကြသည်။

ချမ်းသာသူများ၊ဩဇာအာဏာအင်အားကြီးသူများနှင့်ဆက်စပ်၍ ဥပဒေအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များသည် ဥပဒေကို မှန်ကန်စွာကျင့်သုံးပါက သာမန်ပြည်သူများ၏ အခွင့်အရေးများကို ကာကွယ်နိုင်သည် သို့မဟုတ် ကာကွယ်သင့်သည်ဆိုသည့် ယုံကြည်ချက်ကို ဖော်ပြရာရောက်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်။


ဖြေဆိုသူများသည် တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲများသည် စွမ်းဆောင်ရည်ပြည့်ဝသည်ဟု ယုံကြည်ကြသော်လည်း မျှတ၍သမာသမတ်ရှိမှု၊ လေးစားမှု၊ အဂတိတရားကင်းမှုစသည့် အများလက်ခံထားသည့် စံတန်ဖိုးများနှင့် ကိုက်ညီနိုင်မှုအပေါ် ယုံကြည်မှုနည်းသည်။ ဤသည်မှာ သမားရိုးကျတရားမျှတရေးစနစ်နှင့် ပြည်သူများအနည်းနှင့်အများ ထိတွေ့မှုနည်းသည်ကို ထင်ဟပ်နိုင်သည်။ ရပ်ရွာခေါင်းဆောင်များ၏ စွမ်းဆောင်ရည်ပြည့်ဝမှုအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်မှာ ရောထွေးနေသော်လည်း ဖြေဆိုသူအများစုက ရပ်ရွာခေါင်းဆောင်များသည် ရပ်ရွာဦးစားပေးများ၊ အများလက်ခံသော စံတန်ဖိုးများနှင့် ကိုက်ညီပြီး အလေးထားရေးရှုကြသည်ဟု ယုံကြည်သည်။ ခြုံကြည့်ပါက တရားသူကြီးများနှင့်ရဲများသည် ယုံကြည်မှုအနည်းဆုံး တရားရေးပုဂ္ဂိုလ်များဖြစ်နေပြီး ရပ်ရွာခေါင်းဆောင်များမှာ အများဆုံး ယုံကြည်မှုရရှိထားသည်။

## မမျှတသည့် ပြုမူဆက်ဆံမှုများအပေါ် သဘောထား အမြင်များ

ဤလေ့လာမှုတွင် တရားရေးစနစ် အတွင်း ပြည်သူများ သာတူညီမျှဆက်ဆံခံရမှု/မခံရမှုအပေါ် ဖြေဆိုသူများ၏ ယုံကြည်မှု အတိုင်းအတာကို လေ့လာတိုင်းတာသည်။ တူညီသည့်ပြစ်မှုတစ်ခုကို ကျူးလွန်သည်ဟုသံသယဖြစ်မှုဖြင့် အာဏာပိုင်တို့၏ ဖမ်းဆီးထိန်းသိမ်းစွဲချက်တင်ခံသူနှစ်ဦးဖြစ်ရပ်ကို ဖြေဆိုသူများအား တွေးမြင်စဉ်းစားစေသည်။ ထို့နောက် အကယ်၍ သံသယရှိသူနှစ်ဦးထဲမှ တစ်ယောက်ယောက်တွင် ထူးခြားသည့် ဝိသေသလက္ခဏာများရှိခြင်းကြောင့်အကျိုးယုတ်အားနည်းမှုဖြစ်မဖြစ်ကိုမေးသည် (ပုံ ၆.၅ တွင်ရှု)။

လူတစ်ဦးသည် ပြစ်မှုတစ်ခုဖြင့်စွဲဆိုခံရသောအခါ ဆင်းရဲသည် ဆိုသည့်အချက်က အခြားသူများနှင့် စာလျှင် ၄င်းကို အာဏာပိုင်များက ကောင်းမွန်စွာပြုမူ ဆက်ဆံနိုင်ခြေ ပို၍နည်းပါးသည်ဟု သဘောထားသည်။ သံသယဖြစ်ခံရသူသည် ဆင်းရဲပါက အားနည်းချက်ဖြစ်စေသည်ဟု ဖြေဆိုသူအများစု (၈၃.၇%) ကထင်သည်။

ပုံ ၆.၅ ခွဲခြားဆက်ဆံမှုအပေါ်သဘောထားအမြင်များ




၅၀ ယုံကြည်မှုကို "အလွန်ပင်ယုံကြည်သည်" ၊ "အတော်အတန်ယုံကြည်သည်"၊ "အနည်းငယ်သာယုံကြည်သည်"၊ ဟုသောအဖြေများအား ပြန်လည်ခွဲခြမ်းစိတ်ဖြာရာတွင် အချိုးအစားသည် ၆၄.၅% အထိမြင့်တက်သွားသည်။

ဖြေဆိုသူ ၃ ပုံ ၂ ပုံခန့်က သံသယဖြစ်ခံရသူသည် အစိုးရအရာရှိနှင့်မတူသည့် လူမျိုးကွဲ (ဖြေဆိုသူ ၆၅.၇%) သို့မဟုတ် ဘာသာကွဲ (၆၅.၁%) ဖြစ်ပါက အားနည်းချက် အကျိုးနည်းစေသည်ဟု ထင်သည်။ ဖြေဆိုသူ ထက်ဝက်ကျော် (၅၂.၇%) က သံသယဖြင့်စွဲဆိုခံရသူသည် အမျိုးသမီးဖြစ်ပါက အခွင့်အရေး နည်းပါးသည်ဟု ထင်ကြသည်။ တရားမျှတရေးစနစ်တွင်းရှိ တာဝန်ရှိသူများသည် ခွဲခြားဆက်ဆံမှုကင်းစွာ ပြုမူဆောင်ရွက်ခြင်းမရှိဆိုသည့်သဘောထားအယူအဆကို ဤအဖြေများက ထင်ဟပ်သယောင်ရှိသည်။

ဤသဘောထားအမြင်များသည် အခန်း (၃) တွင် ဖေါ်ပြခဲ့သည့် မြန်မာ့လူ့ဘောင်တွင် လူတစ်ဦး ကောင်းစွာ ပြုမူဆက်ဆံခံရမှုကို အဆုံးဖြတ်ပေးသည့် အကြောင်းအချက်များအပေါ်ထားသည့် အမြင်များနှင့်ကိုက်ညီမှု ရှိသည်။

*အချုပ်အားဖြင့်ဆိုရလျှင် တရားမျှတရေးစနစ်အတွင်းရှိ တာဝန်ရှိပုဂ္ဂိုလ်များသည် ခွဲခြားဆက်ဆံမှုကင်းစွာ ပြုမူဆောင်ရွက်ခြင်းမရှိဟု ကျယ်ကျယ်ပြန့်ပြန့် လက်ခံသဘောထားသည်။ ပြစ်မှုတစ်ခုဖြင့်စွဲဆိုခံရပါက ဆင်းရဲသူများသည် အခြားသူများထက် စာလျှင် ဥပဒေအောက် တန်းတူညီမျှ ဆက်ဆံမခံရနိုင်ချေ အများဆုံးဖြစ်သည်ဟု ဖြေဆိုသူများ ယုံကြည်သည်။*


## တာဝန်ယူတာဝန်ခံမှုအပေါ် သဘောထားအမြင်

လေ့လာမှုတွင် အစိုးရအရာရှိများ၏ တာဝန်ယူတာဝန်ခံမှုအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များကို အဂတိလိုက်စားမှုလုပ်ရပ်ကို၄င်းတို့၏တိုင်ကြားခြေရှိမရှိဖြင့် စမ်းသပ်လေ့လာခဲ့သည်။ ဖြစ်နိုင်ဖွယ်သာဓကဖြစ်စဉ် နှစ်ခုတွင် အရာရှိများ လာဘ်လာဘတောင်းခံပါက မည်ကဲ့သို့တုံ့ပြန်ဆောင်ရွက်မည်နည်းဟု ဖြေဆိုသူများအားမေးသည်။ ထို ဖြစ်နိုင်ဖွယ် သာဓကဖြစ်စဉ်နှစ်ခုမှာ (၁) မြေယာမှတ်ပုံတင်လိုသူတစ်ဦးကို ဒေသန္တရအရာရှိက ကျပ် (၃၀၀,၀၀၀) တောင်းသည်။ (၂) မှတ်ပုံတင်အသစ်လုပ်လိုသူကို မြို့နယ်အရာရှိက ကျပ် (၁၅၀,၀၀၀) တောင်းသည်။

ဤသာဓက ဖြစ်စဉ်နှစ်ခုစလုံးတွင် ဤကိစ္စကိုတိုင်မည် (သို့မဟုတ်) တိုင်ကောင်းနိုင်သည်နှင့် တိုင်မည်မဟုတ်ဟု ဆိုကြသည့် ဖြေဆိုသူများအကြား ဆတူနီးပါးခြားနားသည် (ပုံ ၆.၆ တွင်ရှု)။

သာဓကဖြစ်စဉ် နှစ်ခုတွင် တိုင်ကြားမည် သို့မဟုတ် တိုင်ကြားကောင်းတိုင်ကြားနိုင်မည်ဟုဆိုသူများက ဖြစ်ရပ်တစ်ခုချင်းစီကို တုံ့ပြန်ဆောင်ရွက်မည့် ပုံစံများတူညီကြသည်။ အများစုက မိခင်ဌာနသို့သာ တိုင်ကြားမည်

ပုံ ၆.၆ တာဝန်ခံမှုအပေါ်သဘောထားအမြင်



ဟုဆိုသည်။ ပထမအခြေအနေတွင် ဖြေဆိုသူ သုံးပုံတစ်ပုံကျော် (၃၉.၂%၊ ၁၇၁ ဦးအနက် ၆၇ ဦး) သည် မြို့နယ်မြေစာရင်းဦးစီးဌာနသို့ တိုင်ကြားမည်ဟုဆိုပြီး ဒုတိယအခြေအနေတွင် ထက်ဝက်ကျော် (၅၃.၂%၊ ၁၅၈ ဦးအနက် ၈၄ ဦး) သည် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဌာန သို့တင်ပြသတင်းပို့မည်ဟုဆိုကြသည်။ ဖြစ်စဉ်နှစ်ရပ်လုံးတွင် မိခင်ဌာနသို့ တိုင်ကြားခြင်းမပြုမည့် ဖြေဆိုသူများအနက် ဒုတိယအများဆုံးအရေအတွက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တိုင်ကြားမည် (ဖြစ်စဉ် ၁ - ၁၇.၀%၊ ဖြစ်စဉ် ၂ - ၁၄.၆%) ဖြစ်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးသို့ တိုင်ကြားမည့်သူမှာ (ဖြစ်စဉ် ၁ - ၁၂.၃%၊ ဖြစ်စဉ် ၂ - ၉.၅%) တို့ဖြစ်သည်။

တိုင်ကြားမည်သို့မဟုတ် တိုင်ကြားကောင်းတိုင်ကြားလိမ့်မည်ဟု ဖြေဆိုသူများအား မည်သို့သောရလဒ် ကိုမျှော်မှန်းသနည်းဟု ထပ်မံမေးမြန်းသောအခါ ထွက်ပေါ်လာသော မျှော်လင့်ချက်များမှာလည်း လွန်စွာတူညီကြသည်။ ဖြစ်စဉ်နှစ်ခုစလုံးအတွက် ဖြေဆိုသူအများစုက တိုင်ကြားပြီးနောက် လာဘ်ငွေပေးဖို့မလိုအပ်ရန် မျှော်လင့်ထားကြောင်း (ဖြစ်စဉ် ၁ - ၃၆.၈%၊ ဖြစ်စဉ် ၂ - ၄၀.၅%) တွေ့ရသည်။ ဤသည်မှာ ထိုဖြေဆိုသူများက အစိုးရအရာရှိများမှ တာဝန်ယူမှုတာဝန်ခံမှုနှင့် စပ်လျဉ်း၍များစွာ မျှော်လင့်မထားကြောင်းလည်းတွေ့ရသည်။ အနည်းစုကသာ တိုင်ကြားမှုမှတဆင့် အဂတိလိုက်စားမှု ကျူးလွန်သူအရာရှိအား အရေးယူသွားရန် (ဖြစ်စဉ် ၁ - ၂၈.၇% ၊ ဖြစ်စဉ် ၂ - ၂၇.၈%) မျှော်လင့်သည်။ တိုင်ကြားသော်လည်း ထူးခြားသော ရလဒ်ထွက်ပေါ်လာမည်မဟုတ်ဟုထင်မြင်သူ(ဖြစ်စဉ် ၁ -၁၂.၉%၊ ဖြစ်စဉ် ၂ -၁၂.၀%) နှင့် တိုင်ကြားပြီးနောက် နှစ်ဦးနှစ်ဘက်ညှိနှိုင်းမှုဖြင့် ပိုမိုလက်ခံနိုင်ဖွယ် ရလဒ် ထွက်ပေါ်လာမည်ဟု မျှော်လင့်သူ (ဖြစ်စဉ် ၁ - ၁၂.၉%၊ ဖြစ်စဉ် ၂ - ၁၀.၁%) တို့ဖြစ်သည်။

ထိုဖြစ်ရပ်များကို သတင်းပို့ တိုင်ကြားလိမ့်မည်မဟုတ်ဟုပြောသည့် ဖြေဆိုသူများ၏ အကြောင်းပြချက်များကို ပုံ ၆.၆ (က) နောက်ဆက်တွဲ (ခ) တွင်ဖော်ပြထားသည်။ ဖြစ်စဉ်သာဓက နှစ်ခုလုံးနှင့်ပတ်သက်၍ တာဝန်ခံမှုကို အဟန့်အတားဖြစ်စေသည့် အကြောင်းအချက်မှာ အဂတိလိုက်စားမှုဖြစ်သည်ဟု ထိုဖြေဆိုသူ ထက်ဝက်ကျော်က မှတ်ယူသည် (ဖြစ်စဉ် ၁ တွင် ၁၅၄ အနက် ၆၃ ဦး ၄၀.၉%၊ ဖြစ်စဉ် ၂ တွင် ၁၆၄ အနက် ၇၆ ဦး ၄၆.၄%)။ အချို့က ဝန်ထမ်းများသည် စီးပွားရေးအရ ထိုကဲ့သို့သော အပိုဝင်ငွေ အပေါ် အားကိုးအားထားပြုနေရသည် (ဥပမာ“ဒေသန္တရ အစိုးရ ဝန်ထမ်းများသည် ငွေရသင့်သည်” ဟူ၍လည်းကောင်း၊ “အစိုးရဝန်ထမ်းကို ဘဝမပျက်စေချင်၍ငါမတိုင်”) ဟုဆိုကာ ပြဿနာ၏ အကြောင်းတရားများကို အသိအမှတ်ပြုကြသည်။ အခြားသူများက ပြဿနာ၏ အမြစ်တွယ်နေသော သဘောသဘာဝကို ထင်မြင်ချက်ပေးသည်။ (ဥပမာ- ငါတို့မြေဂရန်ရဖို့ ငွေပေးရမည်၊ အစိုးရတောင်း၍ ငါတို့ ငွေပေးရမည်၊ ငါတို့ဟာ ပြည်သူတွေဖြစ်တယ်၊ သူတို့လိုတာ ပေးရမယ်၊ ဒေသခံအရာရှိများက လာဘ်ငွေတောင်းရန် အားသန်တယ်။ ဒါကြောင့် တိုင်လည်းအရေးယူမှာမဟုတ်၊ ဒါကြောင့် ငါမတိုင်၊ သူတို့အားလုံးလည်း ဒီပုတ်ထဲက ဒီပဲဖြစ်လို့ တိုင်ကြားစာကိုလက်ခံမှာမဟုတ်၊ ငါမတိုင်စသည်များဖြစ်သည်)။

အဂတိလိုက်စားမှုအား ပြဿနာတစ်ရပ်ဟု ဖြေဆိုခဲ့သူများအနက် သုံးပုံ တစ်ပုံခန့်နှင့် အထက်က ထိုပြဿနာကို မြေဂရန်ရရှိရေးအတွက်သော်လည်းကောင်း၊ သက်သေခံလက်မှတ် လဲလှယ်ရန် သော်လည်းကောင်း အတားအဆီးတစ်ရပ် ဖြစ်သည်ဟု သတ်မှတ်ကြသည်။ (ဥပမာ- ငါတိုင်လည်းမတိုင်၊ လျှောက်လဲမလျှောက်တော့ဘူး၊ ငွေပေးစရာမလိုတဲ့အခါမှသာ လျှောက်တော့မယ်)။ ကျန်သူများက လိုချင်တာရဖို့ သူတို့တောင်းတဲ့ငွေပမာဏကို ပေးရလိမ့်မယ် (ဥပမာ- ဒါဟာ မတရားဘူးဆိုတာသိတယ်၊ သို့သော်လည်း ငါသက်သေခံကတ်ပြားလိုအပ်တော့ ပေးရမှာဘဲ ဟူ၍လည်းကောင်း၊ မြေဂရန် ရမယ်ဆိုရင်တော့ပေးမယ်၊ ဒီခေတ်မှာတော့ ပေးရမှာဘဲ)။

ဖြေဆိုသူများက ထိုသာဓကဖြစ်စဉ်များကို တိုင်ကြားခြင်းမပြုမည့် အခြားသော အကြောင်းအရင်းမှာ အကြောက်တရားနှင့် သက်ဆိုင်သည် (ဖြစ်စဉ် ၁ - ၂၄.၀၂%၊ ဖြစ်စဉ် ၂ - ၄၆.၀၄%)။ ပထမအမြင်မှာ အပိုငွေတောင်းခံခြင်းကိုတိုင်ကြားပါက တိုင်ကြားသူအတွက် ပြဿနာတက်ရုံသာရှိမည် (ဥပမာ - တိုင်ကြားပါက အချန်ပိုကြာလိမ့်မယ်၊ တိုင်ကြားကာမှ ငွေပိုကုန်လိမ့်မယ်၊ တိုင်လျှင် မြေဂရန်မရမှာစိုးရတယ်၊ တိုင်လိုက်ကာမှ မြေကွက်ပါဆုံးရလိမ့်မယ်၊ ဒါ့ကြောင့် သူတို့တောင်းတာ သာပေးလိုက်မယ်) ဒုတိယအမြင်က ဥပဒေအကြောင်း၊ တရားစီရင်ရေး လုပ်ငန်းစဉ်၊ တရားဝင် အစိုးရဗျူရိုကရေစီတို့နှင့် ပတ်သက်ရမည်ကို စိုးရိမ်ခြင်းဖြစ်သည် (ဥပမာ- ဥပဒေများနှင့် မပတ်သက်လို၊ ရုံးကနားမသွားလို၊ ထိုအစိုးရရုံးများနှင့် ပြောဆိုခြင်းမပြုလို၊ ငွေကြေးတတ်နိုင်ကပေးလိုက်မယ်၊ သို့မဟုတ်ပါကကိစ္စများမြောင်ကိုရင်ဆိုင်ရလိမ့်မယ်)။ တတိယအမြင်မှာ ယေဘုယျအားဖြင့် မတိုင်ရဲပါ ဖြစ်ပြီး စတုတ္ထ အမြင်မှာ အမှန်တကယ် အကြမ်းဖက်ခံလာရမည်ကို ကြောက်ရွံ့ခြင်းဖြစ်သည်။

ထိုအခြေအနေနှစ်ရပ်တွင် အပိုငွေတောင်းခံခြင်းခံရသည့်အခါတိုင်ကြားခြင်းမပြုမည့်အခြားသောအကြောင်းအရင်းတွင် တိုင်ကြားခြင်းဖြင့် အကြောင်းထူးလိမ့်မည် မဟုတ်ဟု ယူဆထားခြင်းလည်း အပါအဝင်ဖြစ်သည်။(ဥပမာ- တိုင်ကြားသည့်တိုင်အောင် မည်သို့မျှ အကြောင်းထူးလိမ့်မည်မဟုတ်၊ တိုင်ကြားခြင်းဖြင့် မြေဂရန်ရလိမ့်မည်မဟုတ်၊ ထို့ကြောင့် ငါမတိုင်၊ တိုင်ကြားခြင်းဖြင့် သက်သေခံကတ်ပြားထွက်လာမည်မဟုတ်)။ ထိုဖြစ်စဉ်များကို တိုင်ကြားရန်ငြင်းဆန်သည့် ယေဘုယျ အကြောင်းအရင်းများမှာ - မိမိကိုယ်ကိုသာအားကိုး၍ ငွေပေးရမည့်ပမာဏကို လျှော့ပေါ့ပေးရန် အရာရှိများနှင့်ညှိနှိုင်းရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်း၊ (ဥပမာ-

တိုင်လည်းမတိုင်၊ ပေးလည်းမပေး၊ ငါတို့မှာ ဘာမှလုပ်ပိုင်ခွင့် မရှိလို့ တိုင်မနေတော့ဘူး) နှင့် ယဉ်ကျေးခြားနားခြင်းများ၊ (ဥပမာ - ငါတို့က အမျိုးသမီးများဖြစ်လို့ အိမ်အပြင်ထွက်ပြီး မတိုင်ကြားနိုင်) တို့ဖြစ်သည်။ ဖြေဆိုသူများမှ အနည်းစုက လည်း ဘာလုပ်ရမည်၊ မည်သူက အကူအညီပေးနိုင်မည်ကို မသိသောကြောင့်ဟု ပြောကြပြီး၊ တစ်ဦးတည်းသော ဖြေဆို သူက ဥပဒေနှင့် ပတ်သက်၍ ဗဟုသုတမရှိသောကြောင့်ဟု ဆိုသည်။

ဂရုပြုဖွယ်ရာ အခြားအချက်များ အနည်းငယ်ရှိ သည်။ ပထမအချက်မှာ အမျိုးသမီးဖြေဆိုသူများက ထိုသာ ဓက ဖြစ်စဉ်နှစ်ခုအား အမျိုးသားဖြေဆိုသူများထက်စာလျှင် တိုင်ကြားမည်ဟု ဖြေဆိုကြဟန်ရှိသော်လည်း အမျိုးသမီး အများစုမှာ တိုင်ကြားမည်မဟုတ်ဟုသာ ဖြေဆိုသည်။

ပထမဖြစ်စဉ်နှင့်ပတ်သက်၍ ၅၃% သော အမျိုး သမီးဖြေဆိုသူများက ၃၉.၈% သော အမျိုးသား ဖြေဆိုသူ များနှင့်စာလျှင် မြေဂရန်ရရှိရေးအတွက် အပိုငွေတောင်း ခံ ခြင်းအား တိုင်ကြားမည်မဟုတ်ဟု ဆိုသည် (အမျိုးသားဖြေ ဆိုသူ ၅၇.၂% နှင့်ယှဉ်လျှင် ၄၃.၄ % တို့က တိုင်ကြားမည် မဟုတ်ဟု ဖြေသည်)။ ဒုတိယဖြစ်စဉ်အတွက် ရာခိုင်နှုန်းမှာ ၅၅.၄% ဖြစ်ပြီး ဖြစ်စဉ်ကို တိုင်ကြားမည်မဟုတ်ဟု ဖြေဆို သူအမျိုးသား ဖြေဆိုသူ ၄၄.၀% နှင့်ယှဉ်လျှင် အနည်းငယ် ပိုများသည် (သက်သေခံကတ်ပြားလဲလှယ်ရန် အပိုငွေ တောင်းခံရမှုအတွက် တိုင်ကြားမည့် အမျိုးသမီးဖြေဆိုသူ ၃၉.၂% သာရှိပြီး အမျိုးသားဖြေဆိုသူမှာ ၅၄.၈% ရှိသည် (ပုံ ၆-၆ (ခ)၊ နောက်ဆက်တွဲတွင်ရှု)။

ဒုတိယအချက်မှာ မြို့ပြမှ ဖြေဆိုသူအများစုက လည်း အပိုငွေတောင်းခံခြင်းခံရပါက တိုင်ကြားမည်မဟုတ် ဟု ဆိုသည် (ပထမဖြစ်စဉ်နှင့် ဒုတိယဖြစ်စဉ်အတွက် ၅၅.၄% နှင့် ၅၄.၇% အသီးသီးရှိသည်)။ ကျေးလက်နေ ဖြေဆိုသူများက ဆန့်ကျင်ဘက်သဘောကို ပိုမိုဖော်ညွှန်း သည်။ ဖြစ်စဉ် ၁ - ၃၉.၉% နှင့် ဖြစ်စဉ် ၂ - ၄၆.၁% က သာ တိုင်ကြားမည် မဟုတ်ဟုဆိုသည် (ပုံ ၆-၆(ဂ)၊ နောက် ဆက်တွဲတွင်ရှု)။

တတိယအချက်အနေနှင့် ဖြေဆိုသူများကို ကိုး ကွယ်သည့်ဘာသာဖြင့် ခွဲခြားလေ့လာသည့်အခါ မွတ်စလင် ဖြေဆိုသူ အများစု (၅၈.၉%) က ဒုတိယဖြစ်စဉ်ဖြစ်သည့် သက်သေခံကတ်ပြားနှင့် ပတ်သက်၍ အပိုငွေကြေး တောင်း ခံခြင်းခံရပါက တိုင်ကြားမည်မဟုတ်ဟု ဆိုသည်။ ယင်းသို့ ဖြေဆိုသည့် ဗုဒ္ဓဘာသာဝင် ၄၄.၂% ရှိသည်။ သုတေ သနမေးခွန်းဖြေဆိုသူ ဗုဒ္ဓဘာသာဝင် ၅၂.၃% နှင့်ယှဉ်လျှင် မူစလင် ၃၈.၀% ကသာ ထိုဖြစ်စဉ်ကို တိုင်ကြားလိမ့်မည် (ပုံ ၆-၆ (ဃ)၊ နောက်ဆက်တွဲတွင်ရှု)။

*အချုပ်အားဖြင့်ဆိုရလျှင် ဖြေဆိုသူများအကြား လာဘ်စားသည့်ဖြစ်စဉ်ကို တိုင်ကြားမည့်သူနှင့် တိုင်ကြား လိမ့်မည် မဟုတ်သူများကြားတွင် ဆတူနီးပါး ခြားနားနေ သည်ဟု ယူဆသည်။ ကျေးလက်နေပြည်သူများမှာ မြို့ပြ နေ ပြည်သူများနှင့်စာလျှင် တိုင်ကြားရန် ဖြစ်နိုင်ခြေ ပိုမို ရှိသည်ဟု ယူဆရသည်။*

*ထိုသို့ အဂတိလိုက်စားမှုဖြစ်စဉ်ကို တိုင်ကြားမည် ဟုဆိုသူများပင် အစိုးရအရာရှိများ၏ တာဝန်ယူမှု တာဝန်ခံ မှုအပေါ် များစွာမျှော်လင့်မထားကြောင်း တွေ့ရသည်။ ထို သို့ အဂတိလိုက်စားသည့်လုပ်ရပ်များအား တိုင်ကြားမည် မဟုတ်ဟု ဆိုသူများက အဂတိလိုက်စားမှုကိုယ်တိုင်ကပင် အတားအဆီးဖြစ်နေကြောင်း ရှင်းပြသည်။ အများစုက မတိုင်ကြားလိုခြင်းမှာ ဥပဒေ၊ ဗျူရိုကရေစီ၊ တရားစီရင်ရေး စနစ် စသည်တို့နှင့် ပတ်သက်ရမည်ကို စိုးရိမ်၍ဟုလည်း ဖြေဆိုသည်။*




# အခန်း (၇)
# သုံးသပ်ချက်နိဂုံးနှင့် အကြံပြုချက်များ

ဓာတ်ပုံ - သင်းဂနက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ၊ စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်။

ဤလေ့လာမှုမှ ရလဒ်များသည် တရားမျှတမှု လက်လှမ်းမီရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထု အပေါ် တာဝန်ယူမှု တာဝန်ခံမှုတို့နှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်တွင် လေ့လာခဲ့သည့် နေရာဒေသ (၁၀) နေရာမှ (ရပ်ကွက်နှင့် ကျေးရွာ (၁၀) ခု) ဖြေဆိုသူများ၏ ရှုမြင်သည့် သဘောထားအမြင်များကို ညွှန်ပြလေသည်။ ထို့အပြင် ဖြေဆိုသူများ ကြုံတွေ့ခဲ့ရသည့် အမှုပြဿနာများ၊ တရားမျှတမှုနှင့် ဆိုင်ရာ ဦးစားပေးပြဿနာများ၊ ထိုပြဿနာများ၏ ၎င်းတို့အပေါ် အကျိုးသက်ရောက်မှုများနှင့် ဖြေရှင်းသည့် နည်းလမ်းများ၊ ပြေလည်ကျေအေးသွားသည့် အောင်မြင်မှုများနှင့် ရင်ဆိုင်ရသည့် အတားအဆီး စိန်ခေါ်မှုများကိုလည်း ဖော်ပြထားသည်။

ဖြေဆိုသူများ၏ လူမှုစီးပွားရေး ဝိသေသလက္ခဏာများ (အခန်း ၂) သည် ဤသုတေသနအတွက် အရေးပါသည့် နောက်ခံအခြေအနေကို ပြသပေးပြီး တရားမျှတမှုဆိုင်ရာ ပြဿနာများ ပေါ်ပေါက်ရသည့် ပတ်ဝန်းကျင်ဖြစ်ပေါ်စေသည့် အကြောင်းတရားများကို ဖော်ပြပေးသည်။ ထို အကြောင်းတရားများသည် ဦးစားပေးပြဿနာများကို တစ်ဦးချင်း တစ်ယောက်ချင်းအဆင့်နှင့် ရပ်ရွာအသိုင်း အဝိုင်းအဆင့်များတွင် မည်သို့မည်ပုံနှင့် မည်သည့်အတိုင်းအတာ အထိ တရားမျှတမှု ရရှိရေးအတွက် အကူအညီ ရယူနိုင်မှုအပေါ်လည်း လွှမ်းမိုးသက်ရောက်သည်။

အခန်း (၁) တွင် ဖော်ပြခဲ့သည့် အယူအဆပိုင်းဆိုင်ရာဆွေးနွေးချက်ကို ပြန်လည်ကောက်ယူမည်ဆိုလျှင် လူအများလက်ခံထားသည့် စံတန်ဖိုးများသည် တရားမျှတမှု လက်လှမ်းမီရေး (အလေ့အကျင့်) အတွက် အဓိကကျသည်ကို ဤလေ့လာမှုက ဖော်ထုတ်ထားသည်။ ဤသဘောတူ လက်ခံထားကြသည့် စံတန်ဖိုးများသည် သမားရိုးကျဖြစ်သော၊ သမားရိုးကျ/အုပ်ချုပ်ရေးဆန်သော သို့မဟုတ် သမားရိုးကျမဟုတ်သော မည်သည့် အခင်းအကျင်းတွင်မဆို တရားရေးလုပ်ငန်းစဉ်များအပေါ် ပြည်သူများ၏ မျှော်လင့်တောင့်တချက်များကိုလည်း အသိပေးဖော်ပြသည်။ ထို စံတန်ဖိုးများတွင် ဥပဒေရှေ့မှောက်တန်းတူညီမျှမှု ခွဲခြားဆက်ဆံမှုကင်းခြင်း တပါးသူအပေါ်လေးစားမှု၊ မျှတမှုနှင့် လူ့ဘောင်အဖွဲ့အစည်းအတွင်း အဂတိတရားကင်းစင်ခြင်းများ ပါဝင်သည်။ ရပ်ရွာအသိုင်းအဝိုင်းအဆင့်တွင် ထိုစံတန်ဖိုးများသည် လူမှုရေးရာကိစ္စများ၌ တန်းတူညီမျှမှုနှင့် ခွဲခြားဆက်ဆံမှုကင်းခြင်းအပြင် တရားရေးလုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှု၊ အမှီအခိုကင်းလွတ်လပ်မှုနှင့် မျှတ သမာဓိ ရှိမှုတို့နှင့် ဆက်စပ်သည်။ ၎င်းတို့သည် လူ့အခွင့်အရေးအခြေခံမှုများနှင့်လည်း ဆက်နွယ်သည်။ ကောင်းမွန်သည့် အုပ်ချုပ်မှု အခြေခံတစ်ရပ်ဖြစ်သည့် တာဝန်ယူ တာဝန်ခံအပေါ် ဘုံမျှော်လင့်ချက် တစ်ရပ်အဖြစ်လည်း အဓိပ္ပါယ်သက်ရောက်သည်။

ဤသုတေသနသည် တရားမျှတမှု လက်လှမ်းမီရေးကို အဓိကကျားကန်ပေးသည့် အယူအဆများကို အတည်ပြု ဖော်ပြထားသည်။ တွေ့ရှိချက်များသည် လွှမ်းခြုံမှုရှိနေသည့် ကိစ္စရပ် ၄ ရပ်ဖြစ်သည့် (၁) သမားရိုးကျနှင့် အနစ်သာရပြည့်ဝသော တရားမျှတမှုများ (၂) စီမံအုပ်ချုပ်မှုဆိုင်ရာ တရားမျှတမှုနှင့် ပြည်သူလူထုအပေါ် တာဝန်ခံမှု (၃) တရားမျှတရေးစနစ်အပေါ် ပြည်သူတို့၏ ယုံကြည်အားထားမှု၊ (၄) နိုင်ငံသားဆိုင်ရာ အသိပညာနှင့် ၎င်း၏ လူမှုပေါင်းစည်းမှုနှင့် ဆက်နွယ်မှုတို့ ဖြစ်ကြပါသည်။ [၅၁] အဓိက တွေ့ရှိချက်များကို အောက်တွင် အသေးစိတ် ဖော်ပြထားပြီး တရားရေးကဏ္ဍမှတာဝန်ရှိသူများ၊ မူဝါဒရေးဆွဲချမှတ်သူများ၊ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းများအတွက် နောက်ဆက်တွဲ အကြံပြုချက်များကို ဤတွေ့ရှိချက် မှုဘောင်အရ တင်ပြထားသည်။

## အနစ်သာရပြည့်ဝသည့် တန်းတူညီမျှမှု

ဖြေဆိုသူများ၏ သုံးပုံ နှစ်ပုံကျော်တို့က မြန်မာနိုင်ငံတွင် ဥပဒေရှေ့မှောက် လူတိုင်းအတွက် သာတူညီမျှ အခွင့်အရေးမရှိဟု ရှုမြင်ကြသည်။ ချမ်းသာကြွယ်ဝမှု၊ ပညာအဆင့်အတန်းနှင့် လူမျိုး တို့သည် လူတစ်ဦးကောင်းမွန်စွာ ပြုမူဆက်ဆံခံရမှုကို အဆုံးအဖြတ်ပေးသည့် အဓိက အချက်များ ဖြစ်သည်ဟု ဖြေဆိုသူများက ဆိုကြသည်။

မွတ်စလင်ဖြေဆိုသူများသည် တရားမျှတမှု ဆိုင်ရာ အငြင်းပွားမှုပြဿနာများတွင် အချိုးအစားမမျှစွာ ပါဝင်ပတ်သက်နေပုံရသည်။ အိမ်ထောင်စုအဆင့် အဖြစ်အများဆုံး အငြင်းပွားမှုပြဿနာ (၃) မျိုးမှာ ကြွေးမြီ၊ မွေးစာရင်းနှင့် မှတ်ပုံတင်ရယူရာတွင် ကြုံရသည့်ပြဿနာများနှင့် မြေယာအငြင်းပွားမှုများဖြစ်သည်။ ကြွေးမြီပြဿနာမှာ ဗုဒ္ဓဘာသာဝင်နှင့် မွတ်စလင်ဖြေဆိုသူများအကြား အညီအမျှ ဖြစ်ပွားသော်လည်း ကျန်အငြင်းပွားမှုပြဿနာများမှာ ကိုးကွယ်သည့် ဘာသာအလိုက် အဖြစ်များသည့် သဘောရှိသည်။ မြေယာပြဿနာများကို ဗုဒ္ဓဘာသာဝင် ဖြေဆိုသူများက အများဆုံးကြုံတွေ့ရပြီး ကျန်ပြဿနာများမှာ မွတ်စလင် ဖြေဆိုသူအများစုတွေ ကြုံတွေ့ကြရသည်။

ရပ်ကွက်နှင့် ကျေးရွာအဆင့်တွင် ဖြေဆိုသူများ သို့မဟုတ် ရပ်ရွာခေါင်းဆောင်များက ထူးခြားပြီး တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိသည့် တရားမျှတမှုဆိုင်ရာ ပြဿနာ (၄) ရပ်ကို ယေဘူယျ သတ်မှတ် ဖော်ပြကြသည်။ ဗုဒ္ဓဘာသာဝင်နှင့် မွတ်စလင်ဖြေဆိုသူများက အစိုးရအရာရှိများ၏ တဖက်သတ် ပြုမူဆောင်ရွက်ချက်များကို အမြဲလိုလို ညှိနှိုင်းကြရသည်ဟုဆိုသည်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့ အာဏာသက်

[၅၁] ဤအကြောင်းအရာများသည် ရှုပ်ထွေးနက်နဲသည့် ပုံစံများဖြင့် တစ်ခုနှင့်တစ်ခု ပေါင်းစည်း၊ နီးနွယ်တတ်သည်ကို အသိအမှတ်ပြု/ ဂရုပြုရန် အရေးကြီးသည်။

ရောက်သည့် နေရာဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့် မဟုတ်သည့်တိုင် ၎င်းတို့နှင့် ပတ်သက်သည့် တိုင်ကြားမှုများကို အများဆုံး ကြားရသည်။

၂၀၁၂ -၂၀၁၃ လူ့အသိုင်းအဝိုင်းများအကြား အကြမ်းဖက်မှုများ၏ ရလဒ်အနေဖြင့် မလုံခြုံမှုနှင့် စိုးရိမ်မှုတို့ ပိုမိုကြီးထွားလာပြီး ဗုဒ္ဓဘာသာဝင်များနှင့် မွတ်စလင်များအကြားတင်းမာသည့်ဆက်ဆံရေးသည်စားဝတ်နေရေး အလုပ်အကိုင်များနှင့် စီးပွားရေးလုပ်ငန်းများကို ဆိုးရွားသည့် အကျိုးဆက်များ ဖြစ်ပေါ်စေသည်ဟု ဖြေဆိုသူများက ထောက်ပြသည်။ အကြမ်းဖက်မှုများသည် လူ့အသိုင်းအဝိုင်းများအားလုံးအပေါ် အကျိုးသက်ရောက်သော်ငြားလည်း လူမျိုးဘာသာအရ လူနည်းစုများသည် အချိုးအစားမမျှစွာ ရိုက်ခတ်ခံကြရပြီး တရားဝင်သွားလာမှု ကန့်သတ်ချက်များနှင့် မြင့်မားလာသည့် အထွေထွေ ခွဲခြားဆက်ဆံမှုများ၏ အကျိုးဆက်များကိုလည်း ဒဏ်ခံရသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ မွတ်စလင် ဖြေဆိုသူများအတွက် ထိုပြဿနာများသည် ၁၉၉၀ နှစ်များကတည်းက ချမှတ်ခဲ့သည့် ဒေသန္တရအမိန့်များ၏ ဆိုးကျိုးများကို ထပ်ဆင့် ဆိုးရွားစေသည်။ ရခိုင်ဖြေဆိုသူများနှင့် နှိုင်းယှဉ်ပါက ထိုလူမျိုးအုပ်စု၏ ပညာအဆင့်အတန်း၊ မြန်မာစာ တတ်မြောက်မှုနှင့် အိမ်ထောင်စုဝင်ငွေ သိသာစွာ နိမ့်ပါးမှုသည် ထိုဒေသန္တရ အမိန့်များချမှတ်ခြင်းနှင့် တစိတ်တပိုင်း ဆက်စပ်နိုင်သည်။

တရားမျှတမှုဆိုင်ရာ ထိုပြဿနာများ၏ သဘောသဘာဝနှင့် ဖြေဆိုသူများ၏အတွေ့အကြုံများက ရခိုင်ပြည်နယ်တွင် တူညီသည့် အခွင့်အရေးများနှင့် ကာကွယ်စောင့်ရှောက်မှုတို့ကို ခံစားရသည်မှာ လူတိုင်းမဟုတ်သည်ကို ညွှန်ပြသည်။ ထို့အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပုဒ်မ ၆ (င) နှင့် ပုဒ်မ ၃၄၇ တို့တွင် ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုနှင့် တရားမျှတမှု အခြေခံမှုများကို လက်တွေ့ကျင့်သုံးရန် လိုအပ်သည်။ ထို့အပြင် တရားဝင် ဥပဒေပါ တန်းတူညီမျှမှုထက် ကျော်လွန်၍ အနှစ်သာရပြည့်ဝသည တန်းတူညီမျှမှု သဘောတရားကို ချဉ်းကပ်ရန် အရေးတကြီး လိုအပ်သည်။

ရခိုင်ပြည်နယ်ရှိ လူမျိုးအုပ်စုအသီးသီးသည် နိုင်ငံသားများအပေါ် နှစ်ရှည်လများ အစဉ်တစိုက်ကျင့်သုံး လျှက်ရှိသည့် ကွဲပြားစွာဆက်ဆံမှုများက ပုံဖော်ထားသည့် လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေး ပတ်ဝန်းကျင်ထဲတွင် နေထိုင်ကြသည်။ ဥပဒေအောက် နိုင်ငံသားအားလုံး တန်းတူညီမျှပြုမှုဆက်ဆံရမှု အခြေခံမှုများကို တန်ဖိုးထားသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဥပဒေပြဋ္ဌာန်းချက်များ မရှိမဖြစ် အရေးပါသည်။ သို့သော် ရခိုင်ပြည်နယ်တွင်းရှိ ကြွယ်ဝပြီး ရှုတ်ထွေးနက်နဲသည့် လူမှုဆက်ဆံရေးများသည် မြန်မာနိုင်ငံတွင်း တမူထူးခြားပြီး ခွဲခြားဆက်ဆံမှုကို အခြေခံသည့် ပြဿနာများဖြစ်ပွားစေသည်။ ထိုပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန်မှာ သာမာန်ဥပဒေ မူဘောင်ကို ကျော်လွန်ကာ အနုစိတ်၊ မျက်နှာစာစုံ ချဉ်းကပ်မှုများ လိုအပ်သည်။ ထိုမှသာ ခွဲခြားဆက်ဆံမှုကို ကျော်လွှန်နိုင်မည်ဖြစ်ပြီး အနှစ်သာရပြည့်ဝသည့် တန်းတူညီမျှမှုအပေါ် အခြေခံသည့် တပြေးညီပြုမူဆက်ဆံမှုကို ပြည်သူများ ခံစားရမည်ဖြစ်သည်။

ဤသည်မှာ တပြေးညီဆက်ဆံမှုကို သေချာစေသော်လည်း လူတိုင်းအပေါ် ဂရုစိုက်မှု လေးစားသမှုပြုမှုများ ပါဝင်သည့် တန်းတူညီမျှ ဆက်ဆံမှုမျိုးအား အဓိက ဆောင်ကြဉ်းပေးသွားနိုင်ရန်ဖြစ်သည်။ ဤအချက်များအားလုံးသည် လူတိုင်းကို ကွဲပြားစွာဆက်ဆံမှု၏ ဇစ်မြစ်ကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကြောင်းဆိုလိုသည်။

## အနှစ်သာရပြည့်ဝသည့် တန်းတူညီမျှအကြံပြုချက်များ

- ရခိုင်ပြည်နယ်တွင် ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်များအားလုံးကို ပြည်သူလူထုပါဝင်ပြီးပွင့်လင်းမြင်သာမှုရှိသည့် နည်းလမ်းများဖြင့် ပြန်လည်သုံးသပ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို ချိုးဖောက်ခြင်း၊ ခွဲခြားဆက်ဆံမှု သဘောသက်ရောက်ခြင်းများရှိပါက ပယ်ဖျက်ခြင်း။
- မြန်မာရဲတပ်ဖွဲ့နှင့် အခြားဥပဒေစည်းကြပ်ရေးအဖွဲ့အစည်းများအား မျှတ၍ ဘက်လိုက်မှုကင်းပြီး ထိရောက်မှုရှိသည့် အဖွဲ့အစည်းများအဖြစ် ဖြစ်ထွန်းလာစေမည့် ရဲလုပ်ငန်းစဉ် အယူအဆများ ပြဋ္ဌာန်းကျင့်သုံးခြင်း။
- တရားမျှတမှုစနစ်မှ ချမှတ်ထားသည့် လျှော်ကန်သော လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အာမခံချက်များ ပိုမိုသေချာစွာ ရရှိခံစားစေရေးအတွက် ဥပဒေအထောက်အကူပြု လုပ်ငန်းများကို ပံ့ပိုးပေးခြင်း။
- ရခိုင်ပြည်နယ်တွင်(၁) ကလေးအားလုံးကိုမွေးစာရင်းမှတ်ပုံ တင်ခြင်း၊ (၂) လူအားလုံးအတွက် လိုအပ်သည့် တရားဝင်စာရွက်စာတမ်း ထုတ်ပေးခြင်းဖြင့် မှတ်ပုံတင်၊ နိုင်ငံသားအဆင့်အတန်း နှင့် ဆက်စပ်အခွင့်အရေးများကို ရရှိခံစားစေခြင်းဖြင့် ၂၀၁၄ နိုင်ငံသားမှတ်ပုံတင်ခြင်းနှင့် အရေးပါသည့် စာရင်းအင်း အချက်အလက်ဆိုင်ရာ ကြေငြာ ချက် (2014 Ministerial Declaration on civil registration and vital statistics) ၅၂ ပါ မွေးစာရင်း၊

၅၂ `လူတိုင်းပါဝင်ရေး´အာရှနှင့်ပစိဖိတ်ဒေသ ဆိုင်ရာကြေငြာချက်၊ ကုလသမဂ္ဂအာရှနှင့်ပစိဖိတ် ဒေသ ဆိုင်ရာ လူမှုရေးနှင့် စီးပွားရေးကော်မရှင်၏ နိုင်ငံသားမှတ်ပုံတင်ခြင်းနှင့် အရေးပါသည့် ကိန်း ဂဏန်းစာရင်းအချက်အလက် ဆိုင်ရာ ဝန်ကြီးအ ဆင့်ညီလာခံအစီရင်ခံစာ၊ ဒီဇင်ဘာ (၁၀) ၂၀၁၄ E/ESCAP/MCCRVS/4

သေစာရင်းနှင့် အခြားအရေးပါသည့် နိုင်ငံသား မှတ်ပုံတင်ခြင်းများအားလုံး တန်းတူရရှိစေရေး ဂတိကဝတ်ကို လေးစားအကောင်အထည်ဖော်ခြင်း။

- အားလုံးတန်းတူဖြစ်စေမည့် နိုင်ငံသားမှတ်ပုံတင်ခြင်း ခံစားရရှိရန် လွတ်လပ်၍ ထိရောက်သော အစီအစဉ်တစ်ရပ် ချမှတ်အကောင်အထည်ဖော်ခြင်း။
- နိုင်ငံသားဖြစ်ခြင်းနှင့် နိုင်ငံတွင်းနေထိုင်ခြင်းဆိုင်ရာ ဥပဒေမူဘောင်များကို မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ နိုင်ငံတကာလူ့အခွင့်အရေး သဘောတူစာချုပ်များပါ ဂတိဝတ်တာဝန်များနှင့် အညီ ရှင်းလင်းပြတ်သားစွာ ပြဋ္ဌာန်းခြင်း။
- မျှတ၍ လူ့အခွင့်အရေးပေါ်အခြေခံပြီး လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်နိုင်သည့် နိုင်ငံသားမှတ်ပုံတင်မှုကို အာမခံမည့် လွတ်လပ်သည့် နည်းစနစ်တစ်ရပ်ချမှတ်ခြင်း။
- တန်းတူညီမျှသည့် လူနေမှုစားဝတ်နေရေးဘဝနှင့် စီးပွားရေးအခွင့်အလမ်းများကို ရခိုင်ပြည်နယ်တွင်း ပံ့ပိုးမြှင့်တင်ခြင်း။
- အကြွေးတင်ခြင်းနှင့် အကြွေးကြောင့်ဆက်စပ်ပေါ်ပေါက်သည့် ပြဿနာများ၏ လူတန်းစားအသီးသီး အပေါ် သက်ရောက်မှု အကြောင်းအကျိုးများအား အတွင်းကျကျ နားလည်သဘောပေါက်နိုင်ရန် လေ့လာမှုများပြုလုပ်ခြင်း။
- အကြွေးနှင့်ဆက်စပ်ပြဿနာလေ့လာတွေ့ရှိချက်များကိုအခြေခံ၍ အကြွေးပြဿနာများကို တန်းတူညီမျှ ဖြေရှင်းနိုင်မည့် နည်းစနစ်များရေးဆွဲ အကောင်အထည်ဖော်ခြင်း။

## စီမံအုပ်ချုပ်မှုဆိုင်ရာတရားမျှတမှု နှင့် ပြည်သူလူထုအပေါ် တာဝန်ယူ တာဝန်ခံမှု

ဤလေ့လာမှုတွင် ပါဝင်ဖြေဆိုသူများသည် သမားရိုးကျ တရားမျှတမှုစနစ်နှင့် အဓိပ္ပါယ်ပြည့်ဝစွာ နီးနှောဆက်စပ် ပါဝင်မှုမရှိသည်ကို ထင်ရှားစွာတွေ့ရသည်။ ဖြေဆိုသူများသည် ၎င်းတို့၏ ဦးစားပေး အငြင်းပွားမှုပြဿနာများကို (အမှုပြဿနာ ၃ ပုံ ၂ ပုံတွင်) ဖြေရှင်းရန် ကြိုးစား ကြသည့်အခါ အများစုမှာ အမှုပြဿနာဖြစ်သည့် အခြားတစ်ဖက်နှင့် တိုက်ရိုက်စတင်ညှိနှိုင်းရန် ကြိုးပမ်းကြသည်။ တိုက်ရိုက်ညှိနှိုင်းမှုမှတဆင့်ပြေလည်သွားကြသူ အနည်းငယ်မှာလည်း မိမိကို ကျေနပ်စေသည့် နောက်ဆုံးရလဒ် အမြဲတမ်း မရရှိပါ။

ကနဦး ညှိနှိုင်းမှုများ မကြိုးပမ်းခဲ့သော သို့မဟုတ် မအောင်မြင်သောအခါ အချို့ဖြေဆိုသူများသည် တတိယ ပုဂ္ဂိုလ်၏ အကူအညီ ရယူကြသည်။ အငြင်းပွားမှုပြဿနာအမျိုးအစား အနည်းငယ်သာ ဤနည်းလမ်းများအသုံးပြုပြီး ဖြေရှင်းနိုင်ကြသည်။ ဦးစားပေးရေးရာ ပြဿနာ ၇၇% မှာ မဖြေရှင်းနိုင်သေးပါ။ ဤသည်မှာ ဖြေဆိုသူအများစုသည် အငြင်းပွားမှုပြဿနာ ထိရောက်စွာ ဖြေရှင်းသည့် နည်းလမ်းကြောင်းများနှင့်ပတ်သက်ပြီး တရားမျှတမှု လက်လှမ်းမီရရှိရေးအတွက် အကန့်အသတ် ကြီးမားစွာ ရှိနေသည်ကို ညွှန်ပြသည်။

အိမ်နီးချင်းအငြင်းပွားမှု စသည့်အချို့အခြေအနေများတွင် တိုက်ရိုက်ညှိနှိုင်းခြင်းမှာ ဖြေဆိုသူများ ကျင့်သုံးရန် ရွေးချယ်သည်ဖြစ်စေ၊ မရွေးချယ်သည်ဖြစ်စေ ပြဿနာ ကြိုးစားဖြေရှင်းသည့် နည်းလမ်းများထဲမှ နည်းလမ်းတစ်ခုအဖြစ် တည်ရှိသည်။ သို့သော် အချို့အနေအထားများတွင် တစ်ဖက်သူနှင့်တိုက်ရိုက်ညှိနှိုင်းခြင်းမှာ တရားမျှတမှုရှာဖွေရာတွင် လက်လှမ်းမီသည့် တစ်ခုတည်းသောနည်းလမ်း ဖြစ်နေသည်။

အစိုးရအရာရှိများ၏ အာဏာ အလွဲသုံးစားခြင်းမှာ ပျံ့နှံ့နေပုံရသည်။ ဖြေဆိုသူအတော်များများသည် ခွဲခြားဆက်ဆံမှု (ဥပဒေအရ နှင့် လက်တွေ့လုပ်ရပ်အရ) ၏ အကျိုးဆက်အနေဖြင့် သို့မဟုတ် အစိုးရအာဏာပိုင်များ၏ အာဏာ အလွဲသုံးစားမှုတို့နှင့် ပတ်သက်သည့် ပြဿနာ အငြင်းပွားမှုများတွင် ပါဝင်ပတ်သက်ရပြီး ယင်းအတွက် သမားရိုးကျ တရားမျှတမှုစနစ်အတွင်း ကူညီကုစားမှုမရရှိကြပါ။ အစိုးရအာဏာပိုင်များ၏ ခွဲခြားဆက်ဆံသည့်သဘောထား၊ အပြုအမူ လုပ်ရပ်များကြောင့်၊ ညှိနှိုင်းမှုများမှာ (အကယ်၍ ဝင်ရောက်ညှိနှိုင်းကြပါက) တိုင်ကြားသူ၏ စီးပွားရေးအနေအထား၊ ပညာရေးအဆင့်၊ လူမျိုး၊ ဘာသာ၊ ကျား/မ အ ပြင် အခြားအကြောင်းအရာများ မူတည်ပြီး ရလဒ်အပေါ် ထင်ဟပ်သည်။

ထိုအကြောင်းအရာများသည် တရားမျှတမှုလက်လှမ်းမီရရှိရေးကိုများစွာ အဟန့်အတား ဖြစ်စေသည်။ ထိုအချက်မှာ အစိုးရအာဏာပိုင်များ၏ အဂတိလုပ်ရပ်ကို ရင်ဆိုင်တွေ့ကြုံရသည်ဆိုသည့် တွေးဆဖြစ်ရပ်များကိုဖြေဆိုသူများ၏ တုံ့ပြန်ဖြေဆိုမှုများတွင် ထင်ရှားစွာတွေ့ရသည်။ အစိုးရအရာရှိများ၏ အာဏာအလွဲသုံးစားမှုများကို သတင်းပေးတိုင်ကြားမည်ဟု ဖြေဆိုသူအများစုက ဖော်ပြသည်မှာ အားတက်ဖွယ်ရာဖြစ်သည်။ သို့သော် အဂတိလိုက်စားမှုဖြစ်တည်နေခြင်းနှင့် ၎င်းတို့ကိုယ်တိုင်၏ အကြောက်တရားတို့သည် အစိုးရအရာရှိများ၏ တာဝန်ယူတာဝန်ခံမှုကို အာမခံစေမည့် ကြိုးပမ်းအားထုတ်မှုများအတွက် အဟန့်အတားဖြစ်သည်ဟု အတော်များများက ထုတ်ဖော်ပြောကြားသည်။ အစိုးရအရာရှိများကို တာဝန်ယူ တာဝန်ခံစေမည့် တရားရုံး၊ ခုံသမာဓိအဖွဲ့အစည်းများ၊ လွတ်လပ်သည့် ခုံရုံးများနှင့် အခြားပုံစံများပါဝင်သည့် စီမံအုပ်ချုပ်မှုဆိုင်ရာ တရားမျှတမှု

ကို အာမခံပေးခြင်းသည် ထင်ရှားသည့် ဦးစားပေးတစ်ရပ် ဖြစ်သည်။

## အုပ်ချုပ်မှုဆိုင်ရာတရားမျှတမှုနှင့် အစိုးရတာဝန်ယူတာဝန်ခံမှုဆိုင်ရာ အကြံပြုချက်များ

- လက်ရှိ ဒေသန္တရအုပ်ချုပ်ရေးမှူးများအနေဖြင့်၄င်းတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရန် အတွက် အနစ်သာရပြည့်ဝသည့်တန်းတူညီမျှ မှု၊ ကျား/မ အကဲဆတ်မှု၊ တရားဥပဒေစိုးမိုးရေး အခြေခံမှုများ၊ မျှတသည့် တရားစီရင်ရေးနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်၊ တာဝန်ယူတာဝန်ခံမှု၊ စေ့စပ်ဖြန်ဖြေမှုအခြေခံမှုများ၊ အုပ်ချုပ်မှုဆိုင်ရာ တရားမျှတမှု နိုင်ငံတကာစံချိန်စံနှုန်းများ စသည့် လိုအပ်သည့်သင်တန်းများ ပံ့ပိုးပေးခြင်း။
- တရားရုံးများက ဆုံးဖြတ်ချက်များအားအကျိုးအကြောင်းများနှင့်တကွအများပြည်သူသိရှိရေးအတွက် ထုတ်ပြန်နိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအား အားပေးပံ့ပိုးခြင်း။
- တရားဝင်တရားရုံးစရိတ်များ၊ တရားခွင်များ၏အချိန်ဇယားများကို လက်လှမ်းမီလွယ်သည့်ပုံစံဖြင့် တရားရုံးများအားလုံး ထုတ်ပြန်နိုင်ရေးအတွက်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားနိုင်ရန် အားပေးပံ့ပိုးခြင်း။
- ရခိုင်ပြည်နယ်ရှိ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် အခြားအစိုးရအဖွဲ့အစည်းများအားလုံး၏ တာဝန်ယူတာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုကို မြှင့်တင်ရာတွင် ဖော်ပြပါသတင်းအချက်အလက်များကို အများပြည်သူလက်လှမ်းမီ သိရှိနိုင်ရန် ဆောင်ရွက်ခြင်း။
    - စီမံအုပ်ချုပ်မှုဆိုင်ရာ ဆုံးဖြတ်ချက်များ မည်ကဲ့သို့ချမှတ်သည်နှင့် ထိုဆုံးဖြတ်ချက်များအတွက် မည် သည့် အစိုးရ အဖွဲ့အစည်းတွင်တာဝန်ရှိမည်။
    - လက်ရှိဌာနတွင် ထိန်းကျောင်းစီစစ်သည့်စနစ်ဖွဲ့စည်းတည်ဆောက်ပုံ၊ အာဏာအလွဲသုံးစားခြင်းကို ပြည်သူများ တရားဝင်တိုင်ကြားနိုင်သည့်နည်းလမ်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်၊ တိုင်ကြားမှုများအပေါ် ဆက်လက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ။
    - အစိုးရအရာရှိများ၏ စီမံအုပ်ချုပ်မှုဆိုင်ရာဆုံးဖြတ်ချက်များအပေါ် အယူခံဝင်နိုင်သည့်နည်းလမ်းများ၊ အယူခံတင်ပြီးပါက သတင်းအချက်အလက်ရရှိနိုင်မည့် နည်းလမ်းများ။
- မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးရုံးများတွင် ရရှိနိုင်သည့်အစိုးရဝန်ဆောင်မှုများအတွက် ကြာမြင့်ချိန်နှင့် တရားဝင်စရိတ်စက စာရင်းဇယား။
- အစိုးရအရာရှိတစ်ဦးဦးအပေါ် အရေးယူဆောင်ရွက်ချက်များနှင့် အရေးယူဆောင်ရွက်ရသည့် အကြောင်းတရား။
- ဥပဒေနှင့် မူဝါဒမူဘောင်၊ စိစစ်ကြီးကြပ်ကွပ်ကဲမှုနှင့်တာဝန်ယူ တာဝန်ခံစနစ်၊တပ်ဖွဲ့ဝင် စုဆောင်းမှုနှင့် သင်တန်း၊ အခြေခံအဆောက်အဦးနှင့် အထောက်အပံ့အစီအမံများ စသည့် ဆက်စပ်ကဏ္ဍများ လွှမ်းခြုံပါဝင်သည့် ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲမှု အစီအစဉ်တစ်ရပ် ချမှတ်အကောင်အထည်ဖော်ခြင်း။
- နယ်ခြားစောင့်ရဲတပ်ဖွဲ့၏ အမိန့်ပေးစနစ်၊ စီစစ်ကြီးကြပ်ကွပ်ကဲမှု ဖွဲ့စည်းတည်ဆောက်ပုံ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့၏ အခန်းကဏ္ဍ၊ တာဝန်များ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့၏ စံလုပ်ထုံးလုပ်နည်းများ၊ ရဲကင်းများ၏ တည်နေရာများ၊ တပ်ဖွဲ့ဝင်စုဆောင်းမှုနှင့်သင်တန်းလေ့ကျင့်ရေးမူဝါဒများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အများပြည်သူ လက်လှမ်းမီ သိရှိစေရန် ထုတ်ပြန်ခြင်းအားဖြင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ လုပ်ငန်းစုံ၏ တာဝန်ယူတာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုကို မြှင့်တင်ခြင်း။
- နယ်ခြားစောင့်ရဲအရာရှိများအပေါ် အရေးယူဆောင်ရွက်ချက်များနှင့် အရေးယူရသည့် အကြောင်း တရားများကို ထုတ်ပြန်ခြင်း။

## ပြည်သူလူထု ယုံကြည်ကိုးစားမှု

(နီးစပ်သည့် မိသားစုနှင့်မိတ်ဆွေ အဝန်းအဝိုင်းကို ကျော်လွန်၍) အခြားပုဂ္ဂိုလ်များ အငြင်းပွားမှုဖြေရှင်းရာတွင် ပါဝင်ပတ်သက်ရပါက ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စုနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ စသည့် ဒေသန္တရအုပ်ချုပ်ရေးမှူးများသည် အဓိကအရေးပါသူများအဖြစ် ထွက်ပေါ်လာသည်။ ဤသည်မှာ ပြဿနာအငြင်းပွားမှုနှင့် တိုက်ရိုက်ပတ်သက်သူများအနေဖြင့်နှစ်ဦးနှစ်ဖက်လက်ခံနိုင်သည့် ရလာဒ်အဖြေ မရသည့်အခါ သို့မဟုတ် ခရီးသွားလာခွင့် ထောက်ခံစာ ထုတ်ပေးရသည့်ကိစ္စ သကဲ့သို့ ဒေသခံ အုပ်ချုပ်ရေးမှူးများ၏ လုပ်ပိုင်ခွင့်တာဝန်နှင့် ဆက်စပ်သည့် ကိစ္စများတွင်တွေ့ရလေ့ရှိသည်။ ရခိုင်ပြည်နယ်တွင် ပြဿနာ

အငြင်းပွားမှု ဖြေရှင်းရာတွင် အခန်းကဏ္ဍ တစ်စုံတစ်ရာရှိသည်ဟု သတ်မှတ်ဖော်ထုတ်ခံရသည့် အခြားရပ်ရွာ ခေါင်းဆောင်များမှာ သက်ကြီးဝါကြီး လေးစားထိုက်သူများ၊ ဘာသာရေးခေါင်းဆောင်များနှင့် လူငယ်ခေါင်းဆောင်များ ဖြစ်သည်။ ယေဘုယျအားဖြင့် ဖြေကြားသူများသည်။ သမားရိုးကျ တရားမျှတမှုကဏ္ဍတွင်းရှိသူများထက်စာလျှင် ၎င်းတို့ ရပ်ရွာခေါင်းဆောင်များအပေါ်ယုံကြည်မှုများစွာ မြင့်မားသည်ကို ဖော်ပြသည်။ ဖြေဆိုသူများက တရားသူ ကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲအရာရှိများသည် စွမ်းဆောင်ရည် ပြည့်ဝသည်ဟု ရှုမြင်သော်လည်း ရပ်ရွာတွင် တန်ဖိုးထားသည့် မျှတမှုနှင့် လေးစားမှုရှိသည်ဟု မယုံကြည်ကြပါ။ တရားမျှတမှုကဏ္ဍမှ တာဝန်ရှိသူများအပေါ် ဤယုံကြည်မှုနည်းပါးမှုသည် လူမှုယုံကြည်မှုရေချိန် အထိုက်အလျောက် နိမ့်ပါးမှုနှင့် ထင်ဟပ်သည်။

တရားစီရင်ရေးစနစ်ကို ပြည်သူများ ပိုမိုလေးစားယုံကြည်မှု ရှိလာစေရေးကို ဦးစားပေးတစ်ရပ်အဖြစ် ထားရှိပါက ထိုကဏ္ဍ တာဝန်ရှိသူများအနေဖြင့် လူမှုအဝန်းအဝိုင်းအတွင်းယုံကြည်လက်ခံသည့်စံတန်ဖိုများဖြစ်သည့်မျှတခြင်း၊ လေးစားမှု၊ ဥပဒေရှေ့မှောက် တန်းတူညီမျှမှု၊ အထူးသဖြင့် တရားစီရင်မှုဖြစ်စဉ်တလျှောက်ပွင့်လင်းမြင်သာမှုလွတ်လပ်အမှီခိုကင်းမှုနှင့် မျှတမှုတို့ကို အားပေးမြှင့်တင်သည့် မူဝါဒများ ဦးတည်ချမှတ်ရန် အရေးကြီးသည်။

## အများပြည်သူယုံကြည်မှု အကြံပြုချက်များ

- တရားစီရင်ရေးကဏ္ဍ၏ လွတ်လပ်စွာလုပ်ပိုင်ခွင့်နှင့် တာ ဝန်ယူ တာဝန်ခံမှုတို့ကို နိုင်ငံတကာစံနှုန်းများနှင့် အညီ ဖြစ်စေရမည်။ ၎င်းတို့တွင် ငွေကြေး အမှီအခိုကင်း၍ လုံလောက်သည့် အရင်းအမြစ်ရှိခြင်း၊ တရားသူကြီး ခန့်အပ်ရာတွင် သမာသမတ်ဓမ္မဓိဋ္ဌာန်ကျမှုနှင့် ပွင့်လင်း မြင်သာခြင်း၊ တရားရေးဆိုင်ရာ တာဝန်ယူ တာဝန်ခံမှုနှင့် ရေရှည်အလုပ် ရာထူးနေရာ အာမခံရှိခြင်းတို့ပါဝင်သည်။
- ကျင့်ဝတ်နှင့် သာတူညီမျှ သဘောထားအပြုအမူများကိုအလေးပေးပြီးတရားမျှတမှုကဏ္ဍတလျှောက် စဉ်ဆက်မပြတ် လုပ်ငန်းကျွမ်းကျင်မှုနှင့်သင်တန်းများ တိုးတက် မြင့်မားခြင်း။

## နိုင်ငံသားဆိုင်ရာ အသိပညာနှင့် လူမှုပေါင်းစည်းမှု

၎င်းတို့ထိတွေ့ကိုင်တွယ်ရသည့် ရာဇဝတ်မှုများမှာ အဓိကအားဖြင့် စီးပွားရေးကြပ်တည်းမှု အခြေအနေများမှ အရက်သေစာသောက်စားခြင်းနှင့် ဒေါသလွှံ့ဆော်မှုများသို့ ဦးတည်သွားပြီး ပြစ်မှုထမြောက်သွားသည်ဟု တရားရေးကဏ္ဍ အရာရှိများက ရှင်းပြသော်ငြားလည်း ပြည်သူလူထု အကြား ဥပဒေပညာပေးခြင်းကို ဦးစားပေးတစ်ရပ်အဖြစ် အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များက ရှင်းလင်းစွာ ခံယူသည်။ သို့သော် ထိုအဆင့်ထက်ကျော်၍ မြန်မာနိုင်ငံတော်နှင့် မြန်မာ့လူ့အဖွဲ့အစည်းနှင့် ပတ်သက်သည့် နိုင်ငံသားအခွင့်အလမ်းနှင့် တာဝန်ဆိုင်ရာ အထွေထွေ အသိဗဟုသုတကို မြှင့်တင်အားပေးခြင်းနှင့် မြန်မာအမျိုးသား စရိုက်လက္ခဏာကိုတည်ဆောက်ခြင်းအားဖြင့်အသိပြည့်ဝ၊သည်းခံနားလည်မှုတရားရှိပြီး တာဝန်ယူသည့် နိုင်ငံသားစိတ်ဓါတ်ပေါ် အခြေခံသည့် လူမှုပေါင်းစည်းမှု ဖွံ့ဖြိုးနိုင်မည်ဖြစ်သည်။

## နိုင်ငံသားဆိုင်ရာ အသိပညာနှင့်လူမှုပေါင်းစည်းမှု အကြံပြုချက်များ

- နိုင်ငံ၏ ယဉ်ကျေးမှု၊ လူမျိုးနှင့်ဘာသာရေး မတူကွဲပြားကြွယ်ဝမှုကို ပေါ်ဖက်သည့် မျှတမှု၊ လေးစားမှုနှင့် သည်းခံ နားလည်မှုတို့ကို မြှင့်တင်သည့် အမျိုးသား စရိုက်လက္ခဏာတစ်ရပ် တည်ဆောက်နိုင်စေမည့် မြန်မာနိုင်ငံတော်နှင့် မြန်မာ့လူ့အဖွဲ့အစည်းဆိုင်ရာ နိုင်ငံသားပညာရေးတစ်ရပ်နှင့် လူထုလှုံ့ဆော်မှု ချမှတ်ထူထောင်ခြင်း။
- သင့်လျော်သည့် အသက်အရွယ်တစ်ခု၌ စာသင်ကျောင်းများတွင် ကလေးများအားလုံးအတွက် နိုင်ငံသား ပညာရေးကို အမျိုးသားပညာရေးသင်ရိုးညွှန်းတမ်းအဖြစ် ပြဋ္ဌာန်းသင်ကြားခြင်း။
- ဖွဲ့စည်းပုံ အခြေခံဥပဒေပြဋ္ဌာန်းချက်ပါ အခမဲ့၊ မသင်မနေရ မူလတန်းပညာရေး အာမခံချက်ကို ရခိုင်ပြည်နယ်ရှိ ကလေးများအားလုံးအတွက် ဖြည့်ဆည်းပေးခြင်း။

# နောက်ဆက်တွဲ (က)

# သုတေသနလေ့လာမှု နည်းနိဿယ

မြန်မာနိုင်ငံရှိ တရားမျှတမှုအကြောင်းအရာများနှင့် ပတ်သက်၍ လက်ရှိသိမြင်မှု အနေအထား ကန့်သတ်ချက်များ၊ သုတေသနလေ့လာရာ နေရာဒေသများ၏ နက်နဲရှုပ်ထွေးမှုနှင့် ထိခိုက်လွယ်မှု အခြေအနေများအပြင် ယုံကြည်စိတ်ချနိုင်သည့် နမူနာကောက်ယူသည့် မှုဘောင်နည်းပါးမှုများကြောင့် ဤလေ့လာမှုကို အရည်အသွေးနည်း (Qualitative Methodology) ဖြင့် ချဉ်းကပ်ခဲ့သည်။

## သုတေသနမေးခွန်းများနှင့် အသုံးပြုသည့် အထောက်အကူနည်းလမ်းများ

ဤလေ့လာမှုတွင် အဓိကမေးခွန်း ၃ ရပ်၏ အဖြေရယူရှာဖွေထားသည်။ ၎င်းတို့မှာ -

၁။ တရားမျှတမှုကို ပြည်သူများ မည်ကဲ့သို့ ရယူရှာဖွေကြသနည်း။

၂။ သမားရိုးကျ တရားမျှတမှုစနစ်အပေါ် ပြည်သူများ၏ သဘောထားအမြင်၊ ယုံကြည်မှုနှင့် သက်ဝင်ကိုးစားမှုများမှာ အဘယ်နည်း။

၃။ ရပ်ရွာဒေသအတွင်း မည်သည့် သမားရိုးကျမဟုတ်သော တရားမျှတမှုစနစ်များ တည်ရှိနေသနည်း နှင့် ထိုစနစ် များ၏ ဆောင်ရွက်လည်ပတ်ပုံမှာ အဘယ် နည်းတို့ဖြစ်သည်။

လေ့လာမှုတွင် ပေါင်းစပ်နည်းလမ်းများကို အသုံးပြုသည်။ အိမ်ထောင်စု အဆင့်တွင် ပြင်ဆင်ပြုစုထားသည့် မေးခွန်းပုံစံ (structured interview questionnatice) ကို အသုံးပြု မေးမြန်းပြီး၊ ယင်းကို ကျေးရွာ နှင့် ရပ်ကွက် အဆင့် အုပ်စုလိုက် ဆွေးနွေးမှုများ (Focus Group Dscussions)၊ တစ်ဦးချင်းအဆင့် Key Informant Interview အချက်အလက် သတင်း အဓိက ပံ့ပိုးပေးနိုင်သူများ နှင့် တွေ့ဆုံမေးမြန်းမှုများဖြင့် ပံ့ပိုးထားသည်။

ရပ်ကွက်နှင့် ကျေးရွာအဆင့်တွင် အထက်ဖော်ပြပါ သုတေသန နည်းလမ်းများ အသုံးပြုပြီး ကွင်းဆင်းလေ့လာမှုများ ပြုလုပ်နေချိန်နှင့် တပြိုင်နက်တည်းမှာပင် မေးခွန်းပုံစံ တစိတ်တပိုင်း ပြင်ဆင်ထားသည့် တွေ့ဆုံမေးမြန်းမှုများ (Semi-structured interviews SSIs) ကို မြို့နယ်နှင့် ခရိုင်အဆင့် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများ၊ အထွေထွေ အုပ်ချုပ်ရေးမှူးများနှင့် သီးခြားပြုလုပ်ခဲ့ပါသည်။ ထိုဆွေးနွေးမှုများတွင် ဒေသတွင်း အဓိက ဦးစားပေး တရားမျှတရေးဆိုင်ရာ ပြဿနာရေးရာများနှင့် ပတ်သက်၍ သမားရိုးကျ တရားမျှတရေးကဏ္ဍ တာဝန်ရှိသူများ၏ ရှုထောင့်အမြင်များ၊ ထိုပြဿနာများ ဖြေရှင်းရာတွင် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများနှင့် မိမိတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ကြုံတွေ့ရသည့် ဌာနဆိုင်ရာ လိုအပ်ချက်နှင့် စိန်ခေါ်မှုများကို ဆွေးနွေးခဲ့သည်။ သုတေသနလေ့လာမှုတွင် အသုံးပြုသည့် မေးခွန်းပုံစံ နည်းနိဿယများကို အင်္ဂလိပ်ဘာသာနှင့်ပြုစုပြီး မြန်မာဘာသာ ပြန်ဆိုခဲ့သည်။ အိမ်ထောင်စုအဆင့် စနစ်တကျ ပြင်ဆင်ထားသည့် မေးခွန်းပုံစံ (SIQQ) ကို အကြံပေးအဖွဲ့ထံတင်ပြ၍ သဘောထားမှတ်ချက်များ ရယူခဲ့ပြီး လိုက်လျောညီထွေ ကိုက်ညီ အသုံးပြုလွယ်ကူအောင် ပြင်ဆင်ခဲ့သည်။ ယင်းမေးခွန်းပုံစံကိုမြန်မာဘာသာသို့ပြန်ဆိုရာတွင်မြန်မာလုပ်ဖော်ကိုင်ဖက်များနှင့် ကြိမ်ဖန်များစွာဆွေးနွေးပြီး ဘာသာစကား အသုံးအနှုန်း၊သဘောတရားနှင့်အယူအဆများပြတ်သားရှင်းလင်းစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ စမ်းသပ်လေ့လာမှု တကြိမ်အပြီးနောက် ထိုမေးခွန်းပုံစံနည်းလမ်းများကို ပြန်လည်သုံးသပ်ခဲ့သည်။

## သုတေသနလေ့လာမှု နမူနာကောက်ကွက်

သုတေသနလေ့လာမှုကိုရခိုင်ပြည်နယ်တလျောက် ခရိုင်တခုလျှင် မြို့နယ်တခုစီဖြင့် မြို့နယ် (၅) မြို့နယ် ရွေးချယ်သတ်မှတ်ပြီး ရသေ့တောင်၊ မောင်တော၊ မြောက်ဦး၊ ကျောက်ဖြူနှင့် သံတွဲတို့တွင် လုပ်ဆောင်ခဲ့သည်။ ရသေ့တောင်မြို့နယ်တခုတည်းသာ စစ်တွေ ခရိုင်တွင် ပါဝင်ပြီး၊ ကျန်မြို့နယ်များသည် ခရိုင်ရုံးစိုက်ရာ မြို့များလည်း ဖြစ်ကြသည်။

မြို့နယ်တခုချင်းစီတွင် ရခိုင်နှင့် ရခိုင်မဟုတ်သည့် ရပ်ကွက်နှင့်ကျေးရွာ (၂) ခု စုစုပေါင်း (၁၀) နေရာတို့ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတာဝန်ရှိသူများနှင့်အနီးကပ် ညှိနှိုင်းဆွေးနွေး ရွေးချယ်ခဲ့သည်။ ကွင်းဆင်းလေ့လာခဲ့သည့် နေရာ (၁၀) ခုအနက် (၆) နေရာမှာ ကျေးရွာများဖြစ်ပြီး၊ ကျန် (၄) နေရာမှာ မြို့ပေါ်ရပ်ကွက်များဖြစ်သည်။ သုတေသနလေ့လာမှုတွင် ပြည်နယ်တွင်းရွှေ့ပြောင်းရသူများ (internally displaced populations- IDP) မပါဝင်ပါ။

စနစ်တကျ ပြင်ဆင်ထားသည့် မေးခွန်းပုံစံတွင် ကျား/မ အချိုးအစား ဆတူ (၅၀း ၅၀) ကိုတာ (quota) ချမှတ်ထားသည်။

ဇယား ၁   မြို့နယ်အလိုက် နမူနာ ကောက်ကွက်ပြဇယား

| မြို့နယ် | အိမ်ထောင်စု အလိုက် တွေ့ဆုံမေးမြန်းမှုများ | | အုပ်စုလိုက် ဆွေးနွေးမှုများ | | အသေးစိတ် အင်တာဗျူးများ | | ကြိုတင်ပြင်ဆင်ထားသည့် မေးခွန်းများ တစိတ်တပိုင်းပါဝင်သည့် အစိုးရတာဝန် ရှိသူများနှင့် တွေ့ဆုံမေးမြန်းမှုများ* |
|---|---|---|---|---|---|---|---|
| | မ | ကျား | မ | ကျား | မ | ကျား | |
| ရသေ့တောင် | ၂၁ | ၃၆ | ၁၄ | ၁၂ | -- | ၇ | ၄ |
| မောင်တော | ၂၈ | ၃၁ | ၁၂ | ၂၅ | -- | ၉ | ၆ |
| မြောက်ဦး | ၃၄ | ၄၁ | ၁၂ | ၁၉ | ၂ | ၈ | ၅ |
| ကျောက်ဖြူ | ၄၀ | ၃၀ | ၂၇ | ၁၆ | ၃ | ၁၀ | ၆ |
| သံတွဲ | ၄၃ | ၂၈ | ၁၇ | ၁၂ | ၃ | ၇ | ၅ |
| စုစုပေါင်း | ၁၆၆ | ၁၆၆ | ၈၂ | ၈၄ | ၈ | ၄၁ | ၂၆ |

*မြို့နယ်နှင့် ခရိုင်အဆင့် နှစ်ခုစလုံး မှ အရာရှိများပါဝင်သည်။

## အချက်အလက် ကောက်ယူခြင်း

ကွင်းဆင်းလေ့လာမှုကို အောက်တိုဘာ (၁၈) မှ နိုဝင်ဘာ (၂၀) အထိ လုပ်ဆောင်ခဲ့ပြီး ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲများကာလ နိုဝင်ဘာလဆန်းတွင် (၁၀) ရက် ခန့် ရပ်နားခဲ့သည်။

နိုင်ငံတကာအကြံပေးပုဂ္ဂိုလ် (၂) ဦးသည်ကွင်းဆင်း လုပ်ငန်းများကိုဦးဆောင်ပြီး၊ အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ တရားဥပဒေစိုးမိုးရေး၊ တရားမျှတမှုရရှိရေး၊ ဥပဒေစနစ်လေ့လာမှုအများအပြားတွင် ယခင်အတွေ့အကြုံများရှိသည့် ပညာအလင်းပွင့် မြန်မာ့သု တေသနအဖွဲ့ (Enlightened Myanmar Research Foundation) သည် UNDP နှင့် စာချုပ်ချုပ်ဆိုပြီး ရပ်ကွက်နှင့် ကျေးရွာအဆင့် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့သည်။ ပညာအလင်းပွင့် မြန်မာသုတေသနအဖွဲ့ (EMReF) သည်[၅၃] မြို့ နယ်တခုစီတွင် (၂) ရက်ခွဲကြာသွားရောက်ပြီး ဒေသခံများနှင့် တွေ့ ဆုံမေးမြန်းမှု၊ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။

စစ်တွေတက္ကသိုလ် ကျောင်းသူကျောင်းသား (၅) ဦး ကို ရခိုင်ဘာသာပြန်အဖြစ် ငှားရမ်းလေ့ကျင့်ပေးပြီး ကွင်း ဆင်းလေ့လာမှုခရီးစဉ်တလျှောက် ပညာအလင်းပွင့်မြန်မာ (EMReF)နှင့် အတူ လုပ်ငန်းများ တွဲဖက်လုပ် ကိုင်စေခဲ့သည်။ ခရီးသွားလာမှုကန့်သတ်ချက်များကြောင့် မောင်တောကွင်း ဆင်းလေ့လာမှုမှ လွဲ၍ ရသေ့တောင်၊ မြောက်ဦးခရီးစဉ်များ တွင် ရိုဟင်ဂျာ/မွတ်စလင်/အစ္စလာမ်[၅၄] ဘာသာပြန်များကို ကြိုတင်ငှားရမ်းလေ့ကျင့်ပေးရန် မဖြစ်နိုင်ခဲ့ပါ။

## ကျင့်ဝတ်ပိုင်းဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ

မိမိကိုယ်ပိုင်သဘောထားဖြင့် ပါဝင်ဆွေးနွေးဖြေဆို ခြင်း၊ ကြိုတင်အသိပေးရယူသည့် သဘောတူညီချက်၊ လျို့ ဝှက်မှု၊ ဘေးအန္တရာယ်ကင်းရှင်း လုံခြုံစိတ်ချမှု၊ ကြားနေသ ဘောထားနှင့် ဓမ္မဓိဋ္ဌာန်ကျမှုအပြင် ပဋိပက္ခအနေအထား သုံး သပ်သိမြင်မှုနှင့် ဘေးဥပါဒ်မဖြစ်စေမှု စသည့်သုတေသန ကျင့်ဝတ်များကို ကွင်းဆင်းလေ့လာမှုတလျှောက် လိုက်နာ ကျင့်သုံးခဲ့သည်။ [၅၅]

၅၃  ပညာအလင်းပွင့် မြန်မာသုတေသနအဖွဲ့ (EMReF) တွင် အမျိုးသမီး (၉) ဦး နှင့် အမျိုးသား (၄) ဦး ပါဝင်ပြီး အဓိက အယူအဆ အကြောင်းအရာများ ၊ ရခိုင်ပြည်နယ်အနေအထား အခင်း အကျင်းများနှင့်ဆိုင်သည့် သင်တန်း (၁၀) ရက် ရယူခဲ့ကြသည်။
၅၄ သုတေသနလေ့လာမှုတွင် ပါဝင်ဖြေဆိုသူများအား ၎င်းတို့၏ လူမျိုးကို သတ်မှတ်ဖော်ပြပေး ရန် အခွင့်အရေးပေးထားသည်။ (ဥပမာ - ဖိအားပေးတိုက်တွန်း လှုံ့ဆော်မှု တစုံတရာမပါသည့် အဖွင့်မေးခွန်း)။ ထိုအမျိုးအစား ခွဲခြားသတ်မှတ်ခြင်းသည် မိမိကိုယ်ကို ရိုဟင်ဂျာ/မွတ်စလင်/ အစ္စလာမ်/ဘင်္ဂါလီ ဟု သတ်မှတ်သောသူများ၊ အလားတူ ရသေ့တောင်၊ မောင်တော နှင့် မြောက်ဦးမြို့နယ်များတွင် လူမျိုးနှင့် ပတ်သက်၍ မေးမြန်းခြင်းမရှိခဲ့သည့် သူများအပေါ် အခြေခံ သည်။ လူမျိုးမေးမြန်းခံရခြင်း မရှိသူများအတွက် အဓိက ပြောဆိုသည့် ဘာသာစကား အဖြေများမှ ဆက်စပ်ရယူသည်။
၅၅ ပညာအအလင်းပွင့်မြန်မာ သုတေသနအဖွဲ့ (EMReF) သည် ရခိုင်ပြည်နယ် ကွင်းဆင်းလေ့လာမှုတလျှောက် အိမ်ထောင်စုအလိုက် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်နေစဉ် ဖြေဆိုသူများက ပြီးဆုံးသည်ထိ မဖြေဆိုတော့ဘဲ ရုပ်သိမ်းသွားသည့် ဖြစ်စဉ် သာဓက (၁၂) ကြိမ် ကြုံတွေ့ခဲ့ရသည်။ ထိုဖြေဆိုသူများ၏ ဆန္ဒကို လေးစားခဲ့ပြီး အင်တာဗျူးများကို ရပ်ဆိုင်းခဲ့သည်။

ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲ အလွန် နိုင်ငံတဝှမ်းနှင့် ကွင်းဆင်းလေ့လာမှု ဒေသများအတွင်း အပြောင်းအလဲလွယ်နိုင်သည့်သဘောကို အလေးအနက် သဘောထား၍ သုတေသနအဖွဲ့သည် ပဋိပက္ခသုံးသပ်သိမြင်မှုနှင့် ဘေးဥပါဒ်မဖြစ်စေရေးတို့ကို အထူးအလေးထား လုပ်ဆောင်ခဲ့သည်။ ခက်ခဲသည့် အခင်းအကျင်းအနေအထားများကို ချဉ်းကပ်ရာတွင် ဆွေးနွေးပြောဆိုမှုများ ဘေးကင်းလုံခြုံမှုရှိစေရေး နည်းလမ်းအမျိုးမျိုးကိုလည်း အသုံးပြုခဲ့သည်။ သုတေသနလေ့လာမှုကို ပဋိပက္ခသုံးသပ်သိမြင်မှုဖြင့် ပြုလုပ်နိုင်စေရေး၊ ဒေသတွင်းတင်းမာမှုမကြီးထွားလာစေရေး သို့မဟုတ် သုတေသနပြုလုပ်သူနှင့် ဖြေဆိုသူများ ဘေးဥပါဒ်မဖြစ်စေရေးတို့အတွက် လေ့လာချဉ်းကပ်သည့် နည်းလမ်းများကို ဒေသအခြေအနေနှင့်အညီ လိုအပ်ပါက ပြင်ဆင် မွမ်းမံမှုများ ပြုလုပ်ခဲ့သည်။

# သုတေသနလေ့လာမှု ဆောင်ရွက်ရာတွင် စိန်ခေါ်မှုနှင့် အကန့်အသတ်များ

## သုတေသနပြင်ဆင်မှုကာလ

သုတေသနဒီဇိုင်း ရေးဆွဲခြင်း၊ သုတေသနနည်းလမ်းများ ပြင်ဆင်ပြုစုခြင်းနှင့် ဘာသာပြန်ခြင်း၊ သုတေသန အဖွဲ့အားသင်တန်းပေးခြင်း စသည့် ကြိုတင်ပြင်ဆင်ချိန်ကို နိုဝင်ဘာ (၈) ရက် အထွေထွေရွေးကောက်ပွဲများမတိုင်မီ ရခိုင်ပြည်နယ်တွင်း ကွင်းဆင်းလေ့လာမှု အစိတ်အပိုင်းအတော်များများ ပြီးပြတ်နိုင်ရေးကို ရှေးရှု၍ အချိန် (၂) လတာ ယူခဲ့ရသည်။ ရခိုင်ပြည်နယ်တွင်းသုတေသနရည်မှန်းချက်များ ပြည့်မှီခဲ့သော်လည်း၊ အကယ်၍ ပြင်ဆင်ချိန် ပိုရခဲ့ပါက စမ်းသပ်လေ့လာမှုအစမ်းကောက်ယူအပြီး အသုံးပြုသည့် နည်းနိဿရ၊ ပုံစံများကို ပြန်လည်သုံးသပ်သည့် အချိန် ပိုမိုရရှိသလို လုပ်ငန်းအတွက် အကျိုးကျေးဇူး ပိုမို ရရှိနိုင်သည်။

## သုတေသနလေ့လာမှုပုံစံ၊ အချက်အလက်စုဆောင်းကောက်ယူခြင်းနှင့် အကြောင်းအရာ

စနစ်တကျ ကြိုတင်ပြင်ဆင်ထားသည့် မေးခွန်းသည် ဖြေဆိုသူများနှင့် အသားမကျပါ။ အထူးသဖြင့် တရားမျှတမှုရရှိရေးကဲ့သို့သော အကြောင်းအရာခေါင်းစဉ်များတွင် ပုံစံခွက်သေ သဘောကြောင့် ပြောဆိုဆွေးနွေးမှု အဆင်ပြေချောမွေ့စေရန်၊ ဖြေဆိုသူများနှင့် ရင်းနှီးမှု၊ ယုံကြည်မှုတည်ဆောက်ရန် အဟန့်အတား စိန်ခေါ်မှုတရပ်ဖြစ်စေသည်။

ဖြေဆိုမှု/အဖြေများ၏ ယုံကြည်စိတ်ချရမှုနှင့် တည်ကြည်မှုရရှိစေရေးကို ကြိုးပမ်းအားစိုက်ထားသော်ငြားလည်း၊ အကြောင်းအရာခေါင်းစဉ်၏ ထိရှလွယ်သော သဘောသဘာဝနှင့် နေရာ/ဒေသ တခုတွင် ၂ ရက်ခွဲတာဟူသော အချက်အလက်စုဆောင်း ကောက်ယူချိန် တိုတောင်းမှုတို့ကြောင့် မှတ်တမ်းမတင်ဖြစ်သည့် ပြဿနာ ပဋိပက္ခ အငြင်းပွားမှုများနှင့် တရားမျှတမှုရရှိရေး ပြဿနာ အခက်အခဲများ ရှိနိုင်ချေကို ပစ်ပယ်၍ မရပါ။ (တိုတောင်းသည့်ကာလသည် ဒေသခံများနှင့် ယုံကြည်မှုတည်ဆောက်ရန် စိန်ခေါ်မှုတရပ် ဖြစ်သည်။) ထို့အတွက် တွေ့ရှိချက်များသည် ဦးတည်ချက်လားရာ အမျိုးမျိုးသို့ ရောက်ရှိနိုင်ဖွယ် ရှိသည်။

## ပညာအဆင့်အတန်း

ရခိုင်ပြည်နယ်တွင်းရှိ ပညာရေး အဆင့်အတန်းမှာ မျှော်မှန်းထားသည်ထက် နိမ့်ကျပြီး၊ ထိုသည်မှာ အချို့ချို့ မေးခွန်းများအပေါ် ဖြေဆိုသူများ၏ ဖြေကြားနိုင်စွမ်းမှုကို အကျိုးသက်ရောက်မှု ဖြစ်စေနိုင်သည်။

## ဘာသာစကားနှင့် ယဉ်ကျေးမှု အတားအဆီး/အဟန့် အတားများ

မွတ်စလင်ရွာများတွင် အိမ်ထောင်စုဆင့် ပုံစံကျမေးခွန်း အင်တာဗျူးများ လုပ်ဆောင်ရခြင်းသည် အဓိက စိမ်ခေါ်မှု တရပ်ဖြစ်သည်။ ရပ်ရွာအတွင်းရှိ ပညာအနည်းငယ်ပိုတတ်သော ရွာသားအနည်းစု၏ ဘာသာပြန် အကူအညီပေးနိုင်မှုအပေါ်ပညာအလင်းပွင့် မြန်မာအဖွဲ့(EMReF) သည် လုံးလုံးလျားလျား မှီခိုရသည်က ပုံစံတမျိုးဖြစ်သည်။ ရှေးရိုးစွဲ အစွလာမ်ယဉ်ကျေးမှုအရ အမျိုးသမီးများနှင့် တွေ့ဆုံမေးမြန်းရာတွင် အခက်အခဲကြီးစွာ ကြုံတွေ့ရသည်။


## ကိုယ်စားပြုမှုအတိုင်းအတာ

ကွင်းဆင်းလေ့လာသည့် နေရာဒေသ နေရာ/ဒေသများနှင့် ဖြေဆိုသူများကို ဦးတည်ရွေးချယ်ထားသောကြောင့် တွေ့ရှိချက်များသည် လေ့လာမှုနမူနာအတွက်ကိုသာ ဖေါ်ပြပါသည်။ ဖြေဆိုသူများအကြား ကိန်းဂဏန်း စာရင်းဇယားအရ အရေးပါသိသာသည့် နှိုင်းယှဉ်မှုပြု၍ မရနိုင်သကဲ့သို့၊ တွေ့ရှိချက်များကို ကျယ်ပြန့်သည့် လူဦးရေ အတိုင်းအတာ တခုအတွက် ယေဘုယျ ကောက်ယူ၍ မရနိုင်ပါ။


# နောက်ဆက်တွဲ (ခ)
# နောက်ဆက်တွဲ ပုံများနှင့် ဇယားများ

## အခန်း ၂ သုတေသနလေ့လာသည့် နေရာဒေသများနှင့် ဖြေဆိုသူတို့၏ ဝိသေသလက္ခဏာများ

ပုံ ၂.၁ (က) လူမျိုးအလိုက် ပညာရေးအဆင့်အတန်း





ပုံ ၂.၁ (ခ) ကျား/မအလိုက် မြန်မာစာတတ်မြောက်မှု




ဇယား ၂.၄ လူမျိုးအလိုက် မြန်မာစာတတ်မြောက်မှု

| လူမျိုး | မြန်မာစာ တတ်မြောက်မှု | | | စုစုပေါင်း |
|---|---|---|---|---|
| | ဖတ်တတ်၊ ရေးတတ် | ဖတ်တတ်၊ မရေးတတ် | မဖတ်တတ်၊ မရေးတတ် | |
| ရခိုင် | ၁၆၄ | ၄ | ၁၃ | ၁၈၁ |
| မွတ်စလင် | ၃၅ | ၃ | ၅၂ | ၉၀ |
| မရမာကြီး | ၁၄ | ၀ | ၃ | ၁၇ |
| ကမန် | ၁၅ | ၁ | ၀ | ၁၆ |
| ချင်း | ၆ | ၀ | ၀ | ၆ |
| ဗမာ | ၅ | ၀ | ၀ | ၅ |
| အိန္ဒိယ/ဟိန္ဒူ | ၂ | ၀ | ၃ | ၅ |
| ဒိုင်နက် | ၄ | ၀ | ၀ | ၄ |
| သွေးနှော | ၈ | ၀ | ၀ | ၈ |
| စုစုပေါင်း | ၂၅၃ | ၈ | ၇၁ | ၃၃၂ |


ပုံ ၂.၂ (က) လူမျိုးအလိုက် ဝင်ငွေအဆင့်အတန်း




ပုံ ၂.၂. (ခ) အိမ်ထောင်စုဝင်ငွေ အဆင့်အတန်းအရပိုင်ဆိုင်မှု




ပုံ ၂.၂. (ဂ) လူမျိုးအလိုက် မိသားစုပိုင်ဆိုင်မှုများ




ပုံ ၂.၃ (ခ) ကျား/မအလိုက် သတင်းအချက်အလက်ရရှိမှု




ပုံ ၂.၃ (ဂ) လူမျိုးအလိုက် သတင်းအချက်အလက်ရရှိမှု



ပုံ ၂.၃ (ဃ) ဘာသာစကားများ





ဇယား ၂.၅ ကျား/မ အလိုက် အထောက်အပံ့ရရှိသည့် အဓိက အရင်းအမြစ်များ


| | မ | ကျား |
|---|---|---|
| မိသားစု / ဆွေမျိုးများ | ၇၉ | ၈၅ |
| | ၄၇.၆% | ၅၁.၂% |
| မိတ်ဆွေ/ လုပ်ဖော်ကိုင်ဖက် | ၂၃ | ၂၄ |
| | ၁၃.၉% | ၁၄.၅% |
| အိမ်နီးချင်း | ၁၇ | ၈ |
| | ၁၀.၂% | ၄.၈% |
| ဒေသခံရပ်ကျေး အုပ်ချုပ်ရေးမှူး | ၄ | ၁၁ |
| | ၂.၄% | ၆.၆% |
| ဘာသာရေး ခေါင်းဆောင် | ၁ | ၂ |
| | ၀.၆% | ၁.၂% |
| ရပ်ရွာလူမှုရေး အဖွဲ့များ | ၃ | ၀ |
| | ၁.၈% | ၀.၀% |
| သက်ကြီးဝါကြီး လေးစားရသည့် ပုဂ္ဂိုလ်များ | ၀ | ၁ |
| | ၀.၀% | ၀.၆% |
| ဆယ်အိမ်မှူးများ | ၁ | ၀ |
| | ၀.၆% | ၀.၀% |
| ရဲများ | ၀ | ၁ |
| | ၀.၀% | ၀.၆% |
| အလုပ်ရှင် | ၀ | ၁ |
| | ၀.၀% | ၀.၆% |
| မည်သူ့တဦးမျှ | ၃၈ | ၃၃ |
| | ၂၂.၉% | ၁၉.၉% |

# အခန်း ၃ တရားမျှတမှုနှင့် ဥပဒေ သဘောထားအမြင်များဆိုင်ရာ လေ့လာတွေ့ရှိချက်များ


ပုံ ၃.၁ (က) လူမှုယုံကြည်မှု (လူမျိုးအလိုက် ယုံကြည်ထိုက်မှုနှင့် မျှတမှု)





ပုံ ၃.၂ (က) လူမှုယုံကြည်မှု ကျား/မအလိုက် အခြားသူများအပေါ်ယုံကြည်မှု




ပုံ ၃.၂ (ခ) လူမှုယုံကြည်မှု၊ ကိုးကွယ်သည့်ဘာသာကိုလိုက်၍ အခြားသူများအပေါ်ယုံကြည်မှု





ပုံ ၃.၂ (ဂ) လူမှုယုံကြည်မှု၊ ပညာအဆင့်အတန်း အလိုက် (အခြားသူများအပေါ်ယုံကြည်မှု - ရပ်ရွာပြင်ပမှ "ပြင်ပအုပ်စုမှလူများ"



ပုံ ၃.၂ (ဃ) လူမှုယုံကြည်မှု၊ ပညာအဆင့်အတန်း အလိုက်  အခြားသူများအပေါ်ယုံကြည်မှု - ဘာသာကွဲ ၊ "ပြင်ပအုပ်စုမှ လူများ"




ပုံ ၃.၂ (င) လူမှုယုံကြည်မှု၊ ပညာအဆင့်အတန်း အလိုက် အခြားသူများအပေါ်ယုံကြည်မှု - လူမျိုးကွဲ၊ "ပြင်ပအုပ်စုမှ လူများ"




ဇယား ၃.၁ (က) တရားမျှတမှုအပေါ် သဘောထားအမြင်

| တရားမျှတမှု လားရာရှုထောင့် | အဆိုပြုဖော်ပြချက်များ | သဘောတူညီမှု* | |
|---|---|---|---|
| | | ကျား | မ |
| တရားဝင်နှင့် ဓလေ့ထုံးတမ်း | (က) အချို့သော အငြင်းပွားမှုများကို တရားရုံးများတွင် ဖြေရှင်းသည်မှာ အကောင်းဆုံးဖြစ်သည်။ | ၉.၆% | ၁၀.၂% |
| | (ခ) အငြင်းပွားမှု အများစုကို ရပ်ရွာအတွင်း ဖြေရှင်းလျှင် ပိုကောင်းသည်။ | ၈၆.၁% | ၈၅.၅% |
| တန်းတူညီမျှမှု | (က) လူတိုင်းသည် ဘာသာ၊ လူမျိုးမရွေး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှုခံထိုက်သည်။ | ၆၉.၃% | ၇၀.၅% |
| | (ခ) လူအများစုဖြစ်သော လူမျိုးနှင့် ဘာသာဝင်များသည် လူနည်းစု လူမျိုးနှင့် ဘာသာဝင်များထက်ပိုပြီး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှု ရသင့်သည်။ | ၂၇.၇% | ၂၁.၇% |
| ကံကြမ္မာ နှင့် ကုစားမှု | (က) မတရားမှုသည် ပြည်သူ/လူများအပေါ်တွင်ကျရောက်နိုင်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ မိမိတို့သည် ဘာမျှမတတ်နိုင်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ မိမိတို့၏ ကံကြမ္မာအရသာဖြစ်သည်။ | ၁၂.၇% | ၁၂.၇% |
| | (ခ) ပြည်သူများသည် မတရားမှုခံရသည့်အခါ ကုစားမှုနှင့် တရားမျှတသော ရလဒ်ကို ရရှိစေရန်အတွက် အခြားသူများထံမှ အကူအညီရသင့်သည်။ | ၈၄.၉% | ၈၁.၉% |
| အိမ်တွင်းရေး နှင့် အများပြည်သူ | (က) မိသားစုအတွင်းဖြစ်သည့် ကိစ္စသည် အိမ်တွင်းတွင်သာ ဖြေရှင်းရမည့် အိမ်တွင်းရေးဖြစ်သည်။ အိမ်ထောင်ရှင်အမျိုးသားသည် ၎င်း၏ ဇနီးနှင့် သားသမီးများ အပေါ်တွင် ပြဌာ အပြည့်အဝရှိသည်။ | ၅၉.၀% | ၆၁.၄% |
| | (ခ) ရပ်ရွာလူထုသည် တစ်ခါတစ်ရံ အခြားမိသားစုများ၏ တစ်ချို့သော အရေးကိစ္စများတွင် ကြားဝင်ဖြေရှင်းပေးရန် တာဝန်ရှိသည်။ | ၃၄.၃% | ၃၃.၁% |
| အသွင်ကူးပြောင်း မှုကာလ တရားမျှတမှု | (က) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ထပ်ခါထပ်ခါ ပြန်ကျော့ခြင်း မလုပ်သင့်။ လူတိုင်းသည် မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရေးကိုသာ အလေးထားသင့်သည်။ | ၃၈.၀% | ၃၈.၀% |
| | (ခ) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ဖြေရှင်းသင့်သည် သို့မှသာ မြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်လိမ့်မည်။ | ၅၈.၄% | ၅၆.၀% |
| လုပ်ထုံးလုပ်နည်း ဖြစ်စဉ် နှင့် ရလဒ် | (က) လုပ်ငန်းစဉ်တစ်လျှောက် မျှတစွာ ဆက်ဆံခံရခြင်းက ရလဒ်ကောင်း ထွက်ပေါ်လာရေးထက် ပိုမိုအရေးကြီးသည်။ | ၈၄.၃% | ၈၁.၃% |
| | (ခ) ရလဒ်ကောင်းထွက်ပေါ်လာရေးက လုပ်ငန်းစဉ်တစ်လျှောက် တရားမျှတစွာ ဆက်ဆံခံရရေးထက် ပိုမိုအရေးကြီးသည်။ | ၁၂.၀% | ၁၄.၅% |
| ကျား/မ ရေးရာ | (က) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ တန်ဖိုးရှိသည်။ သို့သော် အမျိုးသမီးများသည် ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် ပိုမိုတာဝန်ရှိသည်။ | ၁၀.၂% | ၁၈.၁% |
| | (ခ) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ တန်ဖိုးရှိသည်။ အမျိုးသားများရော အမျိုးသမီးများပါ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် အညီအမျှတာဝန်ရှိသည်။ | ၈၈.၀% | ၈၁.၃% |
| တစ်ဦးချင်း နှင့် ရပ်ရွာ | (က) လူတစ်ဦးချင်းစီ၏ အခွင့်အရေးအများကို ရပ်ရွာအတွင်း သဟဇာတ ဖြစ်စေရေးကို လေးစားသကဲ့သို့ပင် လေးစားသင့်သည်။ | ၅၇.၈% | ၆၂.၇% |
| | (ခ) တစ်ဦးချင်းအခွင့်အရေးများအတွက် အခိုင်အမာပြောဆိုခြင်းသည် တစ်ကိုယ်ကောင်းဆန်သည်။ ရပ်ရွာအတွင်း သဟဇာတဖြစ်မှုနှင့် သဘောတူညီမှုထိန်းသိမ်းရေးကို ဦးစားပေးသင့်သည်။ | ၃၇.၃% | ၃၁.၃% |

ဇယား ၃.၁ (ခ) မြို့ပြ ကျေးလက်ဒေသကိုလိုက်၍ တရားမျှတမှုအပေါ် သဘောထားအမြင်

| တရားမျှတမှု လားရာရှုထောင့် | အဆိုပြုဖော်ပြချက်များ | သဘောတူညီမှု* မြို့ပြ | သဘောတူညီမှု* ကျေးလက် |
|---|---|---|---|
| တရားဝင်နှင့် ဓလေ့ထုံးတမ်း | (က) အချို့သော အငြင်းပွားမှုများကို တရားရုံးများတွင် ဖြေရှင်းသည်မှာ အကောင်းဆုံးဖြစ်သည်။ | ၁၃.၇% | ၇.၃% |
| | (ခ) အငြင်းပွားမှု အများစုကို ရပ်ရွာအတွင်း ဖြေရှင်းလျှင် ပိုကောင်းသည်။ | ၇၉.၁% | ၉၀.၇% |
| တန်းတူညီမျှမှု | (က) လူတိုင်းသည် ဘာသာ၊ လူမျိုးမရွေး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှုခံထိုက်သည်။ | ၈၂.၀% | ၆၁.၁% |
| | (ခ) လူအများစုဖြစ်သော လူမျိုးနှင့် ဘာသာဝင်များသည် လူနည်းစု လူမျိုးနှင့် ဘာသာဝင်များထက်ပိုပြီး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှု ရသင့်သည်။ | ၁၂.၉% | ၃၃.၂% |
| ကံကြမ္မာ နှင့် ကုစားမှု | (က) မတရားမှုသည် ပြည်သူ/လူများအပေါ်တွင်ကျရောက်နိုင်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ မိမိတို့သည် ဘာမျှမတတ်နိုင်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ မိမိတို့၏ ကံကြမ္မာအရသာဖြစ်သည်။ | ၁၂.၉% | ၁၂.၄% |
| | (ခ) ပြည်သူများသည် မတရားမှုခံရသည့်အခါ ကုစားမှုနှင့် တရားမျှတသော ရလဒ်ကို ရရှိစေရန်အတွက် အခြားသူများထံမှ အကူအညီရသင့်သည်။ | ၈၂.၇% | ၈၃.၉% |
| အိမ်တွင်းရေး နှင့် အများပြည်သူ | (က) မိသားစုအတွင်းဖြစ်သည့် ကိစ္စသည် အိမ်တွင်းတွင်သာ ဖြေရှင်းရမည့် အိမ်တွင်းရေးဖြစ်သည်။ အိမ်ထောင်ရှင်အမျိုးသားသည် ၎င်း၏ ဇနီးနှင့် သားသမီးများ အပေါ်တွင် ဩဇာ အပြည့်အဝရှိသည်။ | ၅၁.၈% | ၆၆.၃% |
| | (ခ) ရပ်ရွာလူထုသည် တစ်ခါတစ်ရံ အခြားမိသားစုများ၏ တစ်ချို့သော အရေးကိစ္စများတွင် ကြားဝင်ဖြေရှင်းပေးရန် တာဝန်ရှိသည်။ | ၄၂.၄% | ၂၇.၅% |
| အသွင်ကူးပြောင်း မှုကာလ တရားမျှတမှု | (က) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ထပ်ခါထပ်ခါ ပြန်ကျော့ခြင်း မလုပ်သင့်။ လူတိုင်းသည် မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရေးကိုသာ အလေးထားသင့်သည်။ | ၄၃.၂% | ၃၄.၂% |
| | (ခ) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ဖြေရှင်းသင့်သည် သို့မှသာ မြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်လိမ့်မည်။ | ၅၁.၈% | ၆၁.၁% |
| လုပ်ထုံးလုပ်နည်း ဖြစ်စဉ် နှင့် ရလဒ် | (က) လုပ်ငန်းစဉ်တစ်လျှောက် မျှတစွာ ဆက်ဆံခံရခြင်းက ရလဒ်ကောင်း ထွက်ပေါ်လာရေးထက် ပိုမိုအရေးကြီးသည်။ | ၈၅.၆% | ၈၀.၈% |
| | (ခ) ရလဒ်ကောင်းထွက်ပေါ်လာရေးက လုပ်ငန်းစဉ်တစ်လျှောက် တရားမျှတစွာ ဆက်ဆံခံရရေးထက် ပိုမိုအရေးကြီးသည်။ | ၁၀.၁% | ၁၅.၅% |
| ကျား/မ ရေးရာ | (က) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ တန်ဖိုးရှိသည်။ သို့သော် အမျိုးသမီးများသည် ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် ပိုမိုတာဝန်ရှိသည်။ | ၇.၉% | ၁၈.၇% |
| | (ခ) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ တန်ဖိုးရှိသည်။ အမျိုးသားများရော အမျိုးသမီးများပါ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် အညီအမျှတာဝန်ရှိသည်။ | ၉၁.၄% | ၇၉.၈% |
| တစ်ဦးချင်း နှင့် ရပ်ရွာ | (က) လူတစ်ဦးချင်းစီ၏ အခွင့်အရေးအများကို ရပ်ရွာအတွင်း သဟဇာတ ဖြစ်စေရေးကို လေးစားသကဲ့သို့ပင် လေးစားသင့်သည်။ | ၆၇.၆% | ၅၄.၉% |
| | (ခ) တစ်ဦးချင်းအခွင့်အရေးများအတွက် အခိုင်အမာပြောဆိုခြင်းသည် တစ်ကိုယ်ကောင်းဆန်သည်။ ရပ်ရွာအတွင်း သဟဇာတဖြစ်မှုနှင့် သဘောတူညီမှုထိန်းသိမ်းရေးကို ဦးစားပေးသင့်သည်။ | ၂၈.၈% | ၃၈.၃% |

ပုံ ၃.၄ (က) ကျား/မအလိုက် နေ့စဉ်သုံးစကားလုံးများ




# အခန်း ၄ တရားမျှတမှုဆိုင်ရာဦးစားပေးပြဿနာများ ဆိုင်ရာ လေ့လာတွေ့ရှိချက်များ

ဇယား ၄.၁ အမှုပြဿနာအငြင်းပွားမှု အမျိုးအစား ၊ ဖြစ်ပွားမှု ၊ ဦးစားပေးပြဿနာများဆိုင်ရာနှိုင်းယှဉ်ချက်


| အမှုပြဿနာ အတိုင်းအတာ ဖြေဆိုသူ အလိုက်- တခုထက်ပိုသည့်အဖြေများ ထိပ်တန်း ၅မှု | အမှုပြဿနာဖြစ်ပွားသည့် အကြိမ်အရေအတွက် အမှုအလိုက် ထိပ်တန်း ၅မှု | တရားမျှတမှုဆိုင်ရာ အဓိကဦးစားပေး ပြဿနာများ ဖြေဆိုသူ အလိုက်- တခုတည်းသောအဖြေ ထိပ်တန်း ၅မှု |
|---|---|---|
| ၁။ မွေးစာရင်းနှင့် မှတ်ပုံတင်လျှောက် ထားရာတွင်ကြုံရသည့်ပြဿနာများ | ၁။ ကြွေးမြီ | ၁။ မွေးစာရင်းနှင့် မှတ်ပုံတင်လျှောက် ထားရာတွင်ကြုံရသည့်ပြဿနာများ |
| ၂။ ကြွေးမြီ | ၂။ မွေးစာရင်းနှင့် မှတ်ပုံတင်လျှောက် ထားရာတွင်ကြုံရသည့် ပြဿနာများ | ၂။ ကြွေးမြီ |
| ၃။ မြေယာ | ၃။ မြေယာ | ၃။ မြေယာ |
| ၄။ အမွေ | ၄။ အာဏာပိုင်များ၏ ဖမ်းဆီးခံရမှု | ၄။ အာဏာပိုင်များ၏ ဖမ်းဆီးခံရမှု |
| = ၅။ အာဏာပိုင်များ၏ ဖမ်းဆီးခံရမှု<br>= ၅။ သစ်တောမှု<br>= ၅။ ခိုက်ရန်ဖြစ်မှု | = ၅။ သစ်တောမှု<br>= ၅။ လာဘ်ပေးလာဘ်ယူ သို့မဟုတ် အဂတိလိုက်စားမှု | ၅။ အမွေ |

ဇယား ၄.၂ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဒေသန္တရ အမိန့်များ ၏ သက်ရောက်မှုများ ( ၂၀၁၅ ခုနှစ်   နိဝင်ဘာလမှစ၍)

| အကြောင်းအရာ | လေ့လာသည့်နေရာဒေသ(က) | လေ့လာသည့်နေရာဒေသ(ခ) |
|---|---|---|
| အိမ်ထောင်စု မှတ်ပုံတင်ခြင်း | • ထိမ်းမြားလက်ထပ်ပြီးနောက် သီးခြားအိမ်ထောင်စု မှတ်ပုံတင်ခြင်း သို့မဟုတ် အသစ်ပြုလုပ်ခွင့်မရှိဟု သုတေသန လေ့လာမှုတွင် ပါဝင်ဖြေဆိုသူများကတင်ပြကြသည်။ ထို့အတွက် အိမ်ထောင်စုစာရင်းတခုတွင် လူ ၄၀မှ ၆၀ဦး ရှိပြီး မျိုးဆက်အသီးသီးနှင့် ဆွေမျိုးအသိုင်းအဝိုင်းများ ပါဝင်သည်။<br>• လူဝင်မှုကြီးကြပ်ရေးဌာနအပါအဝင်အစိုးရအရာရှိများသည် ၆လတကြိမ်အိမ်ထောင်စုစာရင်းလာရောက်စစ်ဆေး ကြသည်။ ထိုသို့လာရောက်စစ်ဆေးချိန်တွင် စာရင်းတွင်ဖော်ပြထားသူအားလုံးရှိနေရပြီး ပျက်ကွက်သူ (ထိုပျက်ကွက်မှုကို ဒေသခံ ရပ်ကျေးအုပ်ချုပ်ရေးမှူးက ထောက်ခံချက်မပေးပါက) ၏ အမည်ကို အိမ်ထောင်စုစာရင်းမှ ပယ်ဖျက်ခံရသည်။ ပျက်ကွက်သူကို နောက်ပိုင်းတွေ့ရှိပါက လူဝင်မှုကြီးကြပ်ရေးဥပဒေအရ အရေးယူ တရားစွဲခံရနိုင်သည်။<br>• အိမ်ထောင်စုစာရင်းထဲပြန်ထဲ့ရန် သို့မဟုတ် စာရင်းမှ ပယ်ဖျက်ရန်အတွက် ကျပ် ၃၀,၀၀၀ မှ ကျပ် ၄၀,၀၀၀ ပေးရသည်ဟု ဖြေဆိုသူများက ဖော်ပြသည်။<br>• အိမ်ထောင်စုတွင်းမွေးစာရင်းနှင့် သေစာရင်း(ဖွား/သေ စာရင်း) များကို လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနအရာရှိများ ထံ မှတ်ပုံတင်ရပြီး မိသားစုတစုလျှင် ကလေးနှစ်ဦးထက် ပိုယူခွင့်မရှိဟုဖြေဆိုသူများက ဖော်ပြကြသည်။<br>• ပထမကလေးနှစ်ဦး မွေးစာရင်းမှတ်ပုံတင်ရန် ကျပ် ၅၀၀၀ ပေးရပြီး နောက်တိုးကလေးတဦး သတင်းပို့ရန်အတွက် ကျပ် ၁၀,၀၀၀ မှ ကျပ် ၁၅,၀၀၀ ပေးရသည်ဟု ဖြေဆိုသူများက တင်ပြကြသည်။ | • ၂၀၁၂ မှ ၂၀၁၄ ကြားကာပြီးနောက် အိမ်ထောင်စုစာရင်း စစ်ဆေးမှုများကို ၂၀၁၄ တွင်ပြန်လည်စတင်ခဲ့သည်ဟု ဖြေဆိုသူများကတင်ပြသည်။<br>• ထိမ်းမြားလက်ထပ်ပြီးနောက် သီးခြားအိမ်ထောင်စုမှတ်ပုံတင်ခြင်း သို့မဟုတ် အသစ်ပြုလုပ်ခွင့်မရှိဟု လေ့လာမှုတွင် ပါဝင်ဖြေဆိုသူများက တင်ပြကြသည်။ ထို့အတွက် အိမ်ထောင်စုစာရင်းတွင် လူ ၅၀ မှ ၆၀ ဦး ရှိပြီး မျိုးဆက်အသီးသီးနှင့် ဆွေမျိုးအသိုင်းအဝိုင်းများ ပါဝင်သည်။<br>• အိမ်ထောင်စုတွင်း မွေးစာရင်းနှင့်သေစာရင်း(ဖွား/သေစာရင်း)များကို လူဝင်မှုကြီးကြပ်ရေးအရာရှိများထံ မှတ်ပုံတင်ရပြီး ပေးရသည့်ငွေပမာဏမှာ မိသားစုတစုချင်း၏ စီးပွားရေးအခြေအနေပေါ် မူတည်သည်ဟု ဖြေဆိုသူများက ဖော်ပြသည်။<br>• မိသားစုတစုလျှင် ကလေးနှစ်ယောက်ထက် ပိုယူခွင့်မရှိဟုဖြေဆိုသူများက တင်ပြကြသည်။ လက်တွေ့တွင် အိမ်ထောင်စုစာရင်းတွင် နောက်တိုးကလေးများ ထည့်သွင်းနိုင်ရန် အပိုကြေးပေးရသည်ဟု ဖြေဆိုသူများက ရှင်းပြသည်။ |
| လက်ထပ် ထိမ်းမြားခြင်း | • လက်ထပ်ထိမ်းမြားရန်အတွက် လူဝင်မှုကြီးကြပ်ရေးဌာနအရာရှိများ၏ ထောက်ခံစာလိုအပ်သည်ဟု လေ့လာမှု တွင် ပါဝင်ဖြေဆိုသူများက တင်ပြကြသည်။ ထောက်ခံစာလျှောက်ထားရန် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၏ ထောက်ခံချက်လိုအပ်ပြီး ထိုအတွက် ကျပ် ၁၀,၀၀၀ ကုန်ကျသည်။<br>• လက်ထပ်ထိမ်းမြားမှုထောက်ခံစာ စီစစ်သည့်ကာလမှာ ၂ပတ်မှ ၁နှစ်ကြာမြင့်သည်။<br>• ၎င်းတို့၏ စီးပွားရေးအခြေအနေကိုလိုက်၍ လူဝင်မှုကြီးကြပ်ရေးအရာရှိများကို ကျပ် ၅၀,၀၀၀ မှ ကျပ် ၁၀၀,၀၀၀ ပေးရသည်ဟု ဖြေဆိုသူများက တင်ပြသည်။<br>• အသက် ၁၈နှစ်အောက်စုံတွဲတတွဲကို ဘာသာရေးခေါင်းဆောင်တဦးကလက်ထပ်ထိမ်းမြားပေးနိုင်သော်ငြားလည်း အာဏာပိုင်များသိရှိပါကအဖမ်းခံရနိုင်သည်ဟု ဖြေဆိုသူများကတင်ပြသည်။ | • လက်ထပ်ထိမ်းမြားရန်အတွက် လူဝင်မှုကြီးကြပ်ရေးဌာနအရာရှိများ၏ ထောက်ခံစာကို ၂၀၁၄ မှစ၍ မလိုတော့ ကြောင်း လေ့လာမှုတွင်ပါဝင်ဖြေဆိုသူများက တင်ပြကြသည်။ လက်ထပ်ထိမ်းမြားလိုသူများသည် လူဝင်မှု ကြီးကြပ်ရေးဌာနပုံစံကို မှန်ကန်စွာဖြည့်စွက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးထောက်ခံစာနှင့်အတူ ကျေးရွာအုပ်ချုပ် ရေးမှူးရှေ့မှောက် လက်ထပ်နိုင်သည်။ |
| အဆောက်အဦ ဆောက်လုပ်ခြင်း နှင့် ပြင်ဆင်မွမ်းမံခြင်း | • လူဝင်မှုကြီးကြပ်ရေးဌာနအပါအဝင်အစိုးရအရာရှိများသည် ၆လတကြိမ် အိမ်ထောင်စုစာရင်း လာရောက်စစ်ဆေးရာတွင် အိမ်ထောင်စုတခုခြင်းအလိုက် မှတ်ပုံတင်ထားသည့် အဆောက်အဦ/ ပုံသဏ္ဍာန် အရေအတွက်များကို လည်း စစ်ဆေးကြသည်။<br>• ပြဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများကို လိုက်နာသည့်တိုင် ၂၀၁၂ မှစ၍အဆောက်အဦဆောက်လုပ်ခြင်းနှင့် ပြင်ဆင်မွမ်းမံခွင့်မရတော့ကြောင်း လေ့လာမှုတွင် ပါဝင်ဖြေဆိုသူများက ဖော်ပြကြသည်။ ထို့အတွက် ဖြေဆိုသူ များသည် ၎င်းတို့ပိုင် အိမ်ထောင်စုဝင်းတွင်းပင်လျှင် အဆောက်အဦဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းများ လုပ်ခွင့်မရှိပါ။<br>• ကြိုတင်ခွင့်ပြုချက်မရရှိပဲ ဆောက်လုပ်ထားသူများသည် အဖမ်းမခံရရေးအတွက် အရာရှိများကို ငွေပေးရသည်ဟု ဖြေဆိုသူများကဖော်ပြသည်။ | • မြို့နယ်နှင့် ခရိုင်အဆင့် အုပ်ချုပ်ရေးဌာနများသို့ လျှောက်ထားပြီး ကျပ် ၂၀၀,၀၀၀ မှ ကျပ် ၃၀၀,၀၀၀ ပေးရသည့် တိုင် အဆောက်အဦဆောက်လုပ်ခွင့် သို့မဟုတ် ပြင်ဆင်မွမ်းမံခွင့် မရဟု လေ့လာမှုတွင် ပါဝင်ဖြေဆိုသူများက တင်ပြသည်။<br>• တရားဝင်ခွင့်ပြုချက်မရပဲ ဆောက်လုပ်ထားသည့် အိမ် (၇၀) ရှိပြီး အဖမ်းမခံရရန် အထွေထွေအုပ်ချုပ်ရေးနှင့် စည်ပင်သာယာအရာရှိများကို ငွေပေးရသည်ဟု ဖြေဆိုသူများက တင်ပြသည်။ |


# အခန်း ၅ ပြဿနာဖြေရှင်းသည့် လမ်းကြောင်းများဆိုင်ရာ လေ့လာတွေ့ရှိချက်များ

အခန်း ၅ ပြဿနာဖြေရှင်းသည့် လမ်းကြောင်းများဆိုင်ရာ လေ့လာတွေ့ရှိချက်များ





တွေ့ဆဖြစ်ရပ် ၁ ။ အိမ်နီးချင်းတစ်ဦးသည် သင့်ခြံထဲမှ သစ်သီးများ ဝင်ယူလေ့ရှိသည်။


ပုံ ၅.၂ (ခ)   အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့် နည်းလမ်းများ (တွေးဆဖြစ်ရပ် ၂)



ပုံ ၅.၂ (ဂ)   အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့် နည်းလမ်းများ (တွေးဆဖြစ်ရပ် ၃)




ပုံ ၅.၂ (ဃ) အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့် နည်းလမ်းများ (တွေးဆဖြစ်ရပ် ၄)





တွေးဆဖြစ်ရပ် ၄ ။ သင်ဆိုင်ကယ်တိုက်မှုဖြစ်ပြီး သင်၏ဆိုင်ကယ်မှာ ပြင်၍မရအောင်သို့မဟုတ် သုံး၍မရအောင် ပျက်စီးသွားသည်။

ပုံ ၅.၂ (င)   အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့် နည်းလမ်းများ (တွေးဆဖြစ်ရပ် ၅)




ပုံ ၅.၂ (စ)  အငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့် နည်းလမ်းများ (တွေးဆဖြစ်ရပ် ၆)




# အခန်း ၆ တရားရေး ဝန်ဆောင်မှုများအပေါ် သဘောထားအမြင်များ


ပုံ ၆.၆ (က) တာဝန်ယူတာဝန်ခံမှုဆိုင်ရာ အတားအဆီးအဟန့်အတားများ




ပုံ ၆.၆ (ခ) ကျား/မအလိုက် တာဝန်ယူတာဝန်ခံမှု အပေါ် သဘောထားအမြင်အမှု




ပုံ ၆.၆ (ဂ) မြို့ပြ/ကျေးလက် အလိုက် တာဝန်ခံမှုသဘောတရားများ၊



ပုံ ၆.၆ (ဃ) ကိုးကွယ်သည့်ဘာသာ အလိုက် တာဝန်ခံမှု သဘောတရားများ



Empowered lives.
Resilient nations.


ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်
အမှတ် ၆၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊
စာတိုက်သေတ္တာအမှတ် ၆၅၀၊ ရန်ကုန် ၁၁၂၁၁၊ မြန်မာ။
Tel: (95 1) 542910 - 19,  Fax: 95(1) 544 531
www.mm.undp.org
UNDP Myanmar
UNDP_Myanmar



ဒီဇင်ဘာလ-၂၀၁၆